

www.burmeseclassic.com
VIEW
ဂျူး
စီစဉ်သည်
အသစ်စက်စက် လုံးချင်းဝတ္ထု
အနာဂတဂရေလပြည်
www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

**စာမူမူပိုင်ခွင့်ပြုချက်အမှတ်** – ၉၀၀၈၂၁၀၈၁၃

**မျက်နှာဖုံးမူပိုင်ခွင့်ပြုချက်အမှတ်** – ၉၀၀၉၃၂၀၈၁၀

**ထုတ်ဝေသူ**

ဒေါ်မြင့်မြင့်ရီ (ယ–၁၃၅၈) (မျိုးစာပေ)

အမှတ် (၅၁)၊ အခန်း (၃၀၁)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးကျော်ရင် (မြ–၀၅၄၁၇) (ရွှေခြေသေ့ပုံနှိပ်တိုက်)

အမှတ် (၂၂၅)၊ (၃၂) လမ်း (အထက်)၊

ပန်းဘဲတန်း၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပန်းချီ**

သိန်းရွှေကြည်

ပုံနှိပ်ခြင်း

ပထမအကြိမ်၊

၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ

တန်ဖိုး – ၁၀၀ ကျပ်၊ အုပ်ရေ – ၅၀၀

**ဖြန့်ချိရေး**

စိုးမိုးစာပေ

ဖုန်း – ၀၁– ၂၉၀၉၉၅

၈၉၅ . ၈၃

လုံမ ,

အနာတရလေပြည် / လုံမ ။ – ရန်ကုန်။

မျိုးစာပေ ၊ ၂၀၁၀ ။

၂၈၈ – စာ ၊ ၁၈ X ၁၂ စင်တီ။

(၁) အနာတရလေပြည်

image art

## အခန်း (၁)

"ဘာ ရှင် ဘာပြောတယ် ကိုပိုင်၊ ဒီ ဒီအိမ်ကြီးကို ရောင်းမလို့ဟုတ်လား"

"အေးလေ ငါ့မိဘတွေ လက်ဖွဲ့ခဲ့တဲ့အိမ်၊ အမွေပေးခဲ့တဲ့ အိမ်ကို ရောင်းမှာ၊ မင်းက ဘာလို့ အလန့်တကြား ထအော်နေရတာလဲ"

"ဩော် ရှင့်မိဘတွေ ပေးခဲ့တဲ့ အိမ်ဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ်ရှင် လုပ်ချင်တိုင်း လုပ်လို့ရမလား ကိုပိုင်ရဲ့၊ ကျွန်မတို့ မွေးထားတာသားသမီး သုံးယောက်၊ ကလေး လူမမယ် အရွယ်လေးတွေလည်းမဟုတ်တော့ဘူး။ သိတတ်နားလည်တဲ့အရွယ်၊ ရှက်တတ်တဲ့အရွယ်တွေရောက်နေကြပြီ ဒီသားသမီးတွေကို ငဲ့ညှာစာနာ ထောက်ထားပါဦးလား"

"အာ ဒီမိန်းမ ငါက ဒီအိမ်ကြီးကို ရောင်းပြီး သုံးဖြုန်းပစ်မှာ


www.burmeseclassic.com

www.burmeseclassic.com



တွေနေတာပဲ ပွဲစားအလုပ် လုပ်နေတာ၊ အခြေအနေ မကောင်းတော့လို့ တခြား စီးပွားရေး လုပ်ကြည့်မလို့ကွ နားလည်လား”

ဒေါ်သောင်း နှုတ်ခမ်းကို စုံမဲ့ကာ ခါးထောက်ရပ်ရင်း ဦးကျော်ခိုင်ကို စေ့စေ့ကြည့်လိုက်သည်။

အသက် လေးဆယ့်ငါးနှစ်အရွယ် ရှိပြီဖြစ်ပေမယ့် ဒီယောကျ်ားက နုပျိုဖျတ်လတ် တက်ကြွနေဆဲ။

စတိုင်ပန်း ဂျင်းဘောင်းဘီ၊ တီရှပ် စပို့ရှပ်များဖြင့် စတိုင်ထုတ် စမတ်ကျနေဆဲ။

ဘယ်ခြေလှမ်းလှမ်းပြီး ဘယ်လမ်းသွားနေတယ်ဆိုတာ နှစ်နှစ်ဆယ်ကျော် ပေါင်းသင်းလာတဲ့ ဒီမိန်းမက မသိဘဲ နေမလား။

အရွယ်ရောက်လာတဲ့ သားပျိုသမီးပျိုတွေကြောင့် ကြိတ်မှိတ်မျိုသိပ် သည်းခံလာခဲ့တာ၊ ရှိသမျှ ပစ္စည်းတွေလည်း ကုန်နေပြီ။

မိမိကိုယ်တိုင် အပြင်ထွက် စီးပွားရှာပြီး ဒီသားသမီးတွေ ဟိတ်ဟန်မပျက် အားမငယ်အောင် ကြိုးစားအားတင်းထားရတာ ဘယ်လောက် ကြာပြီလဲ။

သမီးကြီး ယမင်းနွဲ့ပိုင်လေးကို ဆယ်တန်း တစ်နှစ်ကျမှ ကျောင်းထွက်ခိုင်းပြီး အိမ်မှုကိစ္စတွေ တာဝန်ပေးကာ သားလတ် မင်းရိပ်ပိုင်၊ သားငယ်လေး လင်းရိပ်ပိုင် တို့ရဲ့ ဝေယျာဝစ္စများဖြင့် အချိန်ကုန်စေခဲ့





သည်။

သမီးကြီးနှင့် သားငယ်လေးက သိတတ် နားလည် လိမ္မာရေးခြား ရှိပေမယ့် သားလတ် မင်းရိပ်ပိုင်လေးက အဖေတူ သားမို့လား မသိ။ အသုံးအဖြုန်း ကြီးသည်။

မော်မော်ကြွားကြွား ထည့်ထည့်ဝါဝါ နေချင်သည်။ မိသားစုအပေါ်မှာ အကြင်နာတရား သိပ်မရှိ၊ သူ့ကိုယ်သူသာ ချစ်သည့် လူစားမျိုး။

သူမ သနားဆုံးက သားငယ်လေး လင်းရိပ်ပိုင် ပင်။ ခြေထောက်တစ်ဖက်က မွေးကတည်းက သေးသိမ်သိမ်လေးဖြင့် မသန်ရှာ။

အနိမ့်အမြင့် မညီသော ခြေထောက်လေး တစ်ဖက်ကို လက်တစ်ဖက်ဖြင့် အားပြုကိုင်ပြီး ထော့နင်း ထော့နင်း လမ်းလျှောက်ရရှာသည်။ ချိုင်းထောက်ကို အသုံးပြုရလောက်တဲ့အထိ မဆိုးဝါးပေမယ့် ခြေတစ်ဖက် မသန်တဲ့ ဒုက္ခိတလေးမို့ ဖအေဖြစ်သူကို ကြင်နာဂရုစိုက်ပေးပါလို့ အမြဲတမ်း တောင်းပန်နေခဲ့ရသည်။

ဒါပေမဲ့ ဒီအဖေက မိသားစုကို အလေးအနက်ထား၊ တန်ဖိုးထားရမှန်းမသိတဲ့ အတ္တကြီးလွန်းတဲ့ လူစားမျိုးပါ။

ခုပဲကြည့် မိသားစုတွေ အရိပ်ခိုနေရသည့် ဒီအိမ်ကြီးကို ရောင်းချတော့မည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



သားသမီးတွေ မအိပ်ကြသေးတာ သိနေ၍ အသံကို အတတ်နိုင်ဆုံး ထိန်းချုပ်ပြီး ပြောနေရပေမယ့် သူမ ရင်တွေ အဆမတန် နာကျင်အောင့်ရှက်နေပြီ။

ဦးကျော်ပိုင်က ကုတ်အင်္ကျီကို တိုင်မှာချိတ်ပြီး အေးအေးသက်သာ ခုတင်ပေါ် လှဲအိပ်ဖို့ ပြင်သည်။ ဦးကျော်ပိုင် ကိုယ်ကြီးကို သူမ ဆွဲထူလိုက်သည်။

"ကိုပိုင် ရှင်ပြောချင်တာ ပြောပြီး အိပ်လို့ မရသေးဘူး။ အခုကိစ္စက ရှင်ဆုံးဖြတ်ပြီးမှ ကျွန်မကို တိုင်ပင်တာလား။ လုပ်သင့်သလားလို့ ဆွေးနွေးညှိနှိုင်းကြည့်နေတာလား"

"အားလုံး စီစဉ်ပြီးနေပြီဆိုတာ အသိပေးတာ"

"ဘာ ရှင် လုပ်မယ့် စီးပွားရေးက ဘာလုပ်ငန်းမို့ ဒီအိမ်ကြီးကိုတောင် ရောင်းပြီး ရင်းနှီးရမှာလဲ ကိုပိုင်ရဲ့"

"အဆိုတော် တစ်ယောက်ကို စီးရီးထုတ်ပေးမှာ၊ တစ်ခွေနဲ့ မပေါက်ရင် နောက်တစ်ခွေ ထပ်လုပ်မယ်၊ အောင်မြင်တဲ့အထိ လုပ်သွားမှာ၊ အကျိုးအမြတ် ရရင် ဒီမိသားစုပဲ ခံစားကြမှာ မဟုတ်ဘူးလား"

"အမယ်လေး သဲထဲ ရေသွန်လိုက်တာကမှ ဖွက်အိုင်ကျန်ပါဦးမယ်၊ မသေချာတာ မဖြစ်နိုင်တာကြီးကို မိသားစုတွေ အရိပ်ခိုနေရတဲ့ အိမ်ကို ရောင်းပြီး အရင်းအနှီး လုပ်စရာ လိုသလား၊ အဲဒီမိန်းမက





ဘယ်သူ ဖြစ်နိုင်လဲ၊ ဘယ်ကလဲဆိုတာ ကျွန်မ သိနေတယ်နော်"

"ဟား"

ဦးကျော်ပိုင်က ဟားခနဲ အော်ကာ စီးကရက်တစ်လိပ်ကို မီးညှိ သောက်၍ ဒေါ်မေသက်နိုင်ကို စိမ်းနေအောင် ကြည့်သည်။

"မင်း သိနေတယ်ဆိုရင် ဘာလို့ လေကုန်ခံပြီး ငါ့ကို ဝေဖန်နေတာလဲ မေသက်၊ မင်းတို့ကို ငါ တစ်သက်လုံး ရှာကျွေးလာခဲ့တာ၊ မျက်နှာငယ်ခဲ့ရဖူးလို့လား"

"အသံကောင်း ဟစ်မပြပါနဲ့ ကိုပိုင်၊ ရှင် ကျွန်မတို့ မိသားစုလေးကို ဂရုမစိုက်တော့တာ သားငယ်တစ်သက် ရှိနေပါပြီ။ ရှင့် အပေါင်းအသင်း မိတ်ဆွေတွေကြားမှာ ပိုလီယို ဖြစ်နေတဲ့ သားငယ်လေးကို မွေးပေးခဲ့လို့ ရှက်လှချည်ရဲ့ဆိုပြီး ရှင် လုပ်ချင်ရာတွေ လုပ်နေတော့တာ မဟုတ်ဘူးလား။ အဲဒီ သားငယ်လေးမှာ အပြစ်ရှိသလား။ မွေးခဲ့တဲ့ ကျွန်မမှာရော အပြစ်ရှိသလား။ အတိတ်ဘဝက ကံအကြောင်းတရား မကောင်းခဲ့လို့ ဒီလို ဖြစ်ရတာပါ၊ သားငယ်ကရော သူ့ကိုယ်သူ ဒုက္ခိတဘဝ ရောက်ချင်ပါ့မလား ကိုပိုင်ရဲ့"

"တော်ပြီ တော်ပြီ မေသက် ငါ ဘာမှမကြားချင်တော့ဘူး၊ ငါ ဘာလုပ်လုပ် ဝိတ်ပင်တားဆီးဖို့ မကြိုးစားပါနဲ့၊ ဝေဖန်တာမျိုး မလုပ်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မပြောလို့ဖြစ်မလား ကိုကို၊ သေရေးရှင်ရေး တမျှ အရေးကြီး နေတာ၊ ဒီအိမ်တို့မှာ ထွဲရင် ရှင် ဘာလုပ်လုပ် ဘယ်လိုနေနေ ကျွန်မ တခုမပြောဘူး၊ သားသမီးတွေ မျက်နှာငယ်အောင် လူ့အောက်ကျ အောင် ဒီတစ်ခုလေးကိုတော့ ရှင့်ဘက်က ညှာတာထောက်ထားပေးပါ"

"မသက် တောက် ဒီမိန်းမ တော်တော့လို့ ပြောနေတာ နားမလည်ဘူး၊ အိမ်ကိုအဲလို ပူညံ ပူညံတွေကြောင့် ပြန်မလာချင်တာ မိုပြီလား"

ဒေါ်မေသက်ကို ဆောင့်တွန်းကာ ကုတ်အင်္ကျီ ပြန်ဝတ်ပြီး ကျော်ဝိုင် ထွက်သွားသည်။ မျက်ရည်တွေနဲ့ လဲပြိုကာ ကျန်ခဲ့သည့် ဒေါ်မေသက်ကို ငဲ့၍တောင် ပြန်မကြည့်။

ထိုအဖြစ်ကို မျက်နှာငယ်လေးတွေဖြင့် ချောင်းကြည့်နေကြသည့် မောင်နှမ သုံးယောက် ပြေးထွက်လာကာ ဒေါ်မေသက် အနား ဝိုင်းအုံ ငိုင်လိုက်ကြသည်။

"မေမေ"

"မေမေ ဘာဖြစ်သွားသေးလဲ"

"မေမေ ဘာမှ မဖြစ်ပါဘူးကွယ်၊ သားတို့ သမီးတို့ စိတ်မ ကောင်း မဖြစ်ကြနဲ့နော်၊ ဖေဖေက အရက်သောက်လာတဲ့ အချိန်ဆို ခဲလိုပဲ သွေးဆိုးတတ်တာ သိရဲ့သားနဲ့၊ မေမေက နားမလည်ဘဲ မဆင်





မခြင် ပြောမိလို့ပါ"

သားသမီးတွေကို ဖက်တွယ်ကာ ဒေါ်မေသက် လေအေးလေး နှင့် ဟန်ဆောင်ကာ နှစ်သိမ့်မိသည်။ ယိမ်းနွဲ့ မေမေ့ဒုက္ခတွေကို စာနာ တာ မျက်ရည်ကျမိ၏။

"အသားအနာခံပြီး သမီးတို့အတွက် ရပ်တည်ပေးမနေပါနဲ့ တော့မေရယ်၊ ဖေဖေက နားလည်ပြီး ပြောင်းလဲလာမှာမှ မဟုတ်တာ"

"ဟုတ်ပါတယ် မေမေရယ်၊ သားတို့ ဘယ်လိုပဲ နေရ နေရ၊ မေမေ ဘာမှမဖြစ်ဖို့ အရေးကြီးပါတယ်"

သမီးကြီးနှင့် သားငယ်လေးရဲ့ စကားကြောင့် ကြိတ်မှိတ် ဖုံး ကွယ်ထားသမျှ အားလုံး သိနေကြတာပဲဟု အတွေးရောက်ကာ ပိုပြီး စိတ်မကောင်း ဖြစ်ရသည်။

သားလတ် ကတော့ လက်သီးကို တင်းတင်းဆုပ်ပြီး အံကြိတ် ကာ မြုန်းခနဲ ထရပ်သည်။

"ကျွန်တော်ကတော့ ဒီအိမ်ကို ရောင်းပြီး လုပ်ငန်းလုပ်မှာကို သက်မခံနိုင်ဘူး၊ မေမေ၊ အခု ဖေဖေ သီချင်းခွေ လုပ်ပေးမယ်ဆိုတဲ့ ကောင်မလေးက ဖေဖေနဲ့ ဘယ်လိုပတ်သက်နေလဲ မသိဘူး၊ ဖေဖေတို့ အမြဲတမ်း သွားနေကျ K.T.V ကတွဲ ယောကျ်ားကြီးတွေနဲ့ ဒီလောက် အတွဲများတာ မိန်းမကောင်း ဖြစ်နိုင်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"မေမေလည်း အဲဒါကြောင့် အတိုက်အခံလုပ် ထားနေမိတာ ပေါ့ သားလတ်ရယ်၊ မဖြစ်နိုင်ဘူး၊ မအောင်မြင်ဘူးဆိုတာ သေချာသိနေတဲ့ လုပ်ငန်းတစ်ခုကို ဒီလိုမျိုး အခြေပျက် အနေပျက် ဖြစ်သွားလောက်တဲ့အထိ ရင်းနှီးပုံပိုးစရာ လိုသလား။ စိတ်ချပါ မေမေ သားတို့ဖေဖေနဲ့ ထပ်ပြီး ရင်ဆိုင်ပါဦးမယ်၊ သားတို့ မျက်နှာမငယ်စေရပါဘူးကွယ်"

ရှိုက်သံနှောတဲ့ မေမေ့ကတိ စကားကို ဘယ်သူမှ မယုံရဲကြပါ။ ဖေဖေ့ရဲ့ ဥပေက္ခာများကို သူတို့ ကိုယ်တိုင် ခံစားနေရတာမို့ ဖေဖေ့စိတ်ကို သူတို့ အသိဆုံး ဖြစ်သည်။

ဒါပေမဲ့ သားသမီးတွေအပေါ် မေတ္တာထားနိုင်လွန်းတဲ့ မေမေ ယုံကြည်ချက်တွေကိုတော့ မပျောက်စေချင်ပါ။

"မေမေ သားမေမေနဲ့ လာအိပ်ပေးရမလား၊ ဖေဖေက ဒီည ပြန်လာတော့မယ် မထင်ဘူး"

"မေမေ သိတာပေါ့ သားငယ်လေးရယ်၊ ဒါပေမဲ့ သားငယ်လေး လွတ်လွတ်လပ်လပ် အိပ်ပါ၊ စာလည်း ကျက်ရဦးမယ် မဟုတ်လား။ သွားကြတော့နော် သွားကြ သွားကြ"

သားသမီးတွေကို အခန်းပြင် တွန်းလွှတ်ပြီးမှ ဒေါ်မေသက်နိုင် စိတ်သက်သာအောင် ငိုပစ်လိုက်၏။

ဒီအဖေကြောင့် သားသမီးတွေ စိတ်ညှိုးနွမ်း သိမ်ငယ်ရတော့





မည်လား။ ကိုယ့်ရင်သွေးတွေထက် တခြားသူစိမ်းတစ်ယောက်အတွက် ငွေတွေ အကုန်ခံ၊ စီးပွားတွေ အပျက်ခံ၊ ဂုဏ်သိက္ခာတွေ ကျဆင်းခံနေရတဲ့ ကိုပိုင်ရဲ့ စိတ်ကို သူမ ဘယ်လို နားလည်ပေးရမှန်းမသိ။

သူမ လက်ထပ်ခဲ့စဉ်က ကိုပိုင်က လူရိုးလူအေး တစ်ယောက်ပါ။ ပညာတတ်ကြီး မဟုတ်ပေမယ့် ဘာအလုပ်ဖြစ်ဖြစ် ရိုးသား ကြိုးစားချင်စိတ် ရှိတဲ့သူ။

သူ့မိဘတွေ အမွေပေးလိုက်သော ဒီအိမ်ကြီးမှာ သူမကို ပြည့်စုံအောင် စိတ်ချမ်းသာအောင်လည်း ထားခဲ့သည်။

နောက် သမီးကြီးနှင့် သားလတ်မွေးပြီး သိပ်မကြာခင်မှာ ကိုပိုင် အပေါင်းအသင်း စများလာသည်။ ပွဲစားအလုပ်ဖြင့် ဝင်ငွေ ရှာနေသော ကိုပိုင်က တခြားနေရာတွေမှာ ငွေဖြုန်းတီးတတ်လာ၏။

အရက်ကလေး တမြမြဖြစ်လာသလို လောင်းကစားဝိုင်းတွေ၊ နိုက်ကလပ်နှင့် K.T.V လို နေရာမျိုးတွေမှာ အချိန်ကုန် ငွေကုန်၊ မိသားစုကို မခင်တွယ်တော့တဲ့အထိ ဖြစ်လာသည်။

သားငယ်လေး မွေးတော့ အကြောင်းပြချက်ရကာ ပိုဆိုးလာ တော့ အိမ်ပြန်ချိန်တွေ မမှန်သလို ပြန်အိပ်ချင်မှလည်း အိပ်တတ်သည်။

ခုနောက်ပိုင်းတော့ အငယ်အနှောင်း ထားတာလိုလို ခုခေတ် အခေါ် စပွန်ဆာလိုလို မိန်းကလေးတွေနှင့် တတွဲတွဲ အကျင့်ပျက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



တုတ်လျှင်တော့ ဖုတ်လျှင်ပေါ် တဲ့။

သားသမီးတွေကို ဘယ်လိုလုပ် သူမ ဖုံးကွယ်ထားနိုင်တော့မှာလဲ။

ကိုပိုင်ကို ဖျောင်းဖျ နားချမရလို့ စိတ်ပင်ပန်းရသလို သားသမီးတွေကို နှစ်သိမ့် အားပေးရတာလည်း ရင်တွေ မောလှသည်။

သားသမီးတွေသာ သူမအပေါ် စာနာ နားလည်မှု မရှိခဲ့လျှင် စိတ်ဆင်းရဲသောကတွေနှင့် သူမ ဘဝကူးပြောင်းတော့မှာ သေချာသည်။

ရှေ့ဆက် ဘာတွေဖြစ်လာဦးမှာလဲ၊ ဘယ်လိုတွေ ရင်ဆိုင်ရဦးမှာလဲ မသိနိုင်။

ကံဝင့်ကြွေးဆိုပါလျှင် ဒီဘဝ ဒီမျှသာပေါ့ ကိုကျော်ပိုင်။

■ ■ ■



## အခန်း (၂)

"ကိုပိုင်ကြီးကတော့ တကယ် ပိုင်တယ်ဗျာ၊ အိမ်ကို ပွည့်ပွည့် ဖြစ်အောင် အပြစ်ရှာ၊ ပြီးရင် ဒီနေရာလေးကို ကျေကျေနပ်နပ်ကြီး ဒိုးလာခဲ့တော့တာပဲ ဟုတ်တယ်မလား"

"ဟား ဟား ပြင်းရင် လူမိုက်ဖြစ်သွားမှာပေါ့၊ မရည်ရွယ်ပေမယ့် ရည်ရွယ်သလို ဖြစ်ဖြစ်လာတာ ကိုယ့်ကံတရားက လှလို့ပေါ့ မဟုတ်ဘူးလားဗျာ"

"ဟုတ်ပါ့ ဟုတ်ပါ့ ကံတရားက ကိုပိုင်ကြီးကိုပဲ မျက်နှာလိုက်လွန်းတယ်ဗျာ"

"အားကျတယ် အားကျတယ် ဟား ဟား"

စားသောက်ဆိုင်နှင့် တွဲဖွင့်ထားသည့် ကာရာအိုကေခန်းလေးထဲမှာ စနောက် အော်ဟစ် ရယ်မောသံတွေနှင့် ဆူညံနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂုလင်းသံ ဇန်ခွက်ချင်း ထိခတ်သံ၊ ဖွန်းသံ ခက်ရင်းသံများက ရှုရှုပ်ထွေးထန်လွန်းသော ဂီတသံနှင့်ပင် တူနေသေးရဲ့။

"တော ကိုပိုင်ရဲ့ ထိပ်ထားလေး ကြွလာပါပြီ၊ သီချင်းဆိုမှာ လား။ ဘယ်မှာအချိန်ဖြုန်းမှာလဲ စဉ်းစားပြီးပြီလား"

"အချိန်နှောက်ကျနေပြီ ဒီမှာပဲ ငြိမ့်မယ်ဗျာ၊ ခင်ဗျားတို့ လိုနှုချင် လိုနှုတော့"

"ဟာ ကျုပ်တို့ကို နှင်နေပြီ၊ တော်တော် မတရားတဲ့လူပဲဗျာ"

"သွားမလုပ်နဲ့ ကိုယ့်အလှည့်ကျရင် ဝင့်လိုက်နေဦးမယ်"

"ဒီလို ဝင့်လိုက်တာမျိုးကတော့ ဆယ်ခါပြန်လိုက်စမ်းပါစေဗျား၊ ကဲ ကိုဇော်နိုင် ကျွန်တော်တို့လည်း နေရာရွှေ့ပြီး ခံစားရအောင်"

ကိုဇော်နိုင်တို့ နှစ်ယောက် အလိုက်သိစွာ ထွက်သွားတော့ ရှယ်လီ ဆိုသော မိန်းကလေး ဦးကျော်ပိုင် အနား ကြွကြွလေး လှမ်းလာသည်။

ချိုအိစွဲညှို့နေသော အပြုံးတို့ဖြင့် ဦးကျော်ပိုင် ရင်ခွင်မှာ နွဲ့နွဲ့လေး မှီကာ တူချောင်းလေးဖြင့် အမည်းတစ်ဖတ်ကို ကောက်ညှပ်လိုက်သည်။

ပြီးမှ ဘီယာသောက်သုံးနေသော ဦးကျော်ပိုင် ပါးစပ်ထဲကို ရွရွလေး ထည့်ပေးလိုက်သည်။ ရမ္မက်ခိုးတွေ ဝေနေသော ဦးကျော်ပိုင်





ရဲ့ မျက်လုံးများက ရှယ်လီရဲ့ ခန္ဓာကိုယ် တစ်ခုလုံးကို ထက်အောက် စုန်ချည်ဆန်ချည် အားမနာတမ်း ကြည့်နေ၏။

"ဘာလို့ အဲလောက် ကြည့်နေတာလဲလို့"

"ရှယ်လီလေးက ကိုယ့်မျက်လုံး မခွာနိုင်အောင် လှလွန်းလို့ ပေါ့ ရှယ်လီလေးရယ်"

"ဟွန်း အပိုတွေ မပြောပါနဲ့နော်၊ ရှယ်လီဖြစ်ချင်တာကိုတော့ ဖြစ်အောင်လုပ်မပေးနိုင်သေးဘဲနဲ့"

"ဧကော စောလေးစောင့်ပါဦးကွာ၊ ကိုယ် အမြန်ဆုံး လုပ်ပေးနိုင်အောင် ကြိုးစားနေပါတယ်"

"အချိန်တွေ နှောက်ကျလို့ အခြေအနေ မပေးရင်တော့ ရှယ်လီကို ရက်စက်တယ်လို့ မပြောနဲ့နော်"

မူနွဲ့စွာ ပြုံးတွေတွေ ပြောတော့ ဦးကျော်ပိုင် ရင်တွေ ဖျပ်ဖျပ် လူးသွား၏။ ဘီယာပန်းခွက်ကို စားပွဲပေါ် ပြန်ချကာ ရှယ်လီ ပခုံးလေးကို ခပ်တင်းတင်း ဆုပ်ညှစ်လိုက်သည်။

"အဲ အဲလို မလုပ်ပါနဲ့ကွာ၊ ရှယ်လီလေးနဲ့ တွေ့မှ ကိုယ့်ဘဝက ဖိုးပြီး ဖိုးပြည့်လန်းဆန်းလာတာပါ၊ အောင်မြင်တဲ့ အထိ ပံ့ပိုးပေးမှာပါလို့ ကိုယ် ကတိပေးပြီးပြီပဲ၊ အရမ်းကြီး မလောပါနဲ့နော်၊ စောလေလောင် သည်းခံပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"တွန်း အိမ်က မယားကြီးနဲ့ သားသမီးတွေလောက် ရှယ်လီတ အရေးကြီးဘူးဆိုတာ သိပါတယ်"

"ဒီနှုတ်ခမ်းလေးက ဘာလို့ အဲလို သူစိမ်းဆန်တဲ့ စကားတွေ ပြောထွက်ရတာလဲကွယ်၊ ရှယ်လီလေးကို အရမ်းမြတ်နိုးလို့ ကိုယ့်မိသားစုနဲ့ အတိုက်အခံလုပ်နေတာပါ၊ သိပ်မကြာခင်မှာ ရှယ်လီ ဆန္ဒတွေ ပြည့်ဝစေရမယ်နော်၊ ခုတော့ ကိုယ်ရော စိတ်ရော ပင်ပန်းနေလို့ အကြင်နာတွေ ပေးပါလားကွာ"

တဟင်းဟင်း ညည်းသွဲ့သွဲ့ ရယ်လျက် ကိုကျော်ပိုင် ရင်ခွင်မှာ ရှယ်လီ တိုးခွေ့မှီနွဲ့ပစ်လိုက်၏။

ဦးကျော်ပိုင်က အသက်ရှူသံတွေပြင်းလျက် မှုတ်သိပ်စွာ နမ်း၏။

လွန့်လွန့်လေး ရုန်းလိုက်၊ ညည်းညူမှုလေးဖြင့် တိုးကပ်လိုက်၊ မာယာများဖြင့် ဦးကျော်ပိုင် စိတ်တွေကို နှိုးဆွအပိုင်သိမ်း ညှို့ငင်ယူယနေလိုက်သည်။

ဒါမှ သူမ ဖြစ်ချင်တာ ဖြစ်ခွင့်ရမှာ မဟုတ်လား။

■ ■ ■



## အခန်း (၃)

"အဲဒါကို မေမေ ခွင့်မပြုနိုင်ဘူး သမီး၊ သမီးက အိမ်မှုကိစ္စတွေရော၊ မောင်လေးတွေ ဝေယျာဝစ္စတွေပါ လုပ်နေရတာ တခြား အလုပ်ထွက်လုပ်လို့ ဘယ်ဖြစ်မှာလဲ"

"မေမေ့ကို သမီး သနားလို့ပါ၊ အိမ်မှာ ကိစ္စတွေကိုလည်း နိုင်နိုင်နင်းနင်း လုပ်ပါ့မယ်၊ ဝင်ငွေရမယ့် အလုပ်လေးလည်း ထွက်လုပ်ပါရစေ၊ မေမေ့ကို အနည်းအကျဉ်း အထောက်အကူ ရတော့ တော်သေးတာပေါ့"

"မေမေ့မှာ ခွန်အားတွေ ရှိပါသေးတယ်ကွယ်၊ သမီးတို့ မောင်နှမတစ်တွေ မျက်နှာမငယ်ရအောင် မေမေ ရှာဖွေကျွေးမွေးနိုင်ပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ် အမေရယ်၊ အရင်းအနှီး မရှိတော့ မေမေ့မှာ ပို ထိခိုက်တယ်။ မေမေ့အတွက်လည်း စိတ်ထင်းရဲ့ရတယ်၊ တစ်ခုခု ဆုံးဖြတ် လိုက်ပါလား မေမေ"

"ဟင် မေမေက ဘာဆုံးဖြတ်ရမှာလဲ"

မေမေ မေးတော့လည်း ယိမ်း၊ ဘယ်လိုဖြေရမလဲ စဉ်းစားချင့်ချိန် နေရသည်။ ဖြစ်သင့်သလား၊ မဖြစ်သင့်လား ဆိုတာ မသိပေမယ့် မေမေ့ ဆန္ဒက ပိုအရေးကြီး၏။

"မေမေက လင့်ဝတ္တရား ဖခင်ဝတ္တရားတွေ ပျက်ကွက်နေတာ ကြာပြီပဲ၊ ပြတ်ပြတ်သားသား ကွာရှင်းလိုက်ရင် ပိုမကောင်းဘူးလား။ မေမေ စိတ်သက်သာမယ် ထင်လို့ပါ"

"မေမေ အကြိမ်ကြိမ် စဉ်းစားခဲ့တာပေါ့ သမီးရယ်၊ သမီးကို သမီးအကြီးဆုံးမို့ တိုင်လည်း တိုင်ပင်ချင်ခဲ့ပါတယ်၊ ဒါပေမဲ့ မေမေတို့ကို ရသင့်ရထိုက်တာ ခွဲပေးတယ် ထားဦး၊ အားလုံး ကဆင့်ကလျား အခြေ အနေပျက် ဖြစ်မသွားနိုင်ဘူးလား။ အဖအုပ်ထိန်းမှု မရှိတော့တဲ့ မေမေ့ သားသမီးတွေ ပျက်စီးနာ‌ယ်ရမှာလည်း စိုးရိမ်တယ်၊ စိတ်ကူးကြည့်တာ တောင် လက်တွေ့ထက် ပိုစက်နေတယ် သမီးရယ်"

မေမေ့ သက်ပြင်းရှိုက်သံက လေးပင်တုန်ယင်နေသည်။ မျက် ရည်မကျအောင် ထိန်းထားပေမယ့် စိတ်ဒေါသတွေကြောင့် မျက်နှာလေး





က အိုတာရင့်ရော်နေသည်။ မေမေ့ လက်များကို ဖွဖွညင်သာ ဆုပ်ကိုင် မိတော့ မေမေ့လက်များက နူးညံ့မှု မရှိ ကြမ်းရှရှ အရေတွန့်နေသည်။

ပွဲစားအလုပ်ဆိုတာ နေ့စဉ် ပုံမှန်ဝင်ငွေ မရှိနိုင်။ ဒါဆို နေ့စဉ် အိမ်ရဲ့ စားစရိတ် အသုံးစရိတ်များကို မေမေ ဘယ်လိုနည်းနှင့် ရှာဖွေ နေခဲ့သလဲ။

လင်ယောကျ်ားကို မှီခိုထောက် ယေချင်စိတ် မရှိတဲ့ မာနများဖြင့် မေမေ ဘယ်လောက်တောင် ပင်ပန်းနေခဲ့ရပြီလဲ။ ခြံဝင်းအကျယ်ကြီးနှင့် အိမ်ကြီးအိမ်ကောင်း နှစ်ထပ်အိမ်ကြီးမှာ နေနေရသော်လည်း အတွင်းထဲ မှာ လှိုက်စားနေရတဲ့ ပဋိပက္ခများကို ဘယ်သူမှ သိမှာမဟုတ်ချေ။

မေမေကလည်း ကြက်မကြီးက ကြက်ကလေးတွေကို အုပ်သလို ဝိဝိစီးစီး အုပ်ထိန်းထားနိုင်ပါသည်။

ခုတော့ အခွံကြီးသက်သက် ကျန်တော့သော ဒီအိမ်ကြီးကို တောင် မေမေက ရောင်းချဖို့ စိတ်ဥနေပြန်သည်။ ဒီကိစ္စကြောင့် ဖေမေ့ မဟုတ် သူမတို့ မောင်နှမ သုံးယောက်လည်း မအိပ်နိုင် မစားနိုင် စိတ်ဆင်းရဲနေကြရ၏။

ဖေဖေ့ကို ခြေသလုံးဖက်ကာ တောင်းပန်ရမည်လား။

မျက်ရည်ခံထိုး၍ ဆန္ဒပြရမည်လား။

"သမီး မျက်ရည်တွေ သုတ်စမ်းကွယ်၊ ဟိုမှာ သမီးမောင်လေး



www.burmeseclassic.com

www.burmeseclassic.com



အဝယ် ဈေးကော ပြန်လာပြီ"

မျက်ရည်စမ်းစမ်း ဖြစ်နေတဲ့ ယိမ်းကို အမေက လက်ကုတ်သတိပေးသည်။ လွယ်အိတ်ကို စလွယ်သိုင်းလျက် ကျောင်းဝတ်စုံ အဖြူအစိမ်းလေးဖြင့် ခြေထောက်လေး ထော့နင်း ထော့နင်း နင်းလျှောက်လာနေသော လင်းရိပ်ပိုင်က သူမတို့ သားအမိနှစ်ယောက်ကြား ဝင်ထိုင်လိုက်သည်။

"ဘာတွေ တိုင်ပင်နေကြတာလဲ"

"ဘာရယ် မဟုတ်ပါဘူး အလင်းရယ်၊ မမတို့ စကားထိုင်ပြောနေကြတာပါ၊ အလင်း ထမင်းဆာပြီလား မမ ခူးပေးမယ်လေ"

"ဟင့်အင်း မဆာသေးပါဘူး၊ မမနဲ့ မေမေ စားမှ သားအတူတူ စားမယ်လေ၊ သား ရေချိုးလိုက်ဦးမယ်၊ ဖြော် အမင်းရော ပြန်မလာသေးဘူးလား မေမေ"

"ဘယ်လာသေးဦးမှာလဲကွယ်၊ တက္ကသိုလ်ကျောင်းသားကြီး ဖြစ်နေပြီဆိုတော့ အရင်ထက် ခြေပိုရှည်တော့မှာပေါ့၊ မအေရှာတဲ့ ငွေဆိုပြီး၊ အသုံးအစွဲကလည်း မလျှော့၊ ဖအေ ဥပဉ်အတိုင်းပဲ"

"သားက မေမေ့ကို တူတာနော်"

"ဟုတ်ပါတယ်တော် ဟုတ်ပါတယ်၊ သားက သားလိမ္မာလေးပါ"





မေမေ အဲလို ပြောလိုက်မှ အလင်းက သဘောကျေကျေနပ် မေမေ့ပါးကို ရွှတ်ခနဲ နမ်းသည်။ ယိမ်း ပါးကိုလည်း ဘယ်ပြန်ညာပြန် နမ်းပြီးမှ ရေချိုးခန်း ဝင်သွား၏။

အမင်းကတော့ ညအိပ်ချိန်လောက်မှ ပြန်ရောက်လာလိမ့်မည်။ အလင်းကို ယိမ်းတို့ သားအမိအပေါ်မှာ နွေးနွေးထွေးထွေး မနေ။

ဂရုစိုက် အလေးထားခြင်းလည်း မရှိ။ ဈေးအကြီးဆုံး အကောင်းဆုံး အဝတ်အစားများကို ပူဆာတတ်ကာ သူ့ကိုယ်သူ ကြွေးကြော်မော့မော့ဖြင့် သူဌေးသားဂိုက် ဖမ်းနေတတ်သည်။

ငွေကို လုံလောက်စွာ တောင်း၍ သူငယ်ချင်း အပေါင်းအသင်းများဖြင့် သုံးဖြုန်းတတ်၏။

မေမေ့မှာ ခြေမသန်တဲ့ ဒုက္ခိတ အလင်းအတွက် စိတ်ပူစိတ်မချနိုင် ဖြစ်ရသလို အမင်းအတွက်လည်း ဘယ်တော့မှ ရင်မအေးနိုင်ချေ။

ဒီခံစားမှုတွေကို ဖေဖေ ဘာမှမသိ။ စိတ်လည်းမဝင်စား။

အိမ်အသုံးစရိတ် ဘယ်လောက်ကုန်သလဲ။ သားနှစ်ယောက် ကျောင်းစရိတ်နှင့် လောက်ငပါ့မလား ဘယ်တော့မှ မမေး။

ငွေဘယ်လောက်ရရ ပေးချင်မှ ပေးသည်။ ပေးချင်တဲ့အချိန်မှ ပေးသည်။

ဒီဒုက္ခတွေ ခါးစီးခံနေရတဲ့ မေမေ့ကို ယိမ်း ရင်ထဲမချိအောင်



www.burmeseclassic.com

www.burmeseclassic.com



သနားစရာပီပေပေယ့် ဘာမှလည်း မတတ်နိုင်။

ဘယ်လောက်ကြာကြာ မေမေ အားတင်းထားနိုင်မှာလဲ။

ဒီဝဋ်ကြွေးတွေ မကုန်သေးသည့်လား။

■ ■ ■



# အခန်း (၄)

"သမီး မေမေ ရှိလား။ ဖေဖေ့မှာ ညွှန့်သည် ပါလာလို့ ခေါ်လိုက်ပါဦး"

"ဟုတ်ကဲ့ ဖေဖေ"

ဖေဖေ့ညွှန့်သည်က ယိမ်းနှင့် အသက်အရွယ် မတိမ်းမယိမ်းလောက်သာ ရှိလိမ့်မည်။ ကာလာစုံ တင်ထားသော မျက်နှာလေးက မထိတရိဖြင့် ထူပြည့်သော နှုတ်ခမ်းလေးမှာ နီရဲတောက်ပနေသည်။ အဝတ်အစားများက ယိုသူမရှက် မြင်သူရှက်စရာ ကလက်တက်တက်။

တစ်ထွာသာ ရှာမြင့်ဖိနပ်စီးထားသော သူမ အရပ်အမောင်းက မေမေ ပခုံးကို တွန်းတွန်းတိုက်တိုက်။

ခေါ်ခြင်း အကဲခတ်ကာ မျက်နှာလွှဲလိုက်ပြီး မေမေ့ကို ခေါ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ရှည်အတွက်မှာ မေမေက ယိမ်းအနားမှာ ရောက်နေခဲ့သည်။

"မေမေ ကြားတယ် သမီး၊ မောင်လေးတွေ ခေါ်ပြီး အပေါ်ထပ် တက်နေ၊ မေမေတို့ စကားဝိုင်းမှာ ဘယ်သူမှ ဝင်မပါနဲ့၊ အောက်ထပ် ဆင်းမလာခဲ့နဲ့ ကြားလား"

သားသမီးတွေကို ဘာပြဿနာမှ မသိစေ၊ မကြားစေချင်တာ ကြောင့် အပေါ်ထပ်မှာ သွားနေခိုင်းပြီး ဒေါ်မေသက်နိုင် ဧည့်ခန်းဘက် ထွက်လာခဲ့သည်။

ဒေါ်မေသက်နိုင်ကို မြင်မှ ဦးကျော်ပိုင် ပခုံးမှာ မှီနွဲ့နေသော ရှယ်လီရဲ့ ခေါင်းလေးက ဆတ်ခနဲ ထောင်သွားသည်။ ဦးကျော်ပိုင်က ရှယ်လီရဲ့ ခေါင်းလေးကို ဖွဖွလေး ပုတ်ပြီး ပြုံးနေတာမို့ ဒေါ်မေသက်နိုင် ဝင်ထိုင်ရခက်၊ မထိုင်ရခက် ကြောင်အမ်းအမ်း ဖြစ်နေမိသည်။

"ထိုင်လေ မေသက် ကိုယ်တို့ အေးအေးဆေးဆေး စကားပြော ကြတာပေါ့၊ ကိုယ် မိတ်ဆက်ပေးရဦးမယ်၊ သူက ရှယ်လီ တဲ့၊ ကိုယ် သီချင်းခွေ လုပ်ပေးမယ်ဆိုတဲ့ မိန်းကလေးပေါ့"

"လုပ်ငန်းရှင်တစ်ယောက်ရဲ့ မိန်းမအဖြစ်နဲ့ မိတ်ဆက်ပေးရုံ သက်သက် ခေါ်လာတာလား၊ ဒီအိမ်ရောင်းပြီးမှဆိုရင် လုပ်ဖြစ်မှာ မဟုတ်လို့ ကျွန်မနဲ့တွေ့ပေးဖို့ အရေးမကြီးဘူး ထင်ပါတယ်"

"မေသက် မင်း ပြောချင်ရာ လျှောက်ပြောမနေနဲ့၊ ဒီအိမ်





ရောင်းဖို့လည်း သူဌေးတစ်ယောက်နဲ့ ဈေးညှိပြီးပြီ၊ သူ့ကို သီချင်းခွေ လုပ်ပေးဖို့လည်း ဆုံးဖြတ်ပြီးပြီ၊ မင်းကို ခွေးနွေးတိုင်ပင်နေတာ မဟုတ် ဘူး။ ဒီလုပ်ငန်းအောင်မြင်အောင် မင်းတို့ သားအမိတွေ အကျိုးအမြတ် ခံစားရအောင် လုပ်ပေးမယ့်သူက သူပဲဆိုတာ ခေါ်လာပြတာ"

ဒေါ်မေသက်နိုင် နှုတ်ခမ်းအစုံက ကွေးညွှတ်မဲ့ရွဲ့သွား၏။ အမွေး မြင်လို့ အပင်မသိလျှင် သူမ အရာကျဦးမည်။

"ဒါဆိုလည်း သူနဲ့ကျွန်မ စကားပြောကြည့်ချင်ပါတယ် ရမ လား"

ဦးကျော်ပိုင်နှင့် မျက်လုံးချင်း ဆုံသွား၏။ ထိမထင် မဲ့ပြုံးနှင့် ရှယ်လီက ကိုယ်ကို မတ်နေအောင် ပြင်ထိုင်သည်။

ပြောချင်ရာ ပြောဆိုသည့် သဘော။

"မင်း ဖြစ်နိုင်လား၊ မဖြစ်နိုင်လား၊ အောင်မြင်နိုင်လား မအောင် မြင်နိုင်လား ဆိုတာ အန်တီ မဝေဖန်ချင်ပါဘူး။ ဒါပေမဲ့ မင်းအတွက် ဒီအိမ်ကြီးကို ရောင်းပြီး ရင်းနှီးမြှုပ်နှံရမယ်ဆိုတာကြီးက အန်တီတို့ မိသားစု အခြေပျက် အနေပျက် ဘဝပါ ပျက်သွားနိုင်ပါတယ်၊ အဲဒါကို မင်းဘက်က သေသေချာချာ စဉ်းစားပေးစေချင်ပါတယ်"

"ဒီအိမ်ကြီးက ကျွန်မရဲ့ ပိုင်ဆိုင်မှုဆိုရင်ရော ကျွန်မ ပြောချင် တာ လုပ်ခွင့်ရှိမလား"

www.burmeseclassic.com



"ဘာ ဘာပြောတယ်"

ဒေါ်မေသက်နိုင် ပြူးပြူးပျာပျာ ထိတ်လန့်သွားသည်။ ဒီစကားနဲ့ အဓိပ္ပါယ်က ဘယ်အထိ သက်ရောက်သွားလဲ ခန့်မှန်းကြည့်ဖို့ မဝံ့မရဲ။

"ကိုယ် ပြောပြမယ် မေသက်၊ မင်း စိတ်အေးအေးနဲ့ နားထောင်း ကိုယ် ရှယ်လီနဲ့ တရားဝင် လက်ထပ်ထားတယ်၊ ကိုယ့်ရဲ့ပိုင်ဆိုင်မှုတွေက သူလည်း ပိုင်သွားပြီ"

"ကို ကိုပိုင် ဘာတွေပြောနေတာလဲ၊ ဘာတွေပြောနေတာလဲ ရှင့်မှာ သားကြီးသမီးကြီးတွေနဲ့လေ၊ ရှင် ဒီလောက်ထိ ပြောင်ပြောင်တင်းတင်း တာဝန်မမဲ့သင့်ပါဘူး"

"မင်းတို့အပေါ် တာဝန်မမဲ့သင့်မှန်း သိပေမယ့် ရှယ်လီကိုလည်း တာဝန် မယူလို့ မရတော့ဘူးလေ၊ ဒီအိမ်ကို ရောင်းပြီးတာနဲ့ ကိုယ် ဘာလုပ်သင့်လဲ စဉ်းစားထားပါတယ်"

"ပွင့်ပွင့်လင်းလင်း တစ်ခါတည်း ပြောလိုက်ပါတော့ ကိုကြီးရယ်"

ချိုပျစ်ချိုအီနေသော ရှယ်လီ အသံက အော်ဂလီဆန်စရာကောင်းလွန်းလှသည်။ မိန်းမကြီးတစ်ယောက်ရှေ့မှာ ဒီလောက်ထိ ဣန္ဒြေမမဲ့သင့်။

ဒေါ်မေသက်နိုင် အသားတွေ ဆတ်ဆတ်တုန်ကာ ခေါင်းတွေ





လည်း မူးဝေနောက်ကျိလာသည်။ ချစ်မြတ်နိုးလို့ လက်ထပ်ခဲ့ကြပြီး ငယ်လင် ငယ်မယား သံယောဇဉ်တွေတောင် တိုးပွားလာပြီးမှ အချော်ရှာရှုံ မဟုတ်တဲ့ အတည်ကြီးလိုက်တဲ့ ကိုပိုင် သိက္ခာတွေကို ဒေါ်မေသက်နိုင် စက်ဆုပ်ရွံရှာသွားမိသည်။

သားသမီးတွေကို ဘယ်လိုနှစ်သိမ့် အားပေးရမလဲ။

"ရှင် ဘယ်လိုဆုံးဖြတ်ထားတယ်ဆိုတာ ကျွန်မကို ပြောပြပြပါ ကိုပိုင်၊ ကျွန်မ ကွာရှင်းပေးရမှာလား"

"အဲဒီကိစ္စက မင်းဆန္ဒရှိသလို လုပ်လို့ ရပါတယ်၊ ကွာရှင်းချင်တယ်ဆိုရင် ကိုယ်, လက်မှတ်ထိုးပေးမယ်၊ သားသမီးတွေ မျက်နှာထောက်မှ ဖြစ်မယ်ဆိုရင်လည်း ကိုယ် အရင်လို သွားလာနေထိုင်ပေးပါ့မယ်၊ ဒါပေမဲ့ ဒီအိမ်ကြီးပေါ်က အမြန်ဆုံး ဆင်းပေးနိုင်မှ ဖြစ်မယ်၊ ဟိုဘက် လမ်းထဲမှာ သွပ်မိုးပျဉ်ထောင်အိမ်လေး တစ်လုံး ကိုယ် စုံစမ်းထားတယ်၊ လောလောဆယ် အဲဒီမှာ နေကြပေါ့၊ နောက်မှ ရှယ်လီအောင်မြင်သွားရင် အိမ်ကောင်းကောင်း တစ်လုံး ပြန်ဝယ်ပေးမယ် ဟုတ်ပြီလား"

"ရှင် ရှင် သားသမီးတွေ မျက်နှာမထောက် လုပ်ရက်[illegible] ကိုပိုင်ရယ်၊ ကိုယ့်သွေးသားတွေကိုတော့ ပစ်စလက်ခတ် ဥ[illegible]ပြီး ရှင် မျက်ဆန္ဒ အာသီသကို တန်ဖိုးထားနေတယ်ပေါ့၊ အ[illegible]လေး ရက်စက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ ရက်စက်လိုက်တာ ကိုပိုင်ရယ်"

ရင်ဘတ်တွေ အောင့်ကာ အသက်ရှူလို့မဝ ဖြစ်လာသည်မို့ ရင်ဘတ်ကလေးကို ဖိထားရင်း ဒေါ်မေသက်နိုင် ရင်ထုမနာ ပြောနေမိသည်။ ဦးကျော်ပိုင်က ဂရုမစိုက်ပါ။

ရှယ်လီ လက်ကလေး ကြင်နာယုယစွာ ဆုပ်ကိုင်ပြီး ထရပ်သည်။

"မင်း ပြောချင်သလို ပြောပါ မေသက်၊ နွားအို မြက်နုကြိုက်တဲ့ ကောင်လို့ စကားပုံ ရိုင်းရိုင်းနဲ့ ပစ်ပေါက်လည်း ကိုယ် ခံပါ့မယ်၊ ကံ အကြောင်းတရား အလှည့်အပြောင်းကို ကိုယ်လည်း ဘာမှ မတတ်နိုင်ပါဘူး။ ကိုယ့်ကို ခွင့်လွှတ်ပါ"

ဘယ်သူ့ကို အပြစ်တင်ရမှာလဲ။

မိမိရဲ့ ကံကြမ္မာလား။ ကိုပိုင်ရဲ့ ကံဇာတာကိုလား။

သူများ မိသားစု အသိုက်အမြုံကို ဖျက်ဆီးဝံ့တဲ့ ရှယ်လီရဲ့ အရှက်နည်းမှုကိုလား။

ကိုယ်ခန္ဓာချင်း ပူးကပ်ဖက်တွယ်ကာ သူမရှေ့က ထွက်သွားတဲ့ လင်ယောကျ်ားနှင့် တခြား မိန်းမတစ်ယောက်ကို ဘယ်လို အင်အားနှင့် သူမ ကြည့်နေနိုင်ပါ့မလဲ။

ယှဉ်တွဲလျက် ပုံရိပ်များက နီးကပ်လာလိုက်၊ ဝေးကွာသွားလိုက်။





မှုန်ဝါးပျောက်ကွယ်သွားလိုက်၊ ကြည်လင်ပြတ်သားလာလိုက်။

သွေးခုန်နှုန်းတွေ တဒုန်းဒုန်း ဆောင့်တက်လာကာ

"မေမေ"

"မေမေ"

"မေမေ"

ပြိုလဲသွားတဲ့ သူမအနီးမှာ သားသမီးသုံးယောက် ထိတ်ထိတ်ပျာပျာ ဝမ်းနည်းပူဆွေးကာ ဝိုင်းအုံလာသည်။

မေမေ ဆိုတဲ့ ခေါ်သံလေးက အလှအယက်။

အားကိုးရာမဲ့မှာစိုးလို့ ငိုကြွေးနေကြခြင်းလား။

ဟင့်အင်း မေမေ မသေချင်သေးပါဘူး။

သမီးနဲ့သားတွေအတွက် မေမေ အသက်ရှင်ချင်ပါသေးတယ်။

■ ■ ■



www.burmeseclassic.com

## အခန်း (၅)

ခေါင်းခါပြပြီး လှည့်ထွက်သွားတဲ့ ဆရာဝန်ကြောင့် ယိမ်းတို့ မောင်နှမ သုံးယောက် မေမေအနား ဝိုင်းအုံတိုးကပ်လိုက်ကြသည်။

မေမေက အသက်ကို ခက်ခဲပင်ပန်းစွာ ရှူရှိုက်နေလျက် ယိမ်းတို့ မောင်နှမ သုံးယောက်လုံးကို မျက်ရည်တွေ ပြည့်တိုင်စွာဖြင့် တစ်လှည့် ကြည့်နေသည်။

"မေမေ မေမေ ဘာမှမဖြစ်ရဘူးနော်၊ ယိမ်းတို့ မောင်နှမ သုံးယောက်ကို စိတ်ချလက်ချ ထားခဲ့လို့ မဖြစ်ပါဘူး၊ မေမေရယ်၊ လောက ကြီးမှာ မေမေ မရှိတဲ့ ကျန်နေရစ်ဖို့ ယိမ်းတို့ အဆင်သင့် မဖြစ်သေးလို့ပါ"

"အားတင်းထားပါဦး၊ စိတ်မလျှော့လိုက်ပါနဲ့ဦး မေမေရယ်၊ သားလေးက ဒုက္ခိတလေးမို့ စိတ်မချနိုင်ဘူးလို့ မေမေ ပြောထားတယ်





နော်၊ မေမေ မရှိရင် သားအရမ်းအားငယ်ရမှာ မေမေရဲ့"

"မေမေ ဒီလို ဝေဒနာတွေ ခံစားရတာ ဖေဖေ့ကြောင့် မေမေရဲ့ မေမေ ဒီလိုကြီး အရှုံးပေး ထွက်သွားရင် သူတို့ ဝမ်းသာသွားမှာ၊ အရှုံးမပေးပါနဲ့၊ စိတ်မလျှော့ပါနဲ့၊ ကျွန်တော်တို့ကို ချစ်တဲ့ စိတ်နဲ့ အားတင်း ထားပါ မေမေရယ်"

မောင်နှမ သုံးယောက်ရဲ့ တောင်းဆိုမှုကို မေမေက မချိတင်ကဲ နားထောင်နေရဟန် တူသည်။ သားသမီး သုံးယောက်ရဲ့ လက်ကလေး တွေကို အားတင်းဆုပ်ကိုင်ထားရင်း တိုးလျှ တုန်ယင်နေသော လေသံ လေးဖြင့်

"မေမေ မသေချင်သေးဘူး၊ သမီးနဲ့သား သားလေးတို့အတွက် မေမေ အသက်ရှင် ရှင်ချင်ပါသေးတယ်၊ ဒါပေမဲ့ မေမေ အရှုံးပေးရတော့ မှာပါ၊ သ သမီးကြီး မောင်လေးတို့ကို ဂရုစိုက်ပါ စောင့် စောင့်ရှောက်ပါ နော်၊ သား သားငယ်လေးကို ပိုပြီး ဂရုစိုက်ပေးပါ၊ ဖေ ဖေဖေ့ကို မပြစ်မှားကြနဲ့၊ မစော်ကားမိစေနဲ့၊ သား သားတို့ မမ စကားကို နား နားထောင်"

စကားကို ဆုံးအောင် မပြောနိုင်ဘဲ မေမေ့ခေါင်းလေးက တစ် ဖက်ကို လည်ကျသွားသည်။

ဖြန်းခနဲ မောင်နှမ သုံးယောက်အကြည့်ချင်း ဆုံသွားကာ



www.burmeseclassic.com

www.burmeseclassic.com



အလုအယက် မေမေ့ကိုယ်ခန္ဓာလေးကို ဖက်တွယ်မိကြသည်။

"မေမေ မေမေ မေမေ"

"တစ်သက်လုံး ဖွဲကောင်းလာပြီး ခုမှ ဘာလို့ အရှုံးပေးလိုက်တာလဲ မေမေရဲ့၊ အား မေမေ မေ့မေ"

"မေမေရယ် သားလေးကို စိတ်မချဘူးဆို၊ ဒုက္ခိတလေးမို့ မေမေ အချစ်ပိုရတယ်ဆို၊ ခု ဘာလို့ စိတ်ချလက်ချ ထားခဲ့တာလဲ မေမေရဲ့၊ ဘာလို့ ခွဲထားခဲ့တာလဲ၊ သား သားဘယ်သူ့ကို အားကိုးရမှာလဲ မေမေရယ်၊ သား သားကို ဖေဖေကမှ မချစ်တာ၊ သား ဘယ်လိုလုပ်ရမှာလဲ၊ သားလေး ဘယ်လိုနေရမှာလဲ"

ငိုယိုတိုင်တည်နေတဲ့ အသံတွေကို ကြားလျှင် တမလွန်က မေမေ မျက်ရည်ကျနေပေလိမ့်မည်။ စိတ်ပူပန်လွန်းစွာ ဘဝကူးကောင်းပါ့မလားတောင် မသိ။

ပွေ့ဖက်လိုက်၊ နမ်းရှုံ့လိုက်၊ အော်ဟစ်ငိုကြွေးလိုက်ဖြင့် နိုကိုးရာမဲ့နေကြသော မောင်လေးနှစ်ယောက်ကို ကြည့်ကာ ကိုယ့်စိတ်ကိုယ် ယိမ်း တည်ငြိမ်အောင် အားတင်းထိန်းချုပ်နေရသည်။ အငယ်နှစ်ယောက်အတွက် ခံစားရတဲ့အတိုင်း စိတ်လျှော့လိုက်လို့ မဖြစ်။

ဖေဖေလည်း အနားမှာ မရှိ၊ မေမေလည်း နောက်ဆံတင်းလျက် ပြန်လာလို့ မရတဲ့ အဝေးဆုံးကို ထွက်သွားခဲ့ပြီ။





ဝမ်းနည်းသိုနင့်မှုတွေ နာကျင်ကြေကွဲမှုတွေထက် ခုချိန်မှာ အရေးကြီးဆုံးက ဘာလဲ။

"မောင်လေး အမင်း အလင်း မမ တစ်ယောက်လုံး ရှိပါသေးတယ်၊ မေမေ့ကိုယ်စား မောင်လေးတို့အတွက် မမ ရပ်တည်မှာပါ၊ အခက်အခဲနဲ့ လောကဓံကို မမ ရှေ့ကနေ ရင်ဆိုင်ပေးမှာပေါ့ကွယ်၊ မေမေ ဝမ်းနည်းအောင် မပြောကြပါနဲ့၊ မေမေ နောက်ဆံတင်းအောင် မငိုကြပါနဲ့တော့၊ မေမေက မမတို့ကို စိတ်ခွန်အားတွေ ပေးထားခဲ့တာပဲ၊ ရင်ဆိုင်နိုင်ရမှာပေါ့၊ ရုန်းကန်နိုင်ရမှာပေါ့၊ ငိုနေရင် မေမေ ပိုပြီး ပူလောင်နေရလိမ့်မယ်၊ မငိုကြပါနဲ့တော့"

ဖြေသိမ့်ပေးနေတဲ့ ဒီအစ်မရဲ့ ရင်ထဲမှာ မျက်ရည်ပင်လယ်ကြီးဖြစ်နေတာ မောင်လေးတွေ မသိစေချင်ပါ။

အဲဒီ ပင်လယ်ကြီးကို အန်တုပြီး ရင်ဆိုင်ရ ရုန်းကန်ရတော့မှာက ယိမ်းရဲ့ တာဝန်မဟုတ်ပါလား။

ဘယ်အရာမှ အကောင်းအတိုင်း မဖြစ်နိုင်တဲ့ ဒီဘဝက...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"စိတ်မကောင်းပေမယ့် ဘာမှမတတ်နိုင်တော့ဘူးလေ၊ ဒီလို ဖြစ်သွားလိမ့်မယ်လို့ ဖေဖေ တကယ် မထင်ခဲ့တာပါ၊ သမီးတို့ မေမေက အရမ်းမာနကြီးပြီး ခံနိုင်ရည်ရှိခဲ့တဲ့ မိန်းမတစ်ယောက် မဟုတ်လား"

"သားသမီးတွေအတွက် ဟန်ဆောင်တင်းထားခဲ့တာလို့ ဖေဖေ မထင်ဘူးလား။ လင်ယောကျ်ားကို ဒါမလုပ်ပါနဲ့လို့ အူထောက်မတောင်းပန်ခဲ့ပေမယ့် သားသမီးတွေအတွက် မိခင်ကောင်းတစ်ယောက်ပါ ဖေဖေ"

"ဖေဖေ သိပါတယ်၊ ဒါပေမဲ့"

"ဖေဖေက နစ်နေတဲ့ နွံထဲက ရုန်းထွက်ဖို့ မကြိုးစားခဲ့တာ မဟုတ်လား။ နစ်သထက် နစ်နေတာကို ကျေနပ်နေရင်းနဲ့ မေမေ့ကို ဝေဒနာတွေ ဒဏ်ရာတွေပေးနေခဲ့တာလေ၊ ဒီမိန်းမ ဘာမှမဖြစ်ပါဘူး၊





ခံနိုင်ရည်ရှိမှာပါဆိုတဲ့ ဖေဖေ့ရဲ့အတွေးက အရမ်းအံ့ဩဖို့ ကောင်းပါတယ်၊ ဒါပေမဲ့ မေမေ မှာခဲ့ပါတယ်၊ သမီးတို့ အဖေကို မပြစ်မှားကြနဲ့ မစော်ကား မိစေနဲ့တဲ့၊ အဲဒီစကားက သမီးတို့ကို ငရဲကျမှာစိုးလို့လား၊ ဖေဖေ့ကို စိတ်မဆင်းရဲစေချင်တာလားတော့ မသိပါဘူး"

အကြာကြီး ငိုင်တွေသွားပြီး သက်ပြင်းရှိုက်နေပေမယ့် ဖေဖေ့ဆီမှာ နောင်တရတဲ့ အရိပ်အရောင် မတွေ့ရပါ။

သတင်းစာထဲမှာ နာရေးကြော်ငြာ မထည့်တာမို့ ရှယ်လီနှင့် ဟန်နီးမွန်း ထွက်သွားတဲ့ ဖေဖေက ဒီနေ့မှ မေမေ့နာရေးကို သတင်းလာမေးခဲ့တာ ဖြစ်၏။

စိတ်မကောင်းဘူး ဆိုပေမယ့် မေမေအတွက်ရော သားသမီးတွေအတွက်ရော ဝမ်းနည်းနေတာမျိုးတော့ မဟုတ်။

သားသမီးတွေကို နွေးနွေးထွေးထွေး ခေါ်ပြီး အားပေးစကားလည်း မပြော။

ရှယ်လီကို ခေါ်မလာခဲ့တာဘဲ ကျေးဇူးတင်ရမည်လား မသိ။ ဒါပေမဲ့ ဥပဓိရုပ်ကောင်းကောင်းနှင့် လူကြီးတစ်ယောက်တော့ ပါလာသည်။

ထိုလူကြီးက ဒီအိမ်ကြီးအတွင်းအပြင် ထက်အောက်စုန်ဆန် စပ်စုလျက် ယိမ်းတို့ မောင်နှမသုံးယောက်ကိုလည်း အကဲခတ်သည်။

"ဖေဖေ ဒီအိမ်ကြီးကို ရောင်းမယ်ဆိုတာ သမီးတို့ သိတယ်



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား"

"ဟုတ်ကဲ့ သိပါတယ်၊ မေမေ အသက်နဲ့လဲပြီး တားဆီးခဲ့လို့ မေမေ မရှောင်းတော့ဘူး မဟုတ်လား"

"မဟုတ်ဘူး သမီး ဖေဖေက ငွေကိုတောင် ကြိုသုံးထားခဲ့တယ်၊ သူက ဒီအိမ်ကို ဝယ်လိုက်တဲ့ သူဌေးလေ"

"ရှင်"

"ဟိုဘက်လမ်းထဲမှာ သမီးတို့ မောင်နှမတစ်တွေနေဖို့ အိမ်လည်း ဝယ်ထားပြီးပါပြီ၊ အခု ဖေဖေ မောင်းလာတဲ့ ကားကလည်း ရောင်းဖြတ်ယူထားတာဆိုတော့ ငွေက ရှယ်လီ သိချင်းခွေထုတ်ဖို့လောက်ပဲ ကျန်တော့တယ်"

"သမီးတို့ဘက်က ရသင့်ရထိုက်တာတွေ တောင်းဆိုမှာစိုးလို့ ရှင်းပြနေတာလား ဖေဖေ၊ ဖေဖေ မသေဒ္ဓါရင် သမီးတို့ကို ဘာမှ မပေးလိုက်ပါနဲ့"

"သူက ဖအေပဲ မသေဒ္ဓါလည်း ပေးရမှာပေါ့ မမယိမ်းရဲ့"

အမင်းက ဖေဖေ့ကို စိမ်းနေအောင် ကြည့်ကာ ဖြုန်းခနဲ ထပြောသည်။ ယိမ်းက လက်ကို ပုတ်ပြီး ဟန့်တားတာလည်း ဂရုမစိုက်။

"မေမေ သေလို့ ရက်လည်ရုံပဲ ရှိသေးတယ်၊ ဒီစကားတွေ လာပြောနေတာ တရားလွန်လွန်းပါတယ် ဖေဖေ၊ ဒီကိစ္စအတွက် မေမေ





ရှော့ဖြစ်သွားတာပါ၊ မေမေ သေသွားရတာ ဖေဖေ့ကြောင့်ပါ"

"တော်စမ်း အမင်း ဖအေက ကောင်းမယ်ထင်လို့ စီစဉ်နေတာ၊ မင်း ဘာမှ စကားနာထိုးစရာ မလိုဘူး။ ငါ လုပ်နေတာတွေကို မင်းအမေ မတားဆီးခဲ့ရင်လည်း ဒီလိုမျိုး ဖြစ်သွားစရာ အကြောင်းမရှိဘူး။ သူ့အတွက် သူ့ကို သတ်သွားတာ၊ ငါနဲ့ ဘာမှမဆိုင်ဘူးကွ နားလည်လား"

"အဲလိုတော့ မပြောပါနဲ့ ဖေဖေ၊ ကိုယ့်ယောက်ျား တခြားမိန်းမနဲ့ ပလူးပလဲ ကယုကယင် လုပ်နေတာ ဘယ်မိန်းမက ခံနိုင်ရည်ရှိမှာလဲ၊ ကြည်ဖြူနားလည်ပေးနိုင်မှာလဲ"

"ဘာကွ မင်းကပါ ငါ့ကို ခံပြောတယ် ဟုတ်လား"

မျက်ရည်တွေ ရစ်ဝိုင်းနေသော အလင်းကပါ အသံတုန်တုန်လေးနှင့် ဝင်ပြောတော့ ဖေဖေ ဒေါသဖြစ်သွား၏။

ထိုင်နေသည့် ဆိုဖာခုံ လက်တန်းကို နှစ်ချက်သုံးချက် တဗုန်းဗုန်းပုတ်ကာ

"မင်းတို့က ငါ့ကို ဝိုင်းပြီး တိုက်ခိုက်နေတာလား၊ ငါ့ဟာငါ နောက်အိမ်ထောင်ပြုပေမယ့် မင်းတို့ကိုလည်း လုပ်သင့်တာ လုပ်ပေးနေတာပဲ ဒါကိုမှ မကျေနပ်ရင် ဘာထပ်လုပ်ပေးစရာ လိုသေးသလဲ ပြောပြပါဦး"

"ဘာမှ မလုပ်ပေးပါနဲ့တော့ ဖေဖေ ရပါတယ် နေစရာ အိမ်



www.burmeseclassic.com

www.burmeseclassic.com



လေး တစ်လုံး ပေးထားတာပဲ ကျေးဇူးတွေ တင်နေပါပြီ၊ မောင်လေးတို့ ဘာမှမပြောကြနဲ့တော့၊ အိမ်ပေါ်က ဆင်းပေးဖို့ပဲ ပြင်ကြရအောင်ပါ''

''အာ ဘာလို့ ဆင်းရမှာလဲ၊ အိမ်ကြီးပေါ်က နေအိမ်သေးသေး ထို မဆင်းနိုင်ပါဘူး၊ ကျွန်တော် မပြောင်းချင်ဘူး မမ''

''အမင်းရယ် မငိုး ခေါင်းမာနေလို့ရော ဘာထူးမှာလဲ၊ ဖေဖေက အိမ်ဝယ်တဲ့ သူဌေးကိုလည်း ခေါ်လာပြီ၊ ပိုက်ဆံတွေလည်း ယူပြီးနေပြီ၊ မမတို့ ဆင်းပေးရုံပဲ ရှိတော့တာပေါ့''

''မတရားဘူး မတရားဘူးဗျာ၊ မေမေ သေပေးခဲ့တာတောင် ဖေဖေက ဘာမှပြောင်းလဲမပေးပါလား။ ယောင်လည်လည် ကျန်ခဲ့တဲ့ ကျွန်တော်တို့ မောင်နှမတွေကို ဘာတာဝန်မှ ကျေမပေးပါလား''

''ဟိတ်ကောင် အမင်း တော်တော့ တော်ပြီ''

ဖေဖေက မာထန်တင်းပြတ်စွာ အော်ရင်း အမင်းအင်္ကျီ ရင်ဘတ်ကို ဆောင့်ခနဲ ဆွဲလိုက်သည်မို့ သူဌေးဆိုသူရော ယိမ်းတို့ မောင်နှမပါ အလန့်တကြား ထဆွဲရလေသည်။

''ကဲ စိတ်ကို ထိန်းပါ ကိုကျော်ပိုင်ရယ်၊ ကလေးတွေက သူတို့အမေလည်း သေထားတော့ ပေါက်ကွဲနေကြတာပါ၊ ဒီလောက် ပြောထားရင် သူတို့ နားလည်မှာပေါ့၊ သားတို့သမီးတို့ကလည်း ဖြစ်ပြီးသွားတာတွေက ဘာမှမတတ်နိုင်တော့ဘူး။ မေမေလည်း ဆုံးသွားပြီဆိုတော့ ကျန်သေး





တဲ့ အဖေကြီး စိတ်မဆင်းရဲအောင် လိုက်လျောလိုက်ကြပါ၊ ဦး ကြားထဲက တောင်းပန်ပါတယ်ကွယ်''

ကြားဝင် ဖျန်ဖြေပေးနေသော သူဌေးရဲ့ စကားနှင့် နီမြန်းတင်း မာနေသော ဖေဖေ့ရဲ့ ဒေါသတို့ကြောင့် ယိမ်းတို့ မောင်နှမတစ်တွေ ဘာမှမပြောရဲကြတော့ပါ။

လက်သီးဆုပ်လေးတွေ ဖေဖေ မမြင်အောင် တင်းတင်းဆုပ်လို့ အံကြိတ် သည်းခံနေလိုက်ရသည်။

ဒီလို မနေလို့လည်း ဘာမှမတတ်နိုင်တော့တဲ့ ဘဝအခြေအနေပါ။ အံတုဖက်ပြိုင်နိုင်တဲ့ အင်အားလည်း မရှိ။

တုံ့ပြန်တိုက်ခိုက်ရဲတဲ့ အစွမ်းအစလည်း မရှိ။

ပြီးတော့ ကိုယ်တွေက သားသမီး၊ သူက အဖေ။

လုပ်ချင်ရာလုပ်ဖို့က သူက အခွင့်အရေး ပိုသာပါသည်။

ဖေဖေ့စိတ်ဆန္ဒတွေအတိုင်း ယိမ်းတို့ . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"တောက်"

အိမ်လေးရဲ့ ထောင့်တစ်နေရာမှာ ထိုင်နေလျက်နှင့် အမင်း တက်ခေါက်နေတာ အကြိမ်ပေါင်း မနည်း။

အိမ်ပြောင်းရွှေ့လာလို့ အထုပ်အပိုး သယ်တာ၊ ပစ္စည်းတွေ နေရာချတာကအစ အမင်း ဘာတစ်ခုမှ ဝိုင်းကူမလုပ်။

အလင်းကတော့ ခြေထောက် ထော့ကျိုးလေးဖြင့် သူ နိုင်သည့်ဝန်လေးကို ဝိုင်းကူလုပ်ရှာပါသည်။

ယိမ်းကသာ အလုပ်သမားနှစ်ယောက် ငှားကာ ဒိုင်ခံပင်ပန်းနေရပြီး မောင်နှစ်ယောက်ကိုကြည့်၍လည်း စိတ်မကောင်း ဖြစ်နေရသည်။ ဖေဖေ့ကောင်းမှုကြောင့် တိုက်အိမ်ကြီးပေါ်ကနေ အိမ်လေးကို ဆင်းလာရ





တာ တွေးကြည့်ရင်း ရင်နာစရာ ကောင်းပေမယ့် မကျေမနပ် ဆန္ဒပြနေလို့ ဖြစ်ပါ့မလား။

"ဒီနေ့ ထမင်းချက်ချိန်ရတော့မှာ မဟုတ်ဘူး။ လမ်းထိပ်က ဒေါ်ခင်ရွှေဆိုင်မှာ ထမင်းနဲ့ဟင်း သွားဝယ်လိုက်ပါလား အမင်းရယ်"

"အာ မသွားချင်ပါဘူး အလင်းကို သွားခိုင်းပါလား"

"ညီလေးက အရမ်းပင်ပန်းနေလို့ပေါ့ အမင်းရယ်၊ ပြီးတော့ သူ့ခမြာ ခြေတစ်ဖက် မသန်ဘဲနဲ့ ချွေးဒီးဒီးကျအောင် လုပ်နေရှာတာပါ"

"လူကောင်းဖြစ်တဲ့ ကျွန်တော်က ဘာမှမလုပ်လို့ အပြစ်တင်နေတာလား မမယိမ်း"

"မဟုတ်ပါဘူး အမင်းရယ်၊ မမယိမ်း ပြောတာ အဲလို သဘောမျိုး မဟုတ်ပါဘူး။ ဘာလို့ ရန်လိုနေတာလဲ အမင်း"

"အခုချိန်မှာ ကျွန်တော် ဘယ်သူ့ကိုမှ အကောင်းမမြင်နိုင်ဘူး မမယိမ်း။ မေမေလည်း ဥပေက္ခာပြုခဲ့တာပဲ၊ ဖေဖေလည်း စေတနာမပါဘူး မမယိမ်းကရော ကျွန်တော်တို့အတွက် ဘာအားကိုးအားထား ပြုနိုင်မှာမို့လဲ"

"ဘယ်လောက်ထိ လုပ်ပေးနိုင်မယ်ဆိုတာတော့ မမယိမ်း အာမ မခံနိုင်ပါဘူး။ ခွန်အားရှိသ၍တော့ မင်းတို့ရှေ့က မမယိမ်း ရပ်တည်သွားမှာပါ၊ အမင်းလည်း တက္ကသိုလ်ဆက်တက်၊ အလင်းလည်း ကိုးတန်း



www.burmeseclassic.com

www.burmeseclassic.com



အောင်ရင် ဆယ်တန်းတက်၊ ပညာရေးက ရပ်တန့်ပစ်လို့ မဖြစ်ဘူး''

အမင်းက ဟွန့်ခနဲ မဲ့လျက် ဖြုန်းခနဲ ထရပ်သည်။ အဝတ်စိုနှင့် ခုံတွေတိုက်နေသော အလင်းလည်း အနားရောက်လာ၏။ အမင်းက ထက်တစ်ချက် ခပ်ပြင်းပြင်း ခေါက်ပြီး

''ဘယ်က ပိုက်ဆံနဲ့ ဘယ်ကဝင်ငွေနဲ့ ကျွန်တော်က တက္ကသိုလ်ဆက်တက်ရမှာလဲ၊ ချိုချို့တဲ့တဲ့ ကျောင်းတက်ပြီး သိမ်သိမ်ငယ်ငယ်နဲ့ ဘွဲ့ယူရမှာလား။ ဖေဖေ မသေခင်ရစ်ခဲ့တဲ့ငွေက အရင်တုန်းက တစ်လ မုန့်ဖိုးတောင် မရှိဘူး''

''အဲဒါလေးကို မမယိမ်း အရင်းအနှီးလုပ်မှာပေါ့ကွယ်၊ အမင်းတို့ မျက်နှာမငယ်စေရပါဘူး မမယိမ်း ကြိုးစားမှာပါ''

''သားလည်း အလုပ်လုပ်မယ် မမ၊ အမင်း ပြည့်ပြည့်စုံစုံ နောက်ဆံမတင်းဘဲ ကျောင်းတက်ပါစေ''

''အောင်မာ ကြီးကျယ်လို့ မင်းလို ဒုက္ခိတက ဘာအလုပ်လုပ်နိုင်မှာမို့လဲ၊ ဘယ်လောက်ရအောင် ငွေရှာနိုင်မှာမို့လဲ''

''ဟဲ့ အမင်း ကိုယ့်ညီလေးကို အဲလိုပဲ ပြောရလား၊ သူက မင်းအတွက် စေတနာနဲ့ ပြောနေတာ''

''မလိုဘူးဗျာ ဘာမှ လာမပြောနဲ့၊ ပြည့်ပြည့်ဝဝ ဆိုရင် ကျောင်းတက်မယ်၊ မဟုတ်ရင်တော့ လေမှာပဲ''





''သြော် ဒုက္ခပဲ ဘာမှလည်း မသိတတ်ပါလား''

ဘယ်သူ့ကိုမှ အကောင်းမမြင်စွာ ခြေလှမ်းကျဲကြီးနှင့် အိမ်ပြင်လှမ်းထွက်သွားသော အမင်းကျောပြင်ကို ကြည့်၍ သက်ပြင်းမောတွေမှုတ်ထုတ်၍ ယိမ်း ညည်းညူမိလိုက်သည်။ အလင်းက ယိမ်းပခုံးလေးကို လာဖက်၏။

''စိတ်မညစ်ပါနဲ့ မမယိမ်းရယ်၊ အမင်းက အရင်ကတည်းက ဒီလိုပဲဥစ္စာ၊ မေမေ့ဆီက တစ်မျိုး၊ ဖေဖေ့ဆီက တစ်မျိုး မုန့်ဖိုးတွေ လှည့်တောင်းပြီး သုံးဖြုန်းနေတာ၊ မမယိမ်းတစ်ယောက်တည်း သူ့တာဝန်ကို ယူနိုင်မှာ မဟုတ်ဘူး၊ သားလည်း အလုပ်လုပ်ပါ့မယ်''

''အို အလင်း အလုပ်မလုပ်ရပါဘူးကွယ်၊ အလင်းက စာတတ်မှ ပညာတတ်မှ ဖြစ်မှာ၊ ပင်ပန်းတဲ့အလုပ် ကြီးလေးတဲ့အလုပ်မှ မလုပ်နိုင်တာ အလင်းရယ်၊ အဲဒါကြောင့် မမယိမ်းက အလင်းအတွက် ပိုပြီး စိုးရိမ်ရတာ၊ မမယိမ်း ရုန်းကန်နိုင်မှာပါ''

''ဒါပေမဲ့ မမယိမ်းကရော ဘယ်လိုအလုပ်မျိုးနဲ့ အတွေ့အကြုံရှိခဲ့လို့လဲ၊ အခုမှ မြေစမ်း ခရမ်းပျိုး၊ အကူအညီမပါဘဲနဲ့ ဘယ်လိုလုပ်ဖြစ်မှာလဲ''

''မမယိမ်းက မင်းတို့ရဲ့ အစ်မကြီးပါ၊ ဘာဖြစ်ဖြစ် ဦးဆောင်ပြီး လုပ်သွားမှာမို့ မမယိမ်း စကားကို နားထောင်ပါ၊ အမင်း ပညာရေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကိုပဲ ရွေးလိုက်ပါကွယ် နော်''

အလင်းက ဘာမှမပြောတော့ဘဲ ပိုက်ဆံယူ၍ လမ်းထိပ်မှာ ထမင်းဝယ်ဖို့ ထွက်သွားသည်။

ယိမ်းစိတ်တွေ လေးပင်မောပန်းစွာ ကျန်ခဲ့၏။ အမင်းက ဆေးတတ် နားမလည်ပေမယ့် ခြေတစ်ဖက် မသန်တဲ့ အလင်းက ယိမ်းကို နားလည်စာနာမှု ရှိသည်။

တတ်နိုင်သလောက်လည်း ဖေးမ ကူညီပေးတတ်၏။ ဘာကြောင့် ဒီအမေ ဒီအဖေက မွေးထားပြီး စိတ်ချင်း မတူရတာလဲ။

ယိမ်းကတော့ အလင်းကို သနားပိုပေမယ့် မောင်နှစ်ယောက်လုံး အတူတူ ချစ်ပါသည်။

မေမေလည်း ယိမ်းလိုပါပဲ။ ဖေဖေကသာ ယိမ်းတို့မိသားစုလေးထက် ရှယ်လီဆိုသော မိန်းကလေးကို အချစ်ပိုသွားရတာလဲ မသိ။

■ ■ ■



## အခန်း (၅)

''အဲဒီ ငှက်ပျောအူတွေက ဘာလုပ်ဖို့လဲ''

''မနက်ဖြန်ကျရင် အိမ်ရှေ့က ဗာဒံပင်ရိပ်လေးမှာ မုန့်ဟင်းခါး ချက်ရောင်းမလို့လေ အမင်းရဲ့၊ အလင်းက မီးဖိုချောင်ထဲမှာ ကုလားပဲ ပြုတ်နေတယ်၊ နေ့လယ်ကျရင် မုန့်လက်ဆောင်းတို့ ရွှေရင်အေးတို့ ရောင်းဖို့ စဉ်းစားထားတယ်၊ တစ်နေ့ နှစ်ထောင် သုံးထောင် အမြတ်ရရင် မေယိမ်းတို့ မောင်နှမ သုံးယောက် စားသောက်ဖြစ်တာပေါ့''

''အာ မမယိမ်းတို့ လုပ်နေတာတွေ အရမ်းရှက်ဖို့ကောင်းတယ်ဗျာ''

''ဟဲ့ ဘာကို ရှက်ရမှာလဲ၊ ဘာလုပ်လို့ ရှက်ရမှာလဲ''

''အိမ်ရှေ့မှာ တဲလေးထိုးကတည်းက ဈေးရောင်းမှီဆိုတာ သိ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အဲဒီ ဦးနှောက်တွေက ဒီလို အသေးအမွှားလုပ်ဖို့လောက်ပဲ သိသလား။ ဒီရုပ်တွက်ထဲမှာပဲ အိမ်ကြီးပေါ်ကနေ အိမ်သေးလေးကိုပြောင်း။ မေမွေ့တုန်းက ပွဲစားအလုပ်လေး ဘာလေးနဲ့ တင့်တယ်သေးတယ်၊ ခုတော့ဗျာ တောက်''

ကျောင်းကပြန်ရောက်တာနှင့် လွယ်အိတ်ကို အဝေးရောက်အောင် လွှင့်ပစ်ပြီး အမင်း ခေါနှင့်မာန်နှင့် ပေါက်ကွဲနေသည်။

လှီးဖြတ်လက်စ ငှက်ပျောအူတွေကို ဆန္ဒင်းမှုန့် ထည့်ထားသော ရေလုံထဲ အကုန်သိမ်းကျုံးထည့်ကာ ရေစည်ပိုင်းဘက်မှာ သွားထားပြီးမှ အမင်းကို ရင်ဆိုင်လိုက်သည်။

''ရိုးရိုးသားသား ကောင်းရောင်းကောင်းဝယ် သမာအာဇီဝအလုပ်က ဘာတွေများ ရှက်စရာ ကောင်းနေလို့လဲ အမင်း၊ သေးမွှားတဲ့ ဒီအလုပ်တွေ မလုပ်စေချင်ရင် မင်း မမယိမ်းကို ကုမ္ပဏီထောင်ပေးမလား။ ကုန်တိုက်ကြီး ဖွင့်ပေးမလား။ မဖြစ်နိုင်တာကို စကားကပ်ပြောတယ်ဖြစ်ဦးမယ်၊ မဖြစ်နိုင်လို့ ဖြစ်သလို လုပ်နေရတယ်ဆိုတာ သဘောပေါက်စမ်းပါ''

''မသိဘူးဗျာ၊ အဲဒါတွေ နားမလည်ဘူး။ ဒီလို နေနေရလို့ ကျွန်တော့်ချစ်သူ အထင်သေးမှာပဲ ကြောက်တယ်''

''ဘာ ဘာပြောတယ် အမင်းမှာ ချစ်သူရှိနေပြီ ဟုတ်လား။





အမယ်လေးဟယ် ခုမှ တက္ကသိုလ်တက်နေရုံ ရှိသေးတယ်၊ ချစ်သူတွေ ဘာတွေနဲ့လား။ အသက်ငယ်ငယ်လေးနဲ့ အမင်းရယ်''

''ဒီအရွယ် ချစ်သူရှိတာ ဆန်းသလား။ ဖေဖေနဲ့မေမေတောင် ဆယ်တန်းနှစ်မှာ နိုးပြေးပြီး ကျွန်တော်တို့ကို မွေးလာခဲ့သေးတာ''

ယိမ်း ဘာပြောရမှန်းပင် မသိတော့ပါ။

အမင်း တမင်သက်သက် အရွဲ့တိုက်နေသလားဟုပင် တွေးနေမိသည်။ ရှုရှုည်းည်း အသံများကြောင့် မီးဖိုခန်းဘက်က ထွက်လာသည့် အလင်းက အမင်းရှေ့ သွားရပ်ကာ

''မမယိမ်းကို ဘာလို့ စိတ်ဒုက္ခအမျိုးမျိုး ပေးနေတာလဲ အမင်း၊ မင်း ကောင်းကောင်းဝတ်၊ ကောင်းကောင်းစားပြီး ကျောင်းတက်နေရရင် ပြီးရော မဟုတ်ဘူးလား၊ ငါတို့မှာ မေမေ့အမွေအနှစ် ကျန်ခဲ့သလား။ ဖေဖေကရော လုပ်ငန်းကြီးလုပ်ဖို့ အရင်းအနှီး ထုတ်ပေးထားလို့လား။ ဘဝကို သုညကစပြီးမှ အခုမှ ရင်ဆိုင်ကြည့်မလို့ကွ ဖြစ်မလား မဖြစ်မလား မသိပေမယ့် မင်းကို တပ်ကူ မခေါ်ပါဘူး။ ဒါပေမဲ့ မမယိမ်းကို စိတ်အနှောင့်အယှက် မပေးပါနဲ့ကွာ''

''အေး နေသာသလို နေပေးဆိုရင်တော့ မခဲယဉ်းပါဘူး။ ကျောင်းတက်ဖို့ လုံလောက်အောင် မပေးရင်တော့ ပြဿနာရှာမှာပဲ''

အမင်းက ဆောင့်အောင့်ကာ ပြောပြီး နိုင်ခံ့မှု မရှိသော



www.burmeseclassic.com

www.burmeseclassic.com



လှေတားထစ်လေးကနေ မြုန်းမြုန်းဒိုင်းဒိုင်း ပြေးဆင်းသွားသည်။

တင်းခနဲ သက်ပြင်းတွေ အကြိမ်ကြိမ် ချရင်း အစင်း လွှယ်အိတ်ကို တိုင်မှာချိတ်၊ ရှင်းစရာရှိတာ ရှင်းပြီးတာနှင့် စောစောက အလုပ်တွေကို အစက ပြန်စရသည်။

အလင်းက ထော့ကျိုးလေးဖြင့် လျှောက်လာပြီး ယိမ်း ပန်းလေးကို တွေးဖက်၏။

"စိတ်ရော လူရော အရမ်းပင်ပန်းနေပြီလား မယိမ်း"

"မရှိတာထက် မသိတာ ခက်တယ်ဆိုတာ အမင်းလို လူစားမျိုးကို ပြောတာ ထင်ပါရဲ့ကွယ်၊ ကိုယ့်တာဝန်ကိုယ် ယူရတာ မဟုတ်တဲ့ အမြဲတမ်း အတိုက်အခံ လုပ်နေတယ်၊ ဒါပေမဲ့ အမင်းကို မယိမ်း အပြစ်မမြင်ပါဘူး၊ ဖေဖေက သူ့ကို အချစ်ဆုံးဆိုတော့ အလိုလိုက်ခဲ့တယ်လေ၊ ကျန်တဲ့သူတွေအပေါ်မှာ တာဝန်မကျေခဲ့ပေမယ့် သူ့ကိုတော့ လိုလေသေးမရှိ ပံ့ပိုးခဲ့တယ် မဟုတ်လား"

"အခုလည်း ဖေဖေ့ဆီကို အမင်း မုန့်ဖိုးတွေ ဘာတွေ သွားတောင်းနေလား မသိဘူးနော်"

"သူ မရှက်တတ်ရင် သွားချင်သွားနေမှာပေါ့၊ မယိမ်းကတော့ ဖေဖေ့ အထောက်အပံ့ ဘာမှမယူတော့ဘူးလို့ ဆုံးဖြတ်ထားတယ်၊ မေမေ ဆုံးတာတောင် ကျန်ခဲ့တဲ့ သားသမီးတွေအပေါ် ငဲ့ညှာရမှန်း သိခဲ့တာမှ





မဟုတ်တာ၊ သူ့ဘဝနဲ့သူ ပျော်နေလို့ မယိမ်းတို့ကို အမှတ်ရချင်မှလည်း ရမှာပါ"

"တစ်သက်လုံး မေ့ထားလည်း သားတို့ဂရုစိုက်စရာ မလိုပါဘူး မယိမ်းရယ်၊ သားတို့ ကိုယ့်ခွန်ကိုယ့်အားနဲ့ စွန့်စားရုန်းကန်ကြတာပေါ့ မယိမ်းနားမှာ သားတစ်ယောက်လုံး ရှိတယ်'

"အလင်းရယ် အလင်းရဲ့ ဒီလို အားပေးစကားတွေကြောင့် မယိမ်း အားအင်တွေ ပြည့်နေရတာပါ၊ အလင်းပဲ မယိမ်းကို နားလည်ပေးနိုင်တာပါကွယ်"

မျက်ဝန်းအိမ်က မျက်ရည်တွေကြောင့် မယိမ်း အပြုံးက ဝေဝါးပါ၏။ ဒါပေမဲ့ ထိုအပြုံးက အလင်းအတွက် အားဆေးတစ်ခွက်ဖြစ်သည်။

ခြေတစ်ဖက် မသန်တဲ့ ဒုက္ခိတဘဝကိုတောင် မေ့လျော့ထားချင်၏။ မယိမ်းကို ဘာအလုပ်မှ မလုပ်ခိုင်းဘဲ သူကသာ ဂရုစိုက်ပြုစုယုယချင်သည်။

ခုတော့ မသန်စွမ်းတဲ့ ခြေတစ်ဖက်ကြောင့် စိတ်ရှိတိုင်း လုပ်လို့မရ။ မယိမ်းကို အနည်းငယ်သာ ကူညီပေးနိုင်သည်။

သူ နိုင်တဲ့ဝန်က ဘာတွေလဲ။ သူ ဘာလုပ်ရင် ကောင်းမလဲ။ ဒီအတိုင်းကြီး မယိမ်း ပင်ပန်းတကြီး ရှာဖွေကျွေးမွေးသည်ကို သက်တောင့်



www.burmeseclassic.com

www.burmeseclassic.com



သက်သာ ထိုင်မစားချင်။

နည်းနည်းလေးဖြစ်ဖြစ် အထောက်အကူ ပေးနိုင်တဲ့လူတစ်ယောက် ဖြစ်ချင်ပါသည်။

■ ■ ■



## အခန်း (၉)

"မျက်နှာကြီးက ဘာဖြစ်လာတာလဲ အမင်း"

"အိမ်တွင်းရေး လမ်းကြောင်းကို စိတ်တိုင်းမကျလို့ပါ၊ ကိုယ့်ဘဝမှာ ပုံပုံသာ မရှိဘူးဆိုရင် အဝေးကြီးကို ထွက်သွားလိုက်ပြီ"

"ဟင်း ဟင်း အဲဒါဆိုလည်း ပုံပုံနဲ့ တွေ့နေပြီဆိုရင် မျက်နှာကြီးကို ပြင်တော့လေ၊ မြင်နေရတာ မလန်းဘူးကွာ"

ပုံပုံက အမင်း ပခုံးပေါ် မေးလေးမှေးတင်ပြီး ညှုတုတုလေး ပြောလိုက်သည်။

အမင်း မျက်နှာကြီးက ပြုံးဖြဲသွားကာ ပုံပုံ နဖူးလေးကို မထိတထိ နမ်းလိုက်၏။

"ကိုယ် တကယ် ပုံပုံနဲ့တွေ့မှ စိတ်ချမ်းသာတယ်၊ အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



နေရတာ အရမ်းကျိန်ပုတယ်ကွာ၊ မမရော အလင်းရော ဘာစိတ်ကူးတွေ ခေါက်ပြီး ဘာတွေ လုပ်နေကြမှန်း မသိဘူး"

"မုန့်ဟင်းခါး ရောင်းမယ်ဆို၊ နေ့လယ်မှာ ရွှေရင်အေး မုန့် လက်ဆောင်း ရောင်းမယ်တဲ့ ဟုတ်လား"

"ဟင် ပုံပုံ ဘယ်လိုလုပ် သိတာလဲ"

"ရပ်ကွက်ထဲကလူတွေက အမင်းတို့ မောင်နှမတော်တွေရဲ့ ဘဝ အပြောင်းအလဲကို စုတ်တသပ်သပ် စိတ်ဝင်စားနေကြတာပဲ၊ သနားလို့ အားပေးချင်တဲ့သူတွေလည်း ရှိတယ်၊ အမင်း အဖေကို အမြင်ကပ်ပြီး မျက်စောင်းထိုးချင်တဲ့သူတွေလည်း ရှိတာပဲ"

"ဟို ပုံ ပုံပုံ မိဘတွေကရောဟင်"

"ပြောပြီးပြီလေ အရင်ကတည်းက အမြင်ကြည်တာမှ မဟုတ် တာ၊ အမင်း အဖေတူသား ဖြစ်ရင် ဘယ်လိုလုပ်မလဲတဲ့၊ ပုံပုံကသာ အမင်းကို ချစ်လို့ နိုးတွေ့နေမိတာ"

သက်ပြင်းမောတွေ မှုတ်ထုတ်လိုက်မိပေမယ့် အမင်း ရင်ထဲမှာ ပေါ့ပါးမသွား။

မိဘတွေ လက်မခံလျှင် သူတို့ အချစ်ရေးက ဘယ်အတိုင်း အတာထိ ခိုင်မြဲနိုင်မှာလဲ။ ပုံပုံ မျက်နှာလေးကို လက်နှစ်ဖက်ဖြင့် ဆွဲ ညှစ်ယူကာ ရီဝေညို့ငင်နေသော မျက်ဝန်းများဖြင့် စေ့စေ့ကြည့်လိုက်





[illegible]

"ပုံပုံ မိဘတွေဘက်က ဘယ်လောက်ပဲ ပိတ်ပင်တားဆီးပါစေ ကိုယ့်ကို ခွဲမသွားပါနဲ့နော်၊ ကိုယ် ပုံပုံကို ချစ်တယ်၊ မခွဲပါရစေနဲ့ကွာ"

"အဟင်း ပုံပုံလည်း အမင်းကို မခွဲနိုင်ပါဘူး၊ ဒါပေမဲ့ အမင်း နဲ့ ဒီလို နိုးတွေ့နေတာသာ ဖေဖေတို့ သိရင် ပုံပုံကို သတ်ကြမှာ၊ အမင်းဆိုတဲ့ကောင်က ဘာအရည်အချင်းမှ ရှိတာ မဟုတ်ဘူး၊ မိဘ [illegible] မကောင်းဘူးတဲ့၊ မိဘတွေကို အမြဲတမ်း ဆန့်ကျင်နိုင် အောင် အမင်းက ပုံပုံဆန္ဒတွေကို လိုက်လျှော့ပေးဖို့ အရေးကြီးတယ် နော်"

"စိတ်ချပါကွာ အခု ပုံပုံ ဘယ်သွားချင်လဲ ဘာစားချင်လဲ ကိုယ့်ကိုပြော"

"ရေပါလို့လား"

"အမင်းမှာ ဘယ်တော့မှ ရေမခမ်းဘူးဆိုတာ ပုံပုံ သိပါတယ်၊ ကျောင်းတက်ရက်တွေဆိုရင် အချိန်ပြည့် လန်းလို့ရတာ မဟုတ်ဘူး။ ခုလို ကျောင်းပိတ်ရက်လေးမှာ တစ်နေကုန် လျှောက်လည်ကြမယ်ကွာ နော် ပုံပုံ"

ပုံပုံ ခေါင်းလေးက ပုတ်သင်ညိုမလေးလို တဆတ်ဆတ်ဖြစ် [illegible] အမင်း လက်မောင်းကို တွဲချိတ်ကာ ရုပ်ရှင်ရုံကို ခရင်သွား

www.burmeseclassic.com



ညည်း ပြီးလျှင် ကုန်တိုက်၊ ပလာဇာ တစ်နေရာရာကို သွားပြီး လိုချင်တာတွေ ထက်ညီမှုထိုး ပွဲသာမည်။

မြန်ခါနီးမှ အကောင်းဆုံး စားသောက်ဆိုင်မှာ သူမ အကြိုက်ဆုံး အစားအသောက်ကို ဝယ်ကျွေးနိုင်မည်။

သူမဆီက အနမ်းတစ်ရှိုက်ကို လိုချင်လျှင် အမင်းက ဒါတွေနှင့် အလဲအထပ် လုပ်နေကျမို့ သိပ်တော့ မထူးဆန်း။

အမင်း လိုချင်တာပေးဖို့ သူမ လိုချင်တာတွေ ရမှဖြစ်မည်။

ဒါမှ အချစ်ရဲ့လိုအပ်ချက်နှင့် ညီမျှခြင်း...။

■ ■ ■



## အခန်း (၁၀)

"အလင်း ပန်းကန်တွေ ဆေးမနေနဲ့ ထားခဲ့လိုက်၊ ကျောင်းသွားတော့လေ၊ လွယ်အိတ်ယူပြီး လာခဲ့လိုက်တော့ လာ၊ မမယိမ်းဆီက မုန့်ဖိုးလာယူ"

ယိမ်း မုန့်ပွဲပြင်ရင်း လှမ်းအော်နေပေမယ့် အလင်းက ပန်းကန်တွေ ပြီးအောင် ဆေးပြီးမှ လွယ်အိတ်ကို စလွယ်သိုင်း၍ ရောက်လာသည်။

"မုန့်ဖိုး မယူတော့ဘူး မမယိမ်း၊ ဟိုနေ့က မမယိမ်း ပေးထားတဲ့ မုန့်ဖိုး သားမှာ ရှိသေးတယ်"

"အလင်းရယ် မုန့်ဖိုးတစ်ခါပေးထားရင် ကုန်ကို မကုန်တော့ပါလား။ သုံးရော သုံးရဲ့လား အလင်း"

"မမယိမ်းကလည်း သားက ကျောင်းမသွင်းခင် ဒီမှာ မုန့်တင်း



www.burmeseclassic.com

www.burmeseclassic.com



ခါတွေ အလုပ်တွေ စားသွားတယ်၊ ကျောင်းသွားရင်လည်း မမယိမ်းက ထမင်းဘူး ထည့်ပေးလိုက်တယ်၊ သားက မုန့်ဖိုး ဘယ်လိုလုပ် ကုန်မှာလဲ မေယိမ်းရဲ့"

အလင်း ပြောနေတာကို မုန့်ဟင်းခါး စားနေသော အေးမက အသောတွေ ကျနေသည်။

"အလင်းလေးက လိမ္မာလိုက်တာ၊ ကျောင်းမသွားခင်လည်း အလုပ်တွေ ကူလုပ်ပေးတယ်နော်၊ ကဲ ယိမ်းရေ ငါတို့ အမျိုးတော်ကြမလား"

"တော်ကြပါတော့ဟယ် ငါ့မောင်လေးက အားကိုးရပါတယ်"

"အာဗျာ မမတို့ကလည်း"

အလင်းက ရှက်ကိုး ရှက်ကန်းဖြင့် ဒူးလေးပေါ် လက်တစ်ဖက်နှင့်ထောက်ကာ ထော့နင်း ထော့နင်း ခပ်သုတ်သုတ် ထွက်သွားသည်။ အေးမနှင့်ယိမ်း တဟားဟား သဘောတွေကျကာ ကျန်ခဲ့ကြ၏။

တကယ်လည်း အေးမမှာ ညီမလေး တစ်ယောက် ရှိသည်။ နာမည်လေးက လရိပ်ရို့။

ယင်ယင်လေးကတည်းက သူတို့နှစ်ယောက်ကို လင်းရိပ် လရိပ် ဆိုပြီး တွဲတွဲ စနောက်ဖြစ်ကြသည်။ ပြီးတော့ ဘဝတူလေးတွေဟု ပြော





လျှင်လည်း ရနိုင်၏။

လရိပ်လေးက ငါးနှစ်သမီး အရွယ်လောက်မှာ ကလေးချင်း ဆော့ကစားရာမှ မျက်လုံးကို ဝါးချွန်နှင့် ထိုးမိကာ မျက်လုံးတစ်ဖက် ပျက်စီးသွားခဲ့ရသည်။

မျက်လုံးတစ်ဖက်တည်း အားပြုပြီး နေလာခဲ့တာ ခုချိန်ထိ။ အရွယ်လေးရောက် အတန်းလေး ကြီးလာတော့ မျက်လုံးတစ်ဖက် မရှိတာကို အားငယ်တတ် ရှက်တတ်လာသည်။

ဒါကို အလင်းက အားပေး၏။ ဖျောင်းဖျ နှစ်သိမ့်၏။

လရိပ်လေးကလည်း နားလည်ကာ သူတို့နှစ်ယောက် တော်တော်လေး သံယောဇဉ် ကြီးကြသည်။

အစ်မတွေက စပြီနောက်ပြီဆိုရင်လည်း ရှက်တတ်လိုက်ကြတာ တဆုန်ပေါက်ပြေး ပုန်းတော့မယ့်အတိုင်း။

"မမယိမ်း ကျွန်တော့်ကို မုန့်ဖိုးတစ်သောင်းလောက် ပေးပါ"

"ဟင်"

အမင်း အသံကြောင့် ထိတ်လန့်သွားကာ အတွေးတွေလည်း ထွက်ပြေး လွင့်စဉ်ကုန်သည်။

"မုန့်ဖိုး တစ်သောင်း ဟုတ်လား အမင်း၊ ဟိုနေ့က မင်း အသုံးလိုလို့ဆိုပြီး ပိုက်ဆံ သုံးသောင်း ပေးလိုက်ရတယ်လေ၊ အခု



www.burmeseclassic.com

www.burmeseclassic.com



ထမ်းသောင်းဆိုတော့ ရှေ့ပြန်ရင်းဖို့ ဘယ်လိုလုပ် ငွေရှာထည့်ရမလဲ၊ တစ်နေ့ နှစ်ထောင် သုံးထောင်မြတ်ဖို့ လွယ်တယ် မှတ်နေလား"

"လွယ်တာ မလွယ်တာ ကျွန်တော် မသိဘူးလေ၊ တက္ကသိုလ်တက်တာ အဲလောက် ငွေလေးကို ဘယ်နှရက် အသုံးခံမှာလဲ၊ ဘာတွေများ သုံးလို့ ရမှာလဲ၊ ချို့ချို့တဲ့တဲ့ မနေရဘူး လောက်ငအောင် ပေးမယ်လို့ မမယိမ်းပဲ ပြောခဲ့တာ"

"ဟုတ် ဟုတ်ပါတယ်ကွယ် အခုဟာက"

"စကားတွေ အများကြီး ရှင်းပြမနေနဲ့ မမယိမ်း၊ မမယိမ်း မပေးနိုင်ရင် ဖေဖေ့ဆီ သွားတောင်းမယ်"

"ဟဲ့ အမင်း အမင်း"

ဒီလောက် အော်ခေါ်နေတာတောင်မှ အမင်းက လှည့်မကြည့်။ စိတ်ဆိုးမာန်ဆိုးဖြင့် ဘာမှလည်း စားမသွားတာမို့ ယိမ်း စိတ်မကောင်းဖြစ်ကာ မျက်ရည်တွေတောင် လည်လာသည်။

"အလင်းက သိတတ်သလောက် အမင်းက တဖွတ်ထိုး တဖောက်ကန်း မိုက်ရူးရဲလေးပါလား ယိမ်းရယ်"

"ဟုတ်တယ် အေးမရယ် သူ တောင်းတိုင်း မပေးနိုင်ရင် အမြဲ စိတ်ဆင်းရဲရတယ်၊ အလင်းဆိုရင် မုန့်ဖိုး ငါးရာ တစ်ထောင် မေးထားရင် တစ်ပတ်လုံးသုံး မကုန်တော့ဘူး။ အမင်းကို တက္ကသိုလ်





ကျောင်းသားမို့ မျက်နှာမငယ်ရအောင် သူ လိုသလောက် ပေးနေတာပါပဲ၊ ဒါပေမဲ့ ကိုယ့်မှာ အပိုအလျှံမှ မရှိတာ၊ သင့်တော်ရုံပေါ့ဟယ်"

"အေး ငွေမရှာဘူးတော့ ငွေရှာရ ဘယ်လောက် ခက်တယ်ဆိုတာ သူ ဘယ်လိုလုပ် သိမှာလဲ၊ နင် အရမ်း အခက်အခဲဖြစ်နေရင် ငါ စုထားတဲ့ ငွေလေး ယူသုံးလေ"

"နေပါစေ အေးမရယ်၊ နင့်မှာ ဘယ်လို တာဝန်ကြီးတွေ ထမ်းနေရတယ်ဆိုတာ ငါ သိပါတယ်၊ နင် ဘာအလုပ်လုပ်နေရတယ်ဆိုတာ သိလို့ ယူလည်း မယူရက်ပါဘူးဟယ်"

"လူ အထင်သေးတဲ့အလုပ် ဆိုပေမယ့် ငါ့မိသားစု စားဝတ်နေရေး ပြေလည်ဖို့ ဒီအလုပ်က ငါ့အတွက် အဆင်ပြေနေလို့ပါဟယ်၊ ငါလည်း လုပ်ချင်လို့ လုပ်နေတာ မဟုတ်ပါဘူး"

"ငါ နားလည်ပါတယ် အေးမရယ်၊ ငါ နင့်ကို အထင်သေးလို့ မဟုတ်ပါဘူး"

"နင် ငါ့ကို နားလည်တယ်ဆိုတဲ့အတွက် ကျေးဇူးတင်တယ် ယိမ်း၊ တချို့ နားလည်မပေးတတ်တဲ့ လူတွေရှိတာလည်း ငါ ဂရုစိုက်နေလို့မဖြစ်ဘူး။ အတင်းပြောတတ်တဲ့ ပတ်ဝန်းကျင်က ငါ့မိသားစု အသက်အခဲကို ကူညီပံ့ပိုးပေးနိုင်တာမှ မဟုတ်တာ၊ လူတွေက လဲပြိုနေတာမြင်ရင် စုတ်သပ်ပြီး သနားသလိုလိုနဲ့၊ ထူမတ်ပေးဖို့တော့ ဘယ်သူမှ



www.burmeseclassic.com

www.burmeseclassic.com



မထင်းစားကြပါဘူး။ ဒီ အဲဒါကြောင့် ကိုယ့်အလုပ်ကိုယ် လုပ်နေခဲ့တာ”

မ်အေးမ ရင်ဖွင့်မှုက အနာတရ မကင်းကြောင်း သက်သေခံ လျက် ရှိသည်။

အေးမ ဘဝက ယိမ်းတို့ထက်စာလျှင် ပိုပြီး အထိနာသည်။ လေဖြတ်ထားသော အမေနှင့် မျက်စိတစ်ဖက်တည်း အားပြုနေရသည့် ညီမလေး၊ လရိပ်ချိုတို့အတွက် ခန္ဓာကိုယ်နှင့် ကိုယ်ကျင့်သိက္ခာကို ရင်းပြီး ငွေရလွယ်အောင် ရှာဖွေနေရသည်။

အစကတော့ ပတ်ဝန်းကျင်က တီးတိုး အတင်းပြောရုံ ဆိုပေမယ့် ခုတော့ ထင်သာမြင်သာ ကဲ့ရဲ့ အထင်သေး ရှုံ့ချကြသည်။

အေးမ ညီမလေး လရိပ်ချိုကိုတောင် သွေးတိုးစမ်းချင်တဲ့သူ တွေ ရှိကြသေး၏။

အေးမက ညီမလေးကို ထိပါးလျှင်တော့ လုံးဝ သည်းမခံ။ ငါ့ညီမလေး ငါ့လို မဖြစ်ရဘူးဟုလည်း ကြွေးကြော်ထားသည်။ ပတ်ဝန်းကျင်ကို အမြဲတစေ ဂရုစိုက်နေတာ မဟုတ်တဲ့ အမေနှင့်ညီမလေးကိုသာ တာဝန်ကျေခဲ့၏။

ဘာဖြစ်ဖြစ် အေးမက ယိမ်းအပေါ် သူငယ်ချင်းကောင်း ပီသစွာ အားပေးစကား ပြောတတ်သူ ဖြစ်သည်။

ငွေရေးကြေးရေး ကူညီရမှာ ဝန်မလေး။ တချို့လူတွေလို မိတ





ကို အပုတ်ချပြီး ယိမ်းတို့ကို အထင်သေးတာမျိုးလည်း မရှိ။

သူ့ဘဝ ကိုယ့်ဘဝ နားလည်နေကြ၍ သနား ကရုဏာ သက် ကြသည်။

ခုလည်း အမင်း ပြောသွားသော စကားကြောင့် မျက်ရည်လည် နေသည့် ယိမ်းကို စာနာ သနားနေဟန် တူသည်။

သူက ဒီဘဝထဲမှာ အလူးအလဲ ခံစားခဲ့ရပြီးမှ အလေ့အကျင့်ရ ကျွမ်းကျင်နေပြီပဲ။

လောကဓံကို အရေထူကာ တုံ့ပြန်ရင်ဆိုင်နေတာပဲ။

ယိမ်းလည်း အေးမ လို..။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ဟာ ကိုပိုင်ကြီး မဒီလေးလည်း ပါလာတာပဲ လာဗျာ၊ မတွေ့တာကြာလို့ သတိရနေကြတာ"

"ဟုတ်ပဲ့ ရှယ်လီနဲ့ လက်ထပ်ပြီးကတည်းက သိပ် မဆုံဖြစ်ကြတော့ဘူး၊ ဘယ်မှာ သွားအောင်းနေကြတာလဲ"

ဦးကျော်ပိုင်နှင့်ရှယ်လီ ဦးဇော်နိုင်တို့ဝိုင်းမှာ ဝင်ထိုင်လိုက်ကြသည်။ ဦးဇော်နိုင်တို့က ပျာပျာသလဲ ဦးကျော်ပိုင်အတွက် ဘီယာတစ်ခွက် ငှဲ့ပေးကာ စပ်စုကြသည်။

မိန်းမငယ်ငယ်လေး ရသွားတဲ့ ဦးကျော်ပိုင်ကို အားကျပေမယ့် သူတို့ မိန်းမတွေက အဲဒီလောက်ထိမှ နားလည်မပေးကြတာ။

ဒါပေမဲ့ ဒီလို စားသောက်ဆိုင် ကာရာအိုကေဆိုင် ထိုင်သော





အချိန်မျိုးမှာ မဒီလေး တစ်ယောက် နှစ်ယောက်နှင့် အမြဲတမ်း တွဲခုတ်တတ်၏။

ခုလည်း ဦးဇော်နိုင်နားမှာ တစ်ယောက်၊ ဦးမောင်မြင့်အနားမှာ တစ်ယောက်။

ဦးကျော်ပိုင်နှင့် ရှယ်လီပါ ဝင်ထိုင်လိုက်ပြီဆိုတော့ ဝိုင်းလေးက ပိုပြီး စည်ဝေဆူညံ လှုပ်ခတ်သွားသည်။

"အနုအရွလေး အပိုင်ရထားတော့ မစွဲနိုင် မခွာရက် ဖြစ်နေတာလားဗျ ကိုကျော်ပိုင်"

"အင်း ဆိုပါတော့ သူ့သီချင်းခွေအတွက် အစစ အရာရာ အကုန်လိုက်လုပ်ပေးနေရတယ်လေ၊ တိတ်ရော စီဒီရော တစ်ခါတည်း ထွက်ချင်တာဆိုတော့ နာမည်ရအောင် အင်တာဗျူးတွေပါ လုပ်ပေးရတာပေါ့"

"ဘယ်လိုလဲ အဆင်ပြေနိုင်လား"

"ပြေတာ မပြေတာတော့ မသိဘူး၊ လက်ထဲမှာ ရှိတဲ့ငွေကတော့ ဒီတစ်ခွေတည်းနဲ့ ကုန်သွားပြီ၊ ဒါမပေါက်လို့ နောက်တစ်ခွေ ထပ်လုပ်မယ်ဆိုရင် အခု ဝယ်ထားတဲ့ တိုက်ခန်းလေး ပြန်ရောင်းရင်ရောင်း၊ စီးနေတဲ့ ကားလေး ပြန်ထုတ်ရင်ထုတ်ပေါ့၊ ငွေထွက်လှယ်တဲ့ လိုင်းကြီးပါဗျာ"

www.burmeseclassic.com



"အဲလို မပြောပါနဲ့ ကိုကြီးရယ်၊ အောင်မြင်ရင်လည်း ငွေဝင်လွယ်တဲ့လိုင်းပါ။ ခုဆို ရှယ်လီကို ကြော်ငြာရိုက်ဖို့ ကမ်းလှမ်းတဲ့အထိ စိတ်ဝင်စားနေကြတာကို ကိုကြီး မျက်မြင်ပဲ မဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကြော်ငြာရိုက်ပေးမယ့် သီချင်းခွေက အောင်မြင်မှ အောင်မြင်မှာလေ၊ ပြီးတော့ အဲဒီ ကြော်ငြာလိုင်း ရုပ်ရှင်လိုင်းကြီးထဲ ရှယ်လီလေး ရောက်သွားမှာ ကိုကြီး စိုးရိမ်တယ်"

"ဟင် ဘာဖြစ်လို့လဲ၊ တစ်ခုမအောင်မြင်ရင် နောက်တစ်ခုကို ရတဲ့နေရာက တွယ်ကပ်ထားရမှာပေါ့၊ အဲလိုမျိုး အဟန့်အတားတွေ ဖြစ်လာရင်တော့ ကိုကြီးနဲ့ ရှေ့ဆက်ဖို့ မလွယ်ဘူးနော်"

ရှယ်လီ ခြိမ်းခြောက်လိုက်သည်နှင့် ဦးကျော်ပိုင် ငြိမ်ကုပ်သွားကာ ဘီယာတွေ တစ်ခွက်ပြီး တစ်ခွက် ဆင့်သောက်နေသည်။

"ဖေဖေ"

အနားကပ် ခေါ်လိုက်သည့်အသံကြောင့် ဦးကျော်ပိုင် ခေါင်းထောင်သွားသည်။

"ဟင် အမင်း ဒီလို ဆိုင်ထဲ မင်း ဘာလို့ ဝင်လာတာလဲ"

"ဖေဖေနေတဲ့ အိမ်ကိုမှ ကျွန်တော် မသိတာ၊ ဖေဖေ သွားတတ်တဲ့နေရာတွေ လိုက်ရှာရတာပေါ့"





"ဘာလုပ်မလို့လဲ"

"ကျွန်တော် ကျောင်းတက်နေရတာ၊ မမယိမ်းတို့ပေးတဲ့ ပိုက်ဆံနဲ့ မလုံလောက်ဘူး ဖေဖေ၊ အဲဒါကြောင့် ဖေဖေ့ဆီ ပိုက်ဆံ လာတောင်းတာ၊ ခဏ ခဏ မလာရအောင် တစ်သိန်းလောက် ပေးလိုက်ပါ"

"အာ ငါ့မှာလည်း အကုန်အကျများနေလို့ မင်း လိုသလောက် မရှိဘူးကွ"

"ပါတဲ့ ပိုက်ဆံ ပေးလိုက်စမ်းပါ ကိုကြီးရယ်၊ သူ့မှာ ဒီအထိ တောင် လိုက်ရှာပြီး တောင်းရတာ၊ ရော့ မောင်လေး နောက်တစ်ခါ ပိုက်ဆံလိုလို့ ဒီဆိုင်တွေမှာ မင်းအဖေကို မတွေ့ရင် အိမ်လိုက်လာခဲ့နော်၊ ဗစ်ဖင်းတင်းကာဒ်ပါ ယူသွား"

ရှယ်လီက စေတနာပိုကာ ဦးကျော်ပိုင် လက်ကိုင်အိတ်ထဲက ငွေတစ်သိန်းအုပ် ယူကာ ဗစ်ဖင်းတင်းကာဒ်ပါ တွဲပေးလိုက်သည်။ ငွေရသည်နှင့် အမင်းက ချာခနဲ လှည့်ထွက်သွား၏။

"ဟား ဦးကျော်ပိုင် ခင်ဗျား ရှယ်လီလေးက သားသမီးတွေအပေါ် ဒီလို အလိုက်သိ နားလည်ပေးတာ ကံကောင်းတာပေါ့ဗျ၊ တချို့ဆိုရင် အရင်မိန်းမနဲ့ သားသမီးတွေကို အနားကပ်ခံတာ မဟုတ်ဘူး"

"နေပါဗျာ ငွေက ကျွန်တော် ရှာတာပါ၊ အဲလို ရှောင်ရှောနေရင် ဒီကောင် ခဏ ခဏ လာတောင်းနေတော့မှာ၊ ကျွန်တော့်သား



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ကျွန်တော် သိတယ်''

ဦးကျော်ပိုင်ရဲ့ အလိုမကျမှုက ရုပ်လိုက်ကိုလား၊ အမင်းကိုလား သေး။

ဦးဇော်နိုင်တို့ အလိုက်တသိ ထည့်ပေးနေသော ဘီယာတွေ တစ် ခွက်ပြီး တစ်ခွက် သောက်ရင်း မျက်နှာကြီးက သုန်မှုန်နေသည်။

''ခင်ဗျားသားသမီးတွေထဲမှာ ဒီကောင်လေး တစ်ယောက်ပဲ အရင်ကတည်းက ပိုက်ဆံတွေ ဘာတွေ တောင်းတာ တွေ့ဖူးတယ်နော်၊ သမီးကြီးနဲ့အငယ်တစ်ယောက်က အဲလို မဟုတ်ဘူး''

''ကျွန်တော့်နှစ်ယောက်က မာနရှိတယ်လေ၊ သူတို့အပေါ် နွေးနွေး ထွေးထွေး မဆက်ဆံတော့ ကျွန်တော့်အပေါ်လည်း ဖက်လဲတကင်း မရှိဘူး၊ ကျွေးရင်စား ပေးရင်ယူ၊ သူတို့ အမေလို စိတ်မျိုးတွေပေါ့၊ အဲဒါကြောင့်လည်း ကျွန်တော်က ပိုချစ်တယ်''

''ဆိုးတဲ့ သားသမီးကို မိဘတွေက ပိုချစ်တတ်ကြတယ်တဲ့၊ ကျွန်တော့်နှစ်ယောက်က ယိမ်းမှာပြီး ဒီကောင်လေးက လူဆိုးလေးမို့ ခင်ဗျား ပိုချစ်နေတာ ဖြစ်မယ်''

''သူ့အမေကတော့ ပြောတယ်၊ အဖေတူ သားတဲ့''

''ဟား ဟား ခင်ဗျားကို လူဆိုးလို့ ပြောချင်တာ နေမှာပေါ့''

''သေချာတယ် သေချာတယ် ဟား ဟား''





ပုလင်းသံ ဖန်ခွက်သံ ရယ်သံတွေ အုန်းအုန်းထသွားချိန်၌ မဒီ လေးတွေရဲ့ ချော့မြူကျီစယ် ပလီပလာများမှာ အားလုံး နစ်မြောပျော်ဝင် လို့...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ဟဲ့ ယိမ်း ဒေါ်လေးသိန်းအိမ်ကို မလာစဖူး အလာထူးလို့ပါလား။ ကိစ္စရှိလို့လား ယိမ်း"

"ဟုတ်ကဲ့ ဒေါ်လေးသိန်း။ နေကာလည်း ပူလိုက်တာနော်"

လက်ကိုင်ပဝါလေးဖြင့် ချွေးစလေးတွေ ဟိုသုတ်ဒီသုတ် သုတ်ရင်း ဒေါ်လေးသိန်း ထိုင်နေသည့် ဆက်တီခုံ အနီးမှာ ဝင်ထိုင်လိုက်သည်။ ဒေါ်လေးသိန်းက ရေခဲသေတ္တာထဲက ရေတစ်ဘူး ယူလာပေးပြီး ယိမ်းကို တိုက်သည်။

"ရေအေးအေးလေးသောက်၊ အမောပြေပြီး ဒေါ်လေးသိန်းကို ပြောစရာရှိတာ ပြော"

"ဟို ဒေါ် ဒေါ်လေးသိန်းမှာ စောင်တွေ ခြင်ထောင်တွေ အဝတ်





တွေ လျှောက်စရာ မရှိဘူးလား ဟင်"

"ရှိတာပေါ့ ယိမ်းရဲ့ မနက်ဖြန် ဈေးသွားရင်တောင် အဝတ်လျှော်တဲ့ စိန်စိန်ကို အလျှော်ငှားဖို့ ဝင်ပြောမယ် စဉ်းစားထားတာ၊ ဘာဖြစ်လို့ မေးတာလဲ ယိမ်း"

"ယိမ်း ယိမ်း လျှော်ချင်လို့ပါ၊ သူများထက် ဈေးနည်းပေးပါ ဒေါ်လေးသိန်းရယ်"

"ဟင်"

ဒေါ်လေးသိန်း အံ့လည်းအံ့သြ၊ စိတ်မကောင်းလည်း ဖြစ်သွားသည်။

"ယိမ်းရယ် အိမ်ရဲ့အခြေအနေက အဲလောက်တောင် ဆိုးနေပြီလား၊ မုန့်ဟင်းခါးလည်း ရောင်းသေးတယ်ဆို"

"ဟုတ်ကဲ့ နေက အရမ်းပူတော့ မုန့်ဟင်းခါး သိပ်ရောင်းမကောင်းတော့ဘူး၊ ရွှေရင်အေး မုန့်လက်ဆောင်း ရောင်းတာကလည်း တစ်ထောင်၊ ထောင့်ငါးရာလောက် မြတ်တာ၊ အိမ်စားစရိတ်နဲ့ ကျောင်းစရိတ်နဲ့ ဘယ်လိုလုပ် လောက်မှာလဲ ဒေါ်လေးသိန်းရယ်၊ ယိမ်းက တခြားအလုပ်တွေ လုပ်တတ်တာ မဟုတ်ဘူး၊ ဒါတောင် မောင်လေးတွေ မသိအောင် လုပ်ကြည့်ရမှာ"

"အေး အေး ယိမ်းက အစ်မတစ်ယောက်ထက် အမေ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ရဲ့ ဗေဒ္ဒာတွေနဲ့ပါလားကွယ်၊ အခုမှ ဒေါ်လေးသိန်းလည်း မပြော ချင်ဘဲ ပြောရဦးမယ်၊ ယိမ်းအမေလည်း ဒေါ်လေးသိန်းအိမ်မှာ အဝတ် လျှော်တယ်၊ တခြားရပ်ကွက်တွေမှာလည်း ဒေါ်လေးသိန်း စပ်ဟပ်ပေး ရတယ်"

"ရှင် မေ မေမေက"

"ဟုတ်တယ် ယိမ်း၊ ငွေအရင်းအနှီး တပြားမှ စိုက်မထုတ်နိုင် တဲ့ သူ့ရဲ့ ပွဲစားအလုပ်က ဘယ်လိုလုပ် နေ့စဉ်နေ့တိုင်း ဖြစ်မှာလဲကွယ်၊ ယိမ်းအဖေကရော မိသားစုကို ငဲ့ကွက်လို့လား။ ယိမ်းလိုပဲ အိမ်စရိတ် အသုံးစရိတ်၊ ကျောင်းစရိတ်တွေအတွက် အဆင်ပြေအောင် အပင်ပန်းခံ ရတော့တာပေါ့"

"မေမေရယ်"

ခုမှ ကြားသိလိုက်ရသော မေမေ ခက်ခဲပင်ပန်းမှုတွေကို စာနာ ကာ ယိမ်း မျက်ရည်တွေ ကျလာသည်။ သူများအိမ်မှာ အဝတ်လျှော် အောက်ခြေသိမ်းအလုပ်တွေ လုပ်ခဲ့ပေမယ့် ယိမ်းတို့ မောင်နှမတစ်တွေ မသိအောင် မေမေက လျှို့ဝှက် သိုသိပ်ခဲ့၏။

အဆင်မပြေမှုများကို ညည်းညူမှု မရှိ၊ ဖြည့်ဆည်းပေးဆပ်ခဲ့ သည်။

ယိမ်းလည်း မေမေ့လို မေတ္တာမျိုးနှင့် မောင်လေးတွေကို လုံမြဲ





နွေးထွေးမှု ပေးနိုင်အောင် ကြိုးစားရမည်။

ဘယ်လို ဘဝမျိုးရောက်ရောက် ဘာတွေဖြစ်ဖြစ်။

"ယိမ်း အဝတ်တွေလျှော်မယ်ဆိုလည်း လျှော်သွားလေ၊ သူများ ထက် ပိုပေးမှာပါ၊ တခြားလူတွေဆီမှာ လျှော်ချင်လည်း ဒေါ်လေးသိန်း ပြောပေးမယ်"

"ဟုတ်ကဲ့ ဒေါ်လေးသိန်းရယ် ယိမ်း ဘာဖြစ်ဖြစ် လုပ်ပါ့မယ်၊ မောင်လေးတွေကိုသာ မပြောမိပါစေနဲ့နော်၊ ဈေးရောင်းမကောင်းတာ တောင် သူတို့သိမှာစိုးရိမ်နေတာ၊ အလင်းလေးက ယိမ်းကို နားလည် ပေမယ့် အမင်းက အပြစ်မြင်ပြီး အရမ်းရှက်တတ်တာ ဒေါ်လေးသိန်းရဲ့"

"အေးပေါ့ကွယ် အရင်က နေခဲ့ရတဲ့ အဆင့်အတန်းနဲ့ အခုက မိုးနဲ့မြေလို ကွာခြားသွားတာကိုး၊ အဲဒါပဲကွဲ့ အိမ်ထောင်ဦးစီး ဖွဲ့ဖောက် ပြီဆိုရင် ကျန်တဲ့မိသားစုတွေအားလုံး ကဆင့်ကလျား အခြေပျက်တော့ တာပဲ၊ ယိမ်းလည်း မောင်လေးတွေအတွက် ကြိုးစားတော့မယ်ဆိုရင် အဆုံးထိရောက်အောင် ပေးဆပ်နိုင်ဖို့ ကြိုးစားပါကွယ်"

"ဟုတ်ကဲ့ မေမေ့တာဝန်တွေ ယိမ်း ပခုံးပြောင်း ယူထားတာပါ၊ အခက်အခဲတွေ ရင်ဆိုင်နိုင်အောင်တော့ လေ့ကျင့်ရဦးမှာပေါ့"

"အင်း ယိမ်းက အပြင်စီးပွားရေးမှ မရှာဖွေခဲ့ဘူးတာ၊ အိမ်ထဲ မှာ တကုပ်ကုပ်နဲ့ အိမ်မှုကိစ္စတွေနဲ့ အချိန်တွေကုန်နေခဲ့တာ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



လောကထဲ တိုးဝင်ကြည့်ပါ။ စွန့်စားကြည့်ပါ၊ ဒါမှ အတွေ့အကြုံလည်းရ
ခံနိုင်ရည် ရှိသွားမယ်"

"တုတ်ကဲ့ ဒေါ်လေးသိန်း ယိမ်း ကြိုးစားပါ့မယ်"

နှိုတ်ရင်းစေတနာ ကောင်းသော ဒေါ်လေးသိန်းက အဝတ်တွေ
ချွေးပြီးတာနှင့် ယိမ်းကို ထမင်းလည်းကျွေးသည်။ ပိုက်ဆံလည်း ပိုပေး
သည်။

ဒီအလုပ်တွေကို နောက်ရက်တွေမှာ လုပ်နိုင်အောင်လည်း စီစဉ်
ပေးသည်။ မောင်လေးတွေ မသိအောင် ကျောင်းပိတ်ရက်တွေမှာ နားပြီး
ကျန်သည့်ရက်တွေမှာ ကျောင်းက ပြန်မလာခင် အိမ်ကို အရောက်ပြန်ရ
သည်။

ဈေးရောင်းတာလည်း ဟန်မပျက်။ ဒီအလုပ်ကိုလည်း အပင်
ပန်းခံ ကြိုးစားလုပ်ပါက အဆင်ပြေသွားနိုင်လိမ့်မည် ထင်ပါသည်။

ဒါပေမဲ့ မိန်းမသားတစ်ယောက်ရဲ့ အင်အားက ဒီမိသားစုလေး
ကို ကြာရှည် ထူမတ်ပေးနိုင်ပါ့မလား။

ဖေဖေကတော့ ဒါတွေကို သိမှာ မဟုတ်။ သူ့ဘဝနဲ့သူ ပျော်နေ
ပြီး ယိမ်းတို့ကို မေ့ထားခဲ့တာ ဘယ်လောက် ကြာပြီလဲ။ အမင်းကတော့
ငွေရေးကြေးရေးကိစ္စကြောင့် ဖေဖေနှင့်သွားတွေ့နေမှာ ဖြစ်ပေမယ့်
အလင်းကိုတော့ တကူးတက သွားတွေ့စရာ မလိုဘူးဟု ပိတ်ပင်ထားမိ





သည်။

လိုအပ်မှု ရှိလို့ လာတာဆိုပြီး ဖေဖေ့မိန်းမငယ်ငယ်လေး မြို့ပြင်
မှာ စိုးလို့ပါ။

ဖေဖေ့ရဲ့ ဥပေက္ခာတွေအတွက် စိတ်မဆိုးရက်ပေမယ့် မာန
တစ်ခုတော့ ခုခံ ကာကွယ်ဖို့ ပိုင်ဆိုင်ထားသင့်သည်ဟု ယူဆထားမိသည်။

ဖေဖေ ထားခဲ့တဲ့ ဘဝမှာ ယိမ်းတို့တွေ ကဆင့်ကလျား ဒုက္ခ
ရောက် ကျန်ခဲ့မည်ဆိုတာ ဖေဖေ သိသင့်သည်ပဲလေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"မသိလို့တော့ မဟုတ်ဘူးဟာ မမယိမ်းကို မမေးရက်တာ၊ မလုပ်ပါနဲ့လို့ တားခဲ့ရင်ရော ငါက ဘာအထောက်အကူမှ မပေးနိုင်တော့ အိမ်က စားဝတ်နေရေး ပြဿနာတွေကို ဘယ်သူ ဖြေရှင်းပေးမှာလဲ"

"ဒီအလုပ်လုပ်နေတာကိုရော ကြည့်ရက်သလား။ အဲဒီ ပင်ပန်းမှုတွေနဲ့ ရှာကျွေးတာရော စားရက်သလား အလင်း"

လရိပ် အမေးကြောင့် အလင်း ပါးပြင်ပေါ် မျက်ရည်ပေါက်ကြီးတွေ လိမ့်ဆင်းသွားသည်။

"ငါ မမယိမ်းကို ချစ်တာ မသိလို့လား လရိပ်ရယ်၊ မမယိမ်းကို ငါ အရမ်းသနားနေတာပါ။ အမင်းကြောင့်လည်း စိတ်ဆင်းရဲရတယ်၊ ဖေဖေ့ကြောင့်လည်း ခုထိ စိတ်ပင်ပန်းနေတုန်းပဲ၊ အိမ်ရဲ့ စားဝတ်နေရေး





ဖိတို့ ပညာရေးအတွက်လည်း ရင်ဆိုင်နေရတယ်၊ ခုဆို သူများအိမ်မှာ အဝတ်လိုက်လျှော်နေရတဲ့အထိ ဒုက္ခရောက်နေပြီ၊ ငါ ကျောင်းထွက်ပြီး အလုပ်လုပ်ချင်တယ်ဟာ"

"နင်က ဘာအလုပ်လုပ်မှာလဲ၊ နင့်ကိုရော ဘယ်သူက အလုပ်ခန့်မှာမို့လဲ"

"ငါတို့ အတန်းထဲက ချမ်းအေးက မနက်တိုင်း ကားဂိတ်တွေ မီးပွိုင့်တွေမှာ ပန်းရောင်းတယ်၊ ဂျာနယ်ရောင်းတယ်တဲ့ဟာ၊ အရင်းအနှီးလည်း သိပ်မများဘူး၊ ကျောင်းကိုလည်း အချိန်မီတက်လို့ ရတယ်တဲ့"

"အဲဒီတော့"

"ငါလည်း အဲလို လုပ်ရမလားလို့ စဉ်းစားတယ်၊ အလေးအပင် မပြီး ထမ်းပိုးနေရတဲ့ အလုပ်လည်း မဟုတ်ဘူး"

"ဖြစ်ပါ့မလားဟာယ် နင်က ခြေထောက်တစ်ဖက် သန်တာလည်း မဟုတ်ဘူး၊ ကားတွေ ဝီခနဲ ဝီခနဲ မောင်းနေကြတာ"

"ငါက ခြေတစ်ဖက် မသန်တာဘဲ ရှိတယ်၊ ခြေတစ်ဖက် ပြတ်နေတာ မဟုတ်ဘူးလေ၊ လမ်းသွားတဲ့အချိန်သာ ဒူးပေါ်လက်တစ်ဖက် ထောက်ပြီး အားပြုနေရပေမယ့် ရပ်နေတဲ့အချိန်မှာ ဂျာနယ်ဆိုလည်း ဂျာနယ်ကို ကိုင်ထားလို့ ရတယ်၊ ပန်းကိုလည်း လက်တစ်ဖက်တည်းနဲ့ ကိုင်ထားလို့ ရတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင့်အစ်မ သိရင် စိတ်ကောင်းမှာလည်း မဟုတ်ဘူး။ ခွင့်ပြုမှာလည်း မဟုတ်ဘူး"

အမျိုးမျိုး ဟန့်တားမြိမ်းခြောက်၍ အလင်းအတွက် လရိပ် နိုးမိုင်နေခဲ့သည်။ အလင်းက ကြောက်ရွံ့ထိတ်လန့်ဟန် မရှိ။ နာခံမည့်ပုံလည်း မပေါ်။

"မမယိမ်း မသိအောင် လုပ်ကြည့်ရမှာပေါ့ လရိပ်ရာ၊ ငါ စုထားတဲ့ မုန့်ဖိုးလေးတွေနဲ့ အရင်းအနှီးလုပ်မယ်၊ အမြတ်အစွန်းရတာလေးတွေ ပြန်စုပြီး မမယိမ်းကို အဲဒီအလုပ် မလုပ်ပါနဲ့တော့လို့ ပြောပြီးပေးမယ်"

"ငါလည်း လုပ်ကြည့်ချင်တယ် အလင်း"

"ဟင်"

"ငါလည်း မမ အေးမ လုပ်နေတဲ့ အလုပ်ကြီးကို မလုပ်စေချင်ဘူးဟယ်၊ အမေက ဘာမှမသိလို့ အေးအေးသက်သာ ဘာမှမခံစားရပေမယ့် ငါက သိနေတော့ လှုပ်ရှားခံနေရတဲ့ အဲဒီအလုပ်ကရတဲ့ ထောက်ပံ့မှုကို ဘယ်လိုလုပ် စိတ်သန့်သန့်နဲ့ သုံးဖြုန်းရက်မှာလဲ၊ ကျောင်းလည်း မနေချင်ဘူး။ ဘာမှဝတ်ချင် စားချင်စိတ်လည်း မရှိဘူး။ မမ အေးမကို ပြောမိတော့လည်း တခြားအလုပ်က ရတဲ့ငွေက အမေ့ကျန်းမာရေး ငါ့ပညာရေးအတွက် ပြည့်စုံ လုံလောက်မှု ရှိမှာမဟုတ်ဘူးတဲ့လေ"





မျက်ရည်တွေနဲ့ ပြောနေသော လရိပ်ကို အလင်း ဘယ်လို နှစ်သိမ့်ပေးရမှန်း မသိပါ။

ကိုယ်ကိုယ်တိုင်က အားနည်းသူမို့ အားပေးစကား ပြောမိလျှင် ရော အရာရောက်ပါ့မလား။

"နင် ဈေးတော့ မရောင်းပါနဲ့ လရိပ်ရာ၊ နင့်အစ်မက နင်တို့ကြောင့် ဒီဘဝကို မပျော်မွေ့ဘဲ တိုးဝင်နေရတာ၊ နင် မျက်လုံးမကောင်းဘဲ ဈေးရောင်းတာ သိရင် သူ ရင်ကျိုးရမှာပေါ့"

"လူရယ်လို့ ဖြစ်လာရင် တာဝန်ကိုယ်စီ ရှိတာပဲ အလင်းရယ်၊ ငါတို့က အိုနာကျိုးကန်း ဒုက္ခိတတွေ မဟုတ်ကြပါဘူး၊ ငါက မျက်လုံးတစ်ဖက် ကောင်းသေးတယ်၊ နင်က ခြေထောက်တစ်ဖက်နဲ့ ခရီးဝေးကို လျှောက်နိုင်သေးတယ် မဟုတ်လား။ ငါတို့ထက် ဆိုးတဲ့ ဆွံ့အ နားမကြားလူတွေ မျက်မမြင်တွေ ဝိုးချဲနဲ့တွန်းပြီး အသက်မွေးဝမ်းကြောင်း ပြုနေရတဲ့သူတွေ အများကြီးပါ၊ ငါတို့ မမတွေကို တစ်သက်လုံး မှီခိုနေလို့ ဖြစ်ပါ့မလား အလင်းရယ်"

"ဒါဆို စောစောက ဘာလို့ ငါ့ကို ဖြစ်ပါ့မလားလို့ ပြောခဲ့တာလဲ"

"ဟင် အဲ အဲဒါက"

လရိပ်ရဲ့ ရှက်သွေးဖြာသွားသည့် ပါးပြင်လေးက ရဲနီသွေးရောင်



www.burmeseclassic.com

www.burmeseclassic.com



ခြေမြေလေး မြှပ်သွားသည်။ ရှက်မျက်စောင်းလေး တစ်ဖက်က အလင်းရှင်တွေကို တတုန်ကယင် လှုပ်ခတ်သွားစေ၏။

"ဒီ ဒါမေးနေတာ ဖြေ ဖြေလေ"

သိချင်စိတ်နှင့် ပြန်မေးမိတာလည်း အထစ်ထစ် အငေါ့ငေါ့။

"နင် နင် တစ်ခုခုဖြစ်မှာ စိုး စိုးရိမ်လို့"

လရိပ် ပြန်ဖြေတာကလည်း ခေါင်းလေးငုံ့လျှိုးလို့ စိတ်လှုပ်ရှားနေမှန်း သိသာစေသည်။ အလင်းက ရှေ့တိုးလာကာ လရိပ် ပခုံးလေးကို မရဲတရဲ ဖွဖွလေး ဆုပ်ကိုင်လိုက်သည်။

လရိပ် မျက်လုံးလေး တစ်ဖက် ဖျတ်ခနဲ ပြူးကျယ်ဝိုင်းစက်သွားကာ အလင်းကို ပင့်မော့ကြည့်ပြီး စက္ကန့်ပိုင်းအတွင်းမှာ မျက်လွှာလေး ပြန်ချသွား၏။

ခြေတစ်ဖက် အနိမ့်အမြင့် မညီသော်လည်း ရှည်ကော့နေသော လရိပ် မျက်တောင်လေးတွေကို စီးမိုး၍ ရင်ခုန်လှုပ်ရှားစွာ ငေးကြည့်နေမိသည်။

"ဒါလည်း နင့်လိုပဲ"

"ဘာ ဘာကိုပြောတာလဲ"

"နင် နင် အလုပ်လုပ်မှာစိုးရိမ်တယ်၊ တို့နှစ်ယောက်က ခန္ဓာကိုယ် အစိတ်အပိုင်း တစ်ခုစီ ချွတ်ယွင်းနေတဲ့ ဘဝတူတွေ မဟုတ်လား။





ငါက နင့်ကို ကိုယ်ချင်းစာတယ်၊ နင်က ငါ့ကို စာနာပေးတယ်၊ ဒါဟာ ဘယ်သူ့အားပေးမှုမှ မပါတဲ့ တို့နှစ်ယောက်ရဲ့ သံယောဇဉ်ပေါ့၊ ဟုတ်တယ်မလား၊ လရိပ်"

"အင်း"

"ဘာအင်းလဲ စိတ်မပါသလိုကြီး"

"ပါ ပါတယ် နင့်လက်ကြီးက ဖယ်တော့လေ"

"ဪ အေး မေ့ မေ့သွားလို့ပါ ဆောရီး"

အလင်းက သွားတက်လေးပေါ်အောင် ရှက်ကိုးရှက်ကန်း ပြုံး၍ ဒူးလေးပေါ် လက်တစ်ဖက် အားပြုထောက်၍ နောက်ခြေတစ်လှမ်း ဆုတ်သွားသည်။

လွယ်အိတ်လေးကို ကျောဘက် လွှဲပိုက်ကာ သူမကို အကြာကြီး ငေးကြည့်နေတာလည်း အမြင်အာရုံ ကောင်းနေသေးသည့် မျက်ဝန်းထောင့် တစ်ဖက်ထောင့်စွန်းလေးက မြင်နေရသည်။

ဒါဟာ အဖြူရောင် သံယောဇဉ် နယ်နိမိတ်က ညီးဖောက်ကျော်လွန်ချင်တဲ့ သင်္ကေတပဲ မဟုတ်ပါလား။

သူမကရော ထိုကမ်းလှမ်းမှုကို ဘာကြောင့် နှစ်မြော ပျော်ဝင်ချင်နေရတာလဲ။

ဘဝတူတွေကြောင့် ဖြစ်မှာပါ အလင်းရယ် နော်



www.burmeseclassic.com

## အခန်း (၁၄)

"ဟယ် အလင်း ကျောင်းအစောကြီး သွားတော့မလို့လား။ အခု တစ်လော အမြဲတမ်း စောနေတယ်နော် ဘာဖြစ်လို့လဲ"

"ဗျာ ဟို စာမေးပွဲနီးလို့ ဆရာမက အချိန်ပို ခေါ်သင်ပေးနေလို့ပါ၊ သားက ကျူရှင် မယူဘူး မဟုတ်လား။ အဲဒါကြောင့် ဝီရိယ ကောင်းနေရတာပေါ့ မမရဲ့"

"ကြော် အေးပါကွယ်၊ ဆရာမက အဲလို စာသင်ပေးတယ်ဆိုတော့လည်း ပိုကောင်းတာပေါ့၊ အလင်း မုန့်ဖိုးယူသွားလေ"

"မယူတော့ဘူး မမယိမ်း။ သားမှာ မုန့်ဖိုးတွေ စုထားတာ အများကြီး ရှိသေးတယ်၊ မမယိမ်း လိုရင်တောင် ယူသုံးလို့ ရတယ်နော်"

"ဟုတ်ပါပြီတော် မမယိမ်းက အလင်းကို ပေးပြီးသား ပိုက်ဆံ





ကို ပြန်ယူမသုံးပါဘူး။ အလင်းလေးပဲ သုံးပါ"

အလင်းက ပြုံးရယ်ပြီး ဆေးပြီးသား ပန်းကန်တွေကို အမြန်စီထပ်ကာ သုတ်ခြေတင်လေသည်။

အိမ်ထဲက စတိုင်ကျကျ ထွက်လာတဲ့ အမင်းက ယိမ်းအနား လာရပ်ကာ

"မှမယိမ်း မလိုပေမယ့် ကျွန်တော့်မှာတော့ ငွေလိုနေတယ် မမယိမ်း။ စာမေးပွဲဖြေဖို့ စာရွက်စာတမ်းတွေ ဝယ်ရမယ်၊ စာအုပ်တွေ ဝယ်ရမယ်"

"ဟင် ဘယ် ဘယ်လောက်တောင် ကုန်မှာလဲ"

"ငါးသောင်း ဒီလ မကုန်ခင် အပြီးပေးရမှာ"

"အို လကုန်ဖို့က သုံးရက်လောက် လိုတော့တာ၊ အဲဒီငွေ ငါးသောင်းကို မမယိမ်းက ဘယ်လိုလုပ် အမြန်ရှာနိုင်မှာလဲကွယ်"

"အဲဒါ ကျွန်တော် မသိဘူးလေ၊ ကျောင်းအတွက် လိုလို့ တောင်းတာပဲ၊ ဖေဖေ့ဆီလည်း တောင်းတာ များနေပြီဆိုတော့ သွားမတောင်းချင်တော့ဘူး"

ပြောပြီး အဖြေမစောင့်ဘဲ အမင်းက ထွက်သွားသည်။ မုန့်ဟင်းရည် မွှေနေရင်းမှ ယိမ်း ငိုချင်စိတ် ပေါက်နေသည်။

ဒီရက်ကလေးအတွင်းမှာ ဒီငွေကို ဘယ်လိုလုပ်ရှာမလဲ။ ဈေး

www.burmeseclassic.com

www.burmeseclassic.com



တထည်း ရောင်းမကောင်း။ အဝတ်လျှော်တာကလည်း နေ့စဉ် အလုပ်ရှိမှ မဟုတ်၊

အမင်းက ငွေကို ဟိုအကြောင်းပြ ဒီအကြောင်းပြနှင့် အားမနာ ထမ်း တောင်းသုံးရက်သည်။ တက္ကသိုလ်တက်တာ ဘာဝယ်ရတယ်၊ ဘယ်လောက်ကုန်တယ်ဆိုတာ ယိမ်း သိနေတာပဲ။

ရသမျှ အခွင့်အရေးကို စာနာငဲ့ညှာစိတ်မရှိ ယူနိုင်လွန်းတာ ယိမ်း ဘယ်လိုလုပ်ရမလဲ။

ငြိုငြင်မှု မရှိအောင် လိုသမျှ တောင်းသမျှ အဆင်သင့်သာ ပေးနေလိုက်ချင်ပါသည်။

"ဟဲ့ ယိမ်း ဘာဖြစ်နေတာလဲ၊ ဟင်းအိုးမွှေရင်းနဲ့ မတ်တတ်ကြီး မှေ့နေတာလားလို့"

ညမင်းသမီး အေးမက အလုပ်ပြန် မနက်တိုင်း ယိမ်းဆိုင်လေးကို ဝင်ပြီး အားပေးကူညီနေကျမို့ အချိန်မှန် ရောက်လာသည်။ ဈေးဝယ် ရှင်းနေချိန်မို့ အေးမက ယိမ်းရှိရာကို လျှောက်လာသည်။ အေးမအတွက် မုန့်ပွဲပြင်ပေးရင်း ယိမ်း ငိုချလိုက်၏။

"ဟဲ့ ဈေးဆိုင်က အလိုလို ရောင်းမကောင်းဘူးဆိုပြီး လာဘ် တိတ်အောင် ငိုနေရလား ယိမ်းရဲ့"

"ငါ စိတ်ညစ်တယ် အေးမရယ်၊ အရမ်း စိတ်ညစ်တယ်"





"အေး စိတ်ညစ်နေ အဲဒီထက် စိတ်ညစ်စရာ ငါ ပြောရဦးမယ်"

"ဟင် ဘာ ဘာလဲ"

မျက်ရည်တွေ တိခနဲ ရပ်တန့်သွားအောင် ယိမ်း ထိတ်ပျာလန့် ဖျပ်သွားသည်။ အေးမက မုန့်ပန်းကန်ကို မစားဘဲ တစ်ဖက်သို့ရွှေ့ကာ

"နင့်မောင်လေးနဲ့ ငါ့ညီမလေး ဘာလုပ်နေကြတယ် ထင်လဲ"

"လရိပ်နဲ့လင်းရိပ်ကို ပြောတာလား။ သူ သူတို့က ဘာဖြစ်"

"ကားတွေများတဲ့နေရာတွေမှာ မီးပွိုင့်တွေမှာ ဂျာနယ်တွေ ပန်းတွေ ရောင်းနေကြတယ်"

"ဘုရား သူတို့ကျောင်း ကျောင်းသွားကြတာ မဟုတ်ဘူးလား"

"ကျောင်းတော့ တက်တယ် ထင်တာပဲ၊ ဒါပေမဲ့ ငါ အိမ်ပြန် ရောက်ရင် အရင်လို လရိပ် အိမ်မှာ ရှိမနေတော့ဘူးလေ၊ အမေ့ကို မေးတော့လည်း အချိန်ပိုတက်ရတာလိုလို ဆရာမက ခေါ်တာလိုလိုနဲ့ မရေမရာ ဆင်ခြေတွေ နေ့တိုင်း ကြားနေရတယ်၊ ဒီနေ့မှ ဘိုးတော် တစ်ယောက်က ငါ့ကို ကားနဲ့ ပြန်ပို့လို့ မီးပွိုင့်မှာ သူတို့နှစ်ယောက်ကို တွေ့ခဲ့ရတာ"

"နင် နင် သူတို့ကို တွေ့ခဲ့တယ်ပေါ့၊ နင် ဘာပြောခဲ့သေးလဲ တင် အေးမ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောချင်နေရသေးမှာလဲ၊ သူတို့လည်း ငါ့ကို မြင်ပုံ မပေါ်ပါဘူး ရှေ့က ကားတွေကို အလုအယက် ရောင်းနေတာ မြင်ခဲ့ရတာလေ၊ သူတို့ကိုယ် သူတို့ ဘာတွေ အောက်မေ့နေကြလဲ မသိဘူး။ တော်တော် သတ္တိကောင်းနေကြတယ်"

အေးမ အသံတွေ တုန်ပြီး ပြောနေသည်။

ယိမ်းက တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ကာ မျက်ရည်တွေလည်း ဝိုင်းပေါက်ပေါက် ပြန်ကျလာ၏။ အေးမ လက်ကလေးကိုလည်း အားကိုးတကြီး ဆုပ်ကိုင်ထားကာ ရင်ထဲမှာ ဆို့နင့်နာကျင်နေသည်။

"သူ သူတို့ ဘာလို့ အဲလို လုပ်နေကြတာလဲ၊ ဒုက္ခိတ ဘဝလေးတွေနဲ့ ဘာလို့ ရုန်းကန်ဖို့ ကြိုးစားနေကြတာလဲ၊ ငါ့ရင်ထဲ မချိလိုက်တာ ငါ့ရင်ထဲ နာလိုက်တာ အေးမရယ်၊ ဘယ်လိုလုပ်ရမလဲဟင် ငါတို့ ဘယ်လို လုပ်ကြမလဲ"

"ငါ့ရင်တွေလည်း အရမ်းနာနေရပါတယ် ယိမ်းရယ်၊ ငါတို့ ပင်ပန်းမှုတွေကို စာနာလို့ ဒီလိုလုပ်ကြတာ ထင်ပါတယ်၊ ဒါပေမဲ့ သူတို့ကို ငါတို့ တားဆီးမှ ဖြစ်မယ် ယိမ်း။ တစ်ယောက်တစ်မျိုး ဒုက္ခိတ ဘဝလေးတွေနဲ့ ရှင်သန်နေရတဲ့ သူတို့ကို ငါတို့ ဥပေက္ခာပြုလို့ မဖြစ်ဘူး။ သူတို့ ပညာတတ်လေးတွေ ဖြစ်မှ သူတို့ ဘဝ သူတို့ ရပ်တည်နိုင်ကြမှာ၊ ချော့မော့ ဖျောင်းဖျတာထက် အမိန့်နဲ့ ရပ်တန့်နိုင်းရမယ်"





ဟုတ်ပါတယ်လို့ အေးမကို မထောက်ခံဖြစ်။

မောင်တွေကို တာဝန်ကျေအောင် မကြိုးစားနိုင်သော မိမိကိုယ် မိမိ အပြစ်တင်မိသည်။

သဲသောင်ပြင်ပေါ် ဖြတ်ပြေးနေရသည့် နွေကန္တာရ ခရီးကြမ်းက ဒီလောက် ပင်ပန်းမည် မထင်။

ဒီအပူက ယိမ်းအတွက် အချိန်တိုတောင်းသေးသည့် အစပဲ ရှိပါ သေးသည်။

မေမေက ပူလောင်လွန်းသော ထိုပင်ပန်းဆင်းရဲမှုတွေကို အချိန် ကြာမြင့်စွာ နိုင်နိုင်နင်းနင်း ထမ်းပိုးရင်းဖြင့်. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"အလင်း"

"ဟင် မ မမယိမ်း"

အိမ်အဝက စောင့်၍ ဆောင့်ခနဲ အော်လိုက်တာမို့ အလင်း လန့်ဖျပ် တုန်တက်သွားသည်။ အလင်း ကျောင်းလွယ်အိတ်ကနေ ဆုပ်ကိုင်ကာ အိမ်ပေါ်ထိ ဆွဲခေါ်စေခဲ့၏။

အမြန်လျှောက်နေရတာမို့ ဒရွတ်ဆွဲနေတဲ့ ခြေထောက်က ဖိနပ် ကျွတ်ကျန်ခဲ့တာလည်း ဂရုမစိုက်။

မမယိမ်း ဆွဲခေါ်သလို ပါလာခဲ့ရင်း မမယိမ်းရှေ့မှာ လက်လေး ပိုက်၍ ရိုကျိုးစွာ ရပ်နေမိသည်။

"မင်း ဘယ်ကပြန်လာတာလဲ"





"ကျောင်း ကျောင်းကပါ"

မေးသည့်အသံက ဆိုနင့်တုန်ခါနေသည်။ ဖြေသောသူက အပြစ်ရှိသည့် သူတစ်ယောက်လို တုန်လှုပ် ထိတ်ငေါ့နေ၏။

"မင်း ကျောင်းက ပြန်လာတာလို့ ပြောလိုက်တာလား အလင်း။ လိမ်ညာ ဖုံးကွယ်ထားတာ မသိနိုးနား လုပ်ထားတာ၊ ဘာတစ်ခုမှ မရှိဘူးလား"

"မ မရှိပါဘူး၊ သား ကျောင်းတက်ပါတယ်၊ စာမေးပွဲနီးလို့ အ အချိန်ပို"

"တော်စမ်း မင်း အဲလိုပြောတာကို ငါ ယုံမိလို့ မင်း ဘယ်နှရက် တောင် ကျောင်းပျက်ပြီးပြီလဲ၊ ဘယ်အချိန်ကတည်းက ဒီအလုပ်တွေ လုပ်နေတာလဲ"

"မ မမယိမ်း"

"မပြောနဲ့တော့ မဖြေရှင်းနဲ့တော့၊ ငါကတော့ မင်းတို့လေးတွေ ပညာတတ်ဖြစ်အောင် လူ့အောက်မကျအောင် အတတ်နိုင်ဆုံး ကြိုးစားနေတယ်၊ မင်းတို့ ငါ့ကို အားမကိုးလောက်ဘူး ထင်လို့ ဒီထက် အဆင်ပြေမလာနိုင်ဘူး ထင်လို့ ကိုယ့်ကိုယ်ကို ရပ်တည်ကြည့်နေတာလား၊ စွန့်စားကြည့်နေတာလား ဟုတ်လား အလင်း"

အလင်း မျက်လုံးလေး ပြူးလည်သွားကာ လက်[illegible]ကာကြိမ်



www.burmeseclassic.com

www.burmeseclassic.com



"မ မတုတ်ပါဘူး မမယိမ်းရယ်၊ သား မမယိမ်းကို အားကိုးပါတယ်၊ သားအဖို့မှာ မမယိမ်း ရှိမှ ဖြစ်မှာပါ၊ ဒါပေမဲ့ မမယိမ်း ပင်ပန်းနေတာ ဒုက္ခခံနေရတာကို သား မကြည့်ရက်ဘူး၊ မမယိမ်းကို သနားတယ်၊ အဲ အဲဒါကြောင့်"

"အဲဒါကြောင့် ဆိုက်ကားဂိတ် ကားဂိတ်တွေမှာ ဂျာနယ်တွေ ဗန်းတွေ သွားရောင်းနေတာပေါ့ ဟုတ်လား၊ ငါ သိသွားရင် ဘယ်လောက်ထိ ခံစားရမယ်၊ နာကျင်ရမယ်ဆိုတာ မတွေးမိဘူးလား မတွေးခဲ့ဘူးလား အလင်းရဲ့"

"မ မမယိမ်း"

ယိမ်း ရင်ထုမနာ မျက်ရည်တွေ ကျလာတော့ အလင်း ပျာပျာသလဲ ယိမ်း ပခုံးလေးကို ထွေးဖက်လာသည်။

"သား တွေးပါတယ်၊ မမယိမ်း သားတို့ကို ဘယ်လောက်ချစ်တယ်၊ တာဝန်ကျေအောင် ရုန်းကန်နေရတယ် ဆိုတာလည်း သားသိပါတယ်၊ အဲဒါကြောင့် သားဘက်ကလည်း နည်းနည်းလေးဖြစ်ဖြစ် အထောက်အပံ့ ရအောင် လုပ်ပေးချင်တယ်၊ မပြည့်ဝပေမယ့် အစိတ်အပိုင်းတစ်ခုလောက်နဲ့ မမယိမ်းကို ကူညီခွင့်ရချင်လို့ပါ မမယိမ်းရယ်"

ဒီလို သိတတ်မှုမျိုး ဖြစ်နေမည်ဆိုတာ ကြိုသိနေတာမို့ ရင်ထဲမှာ ရှုရှု ထုံကျဉ်နေသည်။ ခံစားနေရတာကို သိဟန်ကာ အလင်း လက်တွေ





ကို ပုတ်ချပြီး မျက်နှာလေးကို တင်းထန်မာကျောမှု အသွင် ပြောင်းထားရ၏။

"ငါ့တာဝန်ကို ငါ့ဟာငါ ကျေအောင် ကြိုးစားမယ် အလင်း၊ မင်း ကျောင်းထွက်စရာ မလိုဘူး၊ စျေးရောင်းစရာ မလိုဘူး၊ ပညာရေးကိုပဲ ဂရုစိုက် သင်ပါ၊ ဒုက္ခိတ တစ်ယောက်ကိုတောင် နိုင်းစားရက်တယ်လို့ ပတ်ဝန်းကျင်က ကဲ့ရဲ့မှာကို ငါ မခံနိုင်ဘူး၊ မေမေ မှာခဲ့တာတွေကိုလည်း ငါ တန်ဖိုးထားရမယ်၊ နားလည်လား ငါပြောတာ"

"နား နားလည်ပါတယ် ဒါပေမဲ့"

"အဲဒီ ဒါပေမဲ့ ဆိုတာကြီးကို ငါ မကြားချင်တော့ဘူး အလင်း"

အပြတ်ပြောပြီး အခန်းထောင့်လေးမှာ ဒူးနှစ်ဖက်ကို ပွေ့ပိုက်ပြီး သွားထိုင်နေလိုက်သည်။

အလင်းက ယိမ်းနောက် လိုက်လာကာ ယိမ်းရှေ့မှာ ဒူးထောက် ထိုင်ချ၍ လက်ကလေးတွေကို ဖွဖွဆုပ်ကိုင်ပြီး ကြိတ်ရှိုက်လိုက်၏။

"သား တောင်းပန်ပါတယ် မမရယ်၊ သားကို စိတ်မဆိုးပါနဲ့၊ အမင်း တောင်းထားတဲ့ ဗိုက်ဆံကို မမယိမ်း မပေးနိုင်ဘူး မဟုတ်လား၊ မုန့်ဟင်းခါးဆိုင်လေးကလည်း အရင်းပြုတ်တော့မယ်၊ သား တစ်ဖက်တစ်လမ်းက ငွေရအောင် ရှာပါရစေ မမယိမ်းရယ်၊ မမယိမ်းကို သား



www.burmeseclassic.com

www.burmeseclassic.com



သနားလို့ပါ"

"အေ အလင်း"

အလန့်တကြား ဖြစ်သွားပေမယ့် ယမ်းရဲ့ အသံလေးက အပြင်ကို ထွက်မလာနိုင်။ ဘာကြောင့် သည်းသည်းထန်ထန် အလင်း ငိုချလိုက်ရတာလဲ။

ရင်ထဲမှာ မချိအောင် ခံစားနေရသော်လည်း ယမ်း လိုက်လျောလို့ ဖြစ်ပါ့မလား။ မေမေက ဂရုစိုက်ပါလို့ နောက်ဆုံးတင်းတင်း စိုးရိမ်ပူပန်စွာ မှာခဲ့တဲ့ သားငယ် ခုကျွတလေး။

"မင်း မမယမ်းကို ချစ်တယ်ဆိုရင် ဒီကိစ္စနဲ့ ပတ်သက်ပြီး မပြောပါနဲ့လား အလင်းရယ်"

"သား သား ကျောင်းလည်းနေမှာပါ၊ ပညာရေးကို မထိခိုက်စေရဘူး။ ဝင်ငွေ ရနေတဲ့ ဒီအလုပ်လေးကိုလည်း သား လုပ်ပါရစေ၊ ဒါကလည်း မမယမ်း အိမ်ထောင်ပြုသွားတဲ့အခါ ဒါမှမဟုတ် အကြောင်းတစ်ခုခုနဲ့ သားအနားမှာ မရှိတော့တဲ့အခါ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ရဲတဲ့စိတ် အဆင်သင့်ဖြစ်နေအောင်လို့ပါ"

"အလင်းရယ်"

လူလား မမြောက်သေးပေမယ့် အသိတရားတွေ ရင့်ကျက်နေပါရောလားဟု အလင်းရဲ့ စိတ်ကလေးကို လေးစားမိသည်။ အလင်းကိုယ်





လေးကို သိုင်းဖက်ရင်း မေမေ့ကို တမ်းတကာ အားရပါးရ ရှိုက်ငိုပစ်လိုက်၏။

မေမေ စိုးရိမ်ပူပန်နေသော သားငယ်လေးက သူ့ဘဝသူ ရပ်တည် ရဲတဲ့ သတ္တိတွေ ရှိနေပြီ။ မေမေ နောက်ဆုံးမတင်းပါနဲ့တော့ဟု တိုင်တည် မိသည်။

ကိုယ်အင်္ဂါမချွတ်ယွင်းပေမယ့် စိတ်ဓာတ်တွေ ပျက်ပြားနေသည့် အမင်းကိုတော့ ယမ်း မထိန်းချုပ်နိုင်သေးပါ။ ဒါပေမဲ့ အမင်းကို ဘာအတွက်နဲ့မှ ထိန်းချုပ်မထားချင်။

သူ့စိတ်ဆန္ဒနှင့် သူ နေချင်သလို နေပါစေ။ ပြီးတော့ အလင်းဆန္ဒတွေကိုလည်း ယမ်း လိုက်လျောရတော့မည်။

အေးမရော လရိပ်လေးကို ဘယ်လိုပုံစံမျိုးနှင့် ပိတ်ပင်ထားဆီးနေလဲ မသိ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"မသိလောက်ပါဘူးဆိုပြီး လုပ်ချင်ရာ လုပ်နေတာလား လရိပ် ငါ ညည်းကို လျစ်လျူရှုထားတယ် ထင်နေလား"

"မ မဟုတ်ပါဘူး မမ၊ လ လရိပ် အားငယ်စိတ် မဝင်အောင် လှတောထဲ တိုးကြည့်တာပါ"

"ဘာ ဘာပြောတယ်"

ဒေါ်မ အသံ စူးခနဲ တိုးထွက်သွားတော့ လရိပ် ဖက်ကလေး ပုဝင်သွားကာ တစ်ဖက်သော မျက်လုံးလေး ပေကလပ် ပေကလပ် ဖြစ်သွားသည်။

"လှတောတိုးကြည့်တာဆိုတော့ အခု ညည်းကို ဘယ်သူတွေက ကဲ့ရဲ့နေလဲ၊ ရှုတ်ချနေလဲ ပြောစမ်း လရိပ်၊ ဘယ်သူတွေက ဘာတွေ ပြောနေကြလို့လဲ"





"မ မပြောပါဘူး လရိပ်က ကိုယ့်ကိုယ်ကို သိမ်ငယ်နေတာ အားငယ်နေတာပါ၊ မမ ဒီလိုမျိုးကြီး ရှာဖွေကျွေးနေတာကိုလည်း စိတ် မသန့်လို့"

"ဩော် ငါ ဒီလိုမျိုး ရှာကျွေးနေလို့ မသင့်ဘူးပေါ့၊ မျိုမကျဘူး ပေါ့"

"အဲ အဲလို မဟုတ်ပါဘူး မမကို သနားလို့ပါ၊ ဒီအလုပ်ကြီးကို မမ မလုပ်ချင်ဘဲ လုပ်နေရတာ မဟုတ်လား၊ မေမေ့အတွက် ညီမလေး အတွက် မနေသာလို့ တခြားအလုပ်တွေနဲ့ မတတ်နိုင်တော့လို့ ဒီအလုပ် ကြီးကို မခံမင်ဘဲ တွယ်ကပ်နေရတာ မဟုတ်ဘူးလား"

"အဲဒါကြောင့် အလုပ်ထွက်လုပ်နေရတယ် ဆိုပါတော့၊ ငါ့ကို သနားတာထက် ဒီအလုပ်ကို စက်ဆုပ်ရွံရှာတာလို့ ဝန်ခံလိုက်ပါတော့လား လရိပ် ဟင်၊ ငါ ရှင်းရှင်းပဲ ပြောမယ်၊ ညည်း ဒီပန်းရောင်းတဲ့ အလုပ်ကို ဆက်မလုပ်ပါနဲ့၊ ကျောင်းတက်စရာရှိတာ တက်၊ ကျောင်းက ပြန်လာရင် မေမေ့ကို ဂရုစိုက်၊ ကျန်တာတွေ ညည်း ဘာမှတွေးမထားနဲ့"

"မတွေးလို့ မရဘူး မမ"

"ဘာ"

ဒီလို လေသံမာမာနှင့် ခွန်းတုံ့ပြန်လိမ့်မည် မထင်သောကြောင့် တစ်ဖက်သော မျက်ဝန်းလေးရဲ့ စူးရှရှ အကြည့်တို့ကို ဒေါ်မ အံ့ဩ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

"လစိုပ်တို့ ဘဝကို ဒီလိုမျိုးကြီး အဆုံးသတ်ရမှာလား မမ၊ မမရဲ့ စေတနာကို နားလည်ပါတယ်၊ ဒါပေမဲ့ ဒီလို မိန်းမရဲ့ ညီမပါလို့ တစ်သက်လုံး အညွန့်ကျိုးနေရမယ့် ဘဝကတော့ ရုန်းထွက်ချင်တယ်၊ အစွမ်းအစတွေ ရှိနေလို့တော့ မဟုတ်ပါဘူး။ ကြိုးစားမှုက ထွက်ပေါက်တစ်ခု ဖြစ်မလာနိုင်ဘူးလား"

"ဟင်"

ညီမလေးမှာ ဒီလို ခံယူချက်တွေတောင် ရှိနေပါရောလား။ သူမ မတွေးမိတဲ့ အတွေးတွေတောင် ညီမလေးက တွေးတတ်နေပါရောလား။

ဒါပေမဲ့ မလွယ်ကူမှန်း ညီမလေး သိသင့်သည်။

"ငွေရှာတဲ့ နည်းလမ်းက ဒီတစ်ခုတည်း မဟုတ်မှန်း ငါ သိတယ်၊ ဒါပေမဲ့ လေဖြတ်ထားတဲ့ မိခင်၊ အမြင်အာရုံ တစ်ခု ချွတ်ယွင်းနေတဲ့ ညီမလေးရဲ့ နောင်ရေး၊ ဒါတွေအတွက် မပူမပင် မတောင့်မတတားနိုင်အောင် ငါ ဒီနည်းနဲ့ ငွေရှာခဲ့ရတာ၊ ငါ လုပ်ချင်လို့ မဟုတ်ဘူး"

"တခြားအလုပ်တွေကရော ထမင်းငတ်နိုင်သလား ဒီထက်အောက်တန်းကျတဲ့ ဘဝကိုရော ရောက်သွားနိုင်သလား မမ"

"ပြည့်စုံမှု မရှိရင် အမေလို ခေါ်စရာ မရှိတော့မှာ သေချာတယ်





မဟုတ်လား။ ဆေးဝါးကုသမှု လုပ်မပေးနိုင်ရင် အမေ သေသွားနိုင်တယ် မဟုတ်လား။ ညီမလေး ပညာရေးကရော အဖေ သေပြီးကတည်းက အဆုံးသတ်သွားမှာ မဟုတ်ဘူးလား"

"လူတကာ အထင်သေး ရှုံ့ချတာ၊ ကဲ့ရဲ့တာတော့ ဖြစ်မလာနိုင်ဘူးလေ"

"ဒါကို ညီမလေးက ရှက်နေတာလား"

"ဟင့်အင်း ဒီဘဝထဲက အမြန်ဆုံး ထွက်ပြေးလို့ရအောင် မမကို အားပေးချင်တာပါ၊ စွမ်းအားတွေ အပြည့်အဝ မရှိပေမယ့် အတူလက်တွဲရင်ဆိုင်ဖို့ ခွန်အားတွေတော့ ရှိနေပါပြီ၊ ဖြူစင်တဲ့ ဘဝနဲ့ ဆင်းရဲချို့တဲ့မှု ဒဏ်တွေကို ခံနိုင်ရည်ရှိအောင် ကြိုးစားကြည့်ရအောင်ပါ မမရယ်"

အရွယ်ခြင်း တူလို့ ခြေရာခြင်းတိုင်းချင်ပြီလားဟု ညီမလေးကို မပြောရက်။ ဘဝပေး အခြေအနေပေါ်မှာ ကြိုသလို ဖြစ်သလို နေလိုက်ရတာ ညီမလေး သိစေချင်သည်။

အမေ့ကို ဆေးခန်းတစ်ခါပြလျှင် တစ်သောင်းခွဲ နှစ်သောင်း ကုန်သောငွေ၊ အိမ်အသုံးစရိတ်၊ ညီမလေး ပညာရေးအတွက် ကုန်ကျစရိတ် ဒါတွေက အရေးမကြီးတဲ့ ကလျှာကလား။ နားလည်မှု [illegible]တဲ့ ညီမလေးကို အပြစ်ကြီးကြီး ပုဒ်မ မတတ်ရက်။



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးရဲ့ ခေါင်းပေါ်မှာက နည်းလမ်းကျသည်ဆိုလျှင် သူမရဲ့ ဆုံးဖြတ်မှုကရော အမေနဲ့ညီမလေးအတွက် မဟုတ်ပါလား။

"ငါ့စကားကို နားမထောင်တော့ဘူးလား"

"ရှင်သန်ဖို့ ကြိုးစားတာ အပြစ်တစ်ခုမှ မဟုတ်ဘဲ မမရယ်၊ အမေက နေ့လား ညလား မသိတဲ့ ဝေဒနာသည်ပါ၊ မမကို မှီခိုရင်းနဲ့ မေမေ့ကို ပြုစုခွင့်ရတာလေးကို မရောင့်ရဲပါရစေနဲ့၊ ကိုယ် ပင်ပင်ပန်းပန်း ရှာဖွေရတဲ့ ငွေလေးနဲ့ အမေ့ကို စောင့်ရှောက်ခွင့်ပေးပါ၊ ငါ့လုပ်အားခ လေးနဲ့ အမေ့ကို မကျွေးမွေးလိုက်ရလေခြင်း မပြုစုလိုက်ရလေခြင်းလို့ နောင်တတွေနဲ့ ယူကျုံးမရ မကျန်ခဲ့ပါရစေနဲ့ မမရယ်"

"လရိပ်ရယ် ညီမလေးရယ်"

ညီမလေးကို ဖက်တွယ်ကာ ဝမ်းနည်းစွာ ငိုကြွေးပစ်လိုက်မိသည်။ ညီမလေးကလည်း သူမကို ပြန်ဖက်တွယ်ပြီး ငို၏။

ကိုယ်ပြုစုယုယ တွေ့ပိုက်ခဲ့ရသော ညီမလေးက ဒီလို ရင့်ကျက်မှုမျိုးတွေ ရှိလာပြီဆိုတော့ ကြည်နူးမိပေမယ့် စိတ်လည်းမကောင်း။

ဖေဖေ ဆုံးတော့ လရိပ်လေး သုံးနှစ်သမီး အရွယ်ခန့်သာ ရှိဦးမည်။ ထိုအချိန် ကတည်းက ရှစ်နှစ်လောက် ငယ်သော ညီမလေးကို သူမ အချစ်ပို ထိန်းကျောင်း ချီပိုးခဲ့ရသည်။ ငါးနှစ်သမီးလောက်မှာ မျက်လုံး ထိခိုက်ဒဏ်ရာရတော့ သနားပိုကာ ပိုပြီး ဂရုစိုက်ပြုစုခဲ့ရသည်။





မေမေက အတွင်းပစ္စည်းလေးတွေ ထုခွဲရောင်းချပြီး ကုန်စိမ်း ကုန်ခြောက်၊ ဟိုစဝ်စဝ် ဒီစဝ်စဝ် အလုပ်မျိုးစုံလုပ်ကာ သူမတို့ ညီအစ်မ နှစ်ယောက်ကို တာဝန်ကျေအောင် ကြိုးစားခဲ့သည်။

နေပူမရှောင် မိုးရွာမရှောင် အပင်ပန်းခံခဲ့သည့် ဒုက္ခတွေက ကလေး ငါးနှစ်အကြာမှာ လေဖြတ်ဝေဒနာနှင့် အိပ်ရာထဲ လဲသည်အထိ ဝေဒနာတွေ ခံစားလိုက်ရ၏။

ဒါကြောင့်မို့ တာဝန် ဝတ္တရားတွေ ငုံညှာထောက်ထားရမှာတွေက သူမ အပေါ် လုံးလုံးလျားလျား ကျရောက်ခဲ့တာ ဖြစ်သည်။ အသက်ငယ် ငယ်ရွယ်ရွယ်နှင့် အလုပ်မျိုးစုံ လုပ်ခဲ့ရသည်။ ပင်ပန်းဆင်းရဲခဲ့သည်။

ဒါပေမဲ့ အမေနဲ့ညီမလေးအပေါ် သူမ မငြိုငြင်ခဲ့။ ညည်းညူ မပြခဲ့။ ပေးဆပ်ခွင့် ရတဲ့အပေါ်မှာပဲ သူမ ကျေနပ်နေခဲ့သည်။

"အဟမ်း ဟမ်း"

အမေ့ ချောင်းဟန့်သံကြောင့် အတွေးစတို့ ပြတ်တောက်ကာ အိပ်ရာက နိုးလာတဲ့ အမေ့နားကို ညီအစ်မ နှစ်ယောက် ပြေးကပ်လိုက်ကြသည်။

"ဟင်"

အမေ့ မျက်ဝန်းထောင့်မှာ မျက်ရည်တွေ စီးကျနေပါလား။ အမေ အိပ်နေပြီထင်ပြီး ညီအစ်မနှစ်ယောက် စကားတွေ ပြောနေကြတာ-



www.burmeseclassic.com

www.burmeseclassic.com



အမေ ကြားသွားပြီ ထင်သည်။

ပီပီသသ စကားမပြောနိုင်ပေမယ့် သူမတို့ လက်ကလေးတွေကို တွေ့ဆုပ်ကိုင်ထားသော အမေ့လက်ကလေးတွေက တင်းတင်းရင်းရင်း ရှိနေပြီး ရှဲ့နေသည့် နှုတ်ခမ်းလေးတစ်ဖက်က ပြုံးနေတာမှန်း သိသာစေသည်။

သူမတို့ရဲ့ သိတတ် နားလည်မှု မေတ္တာတရားတွေအတွက် အမေ ကျေနပ်ကြည်နူးနေခဲ့သလား။

ဝမ်းနည်းနာကျင်နေသလား။

ဘာဖြစ်ဖြစ် အမေ့အပြုံးက လောကဓံကို ရင်ဆိုင်အံတုစေနိုင်တဲ့ အားဆေးတစ်ခွက်ပါ။

■ ■ ■



## အခန်း (၁၇)

"တစ်ခွက်ကနေ တစ်ဖလား၊ တစ်ဖလားကနေ စည်ပိုင်းအဆင့်ရောက်တော့မယ်နော် အမင်း ကြည့်လည်း လုပ်ဦး"

"အေးလေ ဒီကောင်က ပုံပုံနဲ့ တွေ့ရင်တွေ့၊ မတွေ့ရရင် ဘီယာနဲ့ လန်းတက်နေပြီ"

"ဟ ငါ့ပိုက်ဆံနဲ့ ငါ လန်းတာ မင်းတို့က ဘာဖြစ်တာလဲ၊ မင်းတို့ကရော မလန်းလို့လား"

"ငါတို့က မင်းလို ဆယ်တန်းအောင်ပြီး တက္ကသိုလ်တက်နေတာ မဟုတ်ဘူး။ ကိုယ့်ခွန်ကိုယ့်အားနဲ့ အလုပ်လုပ်ပြီး အဝေးသင်နဲ့ ဘွဲ့ရအောင် ယူကြမှာ၊ ခုလို သူငယ်ချင်းတွေနဲ့ တစ်ခါတစ်ရံ ဆုံပြီး လန်းတာကလည်း မိဘဆီက လက်ဖြန့်တောင်းခဲ့တာ မဟုတ်ဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



"ငါက မမဆီ လက်ဖြန့်တောင်း သုံးနေရတယ်ဆိုပြီး အထင်သေးတာပေါ့ ဟုတ်လား အောင်ထွေး"

တိုက်ရိုက်ထိတော့ အမင်း ဖျပ်ဖျပ်ခါသွား၏။ ဘီယာခွက်ကို ဆောင့်ချနဲ့ ကောက်မော့၍ ဖန်ခွက် တစ်ဝက်ခန့် သောက်ပစ်လိုက်၏။ အမင်း စိတ်ဆိုးမှန်းသိတော့ အောင်ထွေးနှင့်ဇော်ခိုင် မျက်နှာလေးတွေ ပျော့ပျောင်းသွားသည်။

"ငါတို့က အထင်သေးပြီး ပြောတာ မဟုတ်ပါဘူးကွာ၊ ဒီအသက်အရွယ်မှာ မိဘတွေ အဆင့်မြေမှု မရှိရင် ကိုယ့်ဒူးကိုယ်ချွန်ရမယ်ဆိုတာ သတိပေးတာပါ၊ ငါတို့ မိဘတွေ မင်းတို့အိမ်လောက် အခြေအနေ မဆိုးတာတောင် အလုပ်ကိုယ်စီ တာဝန်ကိုယ်စီနဲ့ နေကြတာ"

"ဟုတ်တယ် ငါဆိုရင်လည်း ငါ့အောက်က အငယ်နှစ်ယောက် တာဝန်ကို မေမေတို့ ရှန်းကန်နေတာ မြင်တော့ ကိုယ့်တာဝန်ကိုယ် ယူမယ်လို့ ဆုံးဖြတ်လိုက်ရတယ်၊ အပေအတေလို သက်သက်သာသာ နေလို့ဖြစ်ပေမယ့် ကိုယ့်ကိုယ်ကို ယုံကြည်ချက်ရှိနေတာ ပိုကောင်းတာပေါ့၊ မင်းမှာက အမေလည်း သေပြီ၊ အဖေကလည်း နောက်မိန်းမနဲ့၊ မင်းအစ်မဆိုတာကလည်း မိန်းမသား။ သူ ဘယ်လောက် ပင်ပန်းလိုက်မလဲ"

"မင်းတို့က ငါ့အစ်မကို သနားနေကြတာလား။ ငါ့ကို ယောက်ျ





ားချင်လို့လား"

"အာ ဒီကောင် စကားကောင်း ပြောနေတာဟ၊ မင်းအစ်မနဲ့ မင်းညီလေးမှာတော့ စုတ်စုတ်ပြတ်ပြတ်နဲ့ ပင်ပန်းလိုက်ကြတာ၊ မင်းကတော့ အမြဲတမ်း တောက်ပြောင် လန်းဆန်းနေတာပဲ"

"သူ့ကုသိုလ်ကံနဲ့ သူလာတာ၊ မနာလို မဖြစ်နဲ့လေ၊ သူတို့ကတောင် ငါ့ကို မငြိုငြင်တာ၊ မင်းတို့က ကြားထဲကနေ အေးအေး နေစမ်းပါ။ ဒါက မိထွေးဆီမှာလည်း အလွယ်တကူ လက်ဖြန့်လို့ရတယ်ကွ၊ ဟိုဘက်လှည့်တောင်းလိုက် ဒီဘက် တစ်မျိုးတောင်းလိုက်နဲ့ အလှဲ့ပယ် အိတ်ဖောင်းတယ်၊ မင်းတို့ မွဲနေရင် ငါ ကြည့်ကြည့်ဖြူဖြူ တိုက်လိုက်မယ်၊ အဝသောက်သွား"

အောင်ထွေးနှင့်ဇော်ခိုင် မျက်နှာ တည်တင်းမျက်ယွင်းသွား၏။ အမင်းက ဂရုမစိုက်။ စီးကရက် တစ်လိပ် မီးညှိသောက်ကာ ခပ်မော့မော့ဝင်း။

"အမင်း ငါတို့က စေတနာနဲ့ ပြောနေကြတာကွ၊ ငါတို့လည်း ထူးငယ်ပဲ၊ ပေရင်ပေမယ်၊ တေရင်တေမယ်၊ ဒါပေမဲ့ အနာဂတ်ပျောက်အောင်ထိ မိုက်ရူးရဲ မဆန်ဘူး"

"ငါတို့ ပြောနေတာကို နားလည်စမ်းပါ အမင်းရာ၊ ဒုက္ခဖြစ်တဲ့ မင်းညီလေးတောင် သူ့ကိုယ်သူ ရပ်တည်ရဲတဲ့စိတ် ရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတက်ရင်းနဲ့ ဂျာနယ်ရောင်းတယ်၊ ပန်းရောင်းတယ်"

"အဲဒါ ဘာဖြစ်လဲ ငါ ငွေလိုရင် တောင်းစရာ တစ်ယောက် တိုးတာပေါ့"

"အာကွာ မင်း"

"ပြောရင်းနဲ့ နားဝေးနေတာ ပြောမနေနဲ့တော့ ဇော်ခိုင်၊ မြန်မြန် သောက် ပြီးရင် ပြန်မယ်"

အမင်းကို စိတ်ပျက်စိတ်ကုန်သွားသလို အောင်ထွေးနှင့်ဇော်ခိုင် ပြန်ဖို့ ထရပ်တော့ အမင်းက လက်ကိုဆွဲထားသည်။

"မင်းတို့က ဘာသဘောလဲ၊ ငါ့ကို ဒီအတိုင်း ထားခဲ့တော့ မလို့လား။ ငါက မင်းတို့ ငါ့ခံစားမှုတွေကို နားလည်မယ် ထင်ထားတာ"

"မင်းက ဘာတွေဖြစ်နေလို့ ငါတို့က နားလည်ပေးရမှာလဲ"

ငြိုငြင်တူ လေသံနဲ့ ပြန်လိုင်ရင်းနှင့် မေးလိုက်တော့ အမင်းက မျက်ရည်ဝဲပြီး အသံတွေ တုန်နေ၏။

"ငါ နေချင်တာ ဒီလို ဘဝမှ မဟုတ်ဘဲကွာ၊ အရမ်းကြီး မချမ်းသာရင်တောင် အရင်နေခဲ့ရတဲ့ အိမ်မျိုးနဲ့တော့ နေချင်တယ်၊ မေမေ့ကိုလည်း လူ့လောကကြီးမှာ ရှိစေချင်တယ်၊ ဖေဖေ့ကိုလည်း နောက်အိမ်ထောင် မပြုစေချင်ဘူး၊ ပုံပုံ မိဘတွေရဲ့ အထင်မြင်သေး ရှုံ့ချမှုကိုလည်း မခံချင်ဘူး"





"ဘယ်သူကရော ဆင်းရဲချင်မှာလဲ၊ ဘယ်သူကရော ဒီလို ဘဝမျိုးကို ရောက်ချင်မှာလဲ၊ ဒါပေမဲ့ လောကခံရဲ့ ထုထောင်းမှုကို ခံနိုင်ဖို့က ဒါမျိုးတွေနဲ့ ရင်ဆိုင်တွေ့ကြုံဖူးမှ ဖြစ်တာကွ၊ အခြေတမ်း အသာစီးရဖို့ချည်း စဉ်းစားနေရင် မင်း ခုလို အကျနာမှာပဲ"

"ဖြစ်ချင်သလို မဖြစ်ရလို့ ဖြစ်သလို နေလိုက်တဲ့ အဲဒီလူမှာ အပြစ်ရှိမယ် မထင်ပါဘူးကွာ၊ ဘဝကို ပေါ့ပေါ့ပါးပါး ဖြတ်သန်းချင်တယ်"

"ပုံပုံ မိဘတွေ လက်ခံအောင်ရော မင်း မကြိုးစားတော့ဘူး လား။ မင်းမှာ ဘာအရည်အချင်း အစွမ်းအစမှမရှိလို့ ပုံပုံကို တခြား တစ်ယောက်နဲ့ ပေးစားလိုက်ရင် ဘယ်လိုလုပ်မလဲ"

အမင်း၊ တွေခနဲ ဖြစ်သွားကာ လက်ကျန်ဘီယာကို တစ်ကျိုက် တည်း မော့သောက်ချလိုက်သည်။

"ဘာမှ မလုပ်နိုင်တဲ့ အင်အားမရှိလို့ ငါ မိုက်နေတာပေါ့ကွာ၊ ခုချိန်မှာ ပုံပုံ ငါ့ဘက်မှာ ရှိနေသေးလို့ ငါ ဖြေသာနေတာ"

"ပုံပုံက မိဘတွေကို ဆန့်ကျင်ပြီး မင်းကို အချစ်တွေ ပုံပေး နေတယ် ထင်နေတာလား"

"ဟင်"

"လိုချင်တာတွေ ရနေလို့ တွယ်ကပ်နေတာပါ၊ ငါ့ပေးတဲ့သူနဲ့ တွေ့ရင် မင်းကို ဖြစ်ချင်ရာ ဖြစ်ထားခဲ့မှာ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အောင်ထွေး"

"ခံမရုံနိုင် ဖြစ်ပြီး ထမအော်နဲ့ အမင်း၊ အောင်ထွေး ပြောတာ မှန်တယ်၊ ပုံပုံက တကယ် မငြိမ်တဲ့ မိန်းကလေး"

"တော်ပြီကွာ မင်းတို့ အဲလောက်ကြီး ပုံပုံကို မရှုတ်ချပါနဲ့၊ ဖွံ့ဖွံ့ ငါ့ကို ချစ်တာ ငါသိတယ်၊ ငါတို့တွေ ဒီအခြေအနေရောက်သွားတာတောင် ပုံပုံ ငါ့ကို အဆက်ဖြတ်ခဲ့တာမှ မဟုတ်တာ၊ သူ့မိဘတွေ ပိတ်ပင်တားဆီးနေတဲ့ကြားက ငါ့ကို ဖွတ်တိုး ချစ်နေတုန်းပဲ"

"မင်း ယုံကြည်တယ် မဟုတ်လား။ ငါတို့ ပြောနေလည်း အရာရောက်မှာမှ မဟုတ်တာ၊ မင်းမှာ လျှံနေလို့ သူလိုသမျှ ရနေသရွေ့ မင်းကို ခွာမှာမဟုတ်သေးပါဘူး။ တစ်သက်လုံး သူ့လိုအင်တွေ ဖြည့်ဆည်းနိုင်အောင် ကြိုးစားပေါ့ကွာ မဟုတ်ဘူးလား"

အမင်း အသံတိတ်သွားပြီး အထပ်ထပ် စဉ်းစား၏။

ပုံပုံ ဆန္ဒတွေ ဖြည့်ဆည်းနိုင်အောင် ကြိုးစားရင်းဖြင့် တစ်သက်လုံး မခွဲမခွာရအောင် ကြိုးစားရမည်။

အဲဒီအတွက် အရင်းအနှီးက. . ။

■ ■ ■



## အခန်း (၁၈)

"ဘာ ဘာပြောတယ် ယိမ်း။ ဘယ်လို ဆုံးဖြတ်လိုက်တယ်"

"နင် ကြားတဲ့အတိုင်းပါပဲ၊ နင် ငါ့ကို ကူညီမှ ဖြစ်မယ် အေးမ"

"ဟယ် ယိမ်းရယ်"

အေးမ ဘယ်လိုပြောရမှန်း မသိအောင် ယိမ်းကို ကြည့်၍ အသက်ရှူကျပ်ဆို့နင့်နေသည်။ ယိမ်း မျက်နှာလေးက အဆုံးထိ တွေးပြီး ဆုံးဖြတ်ထားပြီးဟန်နှင့် တည်တည်ငြိမ်ငြိမ်။

"ငါ ဆုံးဖြတ်တာ မှားသွားလို့လား အေးမ၊ ငါ မရှုနိုင် မကယ်နိုင် ဖြစ်နေပြီ၊ ရုန်းထွက်လို့လည်း မရဘူး၊ လွတ်မြောက်အောင်လည်း ငါ မကြိုးစားချင်ဘူး၊ ငါ့မောင်လေးတွေအတွက် ငါ့ဘဝ ဘာဖြစ်ဖြစ်ပါ"

"ယိမ်းရယ် ငါက ဒီဘဝထဲက ရုန်းထွက်ဖို့ ကြိုးစားနေချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



နင်တာ ဘာလို့ စွတ်တိုးဝင်ချင်ရတာလဲ၊ မနေအစ် မသွားအစ်တဲ့ နေရာကြီးပါ"

"ငါ မသိလို့မှ မဟုတ်ဘဲ အေးမရယ်၊ အမင်း ကျောင်းပြီးတဲ့ အချိန်ထိ ငါ နစ်မြှုပ်ထားပါရစေ၊ အမင်း ဘွဲ့ရသွားရင် ငါ့တာဝန်ကျေပြီ၊ ကျန်တဲ့အချိန်တွေမှာ အလင်းနဲ့ ဘဝကို ရိုးရိုးသားသား ဖြတ်သန်းမယ်၊ လောဘမရှိ တပ်မက်မှု မရှိတဲ့ အလင်းလေးနဲ့ ကျန်နေရစ်ရင် ရောင့်ရဲတင်းတိမ်လို့ ရနိုင်မှာပါ"

"ယိမ်းရယ်"

ငိုမလိုလိုနှင့် မျက်ရည်တောင် မကျတာမို့ အေးမ အုံ့သြရင်းဖြင့် စိတ်မကောင်း ဖြစ်နေရသည်။ ယိမ်း ဘာကြောင့် သွေးအေးမာကျောသွားရတာလဲ။

ဘာကြောင့် နူးညံ့ခြင်းတွေ ပျောက်ဆုံးနေရတာလဲ။

"နင့်အခက်အခဲက အဲလို ရင်ဆိုင်မှ ဖြစ်တော့မှာလား ယိမ်း"

"အမေ ပခုံးပြောင်းပေးခဲ့တဲ့ တာဝန်တွေကို ငါ အပြည့်အဝ မထမ်းနိုင်ခဲ့ဘူး၊ အေးမရယ်၊ အမင်း လိုသလောက် မပေးနိုင်လို့ ခဏခဏ ပြဿနာတက် စိတ်ဆင်းရဲရတယ်၊ အလင်းလေးလည်း ပညာရေးတစ်ဖက်နဲ့ ငါ့ကို သနားလို့ဆိုပြီး ဈေးရောင်းနေတယ်၊ ငါ ကြည့်ရက်မလား။ ခံစားနိုင်မလား စဉ်းစားကြည့်ပါ"





"အဲဒီအကြောင်းအရာတွေက နင့်အမေမှာလည်း တာဝန်ရှိတာပဲလေ"

"တာဝန်မယူချင်တဲ့သူမှ ဘယ်တာဝန်ရှိမှာလဲ၊ ဖေဖေ့ရဲ့စိတ်တွေ ပြန်လည်လာအောင် မေမေတောင် မစွမ်းဆောင်နိုင်ခဲ့တာ၊ ငါကရော ဘာအကြောင်းကိုပြပြီး အသနားခံရမှာလဲ၊ အဆင်ပြေကြလားလို့ တစ်ခွန်းလာမမေးတဲ့ ဖေဖေ့ကို ငါ မတောင့်တချင်တော့ဘူး အေးမ၊ သူ့ဘဝနဲ့သူ ပျော်ရွှင်သာယာနေတယ်ဆိုရင် ငါ ကျေနပ်ပါပြီ"

"ဆုံးဖြတ်ချက် မစောပါနဲ့ဦးဟာ၊ အချိန်စောင့်လို့ ရရင် စောင့်ကြည့်ပါဦးလား"

ယိမ်း မချိတရိ ပြုံးကာ ခေါင်းရမ်းသည်။

"ဖြစ်ပါ့မလား။ စွန့်စားရဲပါ့မလား။ လုပ်ဝံ့ပါ့မလား ဆိုတဲ့ စိုးရိမ်စိတ်တွေနဲ့ ငါ တွေဝေနေခဲ့တာ ကြာပါပြီ၊ အခု ငါ ပြတ်သားမှ ဖြစ်တော့မယ်"

ဟင်းခနဲ သက်ပြင်းတွေချကာ ဝင်းဖန့်နေသော ယိမ်းရဲ့ မျက်နှာဖူးဖူးလေးကို အေးမ ငေးစိုက်ကြည့်မိသည်။

ရှည်ကော့နေသော မျက်တောင်ဖျားအောက်က မျက်နက်ဝန်းများ။ စင်းကျနေသော နှာတံလေးနှင့် ရဲစိုအိထွေးနေသော ယိမ်းရဲ့ နှုတ်ခမ်းလေးတွေက သူမထက် သာလွန်ကာ ယောကျ်ားသားများကို



www.burmeseclassic.com

www.burmeseclassic.com



ချွဲဆောင်နိုင်မှာ သေချာပါသည်။

အသားအရေက ဝင်းဖန့်စိမ်းမြနေကာ ကိုယ်ခန္ဓာ အချိုးအဆစ်က ခရီးဆန်း အဝတ်အစားများနှင့်တောင် အချိုးကျနေ လှပပြေပြစ်လွန်းနေ၏။

"ယိမ်း"

"ဟင်"

"နင့်ကိုငါ နမြောတယ်၊ အားမပေးချင်ဘူး၊ မတိုက်တွန်းချင်ဘူး ဟယ်၊ ဒါပေမဲ့ ငါလည်း ဘာမှမတတ်နိုင်ဘူး။ နင့်ဆုံးဖြတ်ချက်ကလည်း နင့်အတွက်မှ မဟုတ်တာ၊ ကံတရားက တစ်နေ့နေ့တော့ နင့်ကို မျက်နှာသာ ပေးပါလိမ့်မယ်"

"ငါ့အတွက် မမျှော်လင့်ပါဘူး။ မောင်လေးတွေ ဘဝ ပြည့်စုံမယ်ဆိုရင် ငါ ပေးဆပ်ရကျိုး နပ်ပါတယ်၊ နင် အတတ်နိုင်ဆုံး နှုတ်လုံ ပေးပါ အေးမရယ်"

"ယိမ်းရယ်"

တင်းခံထားသမျှ မျက်ရည်တွေ အေးမ ပခုံးလေးပေါ် မျက်နှာ မှောက်ကာ ယိမ်း သွန်ချလိုက်သည့်မို့ အေးမလည်း မျက်ရည်ကျမိသည်။

ဒီဝဋ်ကြွေးတွေ ဒီဘဝမှာပဲ ကျေပါစေ ယိမ်းရယ်။

■ ■ ■



## အခန်း (၁၉)

"ယိမ်း ဒီနေ့ အဝတ်တွေ လျှော်စရာ ရှိတယ်နော်"

"ဟုတ်ကဲ့ အန်တီသိန်း"

"မုန့်ဟင်းခါးဆိုင်လေးက မထွက်တော့ဘူးဆို၊ အဆင်မပြေဘူးလား"

"ဟုတ်ကဲ့ မပြေဘူး ဒေါ်လေးသိန်း၊ အသုံးစရိတ်နဲ့ ရောင်းရတာ မကာမိဘူးလေ၊ တစ်နေကုန် ပင်ပန်းပြီး ကြွေးတင်နေတော့ တခြားအလုပ် ပြောင်းလုပ်ကြည့်မလားလို့ စဉ်းစားထားတယ်၊ အဲဒါ နောက်နေ့တွေ ယိမ်း အဝတ်လာမလျှော်ဖြစ်ရင် ယိမ်းကို ဒေါ်လေးသိန်း စောင့်နေမှာစိုးလို့ လာပြောတာ"

"ဘာအလုပ် ပြောင်းလုပ်မှာလဲကွယ်၊ တခြားအိမ်တွေမှာ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးသိန်း အဝတ်လျှော်ဖို့ စပ်ပေးထားတာရော အဆင်မပြေနိုင်ဘူးလား။ ဟို ဆိုင်အတွက် အရင်းအနှီးလိုရင် ဒေါ်လေးသိန်း ထုတ်ပေးမယ်လေ”

ငွေမျိုး မတော်ပါသော်လည်း ဒေါ်လေးသိန်းက စိုးရိမ်ပိုကာ များများသလဲ ပူပန်နေသည်။

အဝတ်တွေ ရေဇလားထဲ စထည့်ရင်း ဒေါ်လေးသိန်း လက်ကလေးကို ယိမ်း ဆုပ်ကိုင်ထားလိုက်သည်။

“ကျေးဇူးတင်ပါတယ် ဒေါ်လေးသိန်းရယ်၊ ဒေါ်လေးသိန်း ထောက်ပံ့ပေးနေတာလည်း များနေပါပြီ၊ အရင်း ပြန်ထည့်လည်း ကြွေးထပ်တင်ရုံပဲ ရှိမှာ”

“အေးလေ တခြားအလုပ် စမ်းလုပ်ကြည့်ချင်တယ်ဆိုလည်း လုပ်ပေါ့၊ ဒါပေမဲ့ မောင်တွေကိုလည်း စောင့်ရှောက်ရဦးမှာဆိုတော့ အိုးမကွာ အိမ်မကွာ အလုပ်လေးက ပိုကောင်းမယ် ထင်တယ်၊ ဘာလုပ်ဖြစ်မယ်ဆိုတာရော စဉ်းစားပြီးပြီလား”

“ဟုတ် ဟုတ်ကဲ့”

ဒေါ်လေးသိန်းရှေ့မှာ ကြာရှည် မနေရဲ၊ အဝတ်ညစ်တွေ ထည့်ထားသော ရေဇလားကြီးကို မကာ ရေစည်ပိုင်းရှိရာ ခပ်သုတ်သုတ် ထွက်လာခဲ့ရသည်။





လူသိခံလို့ မဖြစ်တဲ့ အလုပ်မို့ ဘာပါလို့ ရှင်းမပြချင်။

မောင်တွေကိုလည်း အသိမပေးရဲသလို ပတ်ဝန်းကျင်ကိုလည်း မသိစေချင်။ ဖြစ်လာနိုင်သမျှ ကြုံလာနိုင်သမျှ ယိမ်းတစ်ယောက်တည်းသာ ခါးစည်းခံဖို့ ဆုံးဖြတ်ထားသည်။

ဒေါ်လေးသိန်း အိမ်မှာ အဝတ်လျှော်ပြီး မောမောနှင့် အိမ်ပြန်ရောက်တော့ ပိုပြီး အမောဆို့စရာနှင့် ကြုံတွေ့ရသည်။

“သူငယ်ချင်းတွေနဲ့ ငွေဆောင် လိုက်သွားချင်လို့ ဒီလကုန်ရက်အတွင်း ငွေတစ်သိန်းလောက် ရှာပေးပါ မမယိမ်း”

“ဟင် တ တစ်သိန်းကြီးများတောင်”

“ဘာတွေပြောဦးမလို့လဲ မမယိမ်းရာ၊ တောင်းတိုင်း ရှာရှာ မျှမျှ တစ်ခါမှ မရှိဘူး၊ ကျွန်တော် ကျောင်းထွက်ပြီး အလုပ်လုပ်ရမှာလား”

“မ မဟုတ်ပါဘူး အမင်း ကျောင်းမထွက်ရပါဘူး၊ အလုပ်လည်း လုပ်စရာ မလိုသေးပါဘူးကွယ်၊ မ မမယိမ်း ရှာပေးမှာပါ”

“မင်း လွန်လွန်းပြီလို့ မထင်ဘူးလား အမင်း”

ခပ်ကျယ်ကျယ်အသံနှင့် အလင်း ရောက်လာသည်၊ အမင်းက အလင်းကို မျက်မှောင်ကြုတ်ကြည့်ကာ

“မင်းက မဖြစ်စလောက် အလုပ်လေး ဖန်ပြပြီး ငါ့ကို ပါဂါ



www.burmeseclassic.com

www.burmeseclassic.com



တော့်ချင်လို့လား"

"မယယိမ်းကို အားနာစေချင်တာပါ။ မင်း ပညာရေးအတွက်ပဲ မယယိမ်း ရှာပေးနိုင်မှာပေါ့၊ သုံးဖြုန်းလေလွင့်ဖို့အထိ လက်ဖြန့်တောင်း သုံးနေတာတော့ မင်း တစ်ကိုယ်ကောင်းဆန်လွန်းတာပဲ"

"ဟိတ်ကောင် အလင်း ငါက မင်းထက် အကြီး။ မင်း ငါ့ကို အဲလို ပြောစရာ မလိုဘူးကွ"

"ခွပ်"

"ဖုန်း"

"ဟဲ့ ဟဲ့ မလုပ်ပါနဲ့ အမင်းရဲ့၊ အလင်းလေးက ဒုက္ခိတလေးပါ မလုပ်ပါနဲ့"

တစ်ချက်နှစ်ချက် ထိုးလိုက်တာနှင့် ပစ်လဲသွားသော အလင်းကို ယိမ်း ပြေးပွေ့ခွဲထူလိုက်ရသည်။ အမင်းက လက်သီး တပြင်ပြင်နဲ့ ဒေါသကြီးနေသေး။

"ဒီကောင် စကားပြောတာ ကြည့်ဦးမထား မယယိမ်း။ နောက် တစ်ခါဆို ဒီထက် နာမယ်"

"အေး အေးပါ နောက်မဖြစ်စေရပါဘူး။ မင်းတောင်းတဲ့ ငွေ လည်း ရအောင် ရှာပေးပါ့မယ်၊ အလင်းလေးကို ထိုးဟယ်ကြိတ် ဟယ်တော့ မလုပ်ပါနဲ့၊ မယယိမ်း တောင်းပန်ပါတယ်ကွယ်"





မကျေမနပ် ဝက်ခေါက်ပြီးမှ အမင်း ခြေလှမ်းကျဲကြီးနှင့် ထွက်သွားသည်။ နှုတ်ခမ်းထောင့်စွန်းမှာ သွေးစလေးတွေ ထွက်နေတာ ကို လက်မနိုးနှင့် ပွတ်သုတ်လိုက်ပြီး ယိမ်း ပခုံးလေးကို အလင်း ဆုပ်ကိုင် လိုက်သည်။

"မယယိမ်းရယ် သားအတွက်နဲ့ အမင်းကို ဘာလို့ တောင်းပန် လိုက်ရတာလဲ၊ သား မှားလို့လား။ သား ပြောတာ မှားလို့လား"

"အလင်း မမှားဘူးဆိုတာ မယယိမ်း သိပါတယ်၊ ဒါပေမဲ့ အတိုက်အခံ ပြဿနာ မဖြစ်တာ ကောင်းပါတယ် အလင်းရယ်၊ အမင်း မှာ စိတ်ရိုင်းတွေ ရှိတယ်၊ အလင်းကို ဒုက္ခိတဆိုပြီး ညှာတာမှာ မဟုတ် ဘူး"

"သူ့ကို ပြန်ပြီး မခုခံနိုင်ပေမယ့် သား မကြောက်ပါဘူး၊ မယ ယိမ်းကို သနားလို့ သားငြိမ်နေလိုက်တာ၊ ထားလိုက်ပါတော့၊ မယယိမ်း နောက်တစ်ခါ စိတ်မဆင်းရဲရအောင် သား ဆင်ခြင်ပါ့မယ်၊ ဒါနဲ့ အမင်း တောင်းတဲ့ ငွေက များလိုက်တာ၊ မယယိမ်းမှာ မရှိတဲ့နဲ့ ဘာလို့ ပေးပါ့မယ် လို့ အာမခံလိုက်တာလဲ"

"ဒီ ဒီလိုပဲ မယယိမ်း ရှာပေးရမှာပေါ့"

"ဈေးမရောင်းတော့တဲ့ ဘယ်က ဝင်ငွေရှိလို့လဲ မယယိမ်းရယ်၊ သားစုထားတဲ့ ငွေနှစ်သောင်းလောက် သူ့ကို ပေးလိုက်ပြီး နောက်



www.burmeseclassic.com

www.burmeseclassic.com



ရှောတော့ဘူးလို့ အပြတ်ပြောလိုက်ပါလား"

"ဟင့်အင်း သူ့ အဲဒါလေးရရုံနဲ့ ကျေနပ်မှာမှ မဟုတ်တာ၊ မသီချင်း တခြားအလုပ်တစ်ခု လုပ်ဖို့ ပြောထားပါတယ်၊ သူ တောင်းတဲ့ ငွေ အဆင်ပြေသွားမှာပါ၊ အလင်း စိတ်မပူနဲ့နော်"

အလင်းက သက်ပြင်းရှိုက်ကာ ဘုရားစင်လေးရှေ့မှာ ဒီအတိုင်း ပစ်လှဲလိုက်သည်။

ဖေဖေ့ရဲ့ ဥပဒေသများကို တွေးပြီး လက်သီးကို တင်းတင်း ဆုပ်လို့ မျက်ရည်တွေ တစ်ဖက်စောင်းနင်း ကျဆင်းလာသည်။ ဘာ ကြောင့် သူတို့တစ္ ဒီအခြေအနေ ရောက်ပြီး ဒီလို စိတ်ဆင်းရဲ သောက တွေနှင့် ရင်ဆိုင်နေရတာလဲ။

သူတို့နားမှာ မေမေ မရှိတော့တာကရော။

အားလုံးက ဖေဖေ့အပြစ်တွေ။

မသိချင်ယောင်ဆောင်နေတာလား။ သူတို့ကို တစ်သက်စာ လျစ်လျူရှုလိုက်ပြီလား။

ဖေဖေနှင့် တစ်ခါလောက်တော့ တွေ့ကြည့်ချင်ပါသေးသည်။

■ ■ ■



အခန်း (၂၀)

"စံပယ်ပန်းတွေ ရမယ်၊ ရွှေပန်း ငွေပန်းတွေ ရမယ်၊ ကား လေးထဲမှာ ရနံ့လေး သင်းနေအောင် ချိတ်ထားလို့ ရတယ်နော်"

"ဟာ ပန်းကဖြင့် တစ်ရာဖိုးပြည့်အောင် မရှိတော့ဘဲနဲ့ အဲ လောက် ငယ်သံပါအောင် အော်မနေပါနဲ့တော့ဟ၊ ဟိုဘက် ပလက် ဖောင်းဘေးက ရေတမာပင်အောက်မှာ ခဏလောက် သွားနားချည်လိုက်၊ ကျန်တာလေးကို ဂျာနယ်ရောင်းရင်းနဲ့ ငါ တွဲရောင်းပေးမယ်"

"နေပါစေဟယ် ဒီပန်းတွေ ကုန်ရင် ဂျာနယ်တွေကို ငါ ကူ ရောင်းရမှာပဲဥစ္စာ၊ မနားတော့ပါဘူး"

"အာ ခဏသွားနားပါဆိုမှ ဒီနေ့ ကျောင်းပိတ်တယ်၊ နေကုန် အောင် ဖြည်းဖြည်းချင်း ရောင်းလို့ရတယ်၊ နင့်နဖူးမှာ ချွေးတွေ စို့နေပြီ

www.burmeseclassic.com

www.burmeseclassic.com



သွားနှာလိုက်ပါ"

အလင်း ဖွတ်တွင်တွင်ပြောနေတော့ ရေတာမာပင် အရိပ်ရှိရာလဆိုဝ် ပြေးထွက်သွားသည်။

အလင်းက ဂျာနယ်တွေ ပွေ့ပိုက်ထားရတဲ့ လက်တစ်ဖက်က လက်ညှိုးလေးမှာ ပန်းကုံးအပ်ချည်ကြိုးလေးတွေ ချိတ်လိုက်ပြီး မီးပွိုင့် မိလို့ တန်းစီရပ်ထားရတဲ့ ကားတွေဘက် ထွက်လာခဲ့သည်။ မီးပွိုင့်မိတိုင်း အရှိန်လျှော့ပြီး ထိုးရပ်လာသော ကားတွေကို အလင်း ဟိုဘက်ကူးလိုက် ဒီဘက်ကူးလိုက်ဖြင့် ဂျာနယ်တွေ လက်ကျန်ပန်းလေးတွေ ရောင်းနေမိသည်။

"ပန်းလေးတွေက ဒါပဲ ကျန်တော့တယ်နော်၊ ဂျာနယ်တွေက ဒီနေ့ထုတ် နယူးတွေပါ၊ သတင်းဦး သတင်းထူးလေးတွေ ဖတ်ချင်ရင် အနုံပါပါတယ်"

လက်တစ်ဖက်က ဂျာနယ်တွေကို ပွေ့ပိုက်ထားကာ ကျန်လက်တစ်ဖက်က ဒူးလေးပေါ်ကို အားပြုထောက်ပြီး ထော့ကျိုးလေးဖြင့် အော်ဟစ် ရောင်းနေသော အလင်းကို ကားသမားတွေက သနားကရုဏာ ဖြစ်ခနေကြဟန် တူ၏။

စုတ်တသပ်သပ်ဖြင့် ဝယ်ယူအားပေးသည့်သူတွေ ရှိသလို လည်ပြန်ကြည့်ပြီး စိတ်မကောင်းသွားသော သူတွေလည်း ရှိသည်။





"ဟင် အလင်း အလင်းပါလား"

ထိုအဖြစ်ကို ရှယ်လီကို ဘေးမှာထားပြီး ကားမောင်းလာတဲ့ ဦးကျော်ပိုင် ခပ်ဝေးဝေးကနေ လှမ်းမြင်တွေ့လိုက်ရသည်။

"ကိုကြီး"

"ဟင်"

ဟင်ခနဲ ထူးလိုက်ပေမယ့် ရှယ်လီကို ဦးကျော်ပိုင် လှည့်မကြည့်မိ။ အမြင်အာရုံက တဖြည်းဖြည်း နီးကပ်နေပြီမို့ ဘယ်လိုရှောင်လွှဲရမလဲ ဦးကျော်ပိုင် စဉ်းစားမရ ဖြစ်နေမိသည်။

"ဈေးဝယ်ပြီးရင် ရှယ်လီ စားချင်တာ ဟိုတယ်မှာ လိုက်ကျွေးရမှာနော် ကိုကြီး"

"အင်း အင်းပါ ရှယ်လီရယ်၊ ကားတွေ ရှုပ်ရတဲ့အထဲ မင်းက စကားများနေတယ်၊ တိုက်ကုန်တော့ ဘယ်လိုလုပ်မလဲ"

တစ်ခါမှ လေသံမာမာ မပြောဘူးပေမယ့် စိတ်ရှုပ်ထွေးစွာ အော်ပစ်လိုက်မိသည်။

ရှယ်လီက မျက်နှာကို တစ်ဖက်လှည့် ဆူခေါင့် စိတ်ကောက်သွား၏။ နောက်မှ ရှယ်လီကို ချော့တော့မည်ဟု ဆုံးဖြတ်ကာ မီးပွိုင့်လွတ်သည်နှင့် ကားကို ဒရောသောပါး မောင်းထွက်မိသည်။

"ဟာ ဖေ ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



မြင်မြစ်အောင် မြင်လိုက်ကာ လွှတ်ခနဲ အသံထွက်သွားပေမယ့် အလင်း လက်သီးဆုပ်လေးက တင်းခနဲ ဖြစ်သွားသည်။

ဒုက္ခိတ သားလေးကို အသိအမှတ်မပြုချင်တာက အထင်အရှား။ အလင်း တက်ခေါက်သံနှင့် ကားသံတွေက ရောထွေးကာ ဖေဖေ့ ကားလေးကို မျက်စိတဆုံးထိ လိုက်ကြည့်မိ၏။ နောက်က ကားတွေ တိုက်ချင်တိုက်ဆိုပြီး ပေကပ်နေမိပေမယ့် သူ့လို ဒုက္ခိတကို ကရုဏာ သက်စွာ ရှောင်ကွင်း မောင်းထွက်သွားကြသည်။

"ဟဲ့ အလင်း အလင်း ဘာဖြစ်လာတာလဲ၊ ဂျာနယ်တွေလည်း မကုန်သေးဘဲနဲ့ နားချင်လို့လား၊ ငါ တစ်လှည့် သွားရောင်းလိုက်မယ် လေ"

"ရောင်းမနေနဲ့တော့၊ ကုန်ချင်ကုန် မကုန်ချင်နေ"

"နင် တစ်ခုခု ပြဿနာဖြစ်လာတာလား အလင်း"

"ငါ ဖေဖေ့ကို တွေ့လိုက်တယ်"

တိုပြတ်သော စကားနှင့် ဂျာနယ်တွေကို ဗုန်းခနဲ ပစ်ချကာ လရိပ် ထိုင်နေတဲ့ ရေတမာပင် အရိပ်လေးမှာ အလင်း ဝင်ထိုင်လိုက်သည်။

"ကားပေါ်မှာ တွေ့လိုက်တာလား"

"ဟုတ်တယ် ဘေးမှာပါလာတဲ့ မိန်းမငယ်ငယ်လေး သတိထား





မိသွားမှာစိုးလို့ အန္တရာယ်ဖြစ်မှာတောင် မကြောက်တော့ဘဲ ကားကို တရကြမ်း မောင်းပြေးသွားတယ်"

"နင့်ကို မမြင်တာလည်း ဖြစ်နိုင်ပါတယ်ဟယ်"

"မမြင်စရာ အကြောင်းမှ မရှိတာ လရိပ်ရယ်၊ ငါ့ကိုတောင် ရှောင်ကွင်း မောင်းသွားတဲ့ဥစ္စာ၊ ငါ ဖေဖေ့ဆီက ငွေကြေးထောက်ပံ့မှုကို လိုချင်တာ မဟုတ်ဘူး။ ဒုက္ခိတ သားတစ်ယောက် နေပူစပ်ခါး လမ်းလယ် ခေါင်မှာ ဈေးရောင်းနေတာ၊ နည်းနည်းတော့ အသိအမှတ်ပြုသွားစေ ချင်တယ်၊ ခုတော့ မျက်စိမျက်နှာပျက်ပြီး မောင်းပြေးသွားလိုက်တာ၊ ဘက်မှန်ကတောင် လှည့်ကြည့်မသွားဘူး"

အလင်းက အံတကြိတ်ကြိတ် တက်တခေါက်ခေါက်။ ပါးပြင်ပေါ် က မျက်ရည်စီးကြောင်းလေးကလည်း နိုကိုးရာမဲ့စွာ။

"အလင်း"

ဘယ်လို နှစ်သိမ့်ရမလဲ အတွေးနှင့် နှုတ်ဆိတ်သည်သာစွာ ခေါ်လိုက် သော်လည်း အလင်းက ပြန်မထူးဘဲ ရေတမာပင်လေးကို ခေါင်းမှီကာ မျက်လုံးကို စုံမှိတ်၍ လက်သီးဆုပ်လေးကို တင်းနေအောင် ဆုပ်ထား သည်။

လရိပ် ပင့်သက်ရှိုက်ကာ ထိုလက်သီးဆုပ်လေးပေါ် သူ့မ လက် ကလေးနှင့် ဖွဖွလေး အုပ်မိုးဆုပ်ကိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နားကြည်းလို့ရတယ်၊ ဝမ်းနည်းလို့ ရတယ်၊ ပြစ်မှားလို့ မဖြစ်ဘူးနော် အလင်း"

"ငါ စိတ်မကောင်း ဖြစ်နေတာပါ"

"မယယိမ်းကိုလည်း သွားမပြောနဲ့နော်"

"မယယိမ်း စိတ်ဆင်းရဲရမယ့် စကားမျိုး ငါ ဘယ်တော့မှ ပြောမှာ မဟုတ်ပါဘူး၊ နင့်ကိုသာ ရင်ဖွင့်ချင်တာ"

"နင် စိတ်သက်သာမယ်ဆိုရင် ငါ နားထောင်ပေးမှာပေါ့၊ ဖျောင်းဖျအားပေးမှာပေါ့ အလင်းရယ်"

"လရိပ် နင် ငါ့ကို နားလည်ပေးနိုင်တယ်နော်"

"အင်း၊ တို့နှစ်ယောက်က ဘဝတူတွေပါ၊ ငါ့နှုတ်က ဖွင့်ပြောမထွက်သေးတဲ့ စကားလုံးတွေ ငါ့ရင်ဘတ်ထဲမှာ အပြည့်ရှိတယ်၊ နင့်နားနဲ့ နားထောင်ခွင့် မရှိသေးပေမယ့် နှလုံးသားနဲ့ လက်ခံပေးထားပါနော်"

"အလင်းရယ်"

လရိပ် ခေါင်းလေး အလင်းပခုံးပေါ် ညင်သာစွာ မှီကျလာသည်။ အလိုက်သင့် ထွေးဖက်ရင်းဖြင့် ရှုံ့မှုရနံ့ သင်းနေသော ဆံနွယ်တွေကို ဖွဖွနမ်းမွှေးမိသည်။

ရုန်းဖယ်ခြင်း လူးလွန့်ခြင်း၊ ငြင်းဆန်ခြင်း မရှိတဲ့ လရိပ်ရင်ထဲ





မှာ ထိုအနမ်းတစ်ချက်က နူးညံ့သိမ်မွေ့စွာ စီးမျောပျော်ဝင်သွားသည်။ ထွေးဆုပ်ခံထားရသော လက်ဖဝါးလေးမှ တစ်ဆင့် ခန္ဓာတစ်ခုလုံးရှိ သွေးကြောမျှင်လေးများက ပူနွေးလှိုက်ဖြာလျက် သံလိုက်ဓာတ် တစ်မျိုးလို ခွာမရအောင် ကပ်ထားချင်သည်။

ဂါပေမဲ့ ရမ္မက်ဆန္ဒတွေ မပါပါဘူး။

အာသာငမ်းငမ်း မှတ်သိမ်တောင့်တမှုတွေ မပါပါဘူး။

မြူစင် အေးမြနေသော ချစ်ခြင်းတရားဖြင့် ခံစားနားလည်ပေးချင်သော အာသီသများရယ်ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ဟာ မရပ်မနား အသကုန်တွတ်နေတာ လမ်းမှာ ဘာတွေ ပေါက်ကွဲလာလို့လဲ ကိုပိုင်ကြီး"

"မသိပါဘူး ဦးဇော်နိုင်ရယ် မီးပွိုင့်တစ်ခါမိလာပြီးကတည်းက နောက်မီးပွိုင့်တွေ မိတော့လည်း စိတ်မရှည် မျက်နှာကြီး သုန်သုန်မှုန်မှုန် နဲ့ ရှယ်လီကို စင်တာလည်း လိုက်မပို့ ဟိုတယ်လည်း လိုက်မကျွေးဘဲနဲ့ ကားလျှောက်မောင်းပြီးမှ ဒီကို ရောက်လာတာပဲ"

"ညည်းနဲ့ရော ကျိုင်တက်လာသေးလား ရှယ်လီ"

"ဘာတက်စရာရှိလို့လဲ၊ အိမ်ကနေ စိတ်တူကိုယ်တူ ကြည်ကြည် ဖြူဖြူ ထွက်လာကြတာပဲ၊ ပထမ သီချင်းခွေ မအောင်မြင်လို့ နောက် သီချင်းခွေအတွက် လုပ်ပေးနိုင်အောင် ကြိုးစားဦးမယ်လို့တောင် ပြောနေ သေးတာ"





"ဒါဆို အတွင်းကြေ ကြိတ်ပြီး ခံစားနေရတဲ့ ဝေဒနာလားမှ မသိတာ၊ ကိုပိုင်ကြီး အဲလိုတော့ မလုပ်ပါနဲ့၊ မဟေသီလေးလည်း အနား မှာရှိတယ်၊ ကျွန်တော်တို့ဆီလည်း ရောက်နေပြီပဲ၊ ရင်ဖွင့်လေဗျာ လန်း သွားတာပေါ့"

"ကျစ်"

စိတ်ရှုပ်ထွေး နောက်ကျိနေသည်မို့ ဦးဇော်နိုင်တို့နှစ်ယောက် နှင့် ရှယ်လီရဲ့ အချီအချ ဝေဖန်နှိက်ချွတ်မှုများကို ဦးကျော်ပိုင် စိတ်မရှည် သလို ကျစ်ခနဲ ညည်းညူမိလိုက်သည်။

နောက်မှ ပင့်သက်ရှိုက်ကာ ဘီယာခွက်ကို ပြန်ချလိုက်ပြီး မျက်နှာညိုညို ဖြစ်နေဖသော ရှယ်လီ ပခုံးလေးကို ဆုပ်ဖက်၍

"ကိုကြီး လက်ကိုင်အိတ်ထဲက ငွေကို ရှယ်လီ လိုသလောက် ယူပြီး ဝယ်ချင်တာတွေ သွားဝယ်ချည်ကွာ၊ ကိုကြီး ဒီမှာ ကျန်ခဲ့ဦးမယ်"

"ဟင် ကိုကြီး မလိုက်တော့ဘူးလား"

"ကိုကြီး ညစ်နေလို့ပါ၊ အိမ်ပြန်နောက်ကျရင်လည်း စိတ်မပူနဲ့ နော်"

"ရတယ်လေ၊ ကိုကြီးထက် ရှယ်လီ နောက်ကျရင်လည်း စိတ်ပူ မနေနဲ့ပေါ့"

မထီမဲ့မြင် အပြုံးနှင့် ဦးကျော်ပိုင် လက်ကိုင်အိတ်ထဲက ငွေ



www.burmeseclassic.com

www.burmeseclassic.com



အထပ်လိုက် ယူကာ သူမ စလင်းဘက်အိတ်ထဲ ထည့်လိုက်ပြီး ရှယ်လီ ကြောင်ကြောမော့မော့လေး ထွက်သွားသည်။

ဦးကျော်ပိုင်က ဘီယာခွက် ကောက်မော့ပြီး သက်ပြင်းရှိုက်ပြန် ၏။ ဖျော်ဝန်းထဲမှာ ခြေထောက်ကျိုးလေးဖြင့် ဂျာနယ်တွေ မွေ့ပိုက်ရောင်း နေသော သားငယ် ပုံရိပ်လေးကို တရစ်ဝဲဝဲ မြင်ယောင်နေသည်။

သူက ရှာဖွေရသမျှ စည်းစိမ်ဥစ္စာတွေနှင့် ပြီးပြည့်စုံနေချိန်မှာ သားသမီးတွေက အဲဒီလိုတွေ ဒုက္ခရောက်နေကြပြီလား။

အမင်းကို ကြည့်တော့လည်း အမြဲတမ်း ပေါ့ပါးလန်းဆန်းလျက် ငွေကို ပိုပိုလျှံလျှံ သုံးဖြုန်းနေနိုင်သားပင်။

သူ့ဆီကိုတောင် အမင်း ခဏ ခဏ ငွေလာတောင်းတတ်ပေ မယ့် ဘာတွေ လုပ်ကိုင်စားနေကြလဲ အဆင်ပြေကြလားဟု သူ မမေးမိ။ အရွယ်ရောက်နေကြတဲ့ သားသမီးတွေ သူတို့ကိုယ် သူတို့ ရပ်တည်နိုင်ကြ မှာပဲပေါ့။

သူတို့တွေရဲ့ အမေကလည်း သူတို့ကို ခွန်အားတွေ ပေးခဲ့မှာပါ။ ရှိနေစဉ် အချိန်ကတောင် သူ့ထောက်ပံ့မှုကို အားမကိုးဘဲ သားသမီးတွေ ကို ပြုစုစောင့်ရှောက်နိုင်ခဲ့သေးတာ။

လုပ်ချင်ရာလုပ် ဖြစ်ချင်ရာဖြစ် ဥပေက္ခာပြုခဲ့တာက သူတို့ အမေ။ ဒါကို သူက ဘာပူပင်စရာ လိုလို့လဲ။





"ရှင် နေချင်သလိုနေ လုပ်ချင်တာ လုပ်လို့ရတယ် ကိုကျော်ပိုင် ကျွန်မသားသမီးတွေအတွက် နောက်ဆံမတင်းနဲ့၊ မပူပင်နဲ့ ကျွန်မ ဝ အောင် ရှာကျွေးမယ်၊ ပြည့်စုံအောင် ထားနိုင်တယ်၊ မူးရူးသောက်စား လာတဲ့ ရှင့်ကိုတော့ မပြုစုနိုင်ဘူး" တဲ့။

တဲ့။ သူ အိမ်ပြန်ချိန် နောက်ကျသည့်အချိန်တိုင်း ပွဲကောင်းလို့ မူးရူးလာတိုင်း အမြဲတမ်း ဆူပူရေရွတ်တတ်သော ထိုစကားတွေ အကြိမ် ရေတွေများလာတော့ သူကလည်း ပိုရွဲ့တတ်လာသည်။

မိန်းမက နားလည်မှု မရှိတော့ အပြင်မှာပဲ အနေများပြီး ကလေးတွေနဲ့လည်း သူစိမ်းဆန်ကာ အေးစက်စက် ဖြစ်လာသည်။

အမင်းတစ်ယောက်သာ သူ့ကို မုန့်ဖိုးတောင်း၊ လိုချင်တာတွေ ဝယ်ခိုင်းနှင့် ရင်းနှီးမှု ရှိ၏။

သူ့ရဲ့ပြောင်းလဲမှုက အလင်းလေး မွေးမှ ပိုဆိုးလာသည်။ အပေါင်းအသင်းတွေက အပြောင်အနောက် အထင်သေး ရွှတ်ချကြ၏။

မွေလွန်းရှုပ်လွန်းလို့ သားသမီးမှာ ဒီလို ဖြစ်ရသည်ဆိုပဲ။ သူနဲ့ ဘာဆိုင်လို့လဲ။ နောက်နောက်က ကံအကြောင်းတရားကြောင့် မဟုတ်ဘူး လား။

ထိုအတွေးနှင့် ဒီကလေးကို ချိုပိုးထိန်းကျောင်းခြင်း မပြုခဲ့ တိုဟာ ဒီဟာ ဝယ်ပေးဖို့လည်း မစဉ်းစားခဲ့။

www.burmeseclassic.com



နေသာသလို နေရင်းဖြင့် ကိုယ့်စိတ်ဆန္ဒတစ်ခုကိုသာ ဦးစား ပေးခဲ့သည်။ မိသားစုအပေါ် လျစ်လျူရှုထားမိသလား။ ဥပေက္ခာပြုထား မိခဲ့သလား။ အရေးတယူ စဉ်းစားမနေတော့တဲ့ ဒီလို အခြေအနေတွေထိ ဖြစ်လာသည်။

"ကိုပိုင်ကြီး"

"ဟင် ခြော်"

ဦးဇော်နိုင် ဖျတ်ခနဲ ပုတ်ကာ ခေါ်လိုက်တာကြောင့် တွေးတော နေမိတဲ့ အကြောင်းအရာတွေ ကဆင့်ကလျား ဖြစ်ကုန်သည်။ ဦးမောင် မြင့်က သူ့ရှေ့ကို ဘီယာခွက် ထိုးပေးပြီး

"စံချိန်ချိုးနေတာတောင် ငြိမ်နေတုန်းပါလား ကိုပိုင်ကြီး၊ အပြင်း ထပ်ချမလား"

"နေ နေ ကျွန်တော် ဒါပဲ သောက်မယ်၊ ခင်ဗျားတို့မှာချင်ရင် မှာလေ၊ ကျွန်တော် ဒကာခံပါ့မယ်"

"မလုပ်ပါနဲ့ဗျာ ကျွန်တော်တို့ လစ်မစ်က ဒါကုန်ရင် ပြီးပြီ၊ ကျော်သွားရင် အိမ်ပြန်ရောက်တာနဲ့ မိန်းမ အရိုက်ခံရမှာ၊ ဒါနဲ့ ကိုပိုင် ကြီး ဒီနေ့ ဘာဖြစ်နေတာလဲ"

"ဘာရယ် မဟုတ်ပါဘူး၊ ကလေးတွေ လုပ်ကိုင်စားသောက်နေ ကြတာ အဆင်ပြေရဲ့လားလို့ တွေးမိလို့ပါ"





"အဆန်းပါလား ကိုပိုင်ကြီးရ၊ စကားလုံးအသစ်တွေနဲ့ ခံစားနေ တာလား။ သူတို့တွေနဲ့ ပတ်သက်ပြီး ကိုပိုင်ကြီး အလေးအနက် မဖြစ်ရှူး ပါဘူး"

"သူတို့အမေ မရှိတဲ့အချိန်မှာ တာဝန်ပျက်ကွက်သလိုချည်း ဖြစ်နေသလားလို့ပါ၊ ဒါပေမဲ့ သူတို့ အမေပေးခဲ့တဲ့ အင်အားတွေကြောင့် သူတို့ကိုယ် သူတို့ ရပ်တည်နိုင်ကြမှာပါ"

ဖြေပြောပြောနေရပေမယ့် သားငယ် ပုံရိပ်က မျက်လုံးထဲက မထွက်။ သူက အဲကွန်းဖွင့်ထားတဲ့ ကားလေးထဲမှာ တခြား မိန်းမ တစ်ယောက်နှင့်။

"ဟာ ကိုပိုင်ကြီး ဟိုမှာ ခင်ဗျား သမီးအကြီးမ မဟုတ်လား"

"ဟင်"

ဦးဇော်နိုင် မေးငေါ့ပြရာ ခေါင်းက ချာခနဲ လှည့်ထွက်သွား သည်။ ယောကျ်ားသား အများစုရှိနေတတ်တဲ့ ဒီလို စားသောက်ဆိုင်ကြီး ထဲကို ရိုးရိုးငြိမ်ငြိမ် နေတတ်တဲ့ သမီးက ဘယ်လိုအကြောင်းကြောင့် ရောက်လာနိုင်ရတာလဲ။

"ဟုတ်တယ် မဟုတ်လား ကိုပိုင်ကြီး"

ဟုတ်ပါတယ်လို့ မထောက်ခံနိုင်အောင် ဦးကျော်ပိုင် မျက်လုံး အစုံ ပြူးကျယ်လျက် သွေးတွေ ဆူပွက်ပြင်းထန်ကာ သွေးပျက်ရောက်ရှား



www.burmeseclassic.com

www.burmeseclassic.com



နေသည်။

ကြည့်နေရခက် ထိုင်ရအခက် ထရအခက်။

"သူ တွဲလာတဲ့ ပုဂ္ဂိုလ်ကြီးက ခင်ဗျားထက် မြာစွံတယ်နော် ကိုပိုင်ကြီး။ အဲဒီဘက်မှာ အရမ်းရက်ရောပြီး နာမည်ကြီးတယ်"

"အဲဒီလူနဲ့ ကျွန်တော်လည်း အလုပ်တစ်ခါ တွဲလုပ်ဖူးတယ်၊ မိန်းမတွေကို တရားဝင် လက်ထပ်မယူတဲ့ အပျော်အပါးလောက် အာသီသ ရှိတာ၊ ဘယ်လိုအချိတ်အဆက်မိသွားပြန်လဲ မသိဘူး"

ဦးဇော်နိုင်တို့နှစ်ယောက် ပြောနေတာတွေ နားထဲမရောက်။ ရက်ဒေါ်သတို့ ပြင်းထန်ကာ ခေါင်းကို ဆတ်ခနဲ ခါပစ်လိုက်ပြီး ဖြုန်းခနဲ ထရပ်လိုက်၏။

ဦးဇော်နိုင်က သူ့လက်ကို ဖျတ်ခနဲ ပြန်ဆွဲလိုက်သည်။

"နောက်မှ အေးအေးဆေးဆေး သွားရှင်းလိုက် ကိုပိုင်ကြီး။ ဒီနေရာမှာ ပွဲကြမ်းလိုက်ရင် နှစ်ခါပြန် အရှက်ရမယ်"

နေရာမှာ ပြန်ထိုင်လိုက်ရပေမယ့် လှုံ့က ဂနာမငြိမ်။

ရင်ထဲမှာ အကြိမ်ကြိမ် တက်ခေါက်ရင်းဖြင့် မျက်နှာတစ်ခုလုံး နီမြန်းထူပူနေသည်။ ဟိုအရင်က ရိုးယဉ်သော အဝတ်အစားများနှင့် မဟုတ်ဘဲ လည်ဟိုက်တွေ စကပ်အတိုတွေ ဝတ်လာသော သမီးက သိန်းထိုက်ဆိုတဲ့ လူရဲ့လက်ကို ကန့်ကလျ တွဲဆုပ်ကိုင်၍ ထောင့်ကျကျ





စားပွဲဝိုင်းတစ်ခုမှာ သွားထိုင်သည်။

ရမ္မက်ဆန်သော သိန်းထိုက်ရဲ့ မျက်နှာကြီးက ချီအီနေသော သမီး၊ မျက်နှာလေးကို အရိပ်တကြည့်ကြည့်ဖြင့်။

သူနဲ့ဒီလူ အသက်ကွာလှ သုံးလေးနှစ်ပေါ့။ အဖေလောက်ရှိတဲ့ အရွယ်ကြီးကို သမီး ဘာကြောင့်...။

"ကျွန်တော် ပြန်နှင့်မယ် ဦးဇော်နိုင်"

"ဟာ ဘယ်လိုဖြစ်တာလဲ ကိုပိုင်ကြီး ဒီနေ့ မလန်းပါလား"

"မပေါသီလေးဆီ ခွင့်တောင်းထားတာတောင် မနေတော့ဘူး လားဗျ"

ဘယ်သူ့ကိုမှ ဘာမှပြန်ဖြေချင်စိတ် မရှိ။ ဘယ်နေရာကိုမှ မကြည့်မိအောင် ကြိုးစားရင်း ရှေ့တူရှုကိုသာ တရှူးထိုး လျှောက်လာခဲ့သည်။

ဆူးချွန်ပေါင်းများစွာနှင့် ထိုးစိုက်ခံရသလို ခန္ဓာကိုယ်တစ်ခုလုံး တဆစ်ဆစ် တဖျဉ်းဖျဉ်း ဖြစ်နေသည်။

ဘာကြောင့် ဒီသားသမီးတွေ သူ့ကို အရှက်ရအောင် လုပ်နေကြတာလဲ။

အပေါင်းအသင်း မိတ်ဆွေတွေရှေ့မှာ ကဲ့ရဲ့ အထင်သေးအောင် ဘာ့ထိသိက္ခာကျအောင် လုပ်နေရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့လေးတွေရဲ့ အမေသာ ရှိနေသေးရင် ဒီလို ဖြစ်ကြမှာ မဟုတ်။ သူတို့လည်း ကက်ကက်လန် ရန်တွေ့၍ နှိမ်ချပြောဆိုဦးမှာ သေချာသည်။

ဘာတွေ ဘယ်လိုဖြစ်နေကြတာလဲ။

သမီးကြီးက ငွေအတွက်များ ဒီလောကထဲကို . . ။

■ ■ ■



## အခန်း (၂၂)

"ရှော့ မင်းတောင်းထားတဲ့ ငွေတစ်သိန်း။ နောက်လိုရင်လည်း မမယိမ်းကို ပြော၊ အလင်းကို ရန်မရှာနဲ့"

"အဟင်း မမယိမ်းက အလင်းကို ကျွန်တော့်ထက် ပိုချစ်တယ် နော်၊ အလုပ်တွေ လုပ်ပြနေလို့ ထင်တယ်"

"ခုကို့တလေးမို့ပါ ချစ်တာကတော့ မောင်နှစ်ယောက်လုံး အတူ တူပါပဲ၊ ကဲ မင်းလိုတဲ့ ပိုက်ဆံရပြီ မဟုတ်လား။ ဘယ်နေ့ ခရီးထွက်မှာ လဲ၊ ဘာလိုအပ်သေးလဲ"

"မလိုတော့ပါဘူး ဖေဖေ့ဆီကလည်း သွားတောင်းထားလို့ အဆင်ပြေနေပါပြီ၊ ခရီးက ဒီနေ့ည ထွက်ကြမှာ၊ ကျွန်တော်ကတော့ လမ်းမှာ ဝယ်စရာလေးတွေ ရှိသေးလို့ အခုပဲ သွားလိုက်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ပြန်လာရင် ဖိုင်နယ်အတွက် စာကြိုးစားဖို့ မမေ့နဲ့ဦး၊ ထမ်းနှစ်ကျန်ကျူရှင်စရိတ်က နည်းတာ မဟုတ်ဘူး"

ဂျင်းဘောင်းဘီတွေ တီရှပ်တွေ လဲလှယ်ဝတ်ကာ ပြောင်လက်နေသော ရှူးဖိနပ်ကို စီးလျက် ကျောပိုးအိတ်ကို လွယ်ပြီး မြို့ကြွစွာ ထွက်သွားခဲ့သည်။

"အမင်းကို ပေးလိုက်တဲ့ ငွေ ဘယ်ကချေးလာတာလဲ မမယိမ်း"

"ဟင်"

ယိမ်းအနား ဝင်ထိုင်ပြီး မေးလိုက်တဲ့ အလင်း စကားကို ယိမ်း ဘာပြန်ဖြေရမှန်းမသိ။ မျက်လုံးတွေကို ဟိုဒီလွှဲဖယ်လျက်

"မမယိမ်း အလုပ်တစ်ခု လက်ခံလာပြီး လစာကြိုထုတ်လာတာ"

"ဘာအလုပ်လဲ"

"ဘာအလုပ်ဖြစ်ဖြစ် အိမ်မှာ အဆင်ပြေဖို့ အရေးကြီးတာ မဟုတ်ဘူးလား။ အလင်းကိုလည်း ချေးမရောင်းစေချင်တော့ဘူး။ တက္ကသိုလ်ဝင်တန်း စာမေးပွဲက ပေါ့လျော့လို့ မဖြစ်ဘူးလေ"

"ကျွန်တော် သိပါတယ်၊ ညတိုင်း စာကို ဂရုစိုက်ကျက်နေတာ မမယိမ်း မြင်သားပဲ၊ ကျူရှင်မယူလည်း အောင်မယ်ဆိုတာ သား၊ အာမခံ





တယ်"

"ဟင်း ဟင်း မမယိမ်း မောင်လေး အရမ်းတော်တယ်ဆိုတာ သိပါတယ်ကွယ်၊ ဂုဏ်ပြုတဲ့အနေနဲ့ မမယိမ်းတို့ ထမင်းတူတူ စားကြမယ် နော်"

"ဟုတ် သားလည်း ဗိုက်ဆာနေတာနဲ့ အတော်ပဲ ဪ ဒါနဲ့ မမအလုပ်က နေ့လယ်ကတည်းက ထွက်သွားပြီး ညအချိန်မရှိမှ ပြန်လာရတယ်၊ တစ်ခါတလေလည်း မနက်မိုးလင်းမှ ပြန်ရောက်တယ်၊ သားတော့ စိတ်မချပါဘူး။ တခြားအလုပ် ပြောင်းလုပ်ပါလားဟင်"

"အလင်းရယ် အဲလို အချိန်ပိုတွေ ဆင်းရလို့ လစာကောင်းကောင်း ရတာပေါ့ကွာ၊ မမယိမ်းကို စိတ်မပူနဲ့၊ မမက ကိုယ့်စိတ်ကိုယ် ထိန်းသိမ်းစောင့်ရှောက်နိုင်တဲ့ ရင့်ကျက်တဲ့အရွယ် ရောက်နေပြီ ဟုတ်ပြီ လား"

"ဒါဆိုလည်း အလုအပတွေ သိပ်မပြင်ပါနဲ့လား၊ မမယိမ်း ဝတ်တဲ့ အဝတ်အစားတွေကလည်း အရင်လို မဟုတ်တော့ဘူး၊ ပတ်ဝန်း ကျင်ကတောင် ပြောလာကြပြီ"

အလင်းကို ယိမ်း ဘယ်လိုရှင်းပြရမလဲ။

အလင်းရဲ့ ပူပန်မှုက ယိမ်းအခြေအနေ သိအောင် ဖော်ရစေ့ ချွန်းကျ စစ်တမ်းကောက်နေသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့နေ့ အလင်း သိသွားလျှင် ဘယ်အတိုင်းအတာထိ ခံစားသွားရမလဲဆိုတာ မခန့်မှန်းရဲ။

ဤသို့မြေပျက် အိမ်ရဲ့အဆင်ပြေမှုတွေအတွက် သွားလာလှုပ်ရှား ဖန်တီးနေရသော်လည်း ကိုယ့်ကိုယ်ကို မလုံမလဲနှင့် ရှက်ရွံ့သိမ်ငယ်မိသည်။

ဒါပေမဲ့ မောင်လေးတွေအတွက် ယိမ်း သွေးကြောင်လို့ မဖြစ်ပါ။ သူတို့လေးတွေ ပညာရေး ဆုံးခန်းတိုင်စေချင်သည်။

ပူပင်သောကတွေ မရှိဘဲ ဘဝကို အေးချမ်းပြည့်စုံစွာ ဖြတ်သန်းစေချင်၏။

"တွေးကြောက်နေလား ယိမ်း၊ ဒီလောကက အဝင်လွယ်ပေမယ့် အထွက် ခက်တယ်နော်၊ ငွေရလွယ်တော့ ကျန်တာတွေ ဂရုမစိုက်ချင်တော့ဘူး"

"ငါက အချိန်အတိုင်းအတာ တစ်ခုပဲ ဆုံးဖြတ်ထားတာပါ အိမ်က ထွက်လာရင် ငါဟာ တန်ဖိုးမဲ့တဲ့ မိန်းမဖြစ်နေပါရောလားလို့ တွေးပြီး ကိုယ့်ကိုယ်ကို ရွံရှာစက်ဆုပ်မိတယ်၊ အိမ်ပြန်ရောက်တော့ ငါ့ မောင်လေးတွေကို ပြည့်ပြည့်စုံစုံ မငြိုငြင်အောင် ထားနိုင်ပါလားဆိုပြီး ပီတိ ဖြစ်မိပြန်တယ်၊ ဒါပေမဲ့ အမင်း ကျောင်းပြီးတာနဲ့ ရုန်းထွက်နိုင်အောင် ငါ ကြိုးစားမှာပါ"





အေးမကို ပေးခဲ့မိသည့် ကတိက အလွယ်တကူ ဖောက်ဖျက်ရန် ခက်ခဲသော သစ္စာဖြစ်သည်။ ...

အေးမကို ပေးခဲ့မိသည့် ကတိက အလွယ်တကူ ဖောက် သေချာဆုံးဖြတ်ထားသည့်အတိုင်း လေးလေးနက်နက် ပြောဖြစ်ခဲ့တာ ဖြစ်သည်။ ဒါကြောင့်မို့ အချိန်အတောအတွင်းမှာ မောင်လေးတွေကို မသိစေ ချင်။

"ဟာ အိမ်ရှေ့က ကားသံကြားတယ် မမယိမ်း။ ဘယ်သူလဲ မသိဘူး"

အလန့်တကြား အလင်း အော်သံကြောင့် အတွေးတို့ လက်စသတ်ကာ ထမင်းတွေ ခူးပြီးမှ မစားဖြစ်တော့ဘဲ အိမ်ရှေ့ ထွက်လာခဲ့သည်။

"ဟင် ဖေ ဖေဖေ"

ယိမ်းတို့ အိမ်ပြောင်းရွှေ့ပြီး နောက်ပိုင်း ဖေဖေ့ကို တစ်ခါမှ မတွေ့ရတော့တာမို့ ခုလို မျက်ဝါးထင်ထင် မြင်လိုက်ရချိန်မှာ ယိမ်း ဝမ်းသာအားရ ဖြစ်သွားသည်။

ဒါပေမဲ့ အိမ်ပေါ်လှမ်းတက်လာသော ဖေဖေ့မျက်နှာ သုန်မှုန် တင်းမာနေမှုကြောင့် ခြေလှမ်းတို့ နေရာမှာတင် တုံ့ခနဲ ရပ်တန့်သွားသည်။

ဖေဖေက ခြေလှမ်းကျဲနှင့် ယိမ်းရှေ့တည့်တည့် လာရပ်သည်။

"နင်တို့က ပြောဆိုဆုံးမမယ့်သူတွေ မရှိတော့ဘူးဆိုပြီး လုပ်ချင်တာ လုပ်၊ ဖြစ်ချင်တိုင်းဖြစ်နေကြတာပေါ့ ဟုတ်လား ယိမ်း"



www.burmeseclassic.com

www.burmeseclassic.com



"မေ မေမေ ဘာတွေပြောနေတာလဲ၊ ယိမ်း နားမလည်ဘူး"

"နားမလည်ဘူး ဟုတ်လား၊ နင်တို့ကို ဂရုမစိုက်မိတဲ့ ငါ့ကို ယောင်ဒါတတ်လုပ်ဖို့ ကြိုးစားနေတာလား ယိမ်း။ မနေ့က စိန်ရတီ စားသောက်ဆိုင်ထဲ သိန်းထိုက် ဆိုတဲ့လူနဲ့ နင် ဘာလာလုပ်တာလဲ"

"ရှင် ဟို အဲ အဲဒါ အလုပ်ကိစ္စနဲ့ပါ မေမေ"

မေမေ ဘယ်လို သိသွားလဲဆိုသည့် စိုးရိမ်စိတ်က ယိမ်းကို တုန်ပြာ ရှက်ရွံ့သွားစေ၏။ အတတ်နိုင်ဆုံး ဖုံးကွယ်ငြင်းဆန်ဖို့တော့ စဉ်းစားမိသည်။

ဒါပေမဲ့ မေမေ့မဲ့ပြုံးက အားလုံးကို သိနေသလို ဖြစ်နေ၏။

"နင်က အဲဒီလူနဲ့ အလုပ်တွဲလုပ်နေတာလား။ အဲဒီလူ ဘာအလုပ်လုပ်တယ်၊ ဘာကောင်လဲဆိုတာ ငါ သိတယ်၊ နင်တို့ ဘာဖြစ်တော့မယ်ဆိုတာလည်း ငါ ခန့်မှန်းလို့ ရနေပြီ သိရဲ့လား"

"သိတယ်ဆိုရင်လည်း မေမေနဲ့ ဘာမှမဆိုင်သလို နေပေးပါ မေမေ"

"ဘာ"

မထူးတော့ပြီမို့ ခုခံကာကွယ်ရုံတင် မဟုတ်တဲ့ တိုက်ခိုက်တဲ့ပြန်ဖို့အထိ ယိမ်း အဆင်သင့် ပြင်လိုက်သည်။ တင်းမာနေသော မျက်နှာနှင့် ကျယ်လောင်သွားသော မေမေ့ဒေါသကို ယိမ်း စိုးရွံ့နေလို့ မဖြစ်။





"ယိမ်း ကိုယ့်ကိုယ်ကို အတွက် မောင်လေးတွေအတွက် ရုန်းကန်နေတာပါ၊ မေမေတို့လို လူမျိုးတွေ ငွေတွေကို ဘယ်နေရာတွေမှာ သုံးသလဲဆိုတာလည်း သိခွင့်ရသွားတာပေါ့"

"ယိမ်း နင် နင် ငါ့ကို ပမာမခန့် ပြန်ပြောနေတာလား၊ ငါ့ကို ဂရုမစိုက်တဲ့ သဘောလား"

"မိဘ ဆိုဆုံးမမှု မရှိ၊ အထိန်းအကွပ်မရှိရင် သားသမီးတွေ အဲလို ရိုင်းစိုင်းသွားတတ်ကြပါတယ် မေမေ၊ ပြီးတော့ ကဆင့်ကလျား ဖြစ်ချင်တိုင်းဖြစ် ပျက်စီးချင်တိုင်း ပျက်စီးသွားတတ်ကြပါတယ်"

"ဩော် တော်တော် စာတတ်နေပါလား ယိမ်း။ နင် သွားနေတဲ့ လမ်းကြောင်းက ငါ ဘယ်လောက် အရှက်ရ သိက္ခာကျရတယ်ဆိုတာ မသိဘူးလား"

"ယိမ်း မရှည်ရှယ်ပါဘူး မေမေ၊ ယိမ်း ဘဝက ကံဇာတ်ဆရာ ချတဲ့ ဇာတ်ရုပ်မှာ စိတ်မပါဘဲ သရုပ်ဆောင်နေရတာပါ၊ ဒီအလုပ်ကို ပျော်မွေ့လို့ လုပ်နေတာလည်း မဟုတ်ပါဘူး"

"တော်ပြီ ယိမ်း နင့်အကြောင်းပြချက်တွေ ငါ နားမထောင်ချင်တော့ဘူး၊ နင် ဒီအတိုင်း ဆက်သွားမယ်ဆိုရင် ငါ့ကို ဘယ်နေရာမှာ တွေ့တွေ့ အဖေလို့ မခေါ်မိစေနဲ့၊ နင့်အမေလို မာနမျိုးနဲ့ သမီးကို ငါလည်း သမီးတစ်ယောက်အဖြစ် အသိအမှတ်မပြုတော့ဘူး နားလည်



www.burmeseclassic.com

www.burmeseclassic.com



လား"

မေမေ့ရဲ့ စိန်ခေါ်မှုက ယိမ်း တစ်ကိုယ်လုံး တဆတ်ဆတ်တုန်သွားစေ၏။ ဒီအလုပ်ကို လုံးဝ လုပ်စရာ မလိုဘူးလို့ အမိန့်ပေးခဲ့ရင်တောင် ဖခင်တစ်ယောက်ရဲ့ မေတ္တာတွေကြောင့်လို့ ဖြေသိမ့်တွေးလို့ ရနိုင်သေးသည်။

ခုတော့ အဖေလို့တောင် ခေါ်စရာ မလိုဘူးတဲ့။ ဘယ်လို အဆင်မပြေမှုတွေကြောင့် ဒီလိုဖြစ်ရတာလဲလို့ မေမေ ဘာကြောင့် မမေးရတာလဲ။

တစိမ့်စိမ့် တွေးရင်းဖြင့် တမြေ့မြေ့ နာကျည်းလာသည်။

"မေမေ အသိအမှတ်ပြုခံရဖို့ ယိမ်း ဂရုစိုက်နေမယ်ဆိုရင် မောင်လေးတွေကို ဘယ်သူ တာဝန်ယူမှာလဲ မေမေ"

"အခုရော အမင်းက ငါ့ဆီ ငွေလာမတောင်းဘူးလား။ အလင်းကရော လမ်းဘေးမှာ ဈေးရောင်းနေတာ မဟုတ်ဘူးလား။ တာဝန်တွေ ဝိနေတယ်ဆိုပြီး အသံကောင်း ဟစ်မပြနဲ့၊ ငါဆိုဆုံးမနေတာကို လက်မခံရင် နင်တို့ထိုက်နဲ့ နင်တို့ကံပဲ"

"မိဘက မေတ္တာနဲ့ ဆိုဆုံးမမှ သားသမီးက နားလည်မှုနဲ့ လက်ခံမှာပေါ့ မေမေ"

တုန်ပြာနေသော အလင်းအသံကြောင့် မေမေက ရှုံ့ခနဲ လှည့်





ကြည့်၏။

"မင်းလိုကောင်ကလည်း ငါ့ကို တိုက်ရိုက်ချင်နေတာပဲလား။ အမင်းလို ပါးနပ်မှု မရှိလို့ မင်းတို့နဲ့ ငါ ဝေးနေတာ"

"မနီးချင်ခဲ့တာက မေမေ မဟုတ်ဘူးလား။ အစကတည်းက လမ်းက တစ်လမ်းစီ လျှောက်နေကြတာပါ မေမေ၊ ဆုံဖို့ သိပ်မလွယ်ပါဘူး"

"အလင်း"

အလင်း လက်ကလေးကို ဆွဲ၍ ယိမ်း ဟန့်တားလိုက်ရသည်။ မေမေက တရှုးရှုးဖြင့် ဒေါသတွေကြီးကာ မျက်မှောင်ကြီး ကြုတ်ထား၏။

"မင်းတို့ မောင်နှမက မင်းတို့အမေနဲ့ တစ်သွေးတည်း တစ်သားတည်းပါလား။ မာနတွေနဲ့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ဒုက္ခရောက်မှ အမေ ကယ်ပါ လာမအော်နဲ့၊ ငါကလည်း ဖအေဆိုတဲ့ မာနနဲ့ နေသာသလို နေလို့ ရတယ် နားလည်လား"

အလင်း လက်သီးဆုပ်လေး တင်းခနဲ ဖြစ်သွားသည်မို့ နောက်ဆွဲပို့ရင်း ယိမ်း ရှေ့တိုးလိုက်သည်။

"ယုံကြည်ပါတယ် မေမေ၊ မေမေ အဲလို နေနိုင်တယ် ဆိုတာ ယိမ်းတို့ လက်တွေ့ ခံစားနေရတာပဲ၊ ယိမ်းတို့ မေ့ဆိုတာ ဘာမှမမျှော်လင့်ပါဘူး။ အမင်းကိုသာ ယိမ်း မထိန်းချုပ်နိုင်တာပါ။ အလင်း



www.burmeseclassic.com

www.burmeseclassic.com



လေးကို ဘယ်တော့မှ ဖေဖေ့ဆီ လက်ဝါးလာမဖြန့်စေရဘူး။ ဒုက္ခတွေကို မေမေ့ရှေ့မှာ မညည်းညူစေရပါဘူး ဖေဖေ''

ယိမ်းတို့ မောင်နှမကို ဖေဖေ ရူးစိမ်းနေအောင် ကြည့်ကာ တက်တစ်ချက်ခေါက် ချာခနဲ လှည့်ထွက်သွားသည်။

အလင်းကို ဖက်တွယ်ကာ ယိမ်း အင့်ခနဲ ရှိုက်ပစ်လိုက်၏။

လမ်းကြောင်းမှားနေတဲ့ သားသမီးတွေကို ဘာကြောင့် ရိုက်နှက်မဆုံးမခဲ့တာလဲ ဖေဖေ။

ဘာလို့ ဟိုဟာမလုပ်နဲ့ ဒီဟာလုပ်လို့ ချစ်ချယ်တင်းကျပ်ပြီး အမိန့်တွေ မပေးခဲ့တာလဲ။

တာဝန်သိတဲ့ ထောက်ပံ့မှုတွေကို မမျှော်ကိုးပေမယ့် မေတ္တာတွေနဲ့ ဂရုစိုက်မှုကိုတော့ ခံချင်ပါတယ် ဖေဖေ။

နားလည်မှုတွေ ဘာကြောင့် ချွတ်ချော် တိမ်းစောင်းနေရတာလဲ။

■ ■ ■



## အခန်း (၂၃)

''မမယိမ်း ဘာတွေလုပ်နေတာလဲ''

''ဟင်''

''ဖေဖေက အိမ်ကို တကူးတက လာပြီး မမယိမ်းကို ဘာလို့ ဒီလိုမျိုးတွေ ပြောဆိုသွားရတာလဲ''

''ဟဲ့ အလင်း အဲဒီစကားတွေက နင် မမယိမ်းကို သွားမေးရမှာ မဟုတ်ဘူးလား''

''မမေးရက်လို့ မကြားရဲလို့ ငါ ငါ့ရင်ဘတ်ကြီး တစ်ခုလုံး နာကျင်စုတ်ပြတ်နေပြီ၊ ဘယ်လိုမှ မပေါက်ကွဲရလို့ တင်းခံထားရတာ မခံစားနိုင်တော့ဘူး၊ မခံစားနိုင်တော့ဘူး လရိပ်ရာ ငါ ငါ''

အလင်းက အသံထွက်မငိုဘဲ ကြိတ်ရှိုက်နေသည်။ သိမ့်သိမ့်



www.burmeseclassic.com

လှုပ်နေသော အလင်း ကျော့ပြင်လေးကို လရိပ် လက်ကလေးနဲ့ သိုင်း ယှက်ဖက်တွယ်ကာ ဘယ်လိုနှစ်သိမ့်ပေးရမှန်း မသိ။

"အလင်း ကံကြမ္မာကြီးက နင်နဲ့ငါ့ကို အဆုံးထိ ဘဝတူတွေ ဖြစ်စေချင်တယ် ထင်တယ်"

"ဘာ နင် နင် မမယိမ်းအကြောင်း ဘာတွေ သိထားလဲ လရိပ်"

"နားထောင်လို့ မကောင်းတာကို မသိချင်ပါနဲ့လား အလင်း ရယ်"

"မဟုတ်ဘူး နင် သိသလောက် ပြောပြပါ လရိပ်၊ မမယိမ်း နဲ့ ပတ်သက်ရင် မကောင်းတာတွေရော ကောင်းတာတွေရော ငါ တစ် ယောက်ပဲ မျှဝေခံစားပေးမယ့်သူ နားလည်ပေးမယ့်သူ ရှိတာဟာ၊ ဖေဖေ ရော အမင်းရော မမယိမ်းကို စာနာမပေးကြဘူး"

"မမယိမ်းက မ မမ အေးမလို"

"ဘာ"

"နင်တို့တွေအတွက် အဲဒီဘဝထဲကို မမယိမ်း ရောက်သွားတာ ပါ၊ ဒါပေမဲ့ အချိန်အကန့်အသတ်နဲ့"

"အာ မမယိမ်းရာ"

အလင်းက မျက်စိကို စုံမှိတ်၍ တအား အော်ပစ်သည်။ အချိန်





တန်ကြာ သည်းထန်စွာ ရှိုက်ငိုခနေသော အလင်း ဆံပင်လေးတွေကို လရိပ် ဖွဖွလေး သပ်တင်ပေးနေမိသည်။

"နင် ရှက်သွားတာလား အလင်း"

"ဟင့်အင်း ယူကျုံးမရ နာမြောမိတာပါ၊ ဘာလို့ အဲလိုမျိုးကြီး ရွှန်းစားရမှာလဲ၊ တာဝန်မသိတဲ့ ဖေဖေကြောင့် နားလည်မှုမရှိတဲ့ အမင်း ကြောင့် မမယိမ်း ဒီဘဝထဲ ရောက်သွားရတာကို ရင်နာတာ၊ မတန်ဘူး မတန်ဘူးဟာ"

"အလင်းရယ် နင် ခြေထောက်ကျိုး ခုကွဲ့တ ဘဝနဲ့ ဈေးရောင်း နေတာကိုလည်း မမယိမ်း မကြည့်ရက်လို့ပါ၊ အိမ်မှာ ပြည့်စုံနေရင် နင် လုပ်မှာမဟုတ်ဘူးတဲ့လေ၊ သူ့ဘဝ အပြောင်းအလဲ ဖြစ်သွားတဲ့နေ့ က မမယိမ်း ငါတို့အိမ်ရောက်လာပြီး အသည်းအသန် ငိုတယ်ဟာ၊ နင် သိသွားရင် အရမ်းရှက်ရှာမှာ၊ ယူကျုံးမရ ခံစားရမှာတဲ့လေ၊ သူ့ဘဝ ပျက်စီးသွားတာထက် နင် စိတ်ထိခိုက်မှာကို ပိုပြီး စိုးရိမ်နေရှာတာ"

"မမ မမယိမ်းရယ်"

"အဲဒါကြောင့် နင် မသိချင်ယောင် ဆောင်နေပေးလိုက်ပါ ဟာ၊ အချိန်ခဏလေး သည်းခံအောင့်အီးနေလိုက်ပါ၊ အမင်း ကွေး ပြီးတာနဲ့ အားလုံးက အရင်အတိုင်း ပုံမှန်ပြန်ဖြစ်သွားပါလိမ့်မယ် နော် အလင်း"

www.burmeseclassic.com



ခေါင်းတွေကို အလင်း ခါထွက်နေအောင် ရမ်းလိုက် တဆတ်ဆတ် ညိတ်၍ မျက်ရည်တွေ သွန်ကျလာလိုက်ဖြင့် ဘာမှ မဝေခွဲနိုင်တော့သည့် သူရူးတစ်ယောက်လို ဖြစ်နေသည်။

အလင်း ခံစားနေရတာကို ကြည့်ရင်း လရိပ် ရင်တွေ ဆို့နင့်လိုက်မော ကျပ်ဆို့နေကာ မျက်ရည်တွေလည်း လိမ့်ဆင်းသွန်ကျလာသည်။ ဘယ်လို အားပေးကူညီရမလဲ။

ဖေးမ နှစ်သိမ့်ရမလဲ။

လရိပ်ဘက်ကလည်း ဇာနာ်စိတ် တစ်ခုပဲ တတ်နိုင်တော့တဲ့ အခြေအနေပါ။

"မမယိမ်းကို ငါ ဘယ်လို ကယ်တင်ရမလဲ၊ ငါ ငါကျောင်းထွက်ပြီး ဘာအလုပ်ပဲ ဖြစ်ဖြစ် လုပ်ရမလား ဟင် လရိပ်"

"အဲဒါဆိုရင် ဒီထက်ဆိုးတဲ့ ဘဝထဲကို မမယိမ်း တိုးဝင်သွားမှာပေါ့ အလင်းရယ်၊ အခုတောင် သူ့အရှက် သူ့သိက္ခာ၊ သူ့ဘဝတစ်ခုလုံး နင်တို့အတွက် စွန့်လွှတ်ရဲသေးတာ၊ နင် မသိသလို နေပေးလိုက်ရုံနဲ့ မမယိမ်း သူ့စိတ်သူ သန့်တယ်လို့ ထင်နေမှာပါ"

အလင်းက သက်ပြင်းရှည်ကြီးချ၍ မျက်ရည်တွေကို ကြမ်းတမ်းစွာ ပွတ်သုတ်သည်။ လရိပ် လက်ကလေးကိုလည်း အားနှင့်ဖိဆုပ်ညှစ်ပစ်လိုက်၏။





"နင် ပြောနေတာတွေ ငါ သဘောပေါက်ပါတယ် လရိပ်၊ ငါကလည်း ဘာမှ မစွမ်းဆောင်နိုင်တဲ့ သူဆိုတော့ နင် ပြောသလို ခဏတော့စောင့်ကြည့်ရမှာပေါ့၊ ဒါပေမဲ့ ဖေဖေနဲ့အမင်းကို ငါ့ရင်ထဲမှာ နာကြည်းမှုတွေ သံမှိုစွဲသလို စွဲသွားပြီ၊ မမယိမ်း အရမ်းသနားစရာကောင်းတယ် လရိပ်ရယ်၊ ငါ ရင်ထဲ တကယ် မချိပါဘူး"

"ငါလည်း မမ အောမတုန်းက အဲလို ခံစားခဲ့ရတာပါပဲ၊ ဒါပေမဲ့ တစ်ချိန်ချိန်မှာ ရုန်းထွက်နိုင်အောင် ငါတို့ စွမ်းအားလေးတွေကို အသုံးချခွင့်ရရင် တော်ပါပြီ၊ ငါတို့နှစ်ယောက် ကိုယ့်ဘဝကိုယ် အရှုံးမပေးဘူး။ မသိမ်ငယ်ဘူး။ ဆယ်တန်းအောင်အောင် ဖြေမယ်၊ နိုင်တဲ့ဝန်လေးတွေကို ထမ်းမယ်၊ မကောင်းဘူးလား အလင်း"

"အေးပါ ကြိုးစားမှာပေါ့ လရိပ်ရယ်၊ နင့်စကားတွေက ငါ့အတွက် ခွန်အားတွေ ရစေပါတယ်၊ ငါတို့ထက် ဆိုးဝါးတဲ့ ခန္ဓာကိုယ် ချွတ်ယွင်းနေသူတွေတောင် ဘဝကို အဆုံးထိ တိုက်ပွဲဝင်နေကြသေးတာ၊ ငါတို့က အားလျှော့နောက်ဆုတ်လို့ ဖြစ်ပါ့မလား"

"အေး ဟုတ်တယ်၊ ငါ့လက်ကို ရဲရဲတွဲဆုပ်ထား အလင်း"

"ဘာဖြစ်လို့လဲ"

"နှစ်ယောက်အားနဲ့ ရင်ဆိုင်ကြမယ်လေ

လရိပ်ရဲ့ အပြုံးက လမင်းဆယ်စင်းပြိုင်ထွက်သလို လင်းလက်



www.burmeseclassic.com

www.burmeseclassic.com



တောက်ပနေသည်။ အားမာန်တွေ အပြည့်ဖြင့် လရိပ် လက်ကလေးကို ဆုပ်ကိုင်ထားရင်း အလင်းလည်း ပြုံးလိုက်သည်။

ရင်ထဲမှာ ဒဏ်ရာ ဗရပွနှင့် ကြေမွနေသော်လည်း လရိပ်ရှေ့မှာ အပြုံးကို မတွန့်တိုချင်။

လောကဓံကို အံတု တုံ့ပြန်ဖို့ ခွန်အားရှိမှ ဖြစ်မည်။ ထိုခွန်အားတွေကို ပေးစွမ်းနိုင်တာကလည်း လရိပ် တစ်ယောက်တည်းသာ ရှိ၏။

ဘာဖြစ်ဖြစ် လရိပ် လက်ကလေးကို ဆုပ်ကိုင်ပြီး ကိုယ်ခန္ဓာကို မတ်ကာ အသက်ပြင်းပြင်း ရှူကြည့်မိသည်။

ပေါ့ပါးလန်းဆန်းသည်ဟု ထင်ရသော်လည်း ရင်ဘတ်တစ်နေရာရဲ့ ထောင့်တစ်ထောင့်က မမယိမ်းအတွက် အသက်ရှူ ကျပ်နေဆဲ။

■ ■ ■



## အခန်း (၂၄)

"ယိမ်းလေး ကိုယ့်ကို လက်ထပ်"

"ဟင် ဘာ ဘာပြောလိုက်တာလဲ ဦးသိန်းထိုက်"

မကြားလိုက်တာ မဟုတ်ပေမယ့် သေချာအောင် မေးမိခြင်းအပေါ် ဦးသိန်းထိုက်က မျက်ခုံးပင့်၍ ပြုံးသည်။

"ယိမ်းကို တန်ဖိုးထားမိလို့ လက်ထပ်ချင်တယ် ပြောတာပါ ယိမ်းက ဘာလို့ အလန့်တကြား ဖြစ်သွားတာလဲ"

"ကျွန်မ အံ့ဩလို့ပါ၊ ဒီလိုမျိုး ပြောမယ် မထင်ဘူး"

"ကိုယ့်ဘဝက အရမ်းသွေ့ခြောက်ခဲ့လို့ အပျော်ရှာခဲ့တာ ကြာပြီလေ၊ အတည်တကျ အိမ်ထောင်တစ်ခု တည်ဆောက်ရင် ကောင်းမလားလို့ စဉ်းစားမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဘဝလည်း မစိုပြည်ပါဘူး။ ဒါပေမဲ့ ကျွန်မ ရှင့်ကို သော်မထပ်ချင်ဘူး"

"ဘာဖြစ်လို့လဲ အသက်အရွယ် ကွာဟချက်ကြောင့်လား။ ကိုယ့်ရဲ့ ပိုင်ဆိုင်မှုတွေက မင်းဘဝတစ်ခုလုံး ပြောင်းလဲပစ်နိုင်ပါတယ်"

"ကျွန်မအတွက် ဒီအလုပ်ကို လုပ်ခဲ့တာမှ မဟုတ်တာ၊ ကျွန်မ မောင်လေးတွေအတွက် တစ်သက်လုံး ရှက်ရွံ့သိမ်ငယ်ရမယ့် အဖြစ်မျိုး အရောက် မခံနိုင်ဘူး"

"မင်း လောဘနည်းလွန်းတယ် ယိမ်း"

ခပ်တိုးတိုး ရေရွတ်ပြီး ဦးသိန်းထိုက်က ယိမ်း ကို တစိမ့်စိမ့် ငေးကြည့်နေသည်။ ထိုက်သင့်သလောက် ရတဲ့ငွေကြေးကလွဲပြီး မက်မောမှု မရှိတာကို ဦးသိန်းထိုက် သဘောကျသည်။

ကိုယ်ကျင့်တရားနှင့် ဂုဏ်သိက္ခာတွေ အပျက်ပြားခံပြီး ဒီလောကထဲ တိုးဝင်လာသော်လည်း ဒီမိန်းကလေးရဲ့ တန်ဖိုးကို ဦးသိန်းထိုက် ခန့်မှန်းမိနေသည်။ ကိုယ်ကသာ အချိန်တွေကို တန်ဖိုးမဲ့စွာ ကုန်ဆုံးစေခဲ့တာ ဖြစ်၏။ ဘဝကို ပေါ့ပေါ့ပါးပါး ဖြတ်သန်းရင်း ဖြစ်သလို ကြုံသလို နေခဲ့သည်။

အသက်အရွယ် ရလာတော့ အဖော်ကင်းမဲ့စွာ သေဆုံးရမှာကို ကြောက်ရွံ့လာသည်။ ရှာဖွေထားတဲ့ စည်းစိမ်ဥစ္စာတွေက သေမင်းကို





အံတုဖို့ အထောက်အကူပြုနိုင်ပါ့မလား။

တစ်ယောက်ယောက် လက်ကို ဆုပ်ကိုင်ရင်းဖြင့် ဘဝကူးရတာကမှ အထီးကျန်အားငယ်စိတ်တွေ လွင့်ပျောက်ဦးမည်။

"ယိမ်း၊ ကိုယ့်ဆီက ဘာတွေလိုချင်လဲ၊ ဘာတွေရော ဖြစ်ချင်နေလဲ"

တွေးငေးနေရင်းက ကောက်ခါငင်ခါ မေးလိုက်တာမို့ ယိမ်း မျက်လုံးလေးပြူးကာ အံ့အားသင့်သွားသည်။ ဦးသိန်းထိုက်အတွက် ဘီယာတစ်ခွက် ထပ်ငှဲ့ပေးရင်း အမြည်းပန်းကန်လေးတွေကိုပါ သေသပ်အောင် ပြန်လုပ်ပေးလိုက်၏။ ပြီးမှ သက်ပြင်းရှည်ကြီး ချကာ

"ကျွန်မဘဝကို ဒီလောကထဲမှာ တစ်သက်လုံး နစ်မြှုပ်ပစ်မယ်လို့ စိတ်ကူးမထားဘူး ဦးသိန်းထိုက်၊ ဒီလောကထဲမှာ ကျင်လည်နေတဲ့ ရှင်လိုလူဆီက တန်ရာတန်ကြေးကလွဲရင်လည်း ကျွန်မ ဘာမှ မျှော်လင့်မထားဘူး"

"ဒီလောကထဲက လွတ်မြောက်အောင် ကူညီပေးချင်တယ်ဆိုရင်ရော ဖြစ်မလား"

"ရှင်"

"ကိုယ့်မိတ်ဆွေတစ်ယောက်ရဲ့ အရောင်းစင်တာမှာ အလုပ်ရအောင် လစာကောင်းကောင်း ရအောင် ပြောပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"တ တကယ်ပြောတာလား ဦးသိန်းထိုက်"

ဝင်းပ လန်းဆန်းသွားသော ယိမ်း မျက်နှာလေးကိုကြည့်ကာ ဦးသိန်းထိုက် နမြောတသ စိတ်မကောင်း ဖြစ်သွားမိသည်။ ဒီလို မိန်းကလေးနှင့် တစ်သက်လုံး မခွဲမခွာ အတူနေခွင့်ရလျှင် ကျန်တာတွေ မတောင့်တဘဲတောင် နေနိုင်လိမ့်မည် ထင်သည်။

ဘာကြောင့်များ စောစီးစွာ မဆုံတွေ့ခဲ့ရတာလဲ။

"သူတို့က မိန်းကလေး အသုံးအဆောင် အလှပြင်ပစ္စည်းတွေ အရောင်းပြခန်း ဖွင့်ထားတာ၊ ယိမ်းလို အပြစ်ပြောစရာ မရှိအောင် လှတဲ့မိန်းကလေးဆိုရင် အလုပ်ခန့်မှာ သေချာပါတယ်"

"ဟုတ် ဟုတ်ကဲ့ ကျွန်မ လုပ်ချင်ပါတယ် ဦးသိန်းထိုက်၊ ရှင့်ကိုလည်း ကျေးဇူးတင်ပါတယ်၊ ဒီအလုပ်မျိုးက ရုပ်ဘယ်လောက် လှလှ အဆက်အသွယ်မရှိရင် အလုပ်ရဖို့ မလွယ်ဘူးလေ၊ ကျ ကျွန်မ မောင်လေးတွေနဲ့ ပတ်ဝန်းကျင်ကို စိတ်သန့်သန့်နဲ့ ရင်ဆိုင်ရဲတော့မှာပေါ့နော်"

ယိမ်း ဟန်မဆောင်နိုင်အောင် ပြုံးပျော်နေမိသည်။ ဦးသိန်းထိုက်ကိုလည်း အရင်ဇွေတွေထက် ပိုပြီး လေးစားစိတ်နှင့် ပြုံးရယ်ပေးခဲ့၏။ ဒီအကြောင်းတွေ အေးမကို ပြောပြလျှင်လည်း ယိမ်းနဲ့ ထပ်တူ ပျော်ပေးမှာ သေချာသည်။

ဦးသိန်းထိုက်က အလိုက်သိစွာ အေးမ ရှိနိုင်မယ့်နေရာကို





ဖုန်းနှင့်ဆက်သွယ်ချိန်းဆိုပေးပြီး စောစီးစွာ ပြန်နိုင်းခဲ့သည်။ အေးမနှင့် ယိမ်း ကော်ဖီဆိုင် တစ်ဆိုင်မှာ ဆုံဖြစ်ကြ၏။

ဦးသိန်းထိုက် ပြောသမျှ အေးမကို ပြန်ပြောသောအခါ အေးမက ယိမ်း လက်ကလေးကို ဆုပ်ကိုင်ပြီး ဝမ်းသာပီတိ မျက်ရည်တွေတောင် လည်နေ၏။

"ဦးသိန်းထိုက်က လက်ဖွာတယ်၊ ရက်ရောတယ်ဆိုတဲ့ သတင်းကြီးလို့ နင်နဲ့ မိတ်ဆက်ပေးခဲ့တာပါ၊ ဒါပေမဲ့ ဒီလိုမျိုးထိ စေတနာကောင်းမယ်လို့တော့ မထင်ဘူး"

"အရင်ဆုံး ငါ့ကို လက်ထပ်ခွင့်တောင်းတယ်၊ ငါ လက်မခံတော့ ဒီအလုပ်ကိစ္စ ပြောပေးမယ်လို့ သူ ကတိပေးတယ်၊ ဒီလို လူမျိုးတွေက ငါတို့လို မိန်းကလေးတွေကို လွတ်မြောက်ခွင့်ပေးတာ အံ့ဩစရာပဲနော်"

"အေးဟယ် သူနဲ့ တွဲလိုက်ရတဲ့ တစ်နှစ်နီးပါးအတွင်းမှာ နင့်စိတ်ကို သူ နားလည်သွားလို့ ဖြစ်လိမ့်မယ်၊ နင် အရမ်းကံကောင်းပါတယ် ယိမ်းရယ်"

"ဘာပဲဖြစ်ဖြစ် ဦးသိန်းထိုက်ကို ကျေးဇူးတင်တယ်၊ နင့်ကိုလည်း ကျေးဇူးတင်ပါတယ် အေးမရယ်၊ ငါလေ ငါ့မောင်လေးတွေ မျက်နှာကို ရဲရဲကြည့်ပုံပြီး ပတ်ဝန်းကျင်ကိုလည်း ရဲရဲတင်းရင်ဆိုင်ရဲပြီဟ



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ အသိအမှတ်ပြုတာလည်း ခံချင် ခံရတော့မှာ"

"နှင့်အဖေ အသိအမှတ်ပြုတာ ဂရုစိုက်တာ ခံချင်သေးတယ်ပေါ့"

"အထင်သေးသွားသလားဆိုတဲ့ သိမ်ငယ်စိတ်က ခုထိ ခြောက်လှန့်ခံနေရတုန်းပဲလေ၊ ဖေဖေ့ကို မထိမဲ့မြင် ပြောမိတာတွေအတွက်လည်း စိတ်မကောင်းဘူး။ တကယ်တော့ ဖေဖေ ငါတို့ကို ချစ်လို့ ပြောခဲ့တာ မဟုတ်လား"

"နှင်ပျော်နေလား ယိမ်း"

"အင်း နိုင်းယှဉ်တိုင်းတာစရာ မရှိအောင် ပျော်တယ်၊ အစကတည်းက မဝင်ချင်ခဲ့တဲ့ ဗီလောကထဲက အချိန်တိုတိုလေးနဲ့ ရုန်းထွက်ခွင့်ရလို့ ငါ နေခဲ့ရတဲ့ အတိုင်းအတာလေးကို ငါ ကျေနပ်နိုင်ပြီ၊ ကျေနပ်လိုက်ပါပြီ အေးမရယ်"

ကော်ဖီခွက်လေးတွေကို နှစ်ယောက်လုံး သတိမရနိုင်အောင် ပျော်နေကြသည်။ ဆိုင်လေးထဲမှာ ယောကျ်ားသား အများစုရဲ့ အထင်သေး သော မျက်ဝန်းတွေကိုလည်း ရင်ဆိုင်ကြည့်ရှုခဲ့ကြ၏။ အိမ်ပြန်လမ်းက အရင်နေ့နှင့်မတူ။

ညဉ်းသွဲ့လေပြည်က တဖြူးဖြူးနှင့်ပေါ်ပါ၊ လန်းဆန်းနေသည်။ အပြာရောင် ကောင်းကင်ကြီး မည်းညစ်သော မြူခိုးတိမ်တိုက်တွေ ကင်း





စင်စွာဖြင့် ကြည်လင်တောက်ပနေ၏။

ဤနေ့လို နေ့သစ်မျိုးဖြင့် အနာဂတ်ကို လှပစွာ ကြိုဆိုချင်ပါသေးသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"တကယ် ပြောတာလား ကိုဇော်နိုင်"

"ကျွန်တော် သတင်းအတိအကျ စုံစမ်းလာတာပါ ကိုပိုင်ကြီးရေ၊ အဲဒီလူက ဝင်လာသမျှ သားကောင်၊ အလွတ်မပေးဘဲ မျိုချ စားသောက်တတ်တာ၊ ခင်မျှားရော ကျွန်တော်တို့ရော သိပြီးသားပဲ၊ မိဘနဲ့ မိသားစု အနှောင်အဖွဲ့ မရှိလို့ နိုင်ငံခြား သဘော်လိုက်ပြီး နိုင်ငံတကာ လှည့်ပတ် ခြေရှုပ်နေတာ နှစ်ပေါင်း မနည်းတော့ဘူး၊ ဒီကို ပြန်ရောက်လာတဲ့ ဆယ်နှစ်လောက်အတွင်းမှာလည်း ငွေစိုက်ထုတ်နိုင်တဲ့ အရောင်းအဝယ် သမားလုပ်ပြီး မိန်းကလေးတွေနဲ့ ပတ်သက်ရင်လည်း နာမည်တော်တော် ကြီးတာ၊ ခုတော့ အသက်အရွယ်အရ ပွေခဲ့သမျှ ရှုပ်ခဲ့သမျှ ခုခံအား မရှိတော့ဘူးလေ၊ ဆေးခန်းကြီးတစ်ခုမှာ ကြိတ်ပြီး ဆေးကုသနေရတာ တဲ့"





"ဒီလူရောဂါက အိပ်ချ်အိုင်ဗွီထက် မပိုလောက်ပါဘူး"

လှောင်ပြောင် သရော်လိုက်သော စကားက ရင်ထဲကို ဆူးချွန် ကြီးတွေနှင့် ထိုးမွှေလိုက်သလို ခံရခက်စေသည်။

သမီးအတွက် စိုးရိမ်စိတ်က တစ်ကိုယ်လုံး တဆတ်ဆတ် တုန် ယင် သွေးပျက်ချောက်ချားနေခဲ့၏။

တစ်စုံတစ်ရာ မှားယွင်းပြီးပြီလားဟု အတွေးဝင်ကာ မျက်နှာ တစ်ခုလုံး ထူပူနီမြန်း၍ ဦးဇော်နိုင်တို့နှစ်ယောက်ကိုတောင် မကြည့်ဝံ့ သလို ဖြစ်နေသည်။

"ကိုပိုင်ကြီး ခင်ဗျား မဟေသီလေး လိုက်လာပြီ၊ ဒီအကြောင်း တွေ သူရော သိပြီးပြီလား"

"ဟင်"

ဦးဇော်နိုင်တို့ကို ဘာမှပြန်မဖြေတော့ဘဲ ထိုင်ခုံတစ်လုံးမှာ မြူး မြူးလေး ဝင်ထိုင်လိုက်တဲ့ ရှယ်လီ လက်ကို ဖျတ်ခနဲ ဆွဲ၍ ပြန်ထွက်လာ ခဲ့သည်။

"ဘာဖြစ်တာလဲ ကိုကြီးရဲ့၊ ရှယ်လီ ထိုင်တောင် မထိုင်ရသေး ဘူး"

"ဘာမှ ပြောမနေနဲ့ အိမ်ပြန်မယ် ရှယ်လီ"

ကားတံခါးကို ဆောင့်ခနဲ ဆွဲဖွင့်ပြီး ရှယ်လီကို တွန်းထိုးထည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ ကားလေးကို လီဗာတင်၍ အိမ်အရောက် မောင်းလာခဲ့သည်။

ကွန်ဒိုတိုက်ခန်းတွေမို့ မြေညီထပ်မှာ ကားပါကင်ထိုးခဲ့ပြီး ရှယ်လီကို မစောင့်တော့ဘဲ အရင်ဆုံး တိုက်ခန်းပေါ် တက်လာခဲ့၏။ သူ့နောက်က ပါလာတဲ့ ရှယ်လီက အခန်းတံခါးကို ဖြန်းဖိုင်း အသံမြည်အောင် ပြန်ပိတ်၍ ဧလင်းဘာတ်အိတ်လေးကို ဆိုဖာခုံထောင့်မှာ ပစ်လွှတ်လိုက်သည်။

"ဘာသဘောလဲ ဘာတွေဖြစ်နေတာလဲ ကိုကြီး"

ဆိုဖာခုံမှာ ဆောင့်အောင့်ကာ ဝင်ထိုင်ပြီး ခပ်ကျယ်ကျယ် မေးနေပေမယ့် ဖြေရှင်းချင်စိတ် မရှိ။

ရေခဲသေတ္တာထဲက ရေတစ်ဘူးယူကာ ဒီအတိုင်း မော့သောက်လိုက်သည်။ ဘာကြောင့်များ ရေခဲရေတွေ သူ့ရင်ထဲ အရောက်မှာ ပူဆင်းသွားရတာလဲ။

"သည်းခံတယ်ဆိုတာ အတိုင်းအတာ ရှိတယ် ကိုကြီး။ ရှယ်လီကို ဂရုမစိုက်တဲ့ ကိုကြီး ဒီလိုပုံစံမျိုး ဖြစ်နေတာ ဘယ်နှရက် ရှိနေပြီလဲ၊ နှီးပွဲတစ်ခု ဖြစ်မြောက်အောင် စီစဉ်ပေးမယ်ဆိုတာလည်း ဘာမှ မလုပ်သေးဘူး။ ကြော်ငြာရိုက်မှာ စိတ်မချဘူး ပြောပြီး လိုက်ခဲ့ပါဆိုတော့လည်း ဟိုလိုလို ဒီလိုလိုနဲ့ ရှယ်လီကို စိတ်မပါရင် ကွာရှင်းဖို့ အဆင်သင့်ပဲနော်"

"ကျစ် ရှယ်လီ မင်း ငြိမ်ငြိမ်လေး နေပေးလို့ မရဘူးလား။





ဒီမှာ ဘာမှတွေးယူလို့ မရတော့ဘူး"

"ဪ ကိုကြီး တခြားအကြောင်းတွေးဖို့ ရှယ်လီက အချိန်ပေးရဦးမှာလား။ ရှယ်လီက ကိုကြီးကို ဂရုမစိုက်တဲ့ တခြားအကြောင်းတွေးမယ်ဆိုရင်ရော ကိုကြီး၊ ခွင့်ပြုမှာလား"

"တော်စမ်း ရှယ်လီ့ ကိုယ့်ထက် အသက်ကြီးတဲ့သူ ယူထားပြီး မင်း စကားပြောရင် မခန့်လေးစား နိုင်လွန်းတယ်"

ရှယ်လီက ခန်းခနဲ မဲ့ရွဲ့၍ ခြေချင်းချိတ် ထိုင်လိုက်သည်။ မထိမဲ့မြင် အပြုအမူများကြောင့် ရေဘူးလေးက အပြစ်မဲ့စွာ စားပွဲခုံပေါ် ဓဆောင့်ခနဲ ပစ်ချခြင်း ခံလိုက်ရ၏။

ရှယ်လီ အပြုံးက ဝိ၍ အဆိပ်ပြင်းစွာ

"ဘယ်လို အရည်အချင်းတွေကြောင့် လေးစားခံ ပုဂ္ဂိုလ် ဖြစ်ချင်နေရတာလဲ ကိုကြီး။ အသက်အရွယ်မမျှတဲ့ ယောကျာ်းကြီးကို ယူထားရတာ ဒီလို အခွင့်အရေးမှ မပေးနိုင်ရင် ရှယ်လီဘက်က တန်ပါ့မလား စဉ်းစားပါဦး"

"တောက် မင်း ဘာဖြစ်ချင်နေတာလဲ ရှယ်လီ၊ ကိုယ့်ယောကျာ်း ဘာတွေ ဘယ်လိုဖြစ်နေသလဲဆိုတာ နားလည်မပေးဘဲ မင်းပြောချင်တာတွေ ရွတ်ပြောနေတယ်၊ ငါ ဘာလုပ်ပေးရမလဲ မင်း ပြောစမ်း"

"ပြောပြီးပြီလေ၊ စိတ်မပါရင် ကွာရှင်းလိုက်ရှ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မင်းရင်ထဲက စကားလား၊ ဘာမှ လုပ်မပေးရင် ချပြီလား"

"ဒါတော့ ဘယ်ရမလဲ၊ စီးနေတဲ့ ကားနဲ့ ဒီတိုက်ခန်းလေးရမှ တန်ရာ တန်ကြေး ဖြစ်မှာပေါ့"

"တောက် ရှယ်လီ မင်းကွာ"

ဘာမှန်း ဝေခွဲလို့ မရသေးသော ဒေါသတို့က ရှယ်လီ အပေါ် စုပြုံကျကာ ဘယ်လို စကားလုံးမျိုးတွေနှင့် ပစ်ပေါက်လိုက်ရမှန်းမသိ။ လောဘ ရမ္မက်တို့နှင့် ရှယ်လီက ခပ်မော့မော့ ပြုံးနေခဲ့သည်။

မိသားစုကို ပစ်ပယ်ခဲ့တဲ့အထိ ငြိတွယ်မိတဲ့ အဆုံးသတ်က ဒါပဲလား။ အရာအားလုံးကို ဆုံးရှုံးခံတဲ့အထိတော့ သူ သတ္တိ မရှိပါ။

"ခု ဖြစ်ပျက်နေတဲ့ ကိစ္စတွေ ပြောပြရင် မင်းနားလည်ပေးနိုင်မလား ရှယ်လီ"

ရှယ်လီက စိတ်ဝင်စားသလို မဝင်စားသလိုနှင့် လက်သည်းအချင်းချင်း ကုတ်ခြစ်နေ၏။ ရေသန့်ဘူးထဲက လက်ကျန်ရေ တစ်ငုံခန့် မော့သောက်ကာ လည်ချောင်း ရှင်းလိုက်ပြီးမှ

"ကိုကြီး သမီးက သိန်းထိုက် ဆိုတဲ့ လူနဲ့ တွဲနေတယ်"

"အိုး ဥပုသ်မစောင့် သီလမယူတတ်တဲ့ ကျားခံတွင်းထဲကိုမှ မှောက်ရက် လဲရသတဲ့လား"





"သိန်း သိန်းထိုက်က ဆေးခန်းကြီးတစ်ခုမှာ ဆေးကုသနေတဲ့"

"အိပ်ရုံအိုင်ဗွီ ရောဂါသည်လေ၊ ရှယ်လီ သိတာပေါ့။ ဘယ်နေ့ သေမယ်မှန်းမသိလို့ မိန်းမလိုချင်နေတာ၊ နောင်ဘဝ ကူးခါနီး အနီးကပ် အဖော်လိုချင်နေတာနေမှာပေါ့"

"ဟင် သမီးနဲ့ ဘယ်လောက်ထိ ရင်းနှီးပတ်သက်ပြီးပြီလဲ မသိဘူး၊ တောက် လူယုတ်မာကြီး"

"ကံမကောင်းနိုင်ဘူး ဆိုတာ သေချာပါတယ်၊ ဘာလဲ ကိုကြီးက ကိုယ့်သားသမီး အလှည့်ရောက်မှ သွေးပျက်နေတာလား၊ သူများသားသမီးတွေနဲ့ ပတ်သက်နေတုန်းက ကိုကြီး ဘာမှ မတွေးခဲ့ဖူးဘူး မဟုတ်လား။ ကံကြမ္မာက ဒဏ်ခတ်တတ်တယ်၊ ဝဋ်ဆိုတာ လည်တတ်တယ်"

"မိကျောင်းမင်း ရေခင်းမပြစမ်းပါနဲ့ ရှယ်လီ၊ ငါ့သားသမီးအတွက် ငါခံစားရသလို ဘယ်သူ့ကိုမှ မျက်နှာမပြရဲလောက်အောင်လည်း ငါ ရှက်နေတာ၊ အဲဒါကြောင့် အပြင်သွားစရာရှိရင် အကြောင်းကိစ္စရှိရင် မင်း တစ်ယောက်တည်းသွား။ ခုချိန်မှာ အိမ်ထဲက အိမ်ပြင် ငါ မထွက်ချင်သေးဘူး သိပြီလား"

တရစပ် ပြောပစ်ခဲ့ပြီး အိပ်ခန်းတွင်း ဦးကျော်ပိုင် ဝင်လာခဲ့သည်။ အခန်းမီးတွေ အားလုံးလည်း ပိတ်ပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ရှုယ်လီကို သူပြောခဲ့တာတွေက လီဆယ်တာတွေလား အမှန်တရားလား။ သူ့ကို ရှယ်လီ ပြောလိုက်တာတွေကရော မမှားနိုင်တဲ့ သစ္စာချောင်ပြောင်မှုများလား။

တွေးရင်းဖြင့် ပူလောင်မှုတွေ ပေးနေသော သားသမီးတွေကို နာကြည်းလာသည်။

ပစ်ပယ်ထားခဲ့မိတာကို နောင်တရရမှာလား။

ကိုယ့်စကားကို အလေးအနက် မထားတဲ့ သားသမီးတွေကို အရင်အတိုင်း ဥပေက္ခာပြုထားလိုက်ရမှာလား။

ဘယ်လို အကြောင်းတရားကိုမှ ဖမ်းဆုပ်မရစွာဖြင့်. . .။

■ ■ ■



## အခန်း (၂၆)

"ပြန်ရောက်ရောက်ချင်း ပြောရမယ့် သတင်းက စိတ်မကောင်းစရာပဲကွာ"

"ဘာလဲ ဘာသတင်းလဲ"

"ပုံပုံကို တခြားတစ်ယောက်နဲ့ လက်ထပ်ပေးတော့မယ်"

"ဘာ"

"မင်း ငွေဆောင်သွားတဲ့အချိန်က စေ့စပ်လိုက်ကြတာ၊ ဗိုင်နယ် ပြေပြီးတာနဲ့ လက်ထပ်ပေးမှာတဲ့၊ အစက မင်းနဲ့ ငွေဆောင် လိုက်မယ် ဆိုပြီး အဲဒီကိစ္စကြောင့် ပုံပုံ မင်းနဲ့ မလိုက်တော့တာ"

"မင်း မရှိတဲ့အချိန်မှာ လုပ်ဖို့ ကြိုတင် အစီအစဉ် ချထား တာလည်း ဖြစ်နိုင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

"ဒုန်း"

"ချွမ် ချွမ်"

တက်ခေါက်သံနှင့် တစ်ချိန်တည်း စားပွဲဝိုင်းကြီးကို ဒုန်းခနဲ ထုပစ်လိုက်တော့ ပုလင်းတွေ ဖန်ခွက်တွေ အလဲလဲ အပြိုပြို ဖြစ်ကုန်သည်။

သူကတော့ ချိန်းဆိုပြီးမှ ပုံပုံ ရောက်မလာတော့ ဘယ်လို အကြောင်းတရား အခက်အခဲတွေ ရှိနေလဲဆိုပြီး အမြန်ဆုံး ပြန်လာခဲ့တာ။ ခုမှ သူ့ကို အကွက်ဆင်ပြီး လှတ်လိုက်မှန်း သိလိုက်ရသည်။

"ငါ ပုံပုံနဲ့ သွားတွေ့မယ်"

"ဟ ဘာလို့ သွားတွေ့မှာလဲ၊ ဇာတ်လမ်းက ပြီးနေပြီ"

"ကန့်လန့်ကာ မချရသေးဘဲ ပတ်စာခွာ ဖျာသိမ်းလို့ ဖြစ်မလား။ ငါ့ကို ထားခဲ့မယ်ဆိုရင်လည်း အကျိုးအကြောင်းတော့ ပြောသင့်တယ်၊ သူ့မိဘတွေကြောင့်လို့ ဆင်ခြေပေးရင်လည်း ထိပ်တိုက် ရင်ဆိုင်ရမှ ဖြစ်မယ်"

"ခေါ်မသွားချင်လို့ ထားခဲ့တာ အကျိုးအကြောင်း သိဖို့ လို သေးလို့လား အမင်းရာ"

"ပုံပုံ ငါ့ကို တကယ်ချစ်ခဲ့တာ"





"အခု တကယ် ထားခဲ့တာလည်း အသိသာကြီးပါကွ၊ လွမ်းမနေပါနဲ့"

"အားမပေးရင် နေကွာ၊ ငါ့ကို မတားဆီးနဲ့"

"လုပ်ချင်ရာ လုပ်လို့ လွှတ်လိုက်ရင် မင်း နောင်တရစရာတွေ ကြုံလိမ့်မယ် ထင်တယ်နော်"

"ဘာဖြစ်ဖြစ်ကွာ"

အောင်ထွေးနှင့် ဇော်ခိုင် ပြောနေတာကို အမင်းက နားမဝင်။ ဘီယာတွေ နှစ်ခွက် သုံးခွက် ဆင့်သောက်ပြီး ဆိုင်ထဲက ပြန်ထွက်လာခဲ့သည်။ ခြေလှမ်းတွေက ယိုင်ထိုးနေသော်လည်း ပုံပုံတို့ အိမ်ကိုတော့ ရောက်လာခဲ့ရ၏။

ထည်ဝါဝါ ကိန်းကြီးခမ်းကြီး နိုင်လှသော ပုံပုံ အမေက ပုံပုံ အရင် အမင်းရှေ့ ရောက်လာသည်။

"မင်း ဘာလာလုပ်တာလဲ အမင်း။ မင်း ငါတို့အိမ်ကို လာစရာ အကြောင်း မရှိဘူး"

"ကျွန်တော် ပုံပုံနဲ့ တွေ့ချင်လို့ပါ၊ စကားတွေ ပြောချင်လို့ပါ အန်တီ"

"ငါ့သမီးနဲ့ စကားပြောစရာလည်း မလိုဘူး၊ ပတ်သက်စရာ လည်း မလိုတော့ဘူး အမင်း၊ ငါ့သမီးက စေ့စပ်ပြီးပြီ၊ ကျောင်းပြီးတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ပေးမှာ၊ စည်းခြားသွားမှန်း သိရင် မင်း ပြန်လိုက်ပါတော့"

"မပြန်ဘူး မပြန်နိုင်ဘူး အန်တီ၊ ပုံပုံ ကျွန်တော့်ကို တကယ် ချစ်ခဲ့တာပါ၊ ကျွန်တော်လည်း ပုံပုံကို ချစ်တယ်၊ အဲလို လုပ်သွားလို့ မရဘူး၊ ကျွန်တော် ခွင့်မပြုနိုင်ဘူး"

အမင်း ပေါက်ကွဲမှုကို ဒေါ်နီလာမြင့် မျက်မှောင်ကြုတ်ကြည့် ရင်း မဲ့ရွဲ့ပစ်၏။

"မင်းတို့လို အတန်းအစားက အမိန့်ပေးတာကို ငါတို့က နာခံ ရမှာလား၊ ဖအေက အိမ်ထောင်ရေး ဖောက်ပြန်၊ အစ်မက မကောင်းတာ လုပ်စားတဲ့ မျိုးရိုးကို ငါတို့က အထင်ကြီးစရာလားဟဲ့"

"ဘာ အန်တီ ဘာပြောလိုက်တာလဲ"

"မသိချင်ယောင် ဆောင်ပြီး လာအော်မပြနဲ့ အမင်း၊ မင်း ကိုယ်တိုင်လည်း ဘာအရည်အချင်းမှ မရှိပါဘူး၊ မင်းက အစ်မ ဘာလုပ် စားစား မင်းတောင်းတဲ့ငွေ၊ မင်းလိုတဲ့ငွေ ရဖို့လောက် သိတဲ့ကောင်ပါ၊ အေး အဲလိုကောင်မျိုးကို ငါတို့က မိုက်မဲပြီး သမီးနဲ့ သဘောတူစရာလား၊ မင်း နောင်ဘဝထိ မှတ်သွား၊ ငါတို့သမီးလေးကို မျိုးရိုးအကျင့်စိတ် ကောင်းပြီး အဆင့်အတန်း ရှိတဲ့သူနဲ့ပဲ ပေးစားမယ်"

အမင်း ဖျပ်ဖျပ်ခါ ဆတ်ဆတ်တုန်၍ ဒူးထူးဝါးဝါး အော်ပစ်လိုက် သည်။





"အန်တီ လျှောက်မပြောနဲ့၊ အန်တီ ပြောတာတွေ တရားလွန် နေပြီ၊ ကျွန်တော့်အစ်မက အဲလို အလုပ် မလုပ်ဘူးဗျ၊ အန်တီ့သမီးနဲ့ သဘောမတူချင်တိုင်း သူများ သားသမီးကို မှိုချိုးမျှစ်ချိုး မပြောပါနဲ့"

"ဟဲ့ တစ်ရပ်ကွက်လုံး သိနေတာ၊ ငါက လိမ်ညာပြောစရာလား မင်းလိုကောင်ကရော ဘာအသုံးကျလို့လဲ၊ ဒုက္ခိတကမှ အရည်အချင်း ရှိသေးတယ်၊ သွား ငါ့အိမ်ထဲက ထွက်သွား၊ အလကား သေနံကုန်မြေလေး"

"အာ တောက်"

"ဖျောင်း ခွမ်း ဝုန်း"

"အံမယ်လေး လူရမ်းကား လူမိုက်၊ လုပ်ကြပါဦး ငါ့အိမ်က ပစ္စည်းတွေ ကုန်ပါပြီ၊ ဟဲ့ သာခင် ဖိုးလုံး ရပ်ကွက်လူကြီး သွားတိုင်စမ်း ဒါမှ မဟုတ်ရင် ... ခေါ်ခဲ့ ... အချုပ်ထဲ ထည့်ပစ်မယ်"

အမင်းရဲ့ ပေါက်ကွဲမှုက အိမ်ရှေ့မှာထားသော ပန်းအိုးတွေ အစိတ်စိတ် ဖြစ်ကုန်သည်။

ဒေါ်နီလာမြင့်ရဲ့ တိုင်ကြားမှုကြောင့် အမင်း ရပ်ကွက်ရုံးရောက် ခဲ့ရာမှ ဒီအချိန်ထိ ပုံပုံရဲ့ အရိပ်အယောင် မမြင်ရ။

ဘယ်မှာပုန်းလို့ ဘယ်ချောင်ကပ်နေသည် မသိ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"မသိနားမလည်လို့ ဒီလိုကိစ္စတွေ ဖြစ်ကြတယ်ဆိုပေမယ့် တစ်ရပ်ကွက်တည်း နေကြတဲ့သူတွေ ဒီလို ဖြစ်တာတော့ ဘယ်ကောင်းမလဲ၊ ရဲစခန်းတွေ ဘာတွေ ရောက်ရင် ပိုဆိုးကုန်မှာ၊ ကျွန်တော်ကပဲ ဒေါ်နီလာမြင့်ကို မေတ္တာရပ်ခံပါတယ်၊ အမှုကြီးအောင် မလုပ်ပါနဲ့တော့ဗျာ"

"ဒါဆို ဒီကောင်လေးကို ဥက္ကဋ္ဌကြီး တာဝန်ယူမလား။ ကျွန်မသမီးကိုလည်း မနှောင့်ယှက်ရဘူး။ ကျွန်မတို့ကိုလည်း ထပ်အစော်ကားမခံနိုင်ဘူး"

"အဲဒီလိုမျိုး နောက်မဖြစ်ရအောင် သူ့ကို ဝန်ခံကတိ လက်မှတ်ထိုးခိုင်းမှာပါ။ ဒီက သူ့အစ်မ ယိမ်းနွဲ့ပိုင်ကလည်း တာဝန်ယူတဲ့ အကြောင်းလက်မှတ်ထိုးပေးပါလိမ့်မယ်"





"ဟုတ်ပါတယ် အန်တီမြင့်ရယ်၊ ယိမ်း မောင်လေး နောက်တစ်ခါ ဒီလို မဖြစ်စေရပါဘူး။ ယိမ်း တာဝန်ယူပါတယ်၊ ယိမ်း ယိမ်းအန်တီမြင့်ကို တောင်းပန်ပါတယ်၊ ရဲ ရဲစခန်းတော့ မပို့ပါနဲ့နော်"

ယိမ်း မျက်နှာငယ်လေးနှင့် လက်အုပ်ချီကာ တောင်းပန်နေရသည်။ ဒေါ်နီလာမြင့် မျက်နှာက ခက်ထန် တင်းမာလျက် အမင်းကိုလည်း မျက်စောင်း တထိုးထိုး။

"ထားပါတော့ နောက်တစ်ခါဆိုရင်တော့ ငါ လုံးဝ သည်းမခံဘူးနော်၊ ကိုယ့်မောင်ကိုလည်း ဆုံးမထား။ ကိုယ့်အဆင့်အတန်းလည်းနားလည်၊ ပြဿနာ ထပ်ရှာရင် တစ်မိသားစုလုံး ရဲစခန်း ပို့ပစ်မယ်"

ဒေါ်နီလာမြင့် ကြိမ်းမောင်းမှုကို ဘယ်သူမှ ခွန်းတုံ့မပြန်ရဲ။

ဒေါ်နီလာမြင့်က ကျေအေး လက်မှတ်ထိုးပေးပြီး ယိမ်းတို့ဘက်က တာဝန်ယူသည့် လက်မှတ်၊ ဝန်ခံကတိ လက်မှတ်တွေ ထိုးပြီးအိမ်ပြန်ရောက်လာချိန်မှာ အမင်းက ဝုန်းဒိုင်းကြဲ သောင်းကျန်းပြန်သည်။

"တောက် ရှက်ဖို့ကောင်းတယ်၊ ရှက်ဖို့ကောင်းတယ် မမယိမ်းဘာတွေလုပ်နေတာလဲ၊ သူတို့ပြောတာတွေ စွပ်စွဲတာတွေက တကယ်လား။ အဟုတ်လား အမှန်တရားတွေလား"

"အော်ကြီးဟစ်ကျယ် မလုပ်စမ်းပါနဲ့ အမင်းရယ်၊ အခုမှရပ်ကွက်ရုံးက ပြန်ရောက်လာတယ်၊ အေးအေးဆေးဆေး နေစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"နေလို့ ရမလားဗျာ အခု ကျွန်တော်က ချစ်သူ စွန့်ပစ်တာကို ခံရတော့မယ်၊ အရင်ကတည်းက ကျွန်တော် ပြောဖူးတယ်၊ သူတို့က အိမ်ကြီးပေါ်ကနေ အိမ်သေးသေးလေး ပြောင်းရင် အထင်သေးမှာပါလို့ အခုတော့ အဆင့်အတန်းတွေ ကိုယ်ကျင့်တရားတွေ အလွှားလိုက် ခွာချ သွားလိုက်တာ ပြေးစရာတောင် မြေမရှိတော့ဘူး"

"မမယိမ်း တစ်ယောက်တည်း အပြစ်ရှိတာလား အမင်းရယ်၊ မေမေ့ရဲ့ အိမ်ထောင်ရေး ဖောက်ပြန်မှုကြောင့်ရော မင်းရဲ့ အသုံးမကျမှု တွေရော ပါတယ်လေ"

"မသိဘူး အဲဒါတွေ မသိဘူးဗျာ၊ မမယိမ်း မကောင်းတာ လုပ်စားတယ်ဆိုတာကြီးက ပိုပြီး အမည်းစက် စွန်းထင်းတယ်၊ ကျွန်တော် တို့သိကွာတွေ ဘာမှ ရစရာ မရှိတော့ဘူး။ ဒီရပ်ကွက်ထဲက လူတွေ ကျွန်တော့်သူငယ်ချင်းတွေကို ဘယ်လို မျက်နှာပြောင်တိုက် ကြည့်ရမလဲ၊ မနေသင့်ဘူး၊ ဒီမှာ လုံးဝ မနေသင့်တော့ဘူး"

"အမင်းရယ်"

ဖျောင်းဖျ နားချင်ရင်လည်း မရနိုင်တာမို့ ထောင့်တစ်ထောင့်မှာ သွားထိုင်ပြီး ယိမ်း ငိုနေလိုက်သည်။ လက်သီးကို တင်းနေအောင် ဆုပ်ပြီး အံကြိတ်ထားသော အလင်းက အမင်းကို စူးစူးရဲရဲ ကြည့်၍ ရှေ့တိုးသွားသည်။





"မမယိမ်းဆီမှာ ပိုက်ဆံပါလာ အကြောင်းမြူ၊ ဒီဟာ အကြောင်းမြူ လက်ဖြန့်တောင်းနေတဲ့ အချိန်က ဘယ်က ပိုက်ဆံလဲလို့ မင်း မေးခဲ့ဖူး သလား အမင်း"

"ဘာ"

"မင်းလိုချင်တာ မင်းရချင်တာပဲ သိခဲ့တာ မဟုတ်ဘူးလား။ ဈေးရောင်းတာ အဆင်မပြေလို့ အိမ်တကာလှည့်ပြီး အောက်ခြေသိမ်း အလုပ်တွေလုပ်၊ အဝတ်လျှော်လို့ရတဲ့ ပိုက်ဆံတွေကိုလည်း မင်း သုံးဖြုန်း ရက်ခဲ့တာပဲ မဟုတ်ဘူးလား။ မင်း တောင်းသလောက်ပေးဖို့ မင်း မငြိုငြင် အောင်လို့ ဒီအလုပ်ကို လုပ်ပြီး ဖြည့်ဆည်းပေးဆပ်နေတာကိုရော မင်း တွေးမှုမတင်တတ်ဘူးလား"

"အလင်း မင်း မင်း သိနေတယ်၊ မမယိမ်း ဒါတွေလုပ်နေတာ ဘာကြောင့်လဲ မင်း သိနေတယ်ပေါ့"

"ငါ သိနေတာ ကြာပြီ၊ သနားလွန်းလို့ မကြည့်ရက်လို့ မမေး ရက်လို့ မပြောရက်လို့ ငါ မျိုသိပ် ခံစားနေခဲ့ရတာ ကြာပြီကွ၊ ငါက မယိမ်း ဒါတွေ မလုပ်ပါနဲ့လို့ တားဆီးနိုင်တဲ့ အစွမ်းအစမှ မရှိခဲ့တာ၊ ထောက်ပံ့မှုတွေမှ မပေးနိုင်ခဲ့တာ၊ မင်းလိုလူကောင်းတစ်ယောက်သာ ရှိခဲ့ရင် မ မမယိမ်းကို ဒီအလုပ်ကြီးကို မလုပ်ခိုင်းပါဘူးကွာ၊ ဘယ် လောက် ပင်ပန်းတဲ့ အလုပ်ဖြစ်ပါစေ၊ ကိုယ့်ခွန်အားတွေနဲ့ မမယိမ်းကို



www.burmeseclassic.com

www.burmeseclassic.com



ရွှေဝါမြတင် ထားမှာကွ သိရဲ့လား”

ပြောလည်းပြော ငိုလည်း ငိုနေသော အလင်းကို အမင်းက မင်သက်စွာ ကြည့်နေရင်း အံကြိတ်သည်။ မောင်နှစ်ယောက်ကြားမှာ ယိမ်း ဝင်ရပ်လိုက်ရသည်။ အလင်း မျက်နှာလေးကို ယိမ်း ယက်ဖဝါး လေးနှင့် ပွတ်သပ်ကိုင်တွယ်ရင်း ရင်ထဲမှာ တမြေ့မြေ့ ကြေကွဲထိခိုက်နေသည်။

ယိမ်းအကြောင်းတွေကို သိလျက်နဲ့ ကြိတ်မှိတ် မျိုသိပ်နေခဲ့ရသတဲ့လား။ ဘာတစ်ခွန်းမှ မမေးဘဲ ဘာတစ်ခုမှ မပြောဘဲ ယိမ်းကို သနားနေခဲ့မိတာတဲ့။

နားလည်မှု ရှိလွန်းတဲ့ မောင်လေး။ အစ်မအပေါ် သနားညှာတာတတ်လွန်းတဲ့ ဒုက္ခိတလေး။

“အ အလင်းရယ် မ မမယိမ်းလေ”

“မပြော မပြောပါနဲ့ မမယိမ်းရယ်၊ သားတို့တွေအတွက် မမယိမ်း ဘဝကို အမည်းစက် စွန်းထင်းခံလိုက်တယ်၊ နာမည်ပျက်ခံလိုက်တယ်ဆိုတာ သား နားလည်ပါတယ်၊ မမယိမ်းကို သား မမုန်းဘူး။ မမယိမ်း ဒီလိုလုပ်လိုက်လို့လည်း သား မရှက်ပါဘူး။ အသုံးမကျတဲ့သူတွေ အတွက် မမယိမ်း ဘဝကို စတေးရဲတာ သား ဂုဏ်ယူပါတယ်၊ လေးစားပါတယ် မမယိမ်းရယ်”





“အလင်းရယ် အလင်းလေးရယ်”

အလင်းနှင့် ယိမ်း ဖက်တွယ်ကာ သည်းသည်းထန်ထန် ငိုရှိုက်နေခြင်းကို အမင်းက တောင့်တောင့်ကြီး ရပ်ကာ ကြည့်နေသည်။

ယိမ်း အိပ်ခန်းတွင်းပြေးဝင်ကာ ကုမ္ပဏီ ဝတ်စုံလေးနှင့် လည်ပင်းမှာ ချိတ်ဆွဲရသော ဝန်ထမ်းကတ်လေး ယူလာခဲ့သည်။

အမင်းနှင့်အလင်းကို မြှောက်ပြလိုက်ပြီး

“ပြီးခဲ့တဲ့ အချိန်တွေအတွက် မောင်လေးတို့ကို မမယိမ်း တောင်းပန်ပါတယ်၊ နောက်လည်း အဲဒီဘဝထဲကို ဘယ်တော့မှ မသွားတော့ပါဘူး၊ ဒီဝတ်စုံလေးနဲ့ ဒီဝန်ထမ်းကတ်လေးနဲ့ နောက်ရက်တွေမှာ မမယိမ်း အလုပ်ဆင်းရတော့မှာ၊ ဒီပုံစံလေးနဲ့ မင်းတို့သိက္ခာတွေကို မမယိမ်း ပြန်ဆယ်ပေးပါ့မယ်၊ မ မမယိမ်းကြောင့် မင်းတို့ မရှက်စေရဘူး။ မသိမ်ငယ်စေရတော့ပါဘူး”

“ဟာ တ တကယ်ပြောတာလား မမယိမ်း၊ ဝမ်းသာလိုက်တာ ဗျာ”

“ဟွန်း ဖုန်း”

“ဟာ ဟိတ်ကောင် အမင်း မင်း ဘယ်လိုလုပ်လိုက်တာလဲ”

အလင်းက ဝမ်းသာအားရ ဖြစ်သွားပေမယ့် အမင်းက ထို ဝတ်စုံလေးကို ကြမ်းပြင်ပေါ် ဖုန်းခနဲ ပြုတ်ကျသွားအောင် ပုတ်ချလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဘာတွေနဲ့ သက်သေပြပြ၊ ကျွန်တော့်ကိစ္စက ဘာမှ အကောင်းအတိုင်း ပြန်ဖြစ်လာတော့မှာ မဟုတ်ဘူး။ လူတကာ သိနေတဲ့ မယယိမ်း ဘဝကလည်း ဖြူစင်သန့်ပြန့်လာမှာ မဟုတ်ပါဘူး။ အဲဒါကြောင့် မယယိမ်း လို အစ်မတစ်ယောက်ရဲ့ မောင်ဖြစ်ရတာ ကျွန်တော်ကတော့ ရှက်တယ်၊ သိမ်ငယ်တယ်၊ နာကြည်းတယ်"

"အမင်းရယ်"

ပြောဖို့ ခွန်အားတွေ မဲ့နေပြီမို့ ညကြီးမင်းကြီး အိမ်ပြင်ပြန် ထွက်သွားတဲ့ အမင်းကို ယိမ်း တားဆီးဖို့လည်း မေ့နေသည်။

နှစ်သိမ့်မှုနှင့် ဖက်တွယ်လာသည့် အလင်း ပန်းပေါ် မျက်နှာ မှောက်၍ ရှိုက်ကြီးတငင် ငိုကြွေးပစ်လိုက်၏။

ဒီအမည်းစက်က ဘာတွေလုပ်ပစ်မှ ဖြူစင်လာတော့မှာလဲ။

ပိန်းပိတ်အောင် မည်းမှောင်နေသော မိုးကောင်းကင်မှာ တဖျပ် ဖျပ် လင်းလက်တောက်ပနေတတ်သည့် ကြယ်လေးတွေ ရှာဖွေမိသည်။ မှိတ်တုတ် မှိတ်တုတ် ကြယ်ပွင့်လေးတွေက မှိန်ဖျော့အားနည်းစွာ ဟိုး ခပ်ဝေးဝေးမှာ လက်ခနဲ။

■ ■ ■



## အခန်း (၂၈)

"ညကြီးမိုးချုပ် ဘာလို့ ငါ့အိမ် ရောက်လာတာလဲ အမင်း"

"ကျွန်တော် ဘီယာ သောက်ချင်တယ်"

"ဘာ"

"သောက်ပြီးရင် ကျွန်တော် ဒီမှာ အိပ်မယ် ဖေဖေ"

"ဘာကွ ဘီယာသောက်ချင် ပိုက်ဆံယူသွား၊ ဆိုင်မှာ ဝယ် သောက်၊ ပြီးရင် အိမ်ပြန်အိပ်ပေါ့ကွ၊ ဘာလို့ ငါ့အိမ်မှာ အိပ်ရမှာလဲ"

"ဒီတစ်ညလေးတောင် ဖေဖေ့ဆီမှာ အိပ်ခွင့်မပြုချင်ဘူးလား ဖေဖေ၊ ဘာဖြစ်လို့လဲ သားတစ်ယောက်ကိုတောင် ဖေဖေ့အရိပ်မှာ ခိုခွင့် ပေးချင်ဘူးလား"

အမင်းက မသောက်ဘဲ မူးလာတာလား။ မူးပြီး ယိုင်နေတာ လား မသိ။ မျက်နှာတစ်ခုလုံး နီမြန်းသုန်မှုန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးရေယ် အမင်းက တစ်ခါတလေမှ ရောက်လာတတ်တဲ့ ဥယျာဉ် အိမ်မှာလည်း ဘီယာဘူးတွေ ရှိတာ တိုက်လိုက်ပေါ့၊ အိပ်ချင်တာလည်း အိပ်ခွင့်ပေးလိုက် ပြီးရော"

"စကားကို လွယ်လွယ် မပြောနဲ့ ရှယ်လီ၊ ဖအေ ရှေ့မှာ မလေးမခန့် သောက်စားနေမှာကို ငါက ခွင့်ပြုရမှာလား၊ သိသာသိစေ မမြင်စေနဲ့တဲ့၊ ပိုက်ဆံယူပြီး တခြားမှာ သူ ဘာလုပ်လုပ် မမြင်ရတာ တော်သေးတာပေါ့"

"ကိုကြီးက စကားကြီးစကားကျယ်နဲ့ တန်ဖိုးကြီးလူတစ်ယောက် သိပ်ဖြစ်ချင်တာပဲ၊ သားသမီးကို ဆုံးမသွန်သင်တာ မမြင်ရခြင်း မြင်ရခြင်းက နည်းလမ်းမကျဘူး ကိုကြီး။ မသောက်စေချင်ရင် ဒါက မကောင်းဘူး။ မသောက်သင့်ဘူးလို့ အမိန့်ပေးရဲရမှာပေါ့၊ ရော့ ပိုက်ဆံယူသွား ငါ့ မမြင်ကွယ်ရာမှာ သွားသောက် ဆိုတာက ဥပေက္ခာပြုလိုက်တာ မဟုတ်ဘူးလား။ တကယ်ဆို သား ဘာဖြစ်လာတာလဲလို့ အရင်မေးရမှာ"

ဟုတ်သားပဲ ဒါကို သူ မေ့နေသည်။ အမင်း သူ့အိမ်ကို ခဏ ခဏ လာတတ်ပေမယ့် ဒီလိုညအချိန်တော့ တစ်ခါမှ မလာဘူးနဲ့။

"ဖျော်ရည်တစ်ခွက်နဲ့ စားစရာတစ်ခုခု ယူလာခဲ့ ရှယ်လီ"

ရှယ်လီက နှာခေါင်းရှုံ့ကာ အခန်းတွင်း ဝင်သွားတော့ အမင်း အနား ဦးကျော်ပိုင် ဝင်ထိုင်လိုက်သည်။





"ဘာဖြစ်လာတာလဲ အမင်း၊ ဖေဖေ့ကို ပြောပြ"

အမင်းက မတုန်မလှုပ် အေးစက်စက်ဖြင့် ဦးကျော်ပိုင်ကို မော့ကြည့်၏။ ပြီးမှ တုန်ယင်အက်ရှနေသော အသံနှင့် ဖြစ်ခဲ့သမျှ ပြောပြလိုက်သည်၊ ဦးကျော်ပိုင်က လေးပင်ပြင်းထန်လှန်းသော သက်ပြင်း ရှည်ကြီးကို မှုတ်ထုတ်ကာ

"ဖေဖေလည်း သိတယ် အမင်း"

"ဟင် ဖေဖေ သိတယ်ဆိုရင် မမယိမ်းကို ဘာလို့ မတားဆီး ခဲ့တာလဲ၊ မဆုံးမတာလဲ ဖေဖေ"

"ဖေဖေ သွားပြောပါသေးတယ်၊ အဆိုးဝါးဆုံး အခြေအနေ ဖြစ်လောက်သေးဘူး ထင်လို့ သတိပေးရုံ ပေးခဲ့မိတာပါ၊ ဒါပေမဲ့ ရှက်လွန်းလို့ ဖေဖေလည်း အိမ်ပြင်မထွက်ဖြစ်တာ ကြာပြီ"

"ကျွန်တော်လည်း ဘယ်သူနဲ့မှ မျက်နှာချင်းဆိုင်ရဲဘူး ဖေဖေ"

"အခု အဲဒီကိစ္စတွေ ပြီးသွားပြီဆို အရောင်းစင်တာတစ်ခုမှာ အလုပ်ဝင်တော့မှာပဲ၊ ဖြစ်ခဲ့တာတွေ နားလည်ပေးလိုက်ပါ"

"ဒါပေမဲ့ ဒီလို အမည်းစက်ဆိုတာ တစ်သက်လုံး မပျောက်တော့ဘူး မဟုတ်လား။ တစ်မိသားစုလုံး အရှက်ရ သိက္ခာကျရတော့မှာ"

"ဘာဖြစ်ဖြစ် မိသားစုဝင်ဆိုတာ ပြစ်ပယ်ထားလို့ မရဘူးလေ သားရေယ်၊ မတော်ချင်လို့လည်း မရဘူး၊ မခေါ်ချင်လို့လည်း မရဘူး



www.burmeseclassic.com

www.burmeseclassic.com



သားတို့အတွက် သူ ဒါတွေလုပ်ခဲ့တာ မဟုတ်လား။ သွေးသားတော်စပ်လို့ သားတို့ ဆိုးမှုကောင်းမှုအားလုံးကို သားတို့မမ ခံခဲ့တယ်ဆိုရင် သားတို့ကလည်း အဲလိုစိတ်မျိုး ပြန်ထားရမယ်"

"ဖေဖေကရော"

အမင်း စကားလုံးက တိုပြတ်ပေမယ့် ထိရောက်ပါသည်။ စားသောက်စရာတွေ ယူလာပြီး အမင်းရှေ့မှာ ချထားကာ၊ ရှယ်လီကလည်း သူ ဘာပြောမလဲ နားစွင့်နေသည်။

"ဖေဖေက ဖခင်ဝတ္တရားတွေ အဆုံးထိ မကျေပွန်ခဲ့တဲ့ ဖခင်တစ်ယောက်ပါ၊ လိုချင်စိတ်တွေ များလွန်းပြီး လိုချင်သလောက် မရခဲ့လို့ အရှုံးပိုက်တဲ့ ယောကျ်ားတစ်ယောက်လည်း ဖြစ်ခဲ့တယ်"

အမင်းရော ရှယ်လီရော သူ ပြောတာကို နားမလည်သလို မျက်လုံးလေးတွေ ပြူးဝိုင်းနေသည်။ သက်ပြင်းတွေ ရှိုက်ထုတ်ပြီးမှ သူ စကားဆက်ဖြစ်၏။

"ဖေဖေက အိမ်ထောင်မကျခင် မိဘတွေနဲ့ နေခဲ့ရတဲ့တဲ့ အချိန်က ရိုးရိုးအေးအေးနဲ့ ဘဝကို လေးလေးနက်နက် ဖြတ်သန်းခဲ့ရတယ်၊ အိမ်ထောင်ကျတော့ မိဘတွေ လက်ဖွဲ့ပေးလိုက်တဲ့ အိမ်မှာ ချစ်သူနဲ့ လွတ်လပ်မှုကို စပြီး ရှာတွေ့တယ်၊ ဆိုးမသွန်သင်မှုတွေ၊ ထိန်းချုပ်မှုတွေ မရှိတဲ့ အရမ်းပျော်စရာ ကောင်းခဲ့တာပေါ့၊ သွားဟယ် လာဟယ် စားချင်





တိုင်း စား၊ သုံးချင်တိုင်း သုံးနဲ့ အဲဒီအရသာကို တစ်ခါမှ မခံစားဘူးတော့ တောင့်တ နုံမင်သွားခဲ့တယ်"

"အဲဒါနဲ့ ခုကိစ္စတွေက ဘာဆိုင်လို့လဲ ဖေဖေ"

"အခြေခံကျလို့ပေါ့ သားရယ်၊ ဖေဖေ လုပ်ရတာက ငွေကြေး ရိုက်ထုတ်နိုင်တဲ့ အရောင်းအဝယ်သမား။ အပေါင်းအသင်းလည်းဆုံတော့ အတွေ့အကြုံလည်း စုံလာတယ်လေ၊ အသောက်အစား အပျော်အပါး ဖက်လာပြီပေါ့၊ နယ်မှာ မိဘတွေနဲ့ နေခဲ့တုန်းက အိမ်က အလုပ်တွေ ဝိုင်းကူလုပ်ရင်းနဲ့ အဲဒီအရသာတွေမှ မခံစားခဲ့ရတာ၊ မိဘတွေ မျက်စိ ကွယ်ရာရောက်တော့ လွတ်ပြီပေါ့ကွာ၊ အဲဒီကနေ ကလေး တစ်ယောက် အနေ နှစ်ယောက်ရဲ့ ဝင်တဲ့ငွေနဲ့ အသုံးအဖြုန်းကြီးလို့ ထွက်တဲ့ငွေက ဘယ်လိုမှ မမျှတော့ဘူး။ စီးပွားရေးကျလာတော့ အကျင့်က ပိုပြီးပျက်လာတယ်"

"မေမေနဲ့ ပြဿနာတက်တာ အဲဒါကြောင့် မဟုတ်လား"

"အင်း ဖေဖေ မကောင်းခဲ့တာပါ၊ သောက်စားမူးရစ်လာပြီး အနိုင်ကျင့်တယ်၊ အိမ်ပြန်ချင်မှ ပြန်ပြီး အပြင်မှာ နေချင်သလိုနေတယ်၊ င်းတို့အမေက မာနရှိတယ်လေ၊ ပြည့်စုံအောင် ရှာမပေးနိုင်တော့ ဖေ့ကို အနိုင်ကျင့်မခံနိုင်ဘူးတဲ့ သားသမီး သုံးယောက်ကို သူ ကျွေး နိုင်တယ်ဆိုပြီး ဖေဖေ့ကို လင်ယောကျ်ားအဖြစ် အသိအမှတ် မပြုတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး မပြုရတော့ဘူး။ ဂရုမစိုက်တော့ဘူးပေါ့ကွာ၊ အဲဒါကြောင့် သာယာမှုတွေ ပေးနိုင်တဲ့ ရှယ်လီနဲ့ လက်ထပ်ဖြစ်ခဲ့တာ၊ ယောက်ျားဆိုတာ အကြင်နာ မေတ္တာတွေကို ကိုယ်က အပြည့်အဝ မပေးချင်ပေမယ့် မိန်းမတွေဆီကတော့ လောဘတကြီး အကုန်လိုချင်ကြတာချည်းပဲ''

ရှယ်လီက နှာခေါင်းရှုံ့လိုက်၊ မျက်ခုံးပင့်လိုက်ဖြင့် မကျေမနပ်ဖြစ်နေဟန် တူသည်။ ဦးကျော်ပိုင်ကတော့ ရင်ထဲရှိတာ ပြောနေရ၍ နည်းနည်း စိတ်သက်သာသလို ဖြစ်လာ၏။

သက်ပြင်းတွေ ပေါ့ပါးလာကာ

''ကိုယ့်ကိုယ်ကို အတ္တကြီးမှန်းသိပေမယ့် မပြင်နိုင်ခဲ့တာ ဖေဖေ့အားနည်းချက်ပဲ သား။ မင်းတို့အမေ မာနတွေကို အရှုံးတိုက်ပြီး သားသမီးတွေအပေါ် တာဝန်ကျေဖို့ မကြိုးစားချင်တော့တာလည်း ဖေဖေ့အမှားပဲ၊ ကိုယ့်ဘက်က အမှန်တရားမရှိဘဲ သားသမီးတွေ အမှားကိုပြင်ဆင်တည့်မတ်ဖို့ အင်အား မရှိတော့ဘူးပေါ့ သားရယ်၊ သမီးကြီးယိမ်း မှားနေတာကို သိတယ်၊ ဒါပေမဲ့ ဒါမှားနေတယ် မလုပ်နဲ့လို့ အမိန့်ပေးဖို့ ဖေဖေ မဝံ့ရဲဘူး။ ဖေဖေကမှ သူ ယူထားရတဲ့ တာဝန်တွေကို မကျေပေးခဲ့တာ၊ ပြီးတော့ သား အမင်းရဲ့ အပြုအမူ အကျင့်စရိုက်အားလုံး မှားနေမှန်း ဖေဖေ သိတယ်၊ ဒါပေမဲ့ ဒါတွေ မလုပ်သင့်ဘူးကွာလို့ ဆုံးမသွန်သင်ရအောင် ဖေဖေ ကိုယ်တိုင်လည်း ဒီအမူအကျင့်တွေနဲ့





မိသားစုကို ဥပေက္ခာပြုခဲ့မိတာ မဟုတ်ဘူးလား''

''ဒါဆို ကိုကြီးက ကိုယ့်အမှားတွေကို နောင်တရနေတယ်ပေါ့၊ ပြင်ဆင်ချင်စိတ် ရှိလို့ ရှယ်လီကို ထားခဲ့မှ ဖြစ်မယ်ဆိုရင်လည်း ရှယ်လီက မလွှမ်းဘူးနော်''

''စကားကို ပေါ့ပျက်ပျက် မပြောစမ်းနဲ့ ရှယ်လီ၊ ပထမ အိမ်ထောင်မှာ ငါ အဲလို လေးနက်မှု မရှိခဲ့လို့ အားလုံး ကဆင့်ကလျားဖြစ်ခဲ့ရပြီ၊ ငါ အခု အဲလို ထပ်အဖြစ်မခံနိုင်တော့ဘူးလို့ သန္နိဋ္ဌာန် ချထားတယ်၊ မင်းနဲ့ အိမ်ထောင်ရေးကို မပျက်စီးစေရဘူး''

''အဲလို စိတ်ကူးထားတယ်ဆိုလည်း ကိုကြီးဘက်က ပြင်ဆင်လိုက်လျော့ရမှာတွေ အများကြီးနော်''

''ငါ သိတယ်၊ ငါ့ဘက်က ပြင်ဆင်ရမှာတွေ ရှိသလို မင်းလည်း ပြင်ဆင်ရမှာပဲ ရှယ်လီ၊ မင်း ဟိုနေ့က ဆေးခန်းမှာ သွားပြီး စမ်းသပ်တာ ကလေးရှိနေပြီလို့ ပြောတယ်ဆို၊ သီချင်းဆိုမယ် ပျော့ပျော့ရွှင်ရွှင်နေမယ်ဆိုတဲ့ စိတ်ကူးတွေ လျှော့သင့်ပြီလို့ ထင်တယ် ရှယ်လီ''

ရှယ်လီက မချေမငံ ပြုံးရင်း ပြန်းခနဲ ထရပ်၏။

''ရှယ်လီ လိုချင်တဲ့ အခွင့်အရေးတွေ အားလုံး စွန့်လွှတ်လိုက်ရတော့မှာလား ကိုကြီး''

''အပေးအယူ တန်ရာတန်ကြေး ကိစ္စတွေ ဒီအချိန်မှာ မပြော



www.burmeseclassic.com

သင့်တော်ဘူး ထင်ပါတယ်၊ မင်း စိတ်တစ်ခုကြောင့် ငါ အားလုံးကို စွန့်လွှတ်ခဲ့ပြီးပြီ၊ သားသမီး ကိုယ်ကျင့်သိက္ခာ၊ ပြီးတော့ ငါ့မိန်းမရဲ့ အသက် ဟုတ်တယ်မလား ရှယ်လီ၊ မိသားစု အသိုက်အမြုံ ပျက်စီးပြိုကွဲအောင် မိဘအမွေအနှစ် အိမ်ကြီးကိုရောင်းပြီး မင်းစိတ်ကြိုက် မင်းလိုအပ်တာတွေ လုပ်ပေးခဲ့ပြီးပြီ မဟုတ်လား။ အခု ငါ ထပ်လုပ်ပေးရဦးမယ်ဆိုရင် ဒီတိုက်ခန်းနဲ့ စီးနေတဲ့ မော်ဒယ်အနိမ့်ဆုံး ကားလေးတစ်စီးပဲ ရှိတယ်၊ ဒါတွေနဲ့ မိသားစု ဘဝလေး တစ်ခုကို လဲချင်တယ်ဆိုရင်လည်း မင်းသဘောပါပဲ၊ မင်း ကြိုက်တာ ရွေးပါ''

ရှယ်လီ အသံတိတ်သွားသည်။ မျက်လုံးတွေ ငြိမ်သွားသည်။

မထီမဲ့မြင် ခနဲ့သလို ရွဲ့လိုသော နှုတ်ခမ်းပါးလေးတွေ ဣန္ဒြေရသွား၏။

ပြီးတော့ ဘာတွေ တွေးနေသလဲ မသိပါ။

■ ■ ■



# အခန်း (၂၉)

''ဟာ မမယိမ်းက လှလိုက်တာ၊ ကျက်သရေ ရှိလိုက်တာ မမယိမ်းရယ်၊ ဒီဖိနပ်လေးနဲ့ဆို လိုက်မှာဖျ သိလား''

မီးခိုးရောင် ထဘီစကပ်၊ ဆင်စွယ်ရောင် ရင်စေ့လက်စကနှင့် လည်ပင်းမှာ ဝန်ထမ်းကဒ် ချိတ်ဆွဲထားသော ယိမ်းကို အလင်းက လှည့်ပတ်ကြည့်၍ ချီးမွမ်းဂုဏ်ယူလို့မဆုံး ဖြစ်နေ၏။ ခွာမြင့်ဖိနပ်လေးကိုလည်း သူ့ကိုယ်တိုင် ပြောင်လက်နေအောင် တိုက်ချွတ်၍ သေချာစီးပေးနေသည်။

''ယောက်ျားလေးက အဲလို မလုပ်ရဘူး အလင်းရဲ့၊ မမယိမ်း ငဲ့ကြီးနေပါ့မယ်''

''အာ ကိုယ့်အစ်မကို ချစ်လို့ လုပ်ကိုင်ပေးတာ ငဲ့ကြီးစရာ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



လား မမယ်မိန်း ဝန်ထမ်း ဝတ်စုံလေးက နှစ်စုံတည်းရတာနော်၊ တစ်ပတ်လုံး အလဲအလှယ် လုပ်ဝတ်လို့ ရအောင် သားကျောင်းက ပြန်ရောက်တာနဲ့ လျှော်လျှော်ပေးမယ် သိလား မမယ်မိန်း၊ မနက်ပိုင်း ထမင်းချက်ရတာ ပင်ပန်းရင်လည်း သား ကူချက်မယ်၊ ပြီးရင် ရေလည်း ခွဲပေးမယ်၊ အလုပ်က ပြန်လာလို့ ပင်ပန်းရင်လည်း သား ညတိုင်း နင်းနှိပ်ပေးမယ်"

"ဟိုတ် ကောင်လေးရေနော်၊ ဘာလို့ အရမ်းဖားနေရတာလဲ၊ လစာ ထုတ်တဲ့နေကျရင် မုန့်ဖိုးတောင်းချင်လို့ မဟုတ်လား"

"အိုး နိုး နိုး သားမှာရှိတဲ့ ပိုက်ဆံလေးတွေနဲ့တောင် မမယ်မိန်းအတွက် လိုအပ်တာတွေ ဝယ်ပေးဖို့ စိတ်ကူးနေတာ၊ မမယ်မိန်းက ဝန်ထမ်းစတိုင်လေးနဲ့ ရုံးတက်နေရတော့ ချို့ချို့တဲ့တဲ့ မျက်နှာငယ်လို့ ဘယ်ဖြစ်ပါ့မလဲ၊ သူများတန်းတူ ဝတ်နိုင်စားနိုင်မှ ဖြစ်မယ်၊ မဟုတ်ရင် ဝန်ထမ်း အချင်းချင်း အထင်သေးတာတွေ၊ အောက်ကျခံရတာတွေ ဖြစ်သွားမှာစိုးလို့"

"အမလေး မောင်လေးရယ် မမယ်မိန်းက အသက်ကြီးလို့ အပျိုကြီး စာရင်း ဝင်နေပါပြီ၊ ထည်ထည်ဝါဝါ နေချင်လို့ ဒီအလုပ်ကိုလုပ်တာမှ မဟုတ်တာ၊ မောင်လေးတို့ရဲ့ ဂုဏ်သိက္ခာအတွက် မမယ်မိန်းရဲ့ ကိုယ်ကျင့်သိက္ခာအတွက် ပြန်အဖတ်ဆယ်ဖို့ ကြိုးစားချင်လို့ပါ"

"ဘာပြောပြော သားကတော့ မမယ်မိန်းကို ဒီလိုလေး မြင်ရတာ





အရမ်း စိတ်ချမ်းသာတယ်၊ ကျေလည်း ကျေနပ်တယ်၊ ပြီးတော့ လူတိုင်းကို သား လက်မထောင် ကြွားရဲပြီဗျ"

"အလင်းရယ်"

အလင်းရဲ့ အားတက် ပျော်ရွှင်မှုတွေအတွက် ယိမ်း ရင်မှာကြည်နူးပီတိ ဖြစ်ရသည်။ အစကသာ ဒီလို အလုပ်မျိုး ရခဲ့ပါက ဘယ်သူ့မှ နာကျင်မှုတွေ ခံစားရမည် မထင်။

ဒါပေမဲ့ ဦးသိန်းထိုက်နှင့် မဆုံဆည်းဖြစ်ခဲ့လျှင်လည်း ဒီလို အလုပ်မျိုး အလွယ်တကူ ရနိုင်မှာ မဟုတ်။

ကံစီမံရာအတိုင်းပေါ့ဟု သဘောပိုက်ကာ အလင်းနှင့်ယိမ်း အိမ်က အတူတူ ထွက်ခဲ့ကြသည်။

အလင်းက ကျောင်းတက်ဖို့၊ ယိမ်းက ရုံးသွားဖို့။

လမ်းမှာ တွေ့သောလူတိုင်းကို အလင်းက မော်မော်ကြွားကြွားပင် နှုတ်ဆက်နေသည်။

လူတိုင်းမျက်နှာပေါ်က အရိပ်အရောင် တချို့ကို အလင်း ခန့်မှန်းတတ်လား မမှန်းတတ်လား မသိပေမယ့် ယိမ်းကတော့ မဝံ့မရဲ မသက်မသာ ဖြစ်နေဆဲပင်။

အပြစ်ရှိသော လူတစ်ယောက်ရဲ့ သိမ်ငယ်မှုမျိုးဖြင့်...။

"အလင်း ကားမှတ်တိုင်ထိ မလိုက်နဲ့တော့လေ၊ မမယ်မိန်းကို

www.burmeseclassic.com



ခြင်းပေး"

"ဟုတ် ဟိုလေ မမယိမ်း ရုံးဆင်းချိန် သွား လာကြိုမယ်နော်"

"ဟုတ်ပါပြီရှင် အလင်း ဈေးမရောင်းရတော့ဘူးနော်၊ စာမေးပွဲ က မြေရတော့မှာ၊ စာကိုပဲ ကြိုးစား"

အလင်းက ကြည်လင်သော အပြုံးလေးနှင့် ခေါင်းညိတ်ပြကာ ယိမ်း ထမင်းဘူး ထည့်ထားသော ဆွဲခြင်းလေးကို ယိမ်း လက်ထဲ ထည့်ပေးခဲ့ပြီး ကျောင်းတက်သွားရမယ့် လမ်းချိုးလေးမှာ လမ်းခွဲသွား သည်။

ယိမ်း တစ်ယောက်တည်း ကားမှတ်တိုင် ရောက်အောင် ဈေး တန်းလေးကို ဖြတ်လျှောက်လာခဲ့၏။

"ယိမ်း"

"ရှင် ဟင် ဒေါ်လေးသိန်း ဈေးလာတာလား"

"အင်း ဟုတ်တယ် ယိမ်းရဲ့ ယိမ်းကရော ဝန်ထမ်းဝတ်စုံတွေ ဘာတွေနဲ့"

"ဟုတ်ကဲ့ အရောင်းစင်တာ တစ်ခုမှာ ယိမ်း အလုပ်ရလို့ပါ ဒေါ်လေးသိန်း"

"ကောင်းပါတယ်ကွယ် ဒီလို အလုပ်လေးက ကျခြွေရတာပေါ့"

"ဟုတ်ကဲ့ အလုပ်ပိတ်ရက်တွေမှာတော့ ယိမ်း အဝတ်ပြန်





လျှော်ပါရစေနော် ဒေါ်လေးသိန်း"

"ဟင်း ဟင်း လျှော်ရမှာပေါ့ကွယ်၊ ဒီအလုပ်က ရှက်စရာမှ မလိုတာ၊ လှုကဲ့ရဲ့တာလည်း မခံရဘူးကွဲ့"

"ယိမ်း နားလည်ပါတယ် ဒေါ်လေးသိန်း၊ မတတ်သာလွန်းလို့ ဒီအမှားကို ကျူးလွန်မိတာပါ၊ နောက် မမှားအောင်လည်း ယိမ်း ထိန်း သိမ်းနိုင်ပါပြီ ဒေါ်လေးသိန်း"

"အေး အေး သာခုကွယ် သာခု၊ ဒေါ်လေးသိန်းကိုလည်း လို တဲ့အကူအညီ ပြောနော် ယိမ်း အားမနာနဲ့"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဒေါ်လေးသိန်း၊ ယိမ်း သွား တော့မယ်နော်၊ ဖယ်ရီကားက ကားမှတ်တိုင်မှာ လာကြိုမှား နောက်ကျမှာ စိုးလို့"

ယိမ်း ကျောပြင်လေးကို ငေးကြည့်ရင်း ဒေါ်လေးသိန်း ကြည်နူး နေမိသည်။ ဖြူဝင်းနေသော အသားအရေနှင့် ဝန်ထမ်းဝတ်စုံလေးက လိုက်ဖက်လွန်းစွာ ဆွဲဆောင်မှု ရှိသည်။

မနိမ့်မမြင့် အရပ်အမောင်းလေးကို ခွာမြင့် ဖိနပ်လေးနှင့် ဖုံ့ဖိုးထားသည်မို့ ထည်ဝါမှုလည်း ရှိ၏။

"ဒေါ်လေးသိန်း ဘာတွေလိုက်ကြည့်နေတာလဲ"

"ဩော် မိကြူးပါလား၊ ဘာရယ် မဟုတ်ပါဘူးဟယ်၊ ယိမ်းက



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းဝတ်စုံလေးနဲ့ ကြည့်ကောင်းလွန်းလို့ လိုက်ငေးကြည့်နေမိတာပါ''

''အို ဒီလို မိန်းကလေးကိုများ ဒေါ်လေးသိန်းရယ်၊ သူတို့လို မိန်းကလေးတွေရှိလို့ ရပ်ကွက်နာနေတာ''

''ဟဲ့ မိကြူ အဲလို မပြောရဘူးလေ၊ ညည်းမှာလည်း သားလေးတွေ သမီးလေးတွေ မွေးထားတာ ဝင့်လိုက်တော့ ဘယ်လိုလုပ်မလဲ၊ လူတွေက ဆင်းရဲချို့တဲ့လွန်းလာရင် ရှက်ရမှန်းမသိ ကြောက်ရမှန်းမသိ အဆင်ပြေဖို့ တစ်ခုတည်းကြည့်ပြီး ဘာဖြစ်ဖြစ် လုပ်ပစ်တတ်ကြတာပဲ၊ လောကကြီးမှာ ဘယ်သူတွေကရော အမှားကင်းလဲ၊ ငါ့ကို လက်ညှိုးထိုးပြစမ်းပါဦး''

''အမလေး ဒေါ်လေးသိန်းရယ် ယိမ်းဘက်ကများ ရှေ့နေလိုက်ပေးနေသေးတယ်၊ ယိမ်း ဘာဖြစ်ဖြစ် ကျွန်မတို့နဲ့ မပတ်သက်ပါဘူး၊ ကိုယ့်အလုပ်လည်း မဟုတ်ပါဘူး၊ ကျွန်မအလုပ်က ဒီနေ့ ဒေါ်လေးသိန်း အိမ်အဝတ်လျှော်ရမလား မေးမလို့ပါ''

''အေး လျှော်စရာတွေတော့ ရှိတယ်၊ ဒါပေမဲ့ ယိမ်းက သူ့အလုပ်ပိတ်တဲ့နေ့ လျှော်ပါရစေလို့ ခွင့်တောင်းထားလို့ ညည်း လျှော်စရာ မလိုတော့ဘူး''

မချေမငံ ပြောနေသော မိကြူကို ဒေါ်လေးသိန်း အမြင်ကတ်ကတ်နှင့် ပိတ်ပြောပစ်လိုက်သည်။ မိကြူက သူ့ဝင်ကို ယိမ်း ခဏ





ခဏ ဝင်ဖျက်သည်ဟု ယူဆကာ မနာလိုဖြစ်နေခြင်းပင်။

''ယိမ်းက ဒေါ်လေးသိန်းဆီမှာ အမြဲလျှော်တာလည်း မဟုတ်တဲ့ နဲ့ ဦးစားပေးလွန်းတယ်၊ အဆင်မပြေတော့ သူများဖောက်သည်ဖျက်အောင် ဝင်လျှော်လိုက်၊ ဟိုအလုပ်လုပ်စားလို့ အဆင်ပြေလာတော့လည်း ဒေါ်လေးသိန်းကို အမှတ်တောင် မရဘူး မဟုတ်လား၊ အခု ဟိုအလုပ်လုပ်မစားတော့ မလောက်ငလောက်ဘူး ထင်ပြီး အဝတ်လျှော်ပါရစေ ပြောတာလည်း ဒေါ်လေးသိန်းက လက်ခံလိုက်တာပဲ''

''ညည်းက မကျေနပ်ဘူးလား မိကြူ၊ ငါက ဘယ်သူ့မဆို တန်ရာတန်ကြေး ပေးပြီး ခိုင်းတာပါ၊ ညည်း ငါ့ကို ဘာမှမဝေဖန်ပါနဲ့''

မိကြူ နှုတ်ခမ်းထော်ပြီး မျက်မှောင်ကုတ်သွားသည်။ အလုပ်လုပ်လျှင် စေတနာ မပါသော မိကြူကို ဘယ်သူကမှ လက်မခံချင်ပေမယ့် အပိုပေးပြီး ခေါ်ခိုင်းတတ်တဲ့ ဒေါ်လေးသိန်းကို ကျေးဇူးတင်ရမှန်းမသိ မဲ့ရွဲ့နေသည်။

''စေတနာ မပါရင် ဘယ်သူကမှ ကြာရှည် မခိုင်းချင်ကြဘူးအေ့ သိရဲ့လား၊ ငါကသာ ညည်းတို့လို လူတွေကို သဒ္ဒါကြေးပိုပေးပြီး ခိုင်းနေမိတာ၊ ယိမ်းက ဘဝပေး အခြေအနေမလှပေမယ့် စိတ်ရင်းစေတနာကောင်းတယ်၊ အဲဒါကြောင့် ယိမ်း ဘယ်ချိန် ဝင်ဝင် ထွက်ထွက် ဇိနားလည်ပေးရမှာပေါ့၊ နောက်မှတ်ထား စေတနာမပါရင် ဘာအလုပ်မှ



www.burmeseclassic.com

www.burmeseclassic.com



မလုပ်နဲ့ အသွားအပြန်ရှိတဲ့ တုံ့ပြန်မှုက ညည်း ကံကောင်းမှုကို ရမှာ မဟုတ်ဘူး"

ဒေါ်လေးသိန်း စကားဆုံးအောင် မီကြူ နားမထောင်။ ဈေးဘက်ကို ဆောင့်ဆောင့် အောင့်အောင့် ထွက်သွားပြီး ဒေါ်လေးသိန်းကို တောင် ပြန်ငဲ့မကြည့်။

စေတနာဆိုတာ လူတိုင်းနဲ့မထိုက်တန်ဘူးဆိုတာ ဒါများလား။

■ ■ ■



## အခန်း (၃၀)

"ဟဲ့ အလင်းရဲ့ ငါ့ကို ဘာတွေ ဝယ်နိုင်းမှာမို့ ပလာဇာကို တောင် ခေါ်လာရတာလဲ"

"မမယိမ်းဖို့ ဖိနပ်လေး ဝယ်ချင်တယ်၊ ခေါင်းစည်းကြိုးလေး တွေရယ် အရောင်းစင်တာမှာ လုပ်နေတာဆိုတော့ ခေတ်နဲ့အညီ ဖန်စီ ပစ္စည်းလေးတွေလည်း ဝယ်ပေးချင်တယ်"

"အလင်း နင်ကလေ နင့်အစ်မကို ဆယ်ကျော်သက်လေး မှတ်နေလား။ အသက်နှစ်ဆယ့်ငါး နှစ်ဆယ့်ခြောက်ဆိုဘာ ဒီလို အလုပ် မျိုး ခန့်ဖို့ မလွယ်ကြဘူး။ မမယိမ်း အဆက်အသွယ်ကောင်းကောင်းနဲ့ ဒီအလုပ်ရတာ ဖြစ်မယ်"

"ဘာဖြစ်ဖြစ် ငါကတော့ မမယိမ်းကို ဒီလိုရွေး မြင်ရတာ



www.burmeseclassic.com

www.burmeseclassic.com



အရမ်း စိတ်ချမ်းသာတယ်၊ လည်ပင်းမှာ ဆွဲထားသော ဝန်ထမ်းကဒ်လေးနှင့် ဝန်ထမ်းဝတ်စုံ ဝတ်ထားတာ ဘယ်လောက် ဂုဏ်ရှိရ တင့်တယ်လဲဟာ”

“အလင်း နင်က မမယိမ်းကို အရမ်းချစ်တာပဲနော်”

“ချစ်တာပေါ့ဟ၊ ငါက မမယိမ်းရဲ့ ပြုစုယုယမှုနဲ့ ကြီးပြင်းခဲ့ရတာ၊ ငါ သိတတ်တဲ့အရွယ်ကစပြီး မေမေက အပြင်ထွက် စီးပွားရှာနေရတာလေ၊ ညအိပ်တော့လည်း မမယိမ်းနဲ့၊ ကျောင်းလိုက်အပ်ပေးတာလည်း မမယိမ်း ချိုပိုးပြီး လိုက်အပ်ပေးတာ၊ ငယ်ငယ်က အရမ်းချူချာလို့ ပြုစုရတာရော ရေချိုး သနပ်ခါးလိမ်း၊ အဝတ်အစား လဲပေးတာကအစ မမယိမ်း လုပ်ပေးတာချည်းပဲ၊ ကလေးအချင်းချင်း ငါ့ကို ဒုက္ခိတဆိုပြီး စနောက်ကြတော့လည်း မမယိမ်းက ဒိုင်ခံ ရန်တွေ့တယ်”

“နင် အားလုံး မှတ်မိနေတာပဲ”

“မေ့စရာ အကြောင်းတွေမှ မဟုတ်ခဲ့တာ၊ အားနည်းချက်တစ်ခုကို ပိုင်ဆိုင်ထားရတဲ့ ငါ့အတွက် ပြုစုယုယမှုနဲ့ အားပေးနှစ်သိမ့်မှုက အလိုအပ်ဆုံး မဟုတ်ဘူးလား၊ အဲဒါတွေ ပေးနိုင်ခဲ့တဲ့ မမယိမ်း မေတ္တာတွေကို ငါ တန်ဖိုးထားရမှာပေါ့ဟာ”

“ငါ့ကိုရော”

လရိပ်က ပစ္စည်းတွေ ရွေးနေရင်းနှင့် အလင်းကို ပြုံးမော့မော့





လေး ကြည့်ကာ မေးသည်။ အလင်းက မျက်စိ တစ်ဖက် မှိတ်ပြလိုက်ပြီး လရိပ် နားလေးမှာ ကပ်ပြီး

“လူတွေ အများကြီး ရှေ့မှာ ပြောလို့ မကောင်းဘူး၊ ဈေးဝယ်ပြီးမှ”

“ကောင်စုတ်”

ချစ်စကား မဟုတ်သေးပါဘဲ နားနားလေး တိုးတိုးကပ်ကပ် ပြောတာကို ရင်ထဲထိ လှိုက်ဖြာနွေးထွေးသွားသည်။ ရှက်စနိုးဖြင့် အလင်း ရင်ဘတ်လေးကို လက်သီးဆုပ်လေးနှင့်ထုကာ ခပ်ကြိတ်ကြိတ် ဆဲလိုက်မိ၏။

ရင်ခုန်အောင် လုပ်နေတာ ခွင့်လွှတ်လို့ ဖြစ်ပါ့မလား။

တစ်ဖက်တည်းသော မျက်လုံးလေးနှင့် အလင်းကို မျက်စောင်းထိုးမိချိန်မှာ အလင်းက ပြုံးစိစိဖြင့် သူမ လက်ဖဝါးလေးကို ပိုင်စိုးပိုင်နင်း ဆုပ်ကိုင်လိုက်သည်။

“ဟဲ့ လူတွေနဲ့ ငါ့လက်ကို ဘာလို့ ကိုင်နေတာလဲ”

“သူများတွေ မြင်ရင် ပိုင်ရှင် ရှိတယ်ဆိုတာ သိသွားအောင်လို့လေ”

“အံမယ်လေးဟဲ့ နင့်လို ခြေတစ်ဖက် ဆာနေတဲ့ ဒုက္ခိတကို ဘယ်သူမှ ရင်မခုန်ဘူး၊ ငါ့လို မျက်စိတစ်ဖက် ပျက်နေတဲ့ မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ဘယ်သူကမှ စိတ်ကူးမယဉ်ဘူး။ မဟျာပ်တိုင် တက်ပြမနေနဲ့"

"အောင်မာ ပြောလို့ ရမလား၊ နင်က အဲဒီ မျက်လုံးလေး ထူးဖက် အားနည်းချက် ရှိတာက လွဲရင် ခန္ဓာကိုယ် တစ်ခုလုံး အပြစ်ပြောစရာ မလိုအောင် အရမ်းလှပြီး ဆွဲဆောင်မှု ရှိတာဟ"

"အေး အဲဒါဆိုရင် နင့်ကိုလည်း ငါ စိတ်မချဘူး။ နင်က ခြေ ထောက်တစ်ဖက်သာ အဲလို ဖြစ်နေတာ၊ ကိုယ်ခန္ဓာကလည်း တောင့်တောင့်တင်းတင်းလေးနဲ့ ယောက်ျားပီသတယ်၊ မျက်နှာကလည်း နှုတ်ခမ်းမွေး ပါးမြိုင်းမွေး ရေးရေးလေးနဲ့ မျက်ခုံးထူထူ မျက်တောင်တိုစိပ်စိပ်လေးတွေက အရမ်း ခံ့ညားတယ်"

"ဟာ နင့် ငါ့ကို အဲလောက်တောင် စိတ်ဝင်တစား ကြည့်ထားတာလား၊ ငါ့ရုပ်ငါ အဲလောက် ချောမယ် ခံ့ညားမယ်တောင် ထင်မထားဘူး။ ဒီလောက် မြောက်ပင့်နေတာ ကော်ဖီတစ်ခွက်လောက် တိုက်သင့်ပြီ ထင်တယ်"

လရိပ် မျက်စောင်း မထိုးရခင်မှာ လက်တစ်ဖက်ကို ဆွဲပြီး အလယ်ထပ်က ကော်ဖီဆိုင်လေးထဲ ရောက်လာခဲ့ကြသည်။ ထိုင်ခုံလေးတွေမှာ ထိုင်ပြီးမှ အလင်းက ဝယ်လာသော ပစ္စည်းအိတ်လေးတွေကို ကြည့်ပြီး သူ့အိတ်ကပ်ကိုလည်း စမ်းကြည့်လိုက်သေးသည်။

"ကော်ဖီ တစ်ခွက်ပဲ မှာလေ၊ နှစ်ယောက်တူတူ သောက်မယ်"





လရိပ်ရဲ့ အလိုက်သိမှုကြောင့် ရယ်ကျဲကျဲဖြင့် အလင်း စိတ်သက်သာသွား၏။ ကော်ဖီတစ်ခွက်ကို သူ တစ်ငုံ ကိုယ်တစ်ငုံ သောက်ရသည့် အရသာက ဘယ်လိုတန်ဖိုးကြီး အရာမျိုးနဲ့မှ မလဲနိုင်။

တစ်ယောက်မျက်နှာ တစ်ယောက် တစိမ့်စိမ့် ငေးကြည့်ရင်း နှလုံးသားတို့က လတ်ဆတ် ဆူဝေနေသည်။

"နင့်ကိုငါ အရမ်းချစ်တယ် လရိပ်"

"ဟင် ရည်းစားစကား ပြောတာချည်းကလည်း ကဗျာမဆန်လိုက်တာ"

"တစ်ယောက် ရင်ထဲ တစ်ယောက် လှမ်းမြင်ပြီး နားလည်နေကြတဲ့ဥစ္စာ ဖွဲ့နွဲ့ဖို့ လိုသေးလို့လား"

"ဟင်း ဟင်း ဘာမှမပြောခင်ကတည်းက ရင်ခုန်နေတာ၊ ဒီလောက်လေးနဲ့ လုံလောက်ပါတယ်"

"တကယ်နော် အဲဒါဆို ငါ့ကို အဖြေပေး"

"ငါက မိန်းကလေးဆိုတော့ မူရည်းမှာပေါ့၊ စဉ်းစားပါရစေဦးရှင်"

"ဘယ်နှနှစ် ဘယ်နှလ ဘယ်နှရက်လဲ"

"သုံးစက္ကန့်စောင့်"

"ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ဟင်း"

လက်သုံးချောင်း ထောင်ပြနေသော လရိပ် လက်ကလေးကို ဖမ်းဆုပ်ရင်း နမ်းရှိုက်ကာ ကြည့်နူးစွာ ရယ်ဖြစ်သည်။ လရိပ်ကလည်း အလင်း ပခုံးပေါ် ဆံနွယ်တွေ ဝေ့ဝိုက်ကျအောင် ခေါင်းလေး မှေးတင်ပြီး တဟင်းဟင်းနှင့် ညင်းသွဲ့သွဲ့လေး ပြုံးနေခဲ့သည်။

ထိုအချိန် ခဏလေးကို တစ်သက်စာအတွက် အမှတ်တရ သိမ်းထားချင်သည်။ အင်္ဂါမစုံပေမယ့် နှလုံးသားရဲ့ တန်ဆာပလာကတော့ ပြည့်စုံနေ၏။

ဘယ်လိုအရာကမှ သူတို့နှစ်ယောက် အချစ်ကို အနှောင့်အယှက် မပေးနိုင်။

ပလာဇာကနေ ပြန်လာခဲ့ကြတော့ လရိပ်တို့ အိမ်ကို အရင်ဝင်ဖြစ်သည်။ လရိပ် အမေအတွက် ဝယ်လာခဲ့သော ဆေးဘူးနှင့် မုန့်ဘူးလေးကို အလင်း လက်အုပ်ချီ ကန်တော့ပြီး လက်ထဲ ထည့်ပေးသောအခါ လရိပ် အမေက ခေါင်းတဆတ်ဆတ် ညိတ်၍ မျက်ရည်တွေ ကျနေ၏။

"အဲလိုပဲ အလင်းရေ အမေက လေဖြတ်ထားတော့ ဘယ်သူကဘာလေး လာပေးပေး ဝမ်းသာလို့ စကား မပြောနိုင်တာကို မျက်ရည်နဲ့ သက်သေပြတယ်လေ၊ စိတ်မကောင်း မဖြစ်နဲ့နော် အလင်း"

"ဟုတ်ကဲ့ မမအေးမ၊ သားက ဝမ်းနည်းလို့ ငိုတယ် မှတ်နေ





တာ၊ ဟို ဆေးကုနေတာတောင် အရင်ထက်စာရင် ပိုဆိုးနေသလိုပဲနော်"

"အင်း အသက်အရွယ်က ခံနိုင်ရည် မရှိတော့တာလား၊ အကောင်းစား ဆေးဝါးတွေနဲ့ မကုနိုင်တော့လို့လား မသိပါဘူးကွယ်၊ လိမ်းဆေး စားဆေးတော့ အစုံလုပ်ပေးပြီး ကုနေတာပါပဲ၊ ဪ ညီမလေး အမေ့အတွက် သောက်ဆေး ဝယ်လာခဲ့သေးလား"

"ဟုတ်ကဲ့ ဝယ်လာခဲ့ပါတယ်၊ ဟို မမ ဟိုလေ အလင်းကို ထမင်းကျွေးလိုက်ရမလားဟင်"

"ဟောတော် ဈေးဝယ်ထွက်တာ ဘာမှ စားမလာခဲ့ကြဘူးလား"

"အလင်းက အမေ့အတွက် မုန့်နဲ့ဆေးဘူး ကန်တော့ချင်တယ်ဆိုတော့ ကော်ဖီတစ်ခွက်ကို နှစ်ယောက်မျှသောက်လာခဲ့ရတယ်"

"ဪ အေး အေး ဖြစ်ရမယ်၊ ကျွေးလိုက်လေ၊ အလင်းကို ရှိတဲ့ ဟင်းလေးနဲ့ ခူးခပ်ပေးလိုက်၊ ညီမလေးလည်း တစ်ခါတည်း စားချင်စား"

မမ အေးမ အမိန့်ကျသည်နှင့် အလင်းနှင့် ထမင်းတူတူစားဖို့ လရိပ် ခူးခပ်ပြင်ဆင်လိုက်သည်။

"အိမ်မှာက ငပိရည် တို့စရာနဲ့ ငါးလေးအိုးကပ်ပဲ ရှိတယ်၊ နင် စားတတ်ပါ့မလား အလင်း"

"ဘာဟင်းမှ မပါလည်း နင့်မျက်နှာကြည့်နေရရင် ဗိုက်ပြည့်



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"ကောင်စုတ်လေး အတင့်ရဲလိုက်တာ၊ မမအေးမ ကြားသွားရင် ဘယ်လိုလုပ်မလဲ"

ခပ်ကြိတ်ကြိတ် မာန်မဲ၍ ဗိုက်ခေါက်ကို ခပ်နာနာ လိမ်ဆွဲပစ်လိုက်သည်။ အလင်းက ခပ်တိုးတိုး ညည်းညူ၍ တွန့်လိမ်နေ၏။

အမှတ်တမဲ့ မြင်သွားတဲ့ မမအေးမက အိမ်ရှေ့ ကွပ်ပျစ်လေးဘက် မမြင်ချင်ယောင်ဆောင်၍ ထွက်သွားသည်။

အလင်းနှင့်လရိပ်လည်း ထမင်းစားသောက်ပြီး အိုးတိုးအမ်းတန်း ရှက်ကိုးရှက်ကန်းဖြင့် မျက်နှာလေးတွေ ဝှက်ကာ လိုက်လာခဲ့ကြသည်။

"ယိမ်း အလုပ်ထဲမှာ အဆင်ပြေသတဲ့လား အလင်း"

"ဟုတ်ကဲ့ ဝန်ထမ်းတွေ အကုန်လုံးက ချစ်ကြတယ်လို့ ပြောပါတယ်၊ သူဌေးကလည်း ဦးစားပေးတယ်တဲ့၊ လစာကိုလည်း ဝါရင့်ဝန်ထမ်းတွေနဲ့ အတူတူပဲလို့ ပြောတယ်"

"ယိမ်း ကံကောင်းသွားပါပြီကွယ်၊ အစကတည်းက အဲလိုဖြစ်ရင် ဘယ်လောက်များ ကောင်းမလဲ၊ ဒါပေမဲ့ ကံကြမ္မာက ဒီအချိန်မှာ ဒါဖြစ်ရမယ် ဟိုဟာဖြစ်ရမယ်ဆိုတာ သတ်မှတ်ပြီးသား ဖြစ်နေတော့ လွန်ဆန်ထွက်ပြေး တိမ်းရှောင်လို့လည်း မရနိုင်ဘူးပေါ့၊ အမင်းကရော အရင်အတိုင်းပဲလား"





"ဟုတ်ကဲ့ မိုးလင်းကနေတွက် မိုးချုပ်မှ ပြန်လာပေါ့၊ ကျောင်းပိတ်ရက်တွေလည်း အိမ်မှ မကပ်တာ၊ ဒီနှစ်ဖိုင်နယ် စာမေးပွဲ ဖြေနိုင်မှာမဟုတ်ဘူး၊ ကျမှာလို့ ပြောတယ်၊ နောက်တစ်နှစ် ကျောင်းဆက် ထားရဦးမှာပေါ့"

"သူက သူ့ကိုယ်သူသိလို့ ကြိုပြောထားတာ ဖြစ်မယ်၊ အလင်းနဲ့ လရိပ်ကတော့ အောင်အောင်ဖြေဖို့ အရေးကြီးတယ်၊ စာမေးပွဲပြီးလို့ ကျောင်းတွေပိတ်မှ ဈေးပြန်ရောင်းကြနော်"

"ဟုတ်ကဲ့ သားတို့နှစ်ယောက်လုံး နောက်အပတ်ထဲမှာ ဖြေရမယ့် စာမေးပွဲအတွက် အဆင်သင့်ဖြစ်နေကြပါပြီ နော် လရိပ်"

အလင်းက လရိပ်ကို စစ်ကူခေါ်သည်၊ လရိပ်က ပြုံးပြုံးလေးနှင့် လက်မထောင်ပြကာ

"နှစ်ချင်းပေါက် အောင်စေရမယ် မမအေးမ၊ အလင်းက သူမသိတဲ့ စာတွေတောင် လရိပ်ကို မေးရတယ်"

"အောင်မာ နင်မသိတဲ့ စာတွေလည်း ငါ့ကို မေးတာပါပဲနော်"

"ကဲ ကဲ စကားမများကြနဲ့၊ ဝီရိယဆိုတာ ပိုတယ် မရှိဘူး၊ ပညာဆိုတာ ကုန်တယ် မရှိဘူးတဲ့၊ မင်းတို့လေးတွေ ပညာတတ်ကြီးတွေဖြစ်မှ လူ့အောက်မကျမှ မမတို့ စိတ်အေးရမှာ"

"ဟုတ်ကဲ့ သားတို့ ကြိုးစားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"လရိပ်လည်း ကြိုးစားမှာပါ"

စိတ်တူကိုယ်တူ ရည်ရွယ်ချက် တူညီစွာ ကတိပေးနေကြသော အလင်းနှင့် လရိပ်ကိုကြည့်ပြီး အေးမ ကြည်နူးမိသည်။

သူတို့နှစ်ယောက်က ကံတူအကျိုးပေး ဆုံလို့ နောက်တစ်ချိန်မှာ ဘဝအဖော်မွန်လည်း ဖြစ်နိုင်သည်ပဲ။

■ ■ ■



## အခန်း (၃၁)

ဘဝဆိုတာ အကောင်းနှင့်အဆိုး ဒွန်တွဲနေတတ်တာမို့ အလင်းနှင့်လရိပ် တက္ကသိုလ်ဝင်တန်း စာမေးပွဲကြီးကို အကောင်းဆုံး ဖြေဆိုပြီးချိန်မှာ လရိပ်တို့အမေ ဆုံးပါးသွားခဲ့သည်။

အဲဒီနောက်မှာ အေးမက မြို့ထဲက မုန့်တိုက်တစ်ခုမှာ အလုပ်ပြောင်းလုပ်ပြီး လရိပ်က တက္ကသိုလ်တက်နိုင်ဖို့အတွက် အလင်းနှင့်အတူတူ ဂျာနယ်ရောင်း ပန်းရောင်းလိုက်သည်။ စာမေးပွဲဖြေပြီးသောနွေရာသီမို့ အချိုရည်ဘူးတို့ ရေခဲရေတို့လည်း ရောင်းလိုက်သေးသည်။

သမ္မာအာဇီဝ အလုပ်မို့ ဈေးရောင်းရတာ ပျော်စရာပင် ကောင်းနေသည်။ ပင်ပန်းတယ်လို့ မညည်းညူမိဘဲ နှစ်ယောက်သား တက်ကြွလန်းဆန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အမင်းကတော့ ဖိုင်နယ်မှာ စာမေးပွဲကျသည့်မို့ နောက်တစ်နှစ်အတွက် ရှုန်းကန်ပေးရဦးမည်။

ယိမ်းက အလုပ်အကိုင် အဆင်ပြေနေပေမယ့် ခဏ ခဏ ဖျားနာတတ်နေသည့်အတွက် ဆေးခွင့်တင်ပြီး အလုပ်နားရသည့် ရက်တွေ ရှိလာ၏။ ဒါပေမဲ့ ယိမ်းက ဖွံ့ကောင်းသည်။

တော်ရုံတန်ရုံ ဖျားနာတာလောက်ကို ခွင့်မတင်ဘဲ ပေကပ်၍ အလုပ်ဆင်းသည်။ လစာနည်းပြီး မလောက်ငှမှာ စိုးရိမ်ကြီးနေ၏။ ဘာတွေ ဘယ်လိုပဲ ဖြစ်နေနေ အမင်းက အသုံးအစွဲ လျှော့ဖို့ မစဉ်းစားပါ။

"မင်းကွာ ကိုယ် ငွေမရှာရတိုင်း အားမနာတမ်း သုံးဖြုန်းနေတော့တာပဲ၊ ခုလို ကျောင်းပိတ်ထားတုန်း အလုပ်လေး ဘာလေး လုပ်ပါလားကွ"

"ငါက ကိုယ်ခန္ဓာနဲ့ရင်းပြီး အပင်ပန်းမခံချင်ဘူး၊ ဘွဲ့ရပြီးမှ အဲကွန်းခန်းလေးထဲမှာ အေးအေးသက်သာ လုပ်စားမှာ"

"မင်းက အရည်အချင်း ဘယ်လောက်ရှိနေလို့လဲ၊ ငါတို့တောင် အလုပ်တစ်ဖက်နဲ့ တစ်နှစ်ပြီးတစ်နှစ် အောင်နေလို့ ဘွဲ့ရတော့မယ်၊ စာလည်း တတ်၊ ပညာလည်း တတ် ဘယ်လောက် ကောင်းလဲ"

"ဟုတ်တယ်ကွ အမင်းရဲ့ တစ်နှစ်တစ်တန်း စာမေးပွဲအောင်တာက စာတတ်တာလို့ ခေါ်တယ်၊ ပညာတတ်တယ်ဆိုတာက လက်တွေ့





သင်ယူလေ့လာနေတာကို ပြောတာ၊ အခု ငါတို့နှစ်ယောက်လုံး အီလက်ထရောနစ်နဲ့ ပတ်သက်တဲ့ ပညာရပ်မှာ အောင်မြင်ပြီး ဝင်ငွေလည်း ကောင်းနေပြီ၊ ဘွဲ့လည်း ရတော့မယ်၊ မိဘတွေကိုလည်း ထောက်ပံ့နိုင်တယ်၊ မိသားစုထဲမှာ အရှောင်ခိုတတ်တဲ့လူက သက်သာပေမယ့် နာမည်ကတော့ မကောင်းဘူးနော်၊ မင်းက အဲဒါကို ခံမင်နေတာလား"

"တော်တော့ အောင်ထွေး၊ မင်းတို့နှစ်ယောက် ပေါင်းပြီး ငါ့ကို ဒေါက်ဖြုတ်နေကြတာလား။ ငါ့ကို ဘာကောင်ထင်ထင် ငါ ဂရုမစိုက်ဘူး။ အဓိကက ငါ့အစ်မနဲ့ ငါ့ညီလေး မငြိုငြင်ဖို့ ကြည်ဖြူဖို့ အရေးကြီးတယ်"

အမင်းက မဟုတ်မခံစိတ် မဟုတ်၊ ဟုတ်လည်း မခံချင်သော ပုံစံမျိုးနှင့် ဒေါသကြီးပြသည်။

ကျွဲပါးစောင်းတီး ပြောလည်း နားလည်မှာမဟုတ်တာကြောင့် အောင်ထွေးနှင့်ဇော်နိုင် ပခုံးတွန့်ပြီး ငြိမ်သွားကြသည်။

ငယ်ငယ်ကတည်းက ပေါင်းသင်းလာသည့် သူငယ်ချင်းတွေမို့ အမင်း စိတ်ဓာတ်ကို မကြိုက်ကြပေမယ့် သူငယ်ချင်းအဖြစ်ကလည်း မစွန့်လွှတ်နိုင်ကြ။

အခုတောင် သူတို့ ဝင်ငွေကောင်းနေချိန်မို့ အမင်းကို သုံးဖို့ ...ယာ တိုက်ချင်သည့်အတွက် ဒီစားသောက်ဆိုင်မှာ ခေါ်လိုက်မိခြင်းပင်။

"ပွံ့ပွံ့ လက်မထပ်ဖြစ်သေးဘူး မဟုတ်လား အမင်း၊ ဖွံ့ဖွံ့ကို



www.burmeseclassic.com

www.burmeseclassic.com



မတွေ့တာလည်း ကြာပြီ"

"ဘယ်တွေ့မလဲ ငါ အဲဒီအိမ် ပွဲသွားကြမ်းတာကို သတို့သား ဘက်က သိသွားပြီး စေ့စပ်ပွဲ ပျက်သွားတော့ ပုံပုံ မိဘတွေက ရှက်လှချည် ရဲ့ဆိုပြီး ပုံပုံကို မန္တလေးက အဘွားဆီ ပို့တယ်၊ အဲဒီမှာ ကျောင်းတက် နိုင်းတယ်၊ အခု ကျောင်းတွေပိတ်လို့ ပြန်ရောက်နေပြီ ထင်တယ်"

"မင်းနဲ့ တစ်ခါမှ မတွေ့သေးဘူးလား"

"အကြီးအကျယ် ပွဲလန့်ထားတာ၊ တွေ့တော့ရော အရင်လို ပြန်ဖြစ်ပါဦးမလား"

"လက်ထပ်ရမယ့်သူမရှိရင် မင်းကို ပြန်ကပ်မှာ သေချာပါ တယ်၊ ယော်ယောဖင့်က အဲဒီလောက်ထိတော့ စိမ်းသက်မသွားလောက် ပါဘူး။ မင်းဘက်ကရော ဘယ်လိုလဲ"

"ဤဘက်ကတော့ အမြဲတမ်း ဝဲကမ်းပေါ့ကွာ၊ ငါ ပုံပုံကို အရမ်း ချစ်တာ၊ သူ့ကို မျှော်လင့်နေလို့လည်း နောက်တစ်ယောက် မထားဖြစ် တာပေါ့"

"မင်းဘက်က တိုးတက် ပြောင်းလဲမှု မရှိဘဲနဲ့ ဒီတစ်ကြိမ် လည်း ပုံပုံ မိဘတွေ လက်ခံဦးမှာ မဟုတ်ဘူး"

"ဒါက အရေးမကြီးပါဘူးကွာ၊ လူငယ်တွေ အထာကို လူကြီး တွေ နားလည်မှာပါ၊ သူတို့ နားမလည်နိုင်တာက မမလို အကျင့်ပျက်





မျိုးရိုးဆိုတဲ့ အမည်းစက်ကြီးပဲ"

"ဒီကိစ္စကြီးက မေ့လည်း မေ့လောက်ပြီ၊ သွေးလည်း အေးနေ လောက်ပါပြီ၊ ဂုဏ်ငယ်စရာ ဆိုပေမယ့် မင်း မမက မင်းတို့အတွက် သူ့ဘဝသူ စတေးခဲ့တာ၊ ဒါကြီးကို အပြစ်မြင်ပြီး မင်း စွဲနေတော့မှာလား"

"ငါ အရမ်းချစ်တဲ့ ပုံပုံနဲ့ လွဲခဲ့ရတာ ဒါကြီးက အဓိကပဲလေ၊ မမကို မုန်းနေတာ မဟုတ်ပေမယ့် ငါတို့ အရှက်ရအောင် ဒီလိုင်းထဲ ဝင်သွားတာကို နာကြည်းတယ်"

"မင်းရဲ့ တယူသန်စိတ်ကြီးက တစ်ဖက်စောင်းနင်း နိုင်လွန်း တယ်၊ မင်းအစ်မ ဘာလို့ ဒီအလုပ်ကြီး လုပ်ရတယ်ဆိုတာ ငါတို့တောင် နားလည်ပေးနိုင်သေးတာ မင်းက ဘာလို့ နားမလည်နိုင်ရတာလဲ အမင်း"

အမင်းက ရှည်လျားသော သက်ပြင်းရှည်ကြီး မှုတ်ထုတ်ကာ ဘီယာ တစ်ကျိုက် စုပ်သောက်သည်။ ခါးသက်သော အရသာကို မျိုချ နေရပေမယ့် မျက်နှာတစ်ချက် မဲ့ရွဲ့ခြင်း မရှိ။

"ပုံပုံနဲ့ကိစ္စ အဆင်ပြေသွားနိုင်ရင် ဒီကိစ္စကြီးကို ငါ မေ့ပစ် လိုက်နိုင်မယ် ထင်ပါတယ်"

အောင်ထွေးနှင့်ဇော်ခိုင် မျက်လုံးချင်း ဆုံကာ မျက်ခုံးပင့်ပြ ကြ၏။ သူ့အစ်မကို နားလည်ဖို့ ပုံပုံနှင့် အဆင်ပြေအောင် ကြားဝင် ညှိ နှိုင်း စေ့စပ်ပေးရတော့မည်လား။



www.burmeseclassic.com

www.burmeseclassic.com



■ ■ ■

အမှန်တကယ် မမယိမ်း မေတ္တာတွေကို အမင်း နားလည်စေချင်သည်မို့ နောက်တစ်နေ့မှာ အောင်ထွေးနှင့် ဇော်နိုင် တိုင်ပင်ပြီး ပုံ့ပုံ့နှင့် ဆုံနိုင်အောင် ကြိုးစားလိုက်သည်။

တခြားရပ်ကွက်က လက်ဖက်ရည်ဆိုင်လေးမှာ ဆုံဖြစ်လိုက်ကြ၏။

ပုံ့ပုံ့က ဟိုအရင်ကလို မဟုတ်ဘဲ တည်ငြိမ်စွာ လုပနေသည်။

"နင် အမင်းကို မေ့ပစ်လိုက်ပြီလား"

"သူက မေ့သင့်တဲ့ လူတစ်ယောက်ပဲလေ၊ သတိရစရာ လိုလို့လား"

"နင် လက်ထပ်ရမယ့်လူမှ မရှိတော့တာ"

ပုံ့ပုံ့ ခဏတော့ တွေဝေသွားသည်။ အတန်ကြာမှ လေးပင်သော သက်ပြင်းရှည်ကြီးကို ဖြည်းဖြည်းချင်း မှုတ်ထုတ်သည်။

"အမင်းကလည်း ငါ လက်ထပ်သင့်တဲ့လူမှ မဟုတ်တာ"

"ဘာဖြစ်လို့လဲ သူ့အဖေကြောင့်လား။ သူ့အစ်မကြောင့်လား"

"သူကိုယ်တိုင်လည်း ဘာအရည်အချင်းမှ ချပြစရာ မရှိပါဘူး။ သူ့အစ်မရဲ့ အမည်းစက်ကိုလည်း ငါ့မိဘတွေ မသတီဘူး၊ သူ့အဖေ အကျင့်စာရိတ္တကိုလည်း ငါ့မိဘတွေ မကြိုက်ဘူး"





"နင့်မိဘတွေ ကိုယ်တိုင်ရော အပြစ်ကင်းလို့လား"

"ဘာ"

အရိုက်ကို ထိကာ ပုံ့ပုံ့ ဆတ်ဆတ်ခါသွားသည်။ အောင်ထွေးက အားမနာတမ်း ပြောချဖို့ ပြင်ဆင်လိုက်၏။

"နင့်အဖေ ဘာအမှုနဲ့မှန်း မသိဘူး ထောင်ကျလို့ နင်တို့မိသားစု ဒီကို ပြောင်းလာခဲ့ကြတာ မဟုတ်ဘူးလား၊ ခုမှ နင့်အဖေ ထောင်က ထွက်လာတာလေ"

ပုံ့ပုံ့ မျက်စိမျက်နှာပျက်ပြီး မျက်နှာကြီး ငုံ့ထား၏။ ဇော်နိုင်က လက်တို့ပြီး တားဆီးပေမယ့် အောင်ထွေး မနာခံဘဲ

"နင့်အစ်မလည်း တက္ကစီကားသမားနဲ့ ဘာညာ ဘာညာဖြစ်ပြီး လင်ကောင်မပေါ်ဘဲ ကလေးမွေးထားတာပဲ မဟုတ်လား၊ နင့်ကို နစ်နာစေချင်လို့ ဒီစကားတွေ ပြောနေတာ မဟုတ်ပါဘူး၊ နင့်ကို ဘယ်တုန်းကမှ ငါတို့ မကဲ့ရဲ့ခဲ့ဘူး။ အထင်မသေးခဲ့ဘူး၊ အဲလိုပဲ အမင်းတို့မိသားစုကို နင်လည်း နားလည်ပေးစေချင်တယ်"

"ငါ ငါ တစ်ယောက်တည်း ဆုံးဖြတ်လို့ မရဘူး"

"နင့်မိသားစုကို နင် နားလည်အောင် အရင်ပြောကြည့်ပါ ပုံ့ပုံ့၊ လူတိုင်းမှာ အခက်အခဲ ပြဿနာ ရှိတတ်ပါတယ်၊ နားလည်မှု မရှိရင်တော့ ပေါင်းသင်းလို့ မရဘူးပေါ့ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ အိမ်တွင်းရေး ပြဿနာတွေကြောင့် မေမတို့က ငါ့ကို လူရှုပ်ပေါင်းစေချင်တာပါ၊ မမလို အမှားမျိုး ထပ်ပြီး ကြုံမှာစိုးတယ်၊ မေမေ့လို ဒေါသစိတ်ကို မထိန်းနိုင်လို့ လူသတ်မှု ကျူးလွန်တဲ့အထိ မိုက်မဲတတ်တဲ့လူမျိုးနဲ့ ဆုံမှာစိုးရိမ်ကြီးနေခဲ့တယ်၊ အမင်း ဘယ်လိုလူစားမျိုးလဲဆိုတာ နင်တို့ အသိပါ၊ ပိုင်ဆိုင်မှု မရှိခင်မှာတောင် မေမေ့ရှေ့မှာ ပန်းအိုးတွေ ဘာတွေ ရိုက်ခွဲတဲ့အထိ ကြမ်းရမ်းခဲ့ဖူးတယ်၊ သူ့အစ်မနဲ့ ညီလေးအပေါ်မှာရော ကိုယ်ချင်းစာစိတ် ရှိလို့လား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ နင့်မိဘတွေနဲ့ ညှိနှိုင်းပြီး အမင်းကို တစ်ခါလောက် အခွင့်အရေး ပေးကြည့်ပါလားဟာ"

ပွံ့ပွံ့ မင်သက် တွေဝေသွားသည်။ အခြေအနေ ကောင်းနိုင်ကြောင်း အောင်ထွေးတို့ ခန့်မှန်းမိလိုက်၏။

အမင်း ကံကောင်းပါစေ။ မမယိမ်းအပေါ် နားလည်နိုင်ပါစေ။

■ ■ ■



## အခန်း (၃၂)

"ယိမ်း ယိမ်းရေ ယိမ်း"

အရေးတကြီး အသံစာစာလေးနှင့် ခေါ်သံကြောင့် ယိမ်း နောက်လှည့်ကြည့်လိုက်သည်။

"ဟင် အေးမ ဘယ်လိုဖြစ်လာတာလဲ အလုပ် မဆင်းဘူးလား"

"နင့်ကို အရေးကြီးတဲ့စကား ပြောစရာရှိလို့ ငါ့အလုပ်ကို ခွင့်တောင်းပြီး အစောကြီး ပြန်လာတာ၊ နင်ကရော အလုပ်ဆင်းချိန် မဟုတ်သေးဘဲနဲ့ ဘာလို့ အစောကြီး ပြန်လာတာလဲ"

"ဝမ်းလျှောနေလို့ဟ တစ်ကိုယ်လုံး နုံးချိပြီး မလုပ်ချင် မကိုင်ချင်နဲ့ မနေနိုင်လွန်းလို့ သူဌေးဆီ ခွင့်တင်ပြီး ပြန်လာခဲ့တာ"

"အော၊ နင်လည်း တရှောင်ရှောင်နဲ့ အရမ်းပိန်နေပြီး ကျန်းမာ



www.burmeseclassic.com

www.burmeseclassic.com



ရေး ဂရုစိုက်ဦး"

"အေးဟယ် ဆေးတော့ သောက်နေတာပါပဲ၊ ဘာဖြစ်နေမှန်းလည်း မသိပါဘူး။ ပါးစပ်ထဲမှာ အရည်ကြည်ဖုလေးတွေ ပေါက်နေတာ၊ ထမင်း မစားနိုင်တော့ ပိုဆိုးတာပေါ့၊ လုံးဝ အားမရှိတော့သလိုပဲ"

ကြားဖူးနားဝနှင့် အေးမ ထိတ်ခနဲ ဖြစ်သွား၏။ လမ်းဘေးကုက္ကိုပင် အရိပ်မှာ ယိမ်း လက်ကလေးကို ဆွဲပြီး ရပ်လိုက်သည်။

ယိမ်းက ထမင်းထည့်တဲ့ ဆွဲခြင်းလေးကိုတောင် မကိုင်နိုင်တော့သလို အောက်ကို ချထားလိုက်၏။

"ဦးသိန်းထိုက်ကြီး ဆုံးပြီ ယိမ်း"

"ဟင် ဘာ ဘာဖြစ်လို့လဲ၊ ဟိုအရင် နှစ်လလောက်က တွေ့တုန်းကတောင် သန်သန်မာမာကြီးပါ၊ ဦးနှောက်သွေးကြောပြတ် သွားတာလား။ အစာအိမ်တွေ ဘာတွေများ"

"အိပ်ချ်အိုင်ဗွီ ရောဂါနဲ့ သေတာ"

"ဟမ် အံမယ်လေး ဘုရား ဘုရား အသေဆိုးပါလား။ ဘယ်သူမှ အနားကပ် မပြုစုချင်တဲ့ သေလို့လည်း၊ အသုဘ လိုက်မပို့ချင်တဲ့ ရောဂါကြီးနဲ့ပါလား"

ယိမ်းက မျက်လုံးကို စုံမှိတ်၍ ဘုရားတ'သည်။ ကိုယ်ခန္ဓာလေးက ပိန်ကျသွားသည့်မို့ ဝန်ထမ်းဝတ်စုံလေး ချောင်ချိနေတာ ကြည့်ပြီး





အေးမ ရင်ထဲ ဟန်မဆောင်နိုင်အောင် ဝမ်းနည်းဆို့နင့်နေမိသည်။

ယိမ်း ယိမ်းက ဘာမှ မတွေးဆမိဘူးလား။

"ယိမ်း ဒီရောဂါက ကူးစက်တတ်တယ်ဆိုတာ နင် သိလား"

"အေးလေ သိတာပေါ့။ ကာမစပ်ယှက်မှုက တစ်ဆင့်၊ သွေးကတစ်ဆင့် ကူးစက်တတ်တယ်တဲ့ ဘာဖြစ်လို့လဲ ဟင် အေး အေးမ နင်ပြောချင်တာက ငါ ငါ့မှာ"

"ဖြစ်နိုင်လား မဖြစ်နိုင်လား ငါ သေချာ မသိပါဘူး။ ဒါပေမဲ့ တရှောင်ရှောင် တစ်မျိုးပြီး တစ်မျိုး ဖြစ်နေတဲ့ နင့်ဝေဒနာကို ငါ စိုးရိမ်တယ်"

"ဟင့်အင်း ဟင့်အင်း မဟုတ်နိုင်ပါဘူး။ မဖြစ်နိုင်ပါဘူး။ ငါ ဒါက ရိုးရိုးတန်းတန်း ကျန်းမာရေး မကောင်းတာပါ၊ ဘာလို့ အဲဒီ ရောဂါကြီး ငါ့မှာ ဖြစ်ရမှာလဲ၊ မ မဖြစ်ဘူး"

ယိမ်း အကြောက်အကန် သွေးရူးသွေးတန်း ငြင်းဆန်နေ၏။ ဆတ်ဆတ် တုန်နေသော ယိမ်း ကိုယ်လေးကို အေးမ ထွေးဖက်ထားလိုက်သည်။

"ငါလည်း နင့်မှာ အဲဒီရောဂါဆိုးကြီး မဖြစ်ပါစေနဲ့လို့ ဆုတောင်းနေမိပါတယ် ယိမ်းရယ်၊ ငါ့သူငယ်ချင်းက ခုမှ ကံကောင်းခါစပဲ ရှိသေးသယ်၊ နင့်အရိပ်မည်းကြီးကို ပတ်ဝန်းကျင်က မေ့ပျောက်ခါစပဲ ရှိသေး



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒီရောဂါကြောင့် တစ်လုန့်လိုက်သလို ဝိုင်းပြီး လက်ညှိုးထိုးကြမှာ ငါ အရှက်ရိုးရိုမိတယ် ယိမ်း''

"ငါ ငါ မဖြစ်နိုင်ပါဘူး ငါ ငါ့မောင်လေးတွေ အရှက်ရအောင် ငါ့မှာ ဒီရောဂါဆိုးကြီး ရှိလို့မဖြစ်ဘူး။ အဖ အမင်း အရှမ်းရှက်နေမှာ၊ အ အလင်းကိုလည်း သနားတယ်၊ ဟင့်အင်း မဖြစ်ချင်ဘူး။ မဖြစ်ချင်ဘူး အေးမရယ်၊ ငါ့ကို ကယ်ပါဦး တ တကယ်ဖြစ်သွားရင် ငါ ဘယ်လို လုပ်ရမလဲ''

"အဲလောက်ကြီး မကြောက်ပါနဲ့ဦး ယိမ်းရယ်၊ နင် ဆေးစစ်ကြည့်ရမှာပေါ့၊ မဖြစ်ဘူးဆိုရင် ဝမ်းသာရမယ်၊ ဖြစ်တယ်ဆိုရင်လည်း ဆေးထိုးဆေးသောက်ပြီး ကျန်းမာရေးကို သေချာဂရုစိုက်လိုက်တာနဲ့ နင် အကြာကြီး နေလို့ ရပါသေးတယ်''

ယိမ်းက ခေါင်းကို တဖျပ်ဖျပ် ခါရမ်းနေရင်း သည်းထန်စွာ ရှိုက်ငိုပစ်၏။ ဖက်တွယ်ထားရသော အေးမ လက်တွေလည်း ဆတ်ဆတ် တုန်နေသည်။

"အေးမရယ် ကံကြမ္မာက ငါ့ကို တစ်ခါမှ မျက်နှာသာ မပေးဖူးဘူး။ ဒီတစ်ခါ ဒီအဖြစ်ဆိုးကြီးက လွတ်မြောက်အောင် ကယ်တင်လိုက်ရင် သိပ်ကောင်းမှာပဲနော်၊ ငါ ငါ သေရမှာကို မကြောက်ပါဘူး။ အမင်း အပြစ်တင်မှာ ငြူစူမှာကို ကြောက်တယ်၊ အလင်းလေး ငါ့ကို သနားပြီး





ခံစား နာကျင်ရမှာကို ကြောက်တယ်၊ သူ ငါ့ကိုကြည့်ပြီး စိတ်ချမ်းသာ ပျော်ရွှင်နေတဲ့အချိန်လေးက ခဏလေး ရှိပါသေးတယ်၊ သူ လှုတိုင်းကို ခေါင်းမော့ ရင်ကော့ပြီး နှုတ်ဆက်ရဲတာ ခ ခဏလေး ရှိပါသေးတယ်''

"ယိမ်းရယ် ဖြစ်လာသမျှ ရင်ဆိုင်ရုံပဲ ရှိတော့တာပေါ့၊ မဖြစ်ပါ နဲ့လို့ ဟန့်တားပိတ်ပင်လို့လည်း မရဘူး။ ဖြစ်လာပါစေလို့ တောင့်တမျှော် လင့်လို့လည်း ဖြစ်ချင်မှ ဖြစ်တာ မဟုတ်လား၊ ကြုံလာသမျှ လောကခံ ကို အားတင်းခံနိုင်ဖို့ပဲ အရေးကြီးပါတယ်၊ စိတ်မပျက်နဲ့ အားမလျှော့နဲ့ စိတ်ကို တင်းထားစမ်းပါ၊ တောင့်ထားစမ်းပါ သူငယ်ချင်းရယ်''

အေးမ ဖျောင်းဖျနေလည်း ယိမ်းက အငိုမရပ်ပါ။

အေးမက ယိမ်းကိုတွဲ၍ အိမ်အဝထိ ရောက်အောင် ပြန်ပို့သည်။ အိမ်ထဲကို လှမ်းဝင်နေသည့် ခြေလှမ်းတွေက လေးကန်တုံ့ဆိုင်းနေ၏။

"ဟာ မမယိမ်း အလုပ်က ပြန်လာပြီလား။ သားက ဒီဟင်း အိုးလေး နွေးပြီးမှ လာကြိုမလို့ မမယိမ်းရဲ့၊ မမယိမ်း အလုပ်ပြန်ချိန် မဟုတ်သေးဘူးဆိုပြီး နာရီကြည့်နေတာ''

"အင်း သိပ်နေမကောင်းလို့ အလုပ်က စောပြီးပြန်လာတာပါ ကွယ်၊ မမယိမ်း နားလိုက်တော့မယ်နော်''

"လန်းလန်းဆန်းဆန်း ဖြစ်အောင် ရေချိုးဦးလေ မမယိမ်းရဲ့၊ သား ထမင်းပွဲ ပြင်ထားမယ်၊ စားသောက်ပြီး ဆေးလည်းသောက်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



နားလိုက်ပေါ့"

ယိမ်း ဆွဲခြင်းလေးကို နေရာတကျ ထားသိုရင်းဖြင့် အလင်းက တတွတ်တွတ် ပြောနေသည်။

စိတ်ရော လူရော အသက်မရှူချင်လောက်အောင် နုံးချိနေ ပေမယ့် အလင်း စိတ်တိုင်းကျ ရေချိုးဖို့ ပြင်ဆင်ရ၏။

"မမယိမ်း ထဘီတွေ အင်္ကျီတွေ ဒီအတိုင်း ထားလိုက်နော်၊ သား လျှော်လိုက်မယ်၊ ဒီမှာ သနပ်ခါးလည်း သွေးထားတယ်၊ ခြေဆုံး ခေါင်းဆုံး လှလှဖွေးဖွေးလေး လိမ်း သိလား"

အလင်းရဲ့ ဂရုစိုက် သိတတ်မှုများကြောင့် ပြည့်လျှံနေသော ရေစည်ပိုင်းထဲက ရေတွေကို ဖြည်းဖြည်းချင်း အချိန်ဆွဲ ချိုးနေရင်းက ယိမ်း မျက်ရည်ကျနေမိသည်။

ဘာတွေဖြစ်လာနိုင်သလဲ ဘယ်သူ သိမှာလဲ။ ကံကြမ္မာက ဘယ်လို ဖန်တီးဦးမလဲ ဘယ်သူ ခန့်မှန်းနိုင်မှာလဲ။

ယိမ်းဘဝက အဆိုးတွေချည်း ခံစားလာခဲ့ရတာမို့ မတုန်လှုပ် တော့ပေမယ့် ကျန်နေရစ်ကြမယ့် မောင်လေးတွေအတွက် ယိမ်း အသေ လှချင်ပါသည်။

ဘယ်သူမှ မသိနိုင် မမြင်နိုင် မတွေ့နိုင်သော ဟိုးအဝေးဆုံး တစ်နေရာမှာ အသက်ဝိဉာဉ် ခန္ဓာ အားလုံး ညင်ညင်သာသာ ပျောက်ဆုံး





သွားစေချင်သည်။

မသိသလို မျက်နှာလွှဲ ဥပေက္ခာပြုနေလိုက်စမ်းပါ ကံကြမ္မာ ကြီးရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"မသိသလို လုပ်မနေစမ်းပါနဲ့ကွာ၊ မင်းတို့ ပုံပုံနဲ့ သွားတွေ့ကြတယ် မဟုတ်လား၊ ပုံပုံ ဘာပြောလဲ၊ ပုံပုံဘက်က ဘယ်လို အခြေအနေရှိလဲ၊ ငါ့ကို ပြောစမ်းပါကွ၊ ငါ အရမ်းသိချင်လို့ပါ"

"သိချင် ဝယ်ဖတ်၊ ဂျာနယ်တစ်စောင် ငါးရာ"

"အာ ဒီကောင်တွေ လာနောက်နေတယ်၊ မင်းတို့ အလှည့်ကျရင် ဝဋ်လိုက်မယ်နော်"

"ဟဲ ဟဲ အလကား စနေတာပါ၊ ပြောချင်တာမှ အာတွေယားလို့"

"ပြောတော့ ပြောမယ်၊ အပေးအယူ ရှိတယ်နော် အမင်း၊ ပုံပုံနဲ့ အဆင်ပြေရင် မမယိမ်းကို နားလည်ပေးရမယ်၊ ပြီးတော့ မင်း အမှုအကျင့်တွေ ပြင်ပြီး ပုံပုံ အားကိုးလောက်တဲ့ အထင်ကြီးလောက်တဲ့





ယောက်ျား တစ်ယောက်ဖြစ်အောင် ကြိုးစားပြရမယ်"

"ဟုတ်ပါပြီကွာ၊ ကတိပေးပါတယ်၊ ပုံပုံ ကျေနပ်လက်ခံပေးမယ်ဆိုရင် ငါ့ဘက်က အတတ်နိုင်ဆုံး ကြိုးစားပြီး ပြင်မှာပါ။ မမယိမ်းအပေါ်လည်း ငါ့ရဲ့ စိတ်တွေပြောင်းလဲလို့ ရပါပြီ"

အမင်း အားနှင့်မာန်နှင့် ကတိပေးတော့ အောင်တွေးတို့ နှစ်ယောက် မျက်နှာ ကျေနပ်ပြုံးပျော်သွားသည်။

"ယောက်ျားဆိုတာ ခိုင်မာတဲ့ စိတ်နဲ့လည်း ပြောင်းလဲချင်စိတ် ရှိဖို့မှပေါ့ကွာ၊ ပုံပုံတို့က ဝိုက်ဆံချမ်းသာသလို သူတို့ အဖြစ်ကို သိုသိုသိပ်သိပ် ဖုံးကွယ်ထားတယ်၊ အဲဒါ မာန်မာနနဲ့ ဘဝင်မြင့်နေတာ မဟုတ်ဘူး၊ အတိတ်က အဖြစ်ဆိုးမျိုး ပြန်ကြုံရမှာ ကြောက်နေတာ၊ ဒါကြောင့် ပုံပုံကို ချုပ်ချယ် ထိန်းသိမ်းထားတာပေါ့ကွာ၊ ပုံပုံအလှည့်မှာ ထပ်အမှားမခံနိုင်တော့တဲ့ သဘောပေါ့"

"ပုံပုံကလည်း မင်းကို လက်ခံရမှာ သူ့မိဘတွေလိုပဲ ကြောက်နေတာကွ၊ မမယိမ်းမှာ နာမည်ပျက် ရှိတယ်၊ မင်းအဖေမှာ နာမည်ဆိုး ရှိတယ်၊ မင်းမှာလည်း ဘာအရည်အချင်းမှ ထုတ်ပြစရာ မရှိဘူး၊ ခုချိန်မှာတော့ မင်းအဖေကလည်း တစ်ယောက်တည်းနဲ့ ခြေငြိမ်သွားပြီ၊ မမယိမ်း ကိစ္စကလည်း မေ့ထားနိုင်လောက်တဲ့ အချိန်ကုန်လောက်သွားပြီလေ၊ မင်း အရည်အသွေးနဲ့ အထင်ကြီးစေအောင် လုပ်ပြဖို့ပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိတော့တယ်၊ အဲလိုတွေ ပြည့်စုံသွားရင်တော့ သူ့မိဘတွေကို ဆန့်ကျင်ပြီးတောင် ပုံပုံ မင်းကို လိုက်လျောလိမ့်မယ် ထင်တယ်"

"တ တကယ်ပေါ့ ပုံပုံ ငါ့ကို ပြန်ချစ်လာမယ်၊ လက်ခံတော့မယ်ပေါ့"

"အဲဒါ သူနဲ့တွေ့ပြီး သေချာ မေးကြည့်ပေါ့ကွာ၊ မင်းတို့နှစ်ယောက် တွေ့နိုင်အောင် ငါတို့ စီစဉ်ပေးပါမယ်၊ တွေ့ရင်သာကိစ္စတွေအားလုံးအပေါ်မှာ မင်း အာမခံပြီး ကတိပေးလိုက်၊ ပုံပုံ မင်းဘက်က ရပ်တည်လိမ့်မယ်ဆိုတာ ငါတို့ ယုံတယ်"

"ကျေးဇူးပဲကွာ ပုံပုံ ဆန္ဒတွေ ပြည့်ဝရမှာပါ၊ မမယိမ်းကလည်း အရောင်းစင်တာမှာ ထည်ထည်ဝါဝါ ရှိနေပြီကွ၊ ဖေဖေကလည်း ရှယ်လီနဲ့ သားသမီးရတော့မှာဆိုတော့ ခြေငြိမ်သွားပြီ၊ ငါလည်း ဂုဏ်သိက္ခာရှိတဲ့ အလုပ်တစ်ခု လုပ်ပြလိုက်မယ်၊ ဟား တွေးရင်းနဲ့ ရင်တွေခုန်လိုက်တာ၊ ပုံပုံ မျက်နှာလေးကို တစ်ဝကြီး ငေးကြည့်ချင်တယ်ကွာ"

အမင်း မျက်နှာလေးက မျှော်လင့်ချက်တို့ဖြင့် ပြုံးပျော်လန်းဆန်းနေသည်။ တကယ်ကို ပြုပြင်ပြောင်းလဲတော့မယ့် အားမာန်တွေလည်း ရှိနေ၏။

အောင်ထွေးက အမင်း ပခုံးကို ဖတ်ခနဲ ပုတ်လိုက်ကာ

"မင်းကို အဲလို ပုံစံမျိုးမြင်ရတာ စိတ်ချမ်းသာတယ်ကွာ၊ ဒါနဲ့





မမယိမ်း ကျန်းမာရေး ကောင်းရဲ့လား အမင်း။ ဟိုနေ့က အမှတ် တမဲ့

တွေ့လိုက်တာ အရမ်းပိန်နေသလားလို့"

"ဟုတ်တယ် ကျန်းမာရေး မကောင်းဘူးကွ၊ ညက သတိ

လစ်တဲ့အထိ ဖြစ်သွားလို့ အလင်း ဆေးခန်းလိုက်ပို့တယ် ထင်တယ်"

"ထင်တယ်ဆိုတော့ အဲဒီအချိန်က မင်း အိမ်မှာ မရှိဘူး

လား"

"ငါ အပြင်က ပြန်ရောက်ခါစပဲ ရှိသေးတယ်၊ အလင်းနဲ့

ဆိုက်ကားသမား မမယိမ်းကို ဆိုက်ကားပေါ် တွဲတင်နေတာ တွေ့လိုက်

တယ်လေ"

"ဟာ အမင်းရာ အဲလိုဖြစ်နေတာတောင် မျက်နှာလွှဲနိုင်တာ

အံ့ဩပါရဲ့ကွာ၊ တကယ်ဆို ဂရုစိုက် ဖေးမပြီး မင်းကိုယ်တိုင် ဆေးခန်း

ကို လိုက်သွားသင့်တာကွ"

"ငါလည်း အဲလိုမြင်ပြီးမှ အိမ်ထဲဝင်သွားမိတာ စိတ်မကောင်း

ဖြစ်နေပါသေးတယ်၊ မမယိမ်းက နည်းနည်းပါးပါး ဖြစ်ရုံနဲ့ ဆေး

ဆေးခန်း သွားတာ မဟုတ်ဘူးကွ၊ ပိုက်ဆံကုန်မှာစိုးလို့ အောင်

ကြိတ်မှိတ်ခံတာ၊ အခုဟာက တော်တော် မဟန်နိုင်လွန်းလို့ ဖြစ်မယ်"

"မင်းတို့ကြောင့် စိတ်ရော လူရော ပင်ပန်းခဲ့တဲ့ ဒဏ်တွေ

ဖြစ်မယ်၊ မမယိမ်း သနားပါတယ်ကွာ၊ ငါတို့က သတင်းလာမေးချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မမယိမ်းနဲ့ သိပ်မရင်းနှီးလို့ကွ”

အောင်ဇေဝွေးနှင့်ဖော်နိုင်က တကယ် စိတ်မကောင်း ဖြစ်နေကြသည်။ အမင်းကတော့ ဘီယာကို အရသာခံ သောက်နေရင်း ပွဲပွဲ မျက်နှာလေးကို မြင်ယောင်နေခဲ့၏။

တွေ့ရမယ့် ရက်ကလေးကို ရင်ခုန်စွာ စောင့်စားရင်း အနာဂတ်အတွက်လည်း ရည်မှန်းချက်တွေ ရှိလာသည်။ ပွဲပွဲသာ သူ့အနားမှာ ရှိပါက အရာရာကို ရင်ဆိုင်ဖို့ သတ္တိတွေလည်း ရှိလာသည်။

ဝေးခဲ့ရသည့် အချိန်တွေမှာ ခံစားခဲ့ရသော ဝေဒနာတွေကြောင့် ပြဿနာရဲ့ ရေသောက်မြစ်ဖြစ်တဲ့ မမယိမ်းအပေါ် သူ ဘယ်လိုမှ နားလည်ပေးလို့ မရ။

သူတို့အတွက် ရုန်းကန်ရတယ်ဆိုပေမယ့် ငွေရှာဖို့က ဒီတစ်လမ်းပဲ ရှိသလား။ အပေါင်းအသင်း မိတ်ဆွေ ပတ်ဝန်းကျင် အသိုက်အဝန်းကြားမှာ ဘယ်လိုမှ ခေါင်းမဖော်ရဲ၊ မျက်နှာမပြရဲတဲ့ အဖြစ်မျိုး။

ရွံရှာစက်ဆုပ်ဖွယ် ကောင်းတဲ့ အောက်တန်းအကျဆုံး၊ အလုပ်။ သံသရာအထိ အရှက်ရစေမယ့် အညစ်ညမ်းဆုံး ငွေရှာနည်းဖြင့် သူတို့အတွက် ရုန်းကန်ပေးခဲ့သော မမယိမ်းကို သူ ကျေးဇူးမတင်မိတာ မှားမည် မထင်။

အမှန်တရားလည်း မရှာဖွေချင်စွာဖြင့်...။



## အခန်း (၃၄)

“မမယိမ်း ကြက်ရိုးလေးနဲ့ သား ဆန်ပြုတ်ပြုတ်ထားတယ်၊ သောက်လိုက်နော် မမယိမ်း။ ပြီးရင် ဆရာဝန် ပေးလိုက်တဲ့ ဆေးတွေ ဆေးပတ်လည်အောင် သောက်ရဦးမယ်”

“အလင်းရယ် မမယိမ်း နေမကောင်းဖြစ်တာနဲ့ အလင်း အရမ်းပင်ပန်းနေပြီ၊ နေ့ရော ညရော မအိပ်မနေ ပြုစုနေတော့ မမယိမ်း အားနာတာပေါ့ကွယ်”

“အဲလို အားနာတယ်ဆိုတဲ့ စကားတော့ မောင်နှမကြားမှာ မသုံးနှုန်းပါနဲ့ မမယိမ်းရယ်၊ သား ငယ်ငယ်လေးကတည်းက ဒီအရွယ် ထိ မမယိမ်းက သားကို ပြုစုစောင့်ရှောက်ခဲ့တာ မဟုတ်ဘူးလား။ သား ခုမှ မမယိမ်း နေမကောင်းတဲ့ အချိန်လေးမှာ ပြုစုခွင့်ရတာပါ။ သား



www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်တောင် ရပါသေးတယ် မမယိမ်းရယ်''

အလင်းက ဆန်ပြုတ်လေးကို ယိမ်း သောက်လို့ အဆင်ပြေအောင် တစ်ဇွန်းချင်း ဖြည်းဖြည်းလေး ဂရုစိုက် တိုက်သည်။ ပေကျံညစ်ပတ်နေတာတွေ မဖြစ်အောင်လည်း လက်သုတ်ပဝါလေးနှင့် တယုတယ တို့သုတ်ပေး၏။

ယိမ်းကတော့ ပါးစပ်ထဲက အဖုအပိတ်တွေကြောင့် ဆန်ပြုတ်အရည်ကို မျိုချနေရတာတောင် မျက်ရည်ပေါက်ပေါက်ကျအောင် နာကျင်ခံစားနေရပါသည်။ အလင်း မသိအောင် ကြိတ်ခံနေရတာမို့ ဝေဒနာက ပိုပြီး ပြင်းထန်လွန်း၏။

တစ်ကိုယ်လုံး အားအင်ကုန်ခမ်း ချိနဲ့ထုံကျဉ်နေကာ၊ ဟိုနေရာ ဒီနေရာ သွေးကြောမျှင်များက တဆစ်ဆစ် တဖျဉ်းဖျဉ်း ကိုက်ခဲနာကျင်နေသည်။

အရင်ရက်တွေက ဟန်ဆောင် အားတင်းပြီး အလုပ်ဆင်းဖို့ ကြိုးစားခဲ့သေးပေမယ့် ဘယ်လိုမှ တောင့်မထားနိုင်တော့တာမို့ အလုပ်မဆင်းဖြစ်တာ တစ်ပတ် ဆယ်ရက်ခန့် ရှိတော့မည် ထင်သည်။ ဆေးခန်းကို သုံးရက်သုံးကြိမ် ဆေးထိုးဆေးသောက် ကုသထားသော်လည်း ဝေဒနာက ထူးခြားပြီး သက်သာမလာ။

တစ်နေ့ထက်တစ်နေ့ ပိုဆိုးလာသလားဟုပင် သံသယ ဖြစ်မိ





၏။ အပေါ့အပါး သွားဖို့ လမ်းလျှောက်ရတာပင် မောပန်းနွမ်းနယ်လွန်းလှသည်။

ချိုးသေးကအစ မနိုင်မနင်း ဖြစ်လာတော့ ပြုစုပေးနေသော အလင်းလေးကို အားလည်း နာသည်။ သနားလည်း သနားသည်။

အခုဆို အလင်းလေး ယိမ်းကိုလည်း ပြုစုရသည်။ ထမင်းဟင်းလည်း ချက်ပြုတ်ရသည်။ အိမ်မှုကိစ္စတွေလည်း မနားမနေ လုပ်နေရသည်။

အမင်းက တစ်စက်လေးမှ ကူဖော်လောင်ဖက် မရ။ အိပ်ချိန် ပြန်အိပ် စားချိန် ပြန်စားနှင့် ဘာအပူအပင်မှ မရှိတဲ့အတိုင်း။

''မမယိမ်း ဘာတွေ စိတ်မကောင်းဖြစ်နေတာလဲ''

''ဟင် ဘာ ဘာမှမဖြစ်ပါဘူး''

''ဒါဆို ဘာလို့ မျက်ရည်တွေ ကျနေတာလဲ မမယိမ်းရယ်၊ ပါးစပ်က အနာတွေက နာလို့လားဟင်''

''မ မဟုတ်ပါဘူး အလင်း ပင်ပန်းနေတာကို မကြည့်ရက်လို့ပါကွယ်၊ မမယိမ်း မြန်မြန်နေကောင်းရင် သိပ်ကောင်းမှာပဲ''

''မမယိမ်းရယ် ဆရာဝန်ကြီးဆီက ဆေးစစ်ထားတဲ့ အဖြေရတာနဲ့ ဘာရောဂါဆိုတာ သိရင် သေချာ ကုသလို့ ရနေပြီပဲ။ အချိန်မှာ ဘာမှမတွေးနဲ့၊ သားကိုလည်း အားမနာနဲ့၊ ကိုယ့်ကိုယ်ကို ကျန်းမာ



www.burmeseclassic.com

www.burmeseclassic.com



ဖို့ ဘုရားမှာ ဆုတောင်းနေပေါ့နော် မမ''

လှုကြီးလေးလို ပြောတတ်လွန်းသည့် အလင်း၊ မျက်နှာလေးကို အရှိုက်ကြိုင်းကြိုင်း ဖြစ်လာသော ယိမ်း လက်ကလေးနှင့် ပွတ်သပ် ကိုင်တွယ်မိသည်။

အလင်းက ဆန့်ပြူတ်ပန်းကန်လေးကို ဘေးနားချထားပြီး ယိမ်း လက်ကလေးကို တယုတယ ဆုပ်ကိုင်ထား၏။

''အားမငယ်နဲ့နော် မမယိမ်း၊ သားမှာ စုထားတဲ့ ပိုက်ဆံတွေ ရှိသေးတယ်၊ မမ အလုပ်ထဲက ထောက်ပံ့ကြေးပေးထားတဲ့ ပိုက်ဆံလည်း ရှိသေးတယ်၊ မမ ဘာစားချင်လဲ ဘာလုပ်ချင်လဲ သားကိုပြော၊ မမ ဖြစ်ချင်တာ အားလုံး ဖြစ်စေရမယ် သိလား''

''အ အမင်းရော ဘယ်သွားနေလဲ''

''သူက ဖိုင်နယ်ပြန်တက်နေရတာ ဘယ်အားမလဲ၊ မမ နေမကောင်းလို့လား မသိဘူး။ ဒီရက်တွေ အမင်း အိမ်ပြန်တာ စောပါတယ် မမရဲ့၊ ညကလည်း မမ အိပ်ပျော်နေတုန်း သူ ပြန်ရောက်လာတာ၊ မမယိမ်း သက်သာလားလို့ အမင်း မေးနေသေးတယ်''

ယိမ်း ဖြေသာအောင် နှစ်သိမ့်စကားတွေမှန်း ယိမ်း သိပါသည်။ အိမ်မှာ လူမမာရှိတာ ကျက်သရေ မရှိဘူးလို့ ငြိုငြင်ငြင် ပြောနေတာတောင် ယိမ်း ကြားနေတာပဲ။





ဖေဖေရော ယိမ်း ဒီလောက် နေမကောင်း ဖြစ်နေတာ မသိဘူးလား။ သိပေမယ့် လာချင်စိတ် မရှိလို့ မလာတာများလား။

အလင်း တစ်ယောက်သာ ယိမ်းအနားမှာ အမြဲရှိသည်။ ယိမ်း မျက်ဝန်းထဲမှာ မေမေ့ရဲ့ နောက်ဆုံး အချိန်တွေကို မြင်ယောင်မိ၏။ မေမေ့နားမှာ ယိမ်းနှင့် အလင်းကသာ ထွေးထွေးပွေ့ပွေ့ ရှိနေပြီး အမင်းက ခပ်လှမ်းလှမ်းကနေ ကြည့်နေတတ်သည်။

ဖေဖေကဆို မေမေ့ရှာပန မြေချချိန်မှာတောင် မရှိ။ ခုရော ယိမ်းရဲ့ နောက်ဆုံးအချိန်ထိတောင် ဖေဖေ လာကြည့်ပါ့မလား။

''မမယိမ်း ပြန်လှဲမလားဟင်''

''အင်း လှဲမယ် အလင်း''

အတွေးနှင့် တုန်လှုပ်ချောက်ချားနေသော ယိမ်းကို အလင်းက သက်တောင့်သက်သာ လှဲအိပ်စေသည်။

ဘုရား ဘုရား အသားအရေတွေက အထိမခံနိုင်အောင် နာကျင်နေပါပေါ့လား။ တရိုရိုဖြင့် ပုံကျတော့မလားတောင် ထင်မိ သည်။ ဆံပင်တွေက အတွေးလိုက် ကျွတ်ကျနေတာ ခေါင်းအုံးဖြူဖြူလေးပေါ်မှာ ပွရောင်းမည်းနက်နေသည်။

ဘာရောဂါမို့ ဒီလို ပြင်းထန်သော ဝေဒနာတွေ ခံစားနေရတာလဲ။ ယိမ်း၊ စိုးရိမ်ကြောင့်ကျနေသော ရောဂါဆိုးကြီးသာ ဖြစ်ပါက



www.burmeseclassic.com

www.burmeseclassic.com



အလင်းကို ဘယ်လိုနှစ်သိမ့် ဖျောင်းဖျရမလဲ။ အမင်းကို ဘယ်လို တောင်းပန်တိုးလျှိုးရမလဲ။

ကြမ္မာဆိုးကြီးက လွတ်မြောက်ခွင့်ပေးပါ အရှင်ဘုရား။

■ ■ ■



## အခန်း (၃၅)

"အမင်း ဘာဆုတွေ တောင်းနေတာလဲ"

"ဩော် ပုံပုံဆိုတဲ့ ချစ်သူလေးနဲ့ နောက်တစ်ခါ မခွဲရပါစေနဲ့ လို့ပေါ့"

"အဲလို ဖြစ်ချင်ရင် ဆုတောင်းရုံနဲ့ ဖြစ်မှာ မဟုတ်ဘူးနော်"

"ကိုယ်သိပါတယ် ပုံပုံရယ်၊ အခု ဘွဲ့ရဖို့ ကျောင်းတက်နေရင်း နဲ့ အောင်တွေးတို့ အီလက်ထရောနစ် ဆိုင်လေးကိုလည်း ကိုယ်လေ့လာ သင်ယူနေပါတယ်၊ အခုဆို သူတို့လုပ်ငန်းနဲ့ ပတ်သက်ပြီး ကိုယ် တော် တော် နားလည်နေပြီ၊ ပုံပုံ အချစ်ကို ပြန်ရဖို့ ကိုယ် ပေါ့ပေါ့တန်တန် လုပ်ပြနေတာ မဟုတ်ပါဘူး၊ တကယ် လေးလေးနက်နက် စိတ်ဝင်စား ပြီး လုပ်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း စောင့်ကြည့်ရဦးမှာပေါ့လေ၊ တန်းပြီး လက်ထပ်လို့တော့ မဖြစ်သေးဘူး၊ မေမေတို့ ယုံကြည်လာအောင် အချိန်တစ်ခုထိ စောင့်ရဦးမယ်၊ မမယိမ်းနဲ့ အလင်းကရော ပုံပုံတို့ ပြန်ဆက်သွယ်နေတာ ဘာပြောလဲဟင်"

"သူတို့ ကိုယ့်အကြောင်းကို စိတ်ဝင်စားဖို့ အချိန်မရှိပါဘူး၊ မမယိမ်းက ကျန်းမာရေး မကောင်းဘူး၊ အလင်းက မမယိမ်းကို ပြုစုပြီး အိမ်မှုကိစ္စတွေ လုပ်နေရတယ်"

"ဟင် ဒါဆို အိမ်အသုံးစရိတ် ဆေးဖိုးဝါးခ ဘယ်သူက ငွေရှာနေလဲ"

အမင်းဆီက အဖြေ ရှောရှောရှူရှူ ထွက်မလာ။

သက်ပြင်းချပြီး ပုံပုံ လက်ကလေးကို ဆုပ်ကိုင်၍ ထရပ်ကာ ဘုရားစောင်းတန်း လှေကားထစ်လေးတွေကနေ ပြန်ဆင်းလာသည်။

"အမင်း အသုံးစရိတ်ရော ဘယ်ကရလဲ"

ပုံပုံက အဖြေရဖို့ လမ်းကြောင်း ပြောင်းမေး၏။ အမင်းက ပုံပုံဘက် စောင်းငဲ့ကြည့်ကာ

"ဖေဖေ့ဆီမှာ သွားတောင်းနေရတာပေါ့ကွာ၊ ထမင်းစားဖို့ သောက်ဖို့ကတော့ အလင်း ချက်ထားပါတယ်"

"ခုချိန်မှာ အမင်း ငွေရှာပေးနိုင်ရင် သူတို့ ဝမ်းသာနေမှာ"





"ဘယ်အချိန်မှာ ဘာဖြစ်မယ်ဆိုတာ ကြိုမသိတော့ ကိုယ်က ဘာမှပြင်ဆင်မထားမိဘူး၊ ခုချိန်မှာ ဝင်ငွေရမယ့်အလုပ် လုပ်တော့လည်း ကျောင်းထွက်ရရုံပဲ ရှိမယ်၊ ဘွဲ့ရချင်တဲ့ ကိုယ့်ရဲ့ရည်မှန်းချက်တော့ အပျက်မခံနိုင်သေးဘူး ပုံပုံရယ်၊ မမယိမ်းလည်း ခဏပဲ နေမကောင်းဖြစ်တာ နေမှာပါ"

အမင်းရဲ့ ပြုပြင်ထားတဲ့စိတ်ဓာတ်တွေကို ပုံပုံ အားမရ။

တကယ်ဆို သူမက မိဘတွေကို အတိုက်အခံလုပ်ပြီး အမင်း အချစ်တွေကို ပြန်လက်ခံခဲ့မိတာ။

"မျိုးရိုးအကျင့် ဗီဇဆိုတာ အလွယ်တကူ ဖျောက်ဖျက်ပစ်လို့ မရနိုင်ဘူး သမီး၊ သမီးဖေဖေက မေမေနဲ့ အိမ်ထောင်မကျခင် လူပျို ဘဝကတည်းက ထစ်ခနဲရှိ စိတ်လိုက်မာန်ပါ ဒေါသကြီးတတ်တာကို မေမေ သိတယ်၊ ချစ်သူဘဝရောက်တော့လည်း ဒီလိုပဲ ဒါပေမဲ့ မေမေ ပြောဆို စည်းရုံးတော့ ဆင်ခြင်ပါ့မယ်၊ ပြင်ပါ့မယ်ဆိုပြီး လက်ထပ်ဖြစ်ကြတယ်၊ ဟော ဗီဇက မပျောက်တော့ သမီးနှစ်ယောက် ရတဲ့အချိန်မှာ ဒေါသကို မထိန်းသိမ်းနိုင်လို့ လူသတ်မှုနဲ့ ထောင်ကျသွားတယ်၊ မေမေဖြင့် ဆွေမျိုးအသိုက်အဝန်းကြားမှာ ဘယ်လို မျက်နှာပြရမှန်းတောင် မသိတော့ဘူး၊ အဲဒီနောက်မှာ မေမေ့အမေ သမီးတို့အဘွားက ပြည့်စုံချမ်းသာတော့ ငွေအထုပ်အထည်နဲ့ အဲဒီ ပတ်ရိုးကျင်ကနေ



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းရွှေ့နိုင်းလိုက်တယ်၊ အဲဒီအချိန်က ဘယ်လောက်မျက်နှာငယ်ခဲ့ရတယ်ဆိုတာ ခုချိန်မှာတောင် ပြန်မတွေးရဲဘူး။ လူသတ်သမားရဲ့ မိသားစုဆိုပြီး လူတကာက လက်ညှိုးထိုးပြီး မေးငေါ့ပြစ်တင်ကြလို့လေ"

အတိတ်ကို ပြန်မသွားချင်တဲ့ မေမေက သက်ပြင်းရှိုက်ပြီးမှ စကားဆက်သည်။

"ဒီကို ရောက်လာတော့လည်း အပျိုပေါက်အရွယ် ဖြစ်လာတဲ့ သမီး မမက အပျိုဂုဏ်ကို အထိန်းအသိမ်း မတတ် ပေါ့ရှပ်လော်လီခဲ့တယ်၊ ကားသမားနဲ့ ဟိုနေရာ ဒီနေရာ ချိန်းတွေ့နေတာ သိတော့ မေမေ အပြင်းအထန် ဝိတ်ပင်တားဆီး ဆုံးမခဲ့သေးတာပေါ့ သမီးရယ်၊ အဲဒီအရွယ်က နာခံရမှန်းမသိ၊ ရှက်ရကြောက်ရမှန်းမသိနဲ့ မိဘကို အမျိုးမျိုး လိမ်ညာလှည့်ပတ်ပြီး အချစ်ကို မျက်စိစုံမှိတ် ယုံခဲ့တယ်၊ နောက်တော့ အဲဒီ ကားသမားက မယားကြီး ရှိနေတယ်၊ အပျော်ထားတာပါဆိုတဲ့ စကားနဲ့ နောက်ကွယ်မှာ သမီး မမ ကလေးတစ်ယောက်နဲ့ ကျန်ခဲ့ရတာ မဟုတ်ဘူးလား။ အဲလို မိန်းကလေးကို ဘယ်ယောက်ျားက တန်ဖိုးထားမှာလဲကွယ်၊ အဆိုးဆုံးက တရားဝင် ယူခဲ့တာ မဟုတ်တော့ တစ်ခုလပ် တစ်လင်ကွာဆိုတဲ့ ဂုဏ်ပုဒ်တောင် မရခဲ့ပါဘူး။ ဖအေမပေါ်ဘဲ ကလေးတစ်ယောက် မွေးရတာ အဖတ်တင်သွားတာ





ပေါ့"

စကားလုံးတိုင်းမှာ သက်ပြင်းမှုတွေ မျက်ရည်တွေနှင့် ဖလှိုးဗထွေး ဖြစ်နေသည်။ နောက်မှ မေမေက ပွံ့ပွံ့ ကိုယ်လေးကို ဖွဖွတွေးဖက်ပြီး

"သမီးကိုတော့ မေမေ့လို ဗီဇဆိုးတဲ့ ယောက်ျားမျိုးနဲ့ မရစေချင်ဘူး။ သေတဲ့အထိ ပြန်ပြင်လို့ မရနိုင်တော့တဲ့ အိမ်ထောင်ရေးမျိုးကို ပြောတာပေါ့ကွယ်၊ ပြီးတော့ သမီး မမလို အချစ်ကို ကိုးကွယ်ပြီး အဆုံးထိ မိုက်မဲမိမှာလည်း စိုးရိမ်တယ်၊ အဲဒါကြောင့် အချစ်ကို ရှေ့တန်းတင် ဦးစားမပေးဘဲ အကျင့်ဗီဇ မျိုးရိုးကောင်းတာကို ရွေးချယ်ပါ။ သမီးဖေဖေရဲ့ အမည်းစက်က မေမေတို့ မိသားစုတစ်ခုလုံးကို ရိုက်ခတ်တယ်၊ ယိမ်းနွဲ့ပိုင်ရဲ့ ဂယက်ကလည်း ဘယ်အထိ ရိုက်ခတ်နိုင်တယ်ဆိုတာ သမီး မမေ့ပါနဲ့"

တဲ့။ နားထဲမှာ စကားကုန် ပြန်ကြားရင်း အမင်းနှင့် ရှေ့ရေးကို ရင်လေးနေမိသည်။ အမင်းကလည်း ခုချိန်ထိ အရှည်အချင်းတွေ ပြောစရာ မရှိအောင် လေးနက်မှုမရှိ ဖြစ်နေဆဲ။

"တက္ကစီ ငှားလိုက်ရမလား ပွံ့ပွံ့"

"ဟင်"

အမင်း အသံကြားမှ ကားမှတ်တိုင် ရောက်လာပြီဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သတိရသည်။

"အိမ်ရောက်ဖို့ သုံးလေးမှတ်တိုင်စာလောက် လမ်းလျှောက်ရမှာ တကွ္ကစီ ငှားမနေပါနဲ့ အမင်းရယ်၊ ညနေခင်းလေး လမ်းလျှောက်ရတာ ပိုကောင်းပါတယ်"

ပုံပုံ စိတ်ကူးဖြင့် ပုံပုံ လက်ကလေးကို ဆုပ်ကိုင်ပြီး အမင်းတို့ ပြန်လာခဲ့ကြသည်။ ရပ်ကွက်အဝင်မှာ ပုံပုံ လက်ကလေးကို လွှတ်ပေးပြီး ကိုယ့်အိမ်ကိုယ် ပြန်ရမှာမို့ ခပ်တင်းတင်းပင် ဆုပ်ကိုင်ထားမိ၏။

"ဟင် ဟို ဟိုမှာ အလင်း မဟုတ်လား၊ ခြေထောက်ကျိုးလေးနဲ့ ဒီလောက် အမြန်လျှောက်နေတာ ဘာဖြစ်လို့လဲ မသိဘူးနော်"

"ဟာ ဒီ ဒီကောင် ငိုလာတာ ထင်တယ်၊ လက်ထဲမှာလည်း စာရွက်တစ်ရွက် ကိုင်လို့ ဘာဖြစ်လာတာလဲ"

တစ်ဖက် ပလက်ဖောင်းပေါ်ကနေ ကသုတ်ကရက် အပြေးအလွှား ဖြစ်နေသော အလင်းကို ကြည့်ကာ အမင်းနှင့်ပုံပုံ နားမလည်နိုင်အောင် ဖြစ်နေကြသည်။

အလင်း ပုံစံက ဘာကိုမှ ဘယ်သူ့ကိုမှ ဂရုမစိုက်နိုင်အောင် အရေးတကြီးနိုင်လွန်း၏။ ဒူးပေါ်ကို လက်တစ်ဖက်နှင့် အားပြုလျှောက်နေလိုက်တာ မြန်မှမြန်။

အိမ်ကို ရောက်ချင်ဇော ကြီးနေတာ ဘာကြောင့်လဲ။





လက်တစ်ဖက်နှင့် မျက်နှာကို ပွတ်ပွတ်သုတ်နေတာလည်း အမြင်အာရုံမှာ မျက်ရည်တွေကြောင့် ဝေဝါးမှာ စိုးလို့ ဖြစ်လိမ့်မည်။ လက်ထဲက စာရွက်လေးကို ဖြန့်ကြည့်လိုက် လုံးခြေလိုက် ရှေ့ဆက်လျှောက်လိုက်။

နောက်ကနေ မြင်နေရတာ ရင်တွေမောကြပ် ဆို့နင့်လာသည်။ ဘာဖြစ်လို့လဲ ဘာကြောင့်လဲ။

သိချင်စိတ်များဖြင့် အမင်း ခြေလှမ်းတွေလည်း. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

"မောင်လေး သွားယူနေတဲ့ ဆေးစာရွက်ထဲမှာ တပည့်တော်မရဲ့ ရောဂါဝေဒနာ ဘာတစ်ခုမှ အမည်နာမတပ်ပြီး ပါမလာပါစေနဲ့ ဘုရား၊ ဝဋ်ကြွေးတွေပါရင် နောင်ဘဝမှ ခံပါရစေ၊ ဒီဘဝမှာ တပည့်တော်မကြောင့် အမင်း အရှက်ရ သိက္ခာကျမှာ ကြောက်လို့ပါ၊ ငြိုငြင်မှုတွေကိုလည်း မခံစားနိုင်လို့ပါ ဘုရား၊ မောင်အငယ်လေး စိတ်ပင်ပန်း လူပင်ပန်း ဖြစ်မှာလည်း စိုးရိမ်ပါတယ်၊ တပည့်တော်မကို ငဲ့ညှာသနားပြီး သူ ထိခိုက်ခံစားရမှာလည်း စိုးရိမ်လို့ပါ၊ မောင်လေးတွေကို လူကဲ့ရဲ့ မခံရအောင် လက်ညှိုးထိုး အထင်သေး မခံရအောင် တပည့်တော်မမှာ ဘာ ဘာရောဂါမှ မရှိပါစေနဲ့ မရှိပါစေနဲ့ ဘုရား"

ယိမ်း ဘုရားစင်ရှေ့မှာ ရှိုး ဆုတောင်းနေမိတာ ဘယ်နှကြိမ်





မြောက်မှန်းပင် မသိ။ အလင်း ဆေးစာရွက် ယူဖို့ထွက်သွားကတည်းက ဘုရားစင်ရှေ့က မထတမ်း ဆုတောင်းနေမိတာ။

ဆုတောင်း ပြည့်မပြည့်ဆိုတာ ကံတရားအတိုင်းပေါ့။ ရှေးဘဝ အတိတ်ကြောင့် ကံတရားက ဒဏ်ခတ်မည်ဆိုလည်း သက်သက်ညှာညှာ ဆိုရင် ဘယ်လောက်ကောင်းမလဲ။

အလင်း ခြေသံကို နားစွင့်ရင်းဖြင့် လက်အုပ်ချီထားကာ ပါးစပ်ကလည်း တတွတ်တွတ် ဆုတောင်းနေမိသည်။

"မ မမယိမ်း မမယိမ်း"

"ဟင် အ အလင်း"

ဘုရားစင်ရှေ့မှာ ပဆစ်တုပ် ထိုင်နေသော ယိမ်းကို ဆို့နင့်ကြေကွဲစွာ အော်ခေါ်ရင်း အလင်း ပွေ့ဖက်ထားလိုက်သည်။

ယိမ်း ပခုံးလေးပေါ် မျက်နှာမှောက်ကာ သည်းထန်စွာ ငိုကြွေးလိုက်သည်မို့ ယိမ်း ဆုတောင်းတွေ မပြည့်တော့ဘူးဆိုတာ သိလိုက်၏။

"ဘာ ဘာရောဂါတဲ့လဲ၊ ဆေးစာထဲမှာ ဘာရောဂါတွေ့လဲ"

"မ မမယိမ်းရယ် မမယိမ်းကို သား သနားလိုက်တာ၊ မမယိမ်းမှာ H.I.V ပိုး ရှိနေပြီတဲ့ မမရယ်"

"ဟင် ဘာ အမယ်လေး ဘုရား ဘုရား တ တကယ်တဲ့လား။ အမယ်လေး ဘယ်လိုလုပ်ကြမလဲ ဘယ်လိုလုပ်ရမလဲ အလင်းရယ်။ မ



www.burmeseclassic.com

www.burmeseclassic.com



မကြောင့် မင်းတို့လေးတွေ''

ဆောက်တည်ရာမရ ယိမ်းအသံတွေ ဆို့နင့် တိမ်ဝင်နေသည်။

ဒီနေရာလေးကနေ အရှုးတစ်ယောက်လို ကဆုန်ပေါက်ကာ ထွက်ပြေးလိုက်ချင်၏။ သွေးရူးသွေးတန်းဖြင့် အလင်းကို ဖက်တွယ်လိုက် တွန့်ထုတ်လိုက်။

''မမယိမ်း စိတ်ကို ထိန်းပါ မမယိမ်းရယ်၊ သားတို့အတွက် မတွေးပါနဲ့၊ မမက ဝေဒနာသည် ကိုယ့်ကိုယ်ကိုပဲ ဂရုစိုက်ပါ မမယိမ်းရယ်''

''ဟင့် ဟင့်အင်း မမယိမ်း သေရမှာ မကြောက်ပါဘူး မင်းတို့အတွက်ပဲ စိုးရိမ်တာ၊ ဒီရောဂါဖြစ်တယ်ဆိုပြီး လောကကြီးမှာ ကျန်နေရစ်ခဲ့ရမယ့် မင်းတို့ကို လူတကာ လက်ညှိုး ဝိုင်းထိုးကြမှာ အထင်သေးမေးငေါ့ခံရတော့မှာ မ မမယိမ်း ဒီအပြစ်ကြွေးကို ဘယ်လို ပေးဆပ်ရမလဲ၊ မင်းတို့အတွက် ဘာတွေ လုပ်ပေးရမလဲကွယ်၊ ပြောပါ အလင်းရယ်၊ ပြောစမ်းပါ မမယိမ်း တခြား တစ်နေရာမှာ သွားပြီ''

''မမယိမ်း မပြောပါနဲ့ မမယိမ်းရယ်၊ သားကို ထားခဲ့မယ်ဆိုတဲ့ အကြောင်း မပြောပါနဲ့၊ သားဘဝမှာ မမယိမ်း မရှိလို့ မဖြစ်ပါဘူး။ သားအတွက် အချိန်တွေ အကြာကြီး အသက်ရှင်ပေးပါဦး မမယိမ်းရယ်၊ ဒီရောဂါကြီးဖြစ်ပြီဆိုပြီး စိတ်ဓာတ်မကျပါနဲ့၊ မကြောက်ပါနဲ့ အရှုံးမပေး





လိုက်ပါနဲ့၊ ဆေးမှန်မှန်သောက်မယ်၊ ကိုယ့်ကိုယ်ကို ဂရုစိုက်မယ်ဆိုရင် အကြာကြီး နေလို့ ရပါသေးတယ်လို့ ဆရာဝန်ကြီးက မှာလိုက်ပါတယ်''

''ဒီရောဂါကြီးဖြစ်ပြီးမှ အသက်ဆက်ရှင်အောင် ကြိုးစားနေလို့ရော ဘာထူးမှာလဲ အလင်းရယ်၊ မစ်းတို့ အချိန်ကြာကြာ မျက်နှာငယ်ရရုံပဲ ရှိမှာပေါ့၊ မမယိမ်းနဲ့အတူ နေနေရင် မင်းတို့လည်း ရောဂါကူးဆက်လိမ့်မယ်၊ ဟင်း ဘယ်လိုမှ ရင်ထဲမချိတော့ပါဘူး အလင်းလေးရယ်၊ ငါ့ မောင်လေး စိတ်ရော လူရော ပင်ပန်းနေရပါပြီ၊ သနားလိုက်တာ အလင်းလေးရယ်''

ယိမ်း ပါးပြင်လေးပေါ်က ပြိုကျလိမ့်ဝင်းနေသည့် မျက်ရည်တွေကို အလင်းက ယုယ ညင်သာစွာ သုတ်ပေးသည်။ သူကိုယ်တိုင်လည်း မျက်ရည်တွေ ရပ်တန့်သွား၏။

''မ မငိုနဲ့တော့ မမယိမ်း၊ မျက်ရည်တွေ မကျပါနဲ့တော့၊ လူ့ဘဝကြီးမှာ မမယိမ်း နေခွင့်ရတဲ့ အချိန်လေး သား ပြုစုပါရစေ၊ ဂရုစိုက်ပါရစေ၊ မမဘက်က သားတို့နဲ့ အချိန်ကြာကြာ နေရအောင်ပဲ ကြိုးစားပေးပါ၊ သားကို ဒါလေးတစ်ခုတော့ ငုံညှာ ထောက်ထားပေးပါ မမယိမ်းရယ်နော်၊ ဆရာဝန်ကြီးက ဆေးတွေ ထပ်ပေးလိုက်တယ်၊ အရမ်းနေလို့ နေမကောင်းရင် သူ့ဆီ ထပ်လာခဲ့ဖို့လည်း မှာလိုက်ပါတယ်''

''အလင်းလေးရယ် အမင်းသိရင် ဘယ်လောက်များ ရှက်နေ



www.burmeseclassic.com

www.burmeseclassic.com



ရှာမလဲ၊ သူ မမယိမ်းကို အရမ်းမုန်းပြီး နာကြည်းနေမှာ”

“အဲ အဲလို မဖြစ်လောက်ပါဘူး မမယိမ်းရယ်၊ သူလည်း မိသားစုဝင် တစ်ယောက်ပဲ၊ ပြီးတော့ ဘာကြောင့် ဒီလိုဖြစ်ရတယ်ဆိုတာ သူ နားလည်မှာပါ”

“တောက်”

ခန်းစီးအကွယ်လေးက နားထောင်နေမိသော အမင်းရဲ့ တက်ခေါက်သံကို မမယိမ်းနှင့် အလင်း ကြားမှာမဟုတ်။

လက်သီးကို တင်းတင်းဆုပ်လို့ မှုံးကြောကြီးတွေ ထောင်ထလာသည်။

မျက်ရည်တစ်စက် တောက်ခနဲ ကြွေဆင်းလာတာကို ဆတ်ခနဲ ခါထုတ်ပစ်လိုက်သည်။ ဒီမျက်ရည်က မမယိမ်းကြောင့် အရှက်သည်းစွာ ကျလာခြင်း ဖြစ်၏။

ခြေလှမ်းတို့က နောက်ပြန်ရွေ့လျားကာ တုန်ယင်ချိနဲ့နေသည်။ ပုံပုံမိတာတွေ ဘယ်လို မျက်နှာပြုရမလဲ။ ပုံပုံကို ဘယ်လိုမျက်နှာချင်းဆိုင်ရမလဲ။

မပြေးသော်လည်း ကန်ရာရှိနေတဲ့ တစ်သက်လုံး ပျောက်ဖျက်မရမယ့် ရောဂါဆိုးကြီးရဲ့ အမည်းစက်။

ဖေဖေ့ဆီကို ဖုန်းဆက်ကြည့်သည်။





ဖေဖေက အိမ်မှာ မဟုတ်။ စားသောက်ဆိုင်မှာ ရောက်နေ၏။

ဖေဖေ မကာယ်တင်နိုင်မှန်း သိပေမယ့် အားကိုးရာ ရှာရင်း ဖေဖေ့ဆီရောက်အောင် လာခဲ့သည်။

ဖေဖေက မိတွေ့မပါဘဲ ဦးမောင်မြင့်တို့နှင့် ဘီယာသောက်နေ၏။ သူ ရောက်လာတာကို အံ့ဩနေတဲ့ ဖေဖေ့ကို ဂရုမစိုက်မိဘဲ ဖေဖေ့ရှေ့မှာ ရှိတဲ့ ဖန်ခွက်အပြည့် ဘီယာတွေကို တစ်ရှိန်ထိုး မော့သောက်ပစ်လိုက်သည်။

“ဟာ ဟိတ်ကောင် အမင်း မင် ဒါဘာလုပ်တာလဲ၊ ငါ့ အပေါင်းအသင်းတွေရှေ့မှာ မထီမဲ့မြင်နဲ့ မင်းကွာ”

အမင်း အင်္ကျီရင်ဘတ်စကို ဆောင့်ဆွဲလိုက်ရင်း ဦးကျော်ပိုင် မျက်နှာကြီး တင်းမာနီမြန်းကာ ဒေါသကြီးနေသည်။

ဦးမောင်မြင့်တို့က ဦးကျော်ပိုင် လက်ကို ဆွဲထားကာ ဖျောင်းဖျကြသည်။

“ဆိုင်ထဲမှာ စိတ်ကိုထိန်းပါ ကိုပိုင်ကြီးရာ၊ ဒီကောင် ဘာဖြစ်လာတာလဲ အရင်မေးပါဦး”

“ကျွန်တော့် သားသမီးတွေကို ကိုယ်ထိလက်ရောက် ...မလုပ်ဖူးပါဘူးဗျာ၊ ဒီကောင်က အလိုလိုက်မှန်းသိလို့ ရောင့်...နေတာ ဟိတ်ကောင် ငါနဲ့လိုက်ခဲ့ လာ”



www.burmeseclassic.com

www.burmeseclassic.com

ဦးကျော်ပိုင်က အမင်း လက်ကို ဆောင့်ဆွဲပြီး ဆိုင်အပြင် အမှောင်ရိပ်ဘက် ခေါ်ထုတ်သွားသည်။

"မင်း ဘာပြဿနာဖြစ်လာလို့ အပေါင်းအသင်းတွေရှေ့မှာ ငါ့ကို အရှက်ခွဲရတာလဲ"

"ဖေဖေက အဲဒါကို ရှက်နေတာလား၊ ခုကိစ္စက အဲဒီထက် ရှက်စရာကောင်းတယ်ဗျ"

"ဘာ အမင်း ဘာပြောတာလဲ၊ မင်း ဘာပြောတာလဲ"

"ဟုတ်တယ် အရမ်းရှက်စရာ ကောင်းတယ် ဖေဖေရာ၊ မမ ယိမ်းက A.I.D.S ရောဂါ ရနေပြီဗျ"

"ဟင် ဟုတ် ဟုတ်လား"

ဦးကျော်ပိုင် အံ့အားသင့်ကာ ငိုင်ကျသွားသည်။ ရင်ဝမှာ မီးစနှင့် ဆောင့်ထိုးလိုက်သလို ပူပြင်းလောင်မြိုက်နေ၏။

"ကျွန်တော် ဘယ်လိုလုပ်ရမလဲ ဖေဖေ၊ ကျွန်တော့်ချစ်သူနဲ့ အဆုံးသတ် လမ်းခွဲရတော့မယ်၊ ဒီရောဂါသည်ရဲ့ မောင်တစ်ယောက် အနေနဲ့ သူ့မိဘတွေ သဘောပါတော့မလား၊ လက်ခံပါတော့မလား။ ကျွန်တော် အိမ်မှာ မနေချင်တော့ဘူး ဖေဖေရာ၊ အဲဒီအိမ်ကြီးမှာ မနေချင်တော့ဘူး"

"စိတ်လိုက်မာန်ပါ တဖွတ်ထိုး မဆုံးဖြတ်ပါနဲ့ဦး သားရယ်၊ သား အဲလိုလုပ်လိုက်ရင် သား မမ အရမ်းအားငယ်သွားမှာပေါ့၊ သား





ဘဝထက် မမရဲ့ နောက်ဆုံးအချိန်တွေက အရေးမကြီးဘူးလား"

"ဖေဖေကရော"

အမင်း ဘာပြောချင်နေသလဲဆိုတာ ဦးကျော်ပိုင် သိပါသည်။

"ဖေဖေ ရောက်အောင် လာခဲ့ဦးမှာပါ၊ ခုချိန်မှာ ဖေဖေ အားပေးစကားကို သမီးကြီး ယိမ်း ကြားချင်မှာတော့ မဟုတ်ပါဘူး။ အားပေးနှစ်သိမ့်ရင်လည်း ပိုပြီး ဝမ်းနည်းရုံပဲ ရှိမယ် ထင်တယ်"

သူ ဘာပြောချင်တာလည်း အမင်း နားလည်ချင်မှ နားလည်ပေလိမ့်မည်။ ရင်ထဲမှာ သွေးသားစိတ်နှင့် ဘောင်ဘင်ခတ်နေတဲ့ ဝေဒနာတွေက ခံရဆိုးသည်။

ဘာကြောင့်များ ပေးဆပ်နိုင်လွန်း၊ မေတ္တာတရား ကြီးမားလွန်းတဲ့ သမီးကြီးကိုမှ ဒီရောဂါဆိုးကြီး ဖြစ်ရတာလဲ။

တကယ်ဆို ဘာတာဝန်မှ မကျေခဲ့တဲ့ သူ့လိုအဖေမျိုးကို ဒီလောကကြီးက စောစီးစွာ ဆွဲထုတ်သွားစေချင်သည်။

နေရာချင်းလဲပြီး ဒီရောဂါကြီးကို ဖေဖေသာ ခံစားလိုက်ချင်ပါတယ် သမီးရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

"ယိမ်း"

"အေး အေးမ"

ပိန်လှီဖျော့တော့နေသော ယိမ်းကိုယ်လေးကို အေးမ မွေ့ဖက်ကာ မျက်ရည်ဖြိုင်ဖြိုင် ကျလာသည်။ ယိမ်းလည်း သိမ့်သိမ့်လှုပ်အောင် ရှိုက်ငိုလိုက်၏။

"ယိမ်းရယ် သူငယ်ချင်းရယ် အဖြစ်ဆိုးလိုက်တာ"

"အေးမရယ် ငါ့အတွက် ငါ ဝမ်းမနည်းပါဘူး။ ကိုယ့်ဘဝကိုယ်တောင် စတေးပြီး မောင်လေးတွေကို ပေးဆပ်ချင်ခဲ့တာ၊ ဒီရောဂါဖြစ်တာလောက်ကို ဝမ်းနည်းစရာ မလိုဘူး မဟုတ်လား"

"ပတ်ဝန်းကျင်ကြားမှာ နင့်မောင်လေးတွေ မျက်နှာငယ်ရမှာ





စိုးလို့ မဟုတ်လား။ အဲဒီ ပတ်ဝန်းကျင်ဆိုတာ မရှိရင် သနားသလိုလိုနဲ့ ရှုပြန်တော့လည်း မုဒိတာပွားပြီး ဝမ်းသာမပေးတတ်ကြပါဘူး။ တစ်ခါ တစ်ရံ အဲဒီ ပတ်ဝန်းကျင်ဆိုတာကို ခေါင်းပေါ်တင် ကိုးကွယ်သင့်ပေမယ့် တစ်ခါတလေတော့လည်း သည်းကြိုးတပ်ပြီး ဖိနှစ်လုပ်စီးပစ်တာ အကောင်းဆုံးပဲ ယိမ်း၊ နင် ခံစားနေရတဲ့ ဝေဒနာထက် ပတ်ဝန်းကျင်ကို ဂရုစိုက်နေရင် နှစ်ခါပြန် သေနေရလိမ့်မယ်၊ စိတ်တွေလျှော့ချမပစ်နဲ့ အလင်းလေးအတွက် အားတင်းစမ်းပါ ယိမ်းရယ်"

"အချိန်ကြာကြာ ဟန်ဆောင် အားတင်းထားဖို့ လွယ်ပဲ့မလား အေးမရယ်၊ ငါ့ကိုယ်ငါတောင် ရွံရှာစက်ဆုပ်မိတယ်"

"ကံကြမ္မာကို အရှုံးပေးတာလား"

"ဟင့်အင်း တွန်းလှန်နိုင်တဲ့ စွမ်းအားကို မရှိတော့တာ"

"အလင်းကို မသနားဘူးလား"

"သနားလွန်းလို့ ငါ့ရင်တွေအထိ မခံနိုင်အောင် နာကျင်ကြေမွနေပါပြီ၊ ငါလည်း အရမ်း ပင်ပန်းနေပါပြီ အေးမရယ်"

"စိတ်ဓာတ်ကျရင် ကိုယ့်ဘဝ တစ်ဝက်ကို ကိုယ်တိုင် အသေသတ်ပစ်လိုက်သလို ဖြစ်နေမယ်နော်၊ အလင်းက နင် စောစောစီးစီး ခွဲသွားမှာစိုးလို့ အိမ်မှာလာပြီး ငိုတယ်၊ သူအချိန်တွေ အကြာကြီး နင့်ကို ပြုစုချင်သေးတယ်တဲ့၊ အလင်းက အမင်းနဲ့မတူဘာ နင် သိပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



နှင့်ကို သူ သိပ်ချစ်တာဟာ"

"ငါ ငါ သိပါတယ် အေးမရယ်၊ ဒုက္ခိတ ငါ့မောင်လေးကို ငါ စိတ်မချပါဘူး။ ငါ မရှိတော့ရင် ငါ့မောင်လေး အရမ်း မျက်နှာငယ်ရှာမှာ၊ ဖအေက ဥပေက္ခာပြု၊ အစ်ကိုက နွေးထွေးမှု မရှိနဲ့ အထီးကျန် တစ်ကောင်ကြွက်ဘဝ ရောက်သွားမှာ သေချာတယ်"

ယိမ်းရဲ့ ပူပင်ကြောင့်ကျမှုများက အေးမရင်ထဲထိ ပူလောင်စွာ စီးဆင်းလာသည်။ အရိုးပြိုင်းပြိုင်းထနေတဲ့ ယိမ်းရဲ့ လက်ကလေးကို ဆုပ်ကိုင်ရင်း အေးမလည်း တုန်ချိမောပန်းလာ၏။

"မမယိမ်း အဝတ်အစား လဲချင်တယ်ဆို၊ မမအေးမ လာတုန်း လဲနိုင်းလိုက်ပါလား၊ သား ဆန်ပြုတ်အိုး နွှေးလာခဲ့မယ်"

"အင်း လဲချင်တယ်၊ အေးမ ငါ့ကို ရေပတ်တိုက်ပြီး အဝတ်အစား လဲပေးပါနော်၊ နင် ငါ့ကို မရွံဘူးမလား၊ ငါ့ရောဂါတွေ ကူးစက်မှာ မကြောက်ဘူးမလား"

"လူချင်း ထိတွေ့ ပြုစုတာနဲ့ ဒီရောဂါက မကူးဘူးဆိုတာ ငါ နားလည်ပါတယ် ယိမ်းရယ်၊ ကူးခဲ့မယ်ဆိုရင်တောင် နင့်ရဲ့ နောက်ဆုံး အချိန်တွေမှာ ပြုစုခွင့် ရချင်ပါတယ်၊ ယိမ်း အဝတ်အစား တစ်စုံပေးလေ အလင်း၊ မမ လဲပေးလိုက်မယ်"

အလင်းက အခန်းထဲက အဝတ်အစား တစ်စုံ ယူလာပြီး





အေးမ လက်ထဲ ထည့်လိုက်သည်။

"ဟင် ရှုံးတက်ရမှာလည်း မဟုတ်ဘဲနဲ့ ဝန်ထမ်းဝတ်စုံကြီး ယူလာရလား အလင်းရဲ့"

"မမယိမ်းက အဲဒါ ဝတ်ချင်တယ် ပြောလို့ပါ၊ ဒီဝတ်စုံလေး ဝတ်ထားရတာ ကိုယ့်ကိုယ်ကို သိက္ခာရှိတာယ်လို့ ထင်တယ်လို့ ပြောတယ်၊ ဒီဝတ်စုံလေးဝတ်ပြီး ရုံးတက်နေခဲ့တဲ့ အချိန်တွေတုန်းက သူ့ကိုယ်သူ သန့်ရှင်းစင်ကြယ်တယ်လို့ ခံစား ယုံကြည်မိတယ်တဲ့၊ သားတို့နဲ့ ပတ်ဝန်းကျင်ရဲ့အမြင် ပြောင်းသွားအောင် ဒီဝတ်စုံလေးက စွမ်းဆောင်နိုင်တယ် တဲ့လေ"

"ယိမ်းရယ်"

အေးမ စိတ်မကောင်း ဖြစ်သွားပေမယ့် ဘာမှမပြောတော့ဘဲ ယိမ်းကို ရေပတ်တိုက်ပေးပြီးမှ အဝတ်အစား လဲပေးလိုက်သည်။

နဂိုက ကိုယ်ခန္ဓာလေးနှင့် လိုက်ဖက်လွန်းစွာ ဖစ်ဆိုက် ဖြစ်ခဲ့သော အကျီလေးက ဖိုရိုဖားလျား ချောင်ချိနေသလို ထဘီစကပ်လေးက ရှုံ့တော့မလို ဖြစ်နေ၏။

ပြည့်တင်းဖောင်းအိနေသော ကိုယ်ခန္ဓာက အသားစိုင်တွေဟို သည်လို ကြွမှာဆိုးက ဝါးမျိုစားသောက်ပစ်လိုက်လေသလဲ။

အိမ်သန့်ရှင်းရေးလုပ်၊ ယိမ်း အဝတ်တွေလျှော်ဖွတ်၊ ထမင်း



www.burmeseclassic.com

www.burmeseclassic.com



ဟင်း ချက်ပြုတ်ဖြင့် အလုပ်တွေ ရှုပ်နေသော အလင်းကို မကူညီနိုင်ဘဲ ယိမ်းအနားမှာ တစ်နေကုန် နေပြီး ညနေစောင်းမှ အေးမ ပြန်သွားခဲ့သည်။

နေဝင်မိုးချုပ်မှ အိမ်ပြန်ရောက်လာသော အမင်းက ကျောင်းလွယ်အိတ်တွေ လွယ်ပို့။ စာအုပ်တွေ တစ်ထပ်ကြီးနှင့် အပြင်ပြန်ထွက်ဖို့ ပြင်ဆင်နေသည်။

"ဘယ်သွားမလို့လဲ အမင်း"

"စာမေးပွဲနားနီးလို့ အောင်ထွေးတို့အိမ်မှာ စာကျက်ရင်းနဲ့ ဟိုမှာပဲ အိပ်လိုက်မယ်"

"မင်းကွာ မမယိမ်း ဒီလောက် နေမကောင်း ဖြစ်နေတာ သက်သာလားလို့ တစ်ခွန်းမမေးဘဲ ရှောင်ထွက်ချင်နေတာလား"

"အဲဒါ ငါ့ကိစ္စပါ၊ လူမမာရှိတော့ စာကျက်မရလို့ ငါ့ဟာငါ တခြားကို သွားမှာ၊ မင်းလျှာမရှည်နဲ့ အလင်း"

"ဟုတ်သားပဲ အလင်းရယ် လူမမာ ရှိတဲ့အိမ်မှာ သူ စာကျက်လို့ ဘယ်ရမလဲ သွားပါစေကွယ်"

အမင်းက ယိမ်းစကားကိုတောင် ဆုံးအောင် နားမထောင်။

ခနော်ခနဲ့ လှေကားထစ်လေးတွေပေါ်ကနေ တဒုန်းဒုန်း အသံမြည်အောင် ဆောင့်ဆောင့်ဆင်းသွားသည်မို့ အလင်း လက်သီးကို ကျစ်





ကျစ်ပါအောင် ဆုပ်ထားလိုက်မိသည်။

အမင်း၊ ဒီလောက်ထိ မမယိမ်းအပေါ် ဥပေက္ခာ မပြုသင့်ပါ။ မရက်စက်သင့်ပါ။

တာဝန်မကျေခဲ့တဲ့ ဖေဖေ့ကြောင့် အသုံးအစွဲကြမ်းတမ်းခဲ့တဲ့ အမင်းကြောင့် မမယိမ်း ဒီဝေဒနာဆိုးကြီး ခံစားရတာ မဟုတ်ဘူးလား။

ခုတော့ မမယိမ်းကို လှည့်လည်း မကြည့်၊ ငဲ့လည်း မကြည့်။ စိမ်းသက်သော အပြုအမူများနှင့် မသင်္ဒိသလို ရွံရှာသလို လုပ်နေသည်။

ဖေဖေကဆို ခုချိန်ထိ တစ်ခေါက်မှ ရောက်မလာ။ အမင်းပြောမှာ သေချာနေတာမို့ မသိစရာ အကြောင်းတော့ မရှိ။

အဆုံးထိ တာဝန်မဲ့ဖို့များ စဉ်းစားထားကြလေသလား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

"အလင်း အလင်း နင် ဘာလာဝယ်တာလဲ"

"ဟင် လရိပ် နင် ဈေးဝယ်လာတာလား။ ငါက မမယိမ်း အတွက် စွပ်ပြုတ် လာဝယ်တာ၊ ဆန်ပြုတ်တွေချည်း သောက်နေရတာ အပြောင်းအလဲ ဖြစ်အောင်လို့လေ"

"အေး နင် မမယိမ်းကို ဂရုစိုက်တာ ကုသိုလ်ရပါတယ်ဟာ၊ ရောဂါသည်ကို မငြီးမငြင် ပြုစုတာ တခြားကုသိုလ်တွေထက် အကျိုး များများရတယ်ဟ၊ ခြော် ဒါနဲ့ နင်ဈေးရောင်း မလိုက်နိုင်ပေမယ့် ငါ ဈေးရောင်းလို့ရတဲ့ အမြတ်တွေ နင် ယူသွားဦး"

"အာ ငါ့လုပ်အားခ မဟုတ်ဘဲ ဘာလို့ ယူရမှာလဲ၊ မယူချင် ဘူး လရိပ်၊ နင့်သွေးနဲ့ချွေးနဲ့ ရင်းထားရတာ"





"နင် ငါ့ကို အဲလို မာနထားမှာလား။ နှင် ဒီလောက် အခက် အခဲဖြစ်နေတဲ့ ငွေလိုနေတာ ငါ ဘာတစ်ခုမှ ကူညီခွင့် မရှိတော့ဘူးလား အလင်းရဲ့၊ အဲဒါဆိုရင် တစ်ယောက်နဲ့တစ်ယောက် နားလည်မှုနဲ့ ချစ် ခဲ့ကြတာ ဘယ်တန်ဖိုးရှိတော့မှာလဲ၊ ရော့ မမအေးမကလည်း သူ့လစာ ထုတ်တဲ့အထဲက ငွေတစ်သောင်း ထည့်ပေးလိုက်တယ်၊ ငါ စုထားတာက နှစ်သောင်း နင် အဲဒါတွေ ယူသွား။ မမယိမ်းအတွက် လိုသလိုသုံး။ မလောက်ဘူးဆိုတာတော့ သိပါတယ်၊ ဒါပေမဲ့ ငါတို့လည်း ဒါလေးပဲ တတ်နိုင်လို့"

လရိပ်က အလင်းအိတ်ကပ်ထဲ ပိုက်ဆံတွေ ဖွတ်အတင်း ထိုး ထည့်သည်။ အလင်းက မျက်ရည်ဝဲပြီး စွပ်ပြုတ်ချိုင့်လေးကို ကိုင်ထား တဲ့ လက်တွေလည်း တဆတ်ဆတ် တုန်နေသည်။

"ကျေးဇူးတင်ပါတယ် လရိပ်ရယ်၊ ငါ တကယ် အခက်ဖြစ်နေ တယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမဲ့ နင်တို့လို သွေးမတော် သားမစပ်တဲ့ သူစိမ်းတွေကတောင် နားလည်မှုရှိတယ်၊ ဖေဖေနဲ့အမင်းက နေစိမ့်လွှန်း တယ်၊ ရက်စက်လွန်းတယ်ဟာ"

"သူတို့ကို အပြစ်မမြင်ပါနဲ့၊ သူတို့ဘက်ကလည်း သူတို့ ခံစား ချက်နဲ့ သူတို့ ရှိမှာပေါ့၊ ဘယ်သူ့ကိုမှ အပြစ်မမြင်ဘဲ နင်သာ အေးမယ် နဲ့ ငါ ငွေထပ်စုပေးမယ်၊ မမအေးမ လစာက ငါတို့နှစ်ယောက်လုံး



www.burmeseclassic.com

www.burmeseclassic.com



စားသောက်တယ်ဟ၊ ငါ လုပ်နေတာက အပိုစုဆောင်းရုံပဲ၊ မမယိမ်း အတွက် အထောက်အပံ့ပေးရတာ ငါတို့ ကုသိုလ်ရပါတယ်''

လရိပ်ရဲ့ အားပေးနှစ်သိမ့်မှုများနှင့် အလင်းခြေလှမ်းတွေ သွက် လာက်နေသည်။ မမယိမ်းရဲ့ ကျန်းမာရေး အခြေအနေက သိသိသာသာ ဆုတ်ယုတ်နေသည်မို့ အနားက မခွာတမ်း ပြုစုနေရသည်။ ဈေးဝယ် ထွက်လျှင်တောင် ခပ်သုတ်သုတ် ဝယ်၍ အလျင်အမြန် အိမ်ပြန်ပြေးရ သည်။

ပတ်ဝန်းကျင်က ဘယ်လို ဝေဖန်နေကြလဲ။ ဘယ်လို တီးတိုး ပြစ်တင် ကဲ့ရဲ့နေကြလဲ ဂရုမစိုက်နိုင်။

ဘာတွေဖြစ်နေနေ ဘယ်အရာကမှ မမယိမ်းလောက် အရေး မကြီး။

''တီ တီ''

အိမ်ရဲ့ ဝင်းတံခါးပေါက်အရောက်မှာ နီးကပ်စွာ ကြားလိုက်ရ သော ကားဟွန်းသံကြောင့် အလင်း လန့်ဖျပ်ကာ ခြေစုံရပ်သွားသည်။

''ဟင် ဖေဖေ''

ဖေဖေက ကားကို စက်မရပ်ဘဲ ကားပေါ်က ဆင်းလာသည်။

လက်ထဲမှာ မုန့်ထုပ်တွေ ပန်းသီးတွေ၊ လိမ္မော်သီးတွေ ထည့် ထားတဲ့ ကြွပ်ကြွပ်အိတ်ကို ဆွဲထား၏။





''သား မမကို ပေးလိုက်ပါ၊ ဖေဖေ အရေးတကြီး ကိစ္စလေး ရှိနေလို့ နောက်မှ ပြန်လာခဲ့မယ်''

''ဘာ ဖေ ဖေဖေက အိမ်ရှေ့ရောက်နေတာတောင် မမကို ဝင်မတွေ့နိုင်အောင် အရေးကြီးကိစ္စတွေ ရှိနေတာလား။ မမရောဂါတွေ ကူးစက်မှာစိုးလို့ မသတီလို့ ရွံလို့လား ဖေဖေ''

''မ မဟုတ်ပါဘူး။ ရှယ် ရှယ်လီ ကလေးမွေး''

''တော်ပါတော့ ဖေဖေ၊ ဘာမှမပြောပါနဲ့တော့၊ ဖေဖေ ယူလာ တာတွေလည်း ပြန်ယူသွားလိုက်ပါ၊ မမက ဒါတွေကို မျှော်လင့်နေတာ မဟုတ်ပါဘူး။ ဒါတွေကို စားသောက်ရလို့လည်း မမရောဂါတွေ ပျောက် ကင်းမှာ မဟုတ်တော့ပါဘူး။ အ အချိန်ကြာကြာလည်း မရှင်သန်နိုင်ပါဘူး ဗျာ''

အလင်း မျက်ရည်တွေကို ဖေဖေက ဂရုမစိုက်။ အလင်း လက်ထဲကို သစ်သီးထည့်ထားသော အိတ်လေး ဖွတ်အတင်း ထိုးထည့်ကာ

''သား ပြောတာတွေ ဖေဖေ နားလည်ပါတယ်၊ ဖေဖေ သေချာ ပေါက် ပြန်လာမှာပါ သား။ အ အခုတော့ ဖေဖေ့ကို ခွင့်လွှတ်ပါ''

စကားကို အလောတကြီး ပြောပြီး ကားပေါ် တက်၍ မြန် မောင်းထွက်သွားသည်။

''အာ တောက်''



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ကားကို မျက်စိတဆုံး လိုက်ကြည့်ရင်း တရှိန်ရှိန် တက်လာသော မခံချင်စိတ်များဖြင့် သစ်သီးအိတ်လေးကို အလင်း လမ်းမပေါ် ပစ်ပေါက် လွှင့်ပစ်လိုက်သည်။

ဒါတွေက ဘယ်လောက်တန်လို့လဲ။ ဘာမှပါမလာဘဲ မမယိမ်းကို သမီးလို့ တစ်ခွန်း ခေါ်လိုက်တာကမှ ဖြေသာဦးမည်။

ခုတော့

တစ်လုံးဆင့် ရွှပ်ပြူတ်ချိုင့်လေးကို တင်းနေအောင် ဆုပ်ကိုင်၍ ခေါင်းနှင့်ဝင်းတံခါးဘောင်လေးကို တဆတ်ဆတ် ဆောင့်တိုက်ပြီး သည်းထန်စွာ ငိုကြွေးပစ်လိုက်သည်။

"သား လူလေး အလင်း အလင်း"

အနားရောက်လာသော ဒေါ်လေးသိန်းက အလင်း ပခုံးလေးကို ဖွဖွလေး ဆုပ်ကိုင်နှစ်သိမ့်ကာ ခေါ်၏။

"ဒေါ် ဒေါ်လေးသိန်း ဖေဖေ ဖေဖေ ရက်စက်တယ်ဗျာ၊ မမယိမ်းကို သမီး တစ်ယောက်လို မသတ်မှတ်ချင်တော့အောင် မုန်းတီးနာကြည်းနေကြတာ အံ့သြဖို့ကောင်းတယ်"

"အဲလို မတွေးပါနဲ့ လူလေးရယ်၊ ဘယ်မိဘက သားသမီးကို မချစ်ဘဲ နေပါ့မလဲ၊ သူ့ဘက်မှာလည်း အကြောင်းကိစ္စတွေ ရှိနေလို့ ဖြစ်မှာပါ၊ မမယိမ်း ကြားရင် စိတ်မကောင်းဖြစ်နေမယ်၊ မျက်ရည်တွေ





သုတ်လိုက်စမ်းပါ လူလေးရယ်"

ဒေါ်လေးသိန်း ပြောမှ သတိရကာ မျက်ရည်တွေကို ပွတ်သုတ်လိုက်ရသည်။ မမယိမ်းကို လူမမာ မေးဖို့ ဒေါ်လေးသိန်း ရောက်လာချိန်မှာ ဈေးထဲမှာ ရွှပ်ပြုတ်ဝယ်ဖို့ အလင်း ထွက်လာခဲ့တာ ဖြစ်သည်။

"ဒေါ်လေးသိန်း ပြန်တော့မလို့လား၊ အိမ်ရှေ့မှာ ဖြစ်နေတဲ့ အသံတွေ မမယိမ်း ကြားသွားသေးလားဟင်"

"ကြားလား မကြားလားတော့ မသိပါဘူးကွယ်၊ ဒေါ်လေးသိန်းတော့ သဲ့သဲ့ကြားလို့ ထွက်လာခဲ့တာ၊ မင်းအဖေနဲ့ ပြဿနာတက်မယ်လို့လည်း မထင်မိဘူး"

"ပြဿနာ မဖြစ်ချင်ပါဘူး ဒေါ်လေးသိန်းရယ်၊ မမယိမ်းအတွက် မခံစားနိုင်လွန်းလို့ပါ"

"စိတ်ကို ဖြေပါ လူလေးရယ်၊ ဘယ်သူမပြု မိမိမှုတဲ့ စေတနာပြောခဲ့မိတာကိုးကွဲ့၊ ကဲ.ကဲ ဒေါ်လေးသိန်း ပြန်မယ်နော်၊ ယိမ်းလည်း လူလေးကို မျှော်နေတယ် သွားလိုက်တော့"

ဒေါ်လေးသိန်း ထွက်သွားမှ အလင်း အိမ်ပေါ်တက်လာခဲ့သည်။ မယိမ်းက ပိန်ကပ် ယိုင်နဲ့စွာ လှုပ်လီလှုပ်လဲ့ဖြင့် အိမ်တိုင်လေးကို မှီ၍ အလင်းကို စောင့်နေသည်။

"ခုနက ဖေဖေ လာသွားတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မ မဟုတ်ပါဘူး တခြားကားတစ်စီး ခဏရပ်ပြီး အိမ်လိပ်စာ မေးနေတာပါ"

"ဘာဖြစ်လို့ ဖေဖေက အိမ်ထဲ မဝင်ချင်တာတဲ့လဲ အလင်း"

အလင်း ဟန်ဆောင် လိမ်ညာနေတာ မပီပြင်ဘူး ထင်ပါသည်။ မမယိမ်းက သူမ သိချင်တာကိုပဲ ဖွတ်တွင်တွင် မေးသည်။ အလင်းက မမယိမ်းကို တွဲကာ ထိုင်စေလိုက်ပြီး ချိုင့်ထဲက စွပ်ပြုတ်တွေ ပန်းကန်ထဲ ပြောင်းထည့်၍ မမယိမ်းကို တိုက်ဖို့ ပြင်လိုက်၏။

"မမယိမ်း ဆန်ပြုတ်တွေချည်း မသောက်ချင်မှာစိုးလို့ သား စွပ်ပြုတ် ဝယ်လာခဲ့တာ၊ ကောင်းမှာပါ မမရဲ့ သောက်လိုက်နော်"

ဖွန်းဖျားလေးနှင့် ပါးစပ်နား တေ့ကပ်ခြင်းကို မမယိမ်းက ခေါင်းယမ်း၍ ရှောင်သည်။

"မမယိမ်း မေးတာ ဘာလို့ မဖြေတာလဲ အလင်း"

"မသိစေချင်လို့ပေါ့ မမယိမ်းရယ်၊ သား တစ်ယောက်တည်း ပြုစုစောင့်ရှောက်ရုံနဲ့ လုံလောက်တယ် မဟုတ်လား၊ ဘယ်သူ့ဆီကမှ ဘာမှ မမျှော်လင့်ပါနဲ့ မမယိမ်းရယ်"

"သူတို့ဆီက တန်ဖိုးကြီးအရာတွေ မမယိမ်း ဘာမှမမျှော်လင့် ပါဘူး၊ ဒါပေမဲ့ နောက်ဆုံးအချိန်တွေမှာ ဖေဖေ့ဆီက သမီးကြီးလို့ ခေါ် တဲ့အသံလေးနဲ့ အမင်းဆီက မမယိမ်းလို့ ညင်ညင်သာသာ ခေါ်တဲ့





အသံလေးကိုတော့ ကြား ကြားချင်မိတယ် အလင်းရယ်၊ မမယိမ်းတို့မှာ တခြားမိသားစု အများကြီး မရှိပါဘူး။ ဒီမိသားစုလေးရဲ့ နားလည်မှုကိုတော့ ခံစားသွားချင်သေးတာပေါ့။ အဲဒါဆိုရင် မမယိမ်း ပေးဆပ်ခဲ့တာတွေ စတေးခဲ့ရတာတွေအတွက် နောင်တရမိမှာ မဟုတ်ဘူး"

"မမယိမ်းရယ်"

အသံတုန်တုန်လေးနှင့် မမယိမ်း မျက်ရည်တွေကြောင့် အလင်း ရင်မှာ ဆို့နစ် နာကျင်နေသည်။ နှလုံးသွေးတို့ တစိမ့်စိမ့် ပန်းထွက်နေကာ မမယိမ်း ဖြစ်ချင်နေတာတွေ ဖြည့်ဆည်းပေးလိုက်ချင်၏။

မဖြစ်နိုင်တာတွေ တောင့်တနေတဲ့ မမယိမ်း ဘယ်လောက်များ ခံစားရှာမလဲ။

ဘာကြောင့်များ ကံကြမ္မာက ဒီလောက်ထိ ရက်စက်နိုင်ရတာလဲ။

နောင်ဘဝထိ အထုံမပါပါစေနဲ့ မမယိမ်းရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

ကျောင်းက ပြန်ရောက်လာသည့် အမင်းက ရေမိုးချိုး အဝတ်အစားလဲပြီးတာနှင့် နောက်ဖေးမီးဖိုချောင်ဘက် ဝင်သွားလိုက်၊ အိမ်ရှေ့စားပွဲပေါ်က အုပ်ဆောင်း လှန်ကြည့်လိုက်ဖြင့် ယောက်ယက်ခတ်နေသည်။

မမယိမ်းအတွက် ပန်းကန်ထဲ ဆန်ပြုတ်ထည့်နေသော အလင်းက မနေသာတော့ပြီမို့

"မင်းဗိုက်ဆာနေပြီလား အမင်း။ ငါ ဟင်းတွေ ပြန်နွှေးပေးမယ်၊ မင်း မမယိမ်းကို ဆန်ပြုတ်လေးတိုက်ပေးပါလား"

"အာ မတိုက်ချင်ပါဘူး၊ ဟင်းအိုးတွေ နွှေးပြီးမှ မင်းဟာမင်းတိုက်ပေါ့"





"ဆေးသောက်ချိန် လွန်သွားမှာစိုးလို့ပါ အမင်းရာ၊ ငါ ဟင်းအိုးနွှေးပြီးချိန်နဲ့ မမယိမ်းကို ဆန်ပြုတ်တိုက်ပြီးတဲ့အချိန် ကွက်တိဖြစ်တော့ ဆေးတန်းခနဲ တိုက်လို့ ရတာပေါ့။ ကိုယ့်အစ်မကို ဒီလောက်တော့ ပြုစုသင့်ပါတယ်ကွာ"

အမင်းက မအီမသာ မျက်နှာနှင့်အလင်း လက်ထဲက ဆန်ပြုတ်ပန်းကန်ကို ဆောင့်ခနဲ ဆွဲယူပြီး တစ်ဖက်စောင်းကာ လှဲလျောင်းနေသော မမယိမ်းဆီကို ထွက်သွားသည်။

ဘာပဲဖြစ်ဖြစ် အမင်းတိုက်တဲ့ ဆန်ပြုတ်လေးကို သောက်ပြီး မမယိမ်း ကြည်နူးနေပါလိမ့်မည်။ မကြင်နာတတ်တဲ့ အမင်း မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ကာ မေတ္တာတွေနှင့် နားလည်ပေးမှာလည်း သေချာ၏။

"ဟင် အာ ဟာကွာ"

မချိုတင်ကဲ အာမေဋိတ်သံများက ပါးစပ်များက တိုးထွက်မလာဘဲ ရင်ထဲမှာပဲ ပွဲတင်ထပ် တုန်ဟီးသွား၏။

ခန္ဓာကိုယ်ရှိ သွေးတွေ ပွက်ပွက်ရိုက် ဆူဝေကာ ဆတ်ဆတ်တုန်နေသည်။ မျက်ရည်တို့က အဆီးအတားမဲ့ သွန်ကျလာ၏။

"အမင်း မင်းကွာ ရက်စက်လိုက်တာ၊ မမယိမ်းအပေါ် အကြင်နာကင်းမဲ့လိုက်တာ၊ မေတ္တာ ကင်းမဲ့လိုက်တာကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဝုန်းခနဲ ပြေးသွားကာ အမင်း မျက်နှာကြီးကို စုတ်ပြတ်သတ်သွားအောင် ဆွဲထိုးပစ်လိုက်ချင်ပေမယ့် ခြေလှမ်းတွေက နေရာမှရွေ့လို့မရ။ ဘာအသံမှ ထွက်မလာနိုင်အောင်လည်း လည်ချောင်းဝမှာ တစ်ဆို့နေသည်။

ကြည့်ပါဦး ဆန်ပြုတ်ပန်းကန်လေးကို မမယိမ်း လက်ထဲမထည့်။ ကိုယ်တိုင်လည်း ဇွန်းလေးနှင့် ခပ်မတိုက်။

မသာတီသလို ရှုံ့ရှာသလိုနှင့် ဆန်ပြုတ်ပန်းကန်လေးကို ချထားပြီး မမယိမ်း လက်လှမ်းမမီတဲ့ နေရာလေးမှို တံမြက်စည်းလေးနှင့် တိုးရွှေ့ပေးနေသည်။

တစ်ဖက်လှည့်စောင်း အိပ်နေသော မမယိမ်းက ကုန်းကွကာ တံမြက်စည်းရိုးနှင့် ထိုးပေးနေသော ဆန်ပြုတ် ပန်းကန်လေးကိုလည်း မမြင်။ နှာခေါင်းရှုံ့ မျက်မှောင်ကုတ်နေတဲ့ အမင်းကိုလည်း မမြင်။

ကိုယ့်သွေးသား အစ်မရင်းအပေါ် လူမဆန်စွာ ပြုမူနေခြင်းကို အလင်း သည်းမခံနိုင်အောင် ဖြစ်နေသည်။

တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေတဲ့ ဒေါသတို့ဖြင့် လက်သီးကို တင်းတင်းဆုပ်ပြီး အလျင်မြန်ဆုံးနည်းဖြင့် အမင်းရှေ့ ရောက်လာတော့ အမင်း လန့်ဖျပ် တုန်တက်သွားသည်။

"မင်း မင်းကွာ လူစိတ်မရှိဘူး အမင်းရာ၊ အဲဒါ မင်း အစ်မ





အရင်းပါကွ၊ မင်း သုံးချင်တိုင်းသုံး၊ ဖြုန်းချင်တိုင်း ဖြုန်းလို့ရအောင် ဒီအလုပ်ကြီးကို လုပ်မိလို့ ဒီရောဂါရတာပါ၊ မင်းကွာ ပညာတတ် တစ်ယောက်ဖြစ်ပြီး ဒီရောဂါက တစ်အိမ်တည်းအတူနေလည်း မကူးဘူး၊ ဖက်လှဲတကင်း ပြုစုယုယနေလည်း မကူးဘူးဆိုတာ မင်း မသိဘူးလား။ မင်း ဘာလို့ မိုက်ရိုင်းရတာလဲ၊ တစ်ကိုယ်ကောင်းဆန်ရတာလဲ၊ မမယိမ်းက ငါတို့ရဲ့ သွေးသားအရင်း အစ်မအရင်းပါ၊ အစ်မကြီး အမိအရာ ဝီသခဲ့တဲ့ အစ်မတစ်ယောက်ပါကွ၊ အမင်းရာ မင်း မင်း ရက်စက်လွန်းတယ်၊ ရက်စက်လွန်းတယ်ကွာ"

အလင်းရဲ့ ပေါက်ကွဲမှုကြောင့် မမယိမ်း အထိတ်တလန့် ပြူးပြဲလူးလဲ ထလာသည်။ အမင်းက မမယိမ်းကိုရော အမင်းကိုရော ရှုံစိမ်းနေအောင် ကြည့်ကာ ခေါင်းကို စုံရမ်းပြီး

"အာ မသိဘူး၊ မပြောနဲ့ ဘာမှမပြောနဲ့ကွာ၊ ငါ ရှက်တာပဲ သိတယ်၊ စိတ်ညစ်တာပဲ သိတယ်၊ ငါ ဒီအိမ်မှာ မနေချင်ဘူး၊ ဒီရပ်ကွက်ထဲမှာ မနေချင်ဘူး၊ ငါ နိုင်ငံခြားသွားမယ်၊ မမ ကျွန်တော့်ကို ဒီအိမ်ရောင်းပေး၊ ကျွန်တော် နိုင်ငံခြားမှာ အလုပ်လုပ်ရင်း သွားနေတော့မယ်"

မမယိမ်းဘက်ကို လှည့်ပြီး လက်ညှိုးကြီးထိုး ပြောနေတော့ အလင်း ရှေ့တိုးပြီး အမင်း အင်္ကျီရင်ဘတ်စကို ဆောင့်ဆွဲလိုက်သည်။

"အမင်း မင်း ဘယ်လိုပြောလိုက်တာလဲ၊ မမ ကျွန်းမာရေးက



www.burmeseclassic.com

www.burmeseclassic.com



သေမယ့်ရက်ကို စောင့်နေရတာကွ၊ ဒီအချိန်မှာ အိမ်ရောင်းပေးဖို့ တောင်းဆိုရက်သလား၊ ဖေဖေရော မင်းရော တစ်ကိုယ်ကောင်းသမား။ ကိုယ့်အတွက်ပဲ ကြည့်တတ်တဲ့ အတ္တသမားတွေ၊ လူမဆန်တဲ့လူတွေ၊ မသေတာ ရေစာ ရထားတဲ့ ဒီအိမ်လေးကို မမယိမ်း မသေခင် မင်း ထပ်တောင်းရဲ တောင်းကြည့် ငါ အသက်ချင်း လဲပစ်မယ် သိလား အမင်း''

''အောင်မာ မင်းလို ဒုက္ခိတက ငါ့ကို ခြိမ်းခြောက်ရဲတယ်၊ ဒုက္ခိတမို့ သက်ညှာနေတာကို မင်းက ရောင့်တက်နေတာလား။ ဒီအိမ်က ဖေဖေ ဝယ်ပေးထားတာ ဖေဖေ့ကို အခု ပြောလိုက်တာနဲ့ လူမမာရော ဒုက္ခိတရော ခေါင်းနဲ့ ဆင်းသွားရမယ် သိလား''

''အမင်း''

''တောက် ကဲကွာ ငါ့ကို ပမာမခန့် လုပ်ဦး''

''ဖုန်း''

''ခွပ် ခွပ်''

''အမလေး တော်ပါတော့ တော်ပါတော့ အမင်းရဲ့၊ အလင်းလေးက မင်းကို ဘာမှပြန်မလုပ်နိုင်တဲ့ ဒုက္ခိတလေးပါ မလုပ်ပါနဲ့ မလုပ်ပါနဲ့တော့၊ မကျေနပ်ရင် မမယိမ်းကိုသာ သတ်သွားပါကွယ်၊ အသေသတ်သွားပါ''

ပစ်လဲသွားတဲ့ အလင်းကို ယိမ်း ဝိုယိုကာ ဖက်တွယ်ထားလိုက်





သည်။ အမင်းရဲ့ အရှိန်မပြယ်သေးသော ဒေါသက မျက်နှာတပြင်လုံး နီရဲတင်းမာနေ၏။

''အိမ်ရောင်းပေး အိမ်ရောင်းဖို့ ပြင်ထား၊ ကျွန်တော် ဒီမှာ မနေဘူး။ ရောဂါသည်တွေနေတဲ့အိမ်၊ အကုသိုလ်တွေ များတဲ့အိမ်မှာ ကျွန်တော် မနေဘူး''

အမင်း တဒုန်းဒုန်း ဆင်းပြေးသွားမှ အလင်း နှာခေါင်းနှင့် ဆံစပ်မှ စီးကျနေသော သွေးတွေကို ယိမ်း တယုတယ သုတ်ပေးရသည်။

''အလင်းလေး အရမ်းနာနေလား ဟင်၊ ဘာလို့ ပြဿနာဖြစ်အောင် ပြောလိုက်ရတာလဲကွယ်''

''မ မမယိမ်းရယ် အမင်းနဲ့ဖေဖေ ရက်စက်လွန်းတယ်ဗျာ၊ လူမဆန်ဘူး၊ မိုက်ရိုင်းလွန်းတယ်၊ ယုတ်ညံ့လွန်းတယ်''

''မပြောနဲ့ မပြောပါနဲ့ အလင်းလေးရယ်၊ အလင်းလေးက အငယ်ဆုံးလေ၊ ဘယ်သူမကောင်းကောင်း အလင်းလေးပဲ ရဲကြီးမှာပေါ့ မမယိမ်းလည်း သူတို့ကို အရှုံးပေးလိုက်ပါပြီ ဘကြီးမှာကြီးကိုလည်း အရှုံးပေးလိုက်ပါပြီကွယ်၊ မမယိမ်း ဒီရောဂါကြီး ရလိုက်တာ မောင်လေးဆိုလည်း ရှက်ရွံ့သိမ်ငယ်ရတယ်၊ မမယိမ်းလည်း အရမ်း ရှက်ရွံ့သိမ်ငယ်နေမိတာပါ၊ ဒါပေမဲ့ အလင်းရဲ့ ပြုစုယုယမှုတွေ၊ အားပေးနှစ်သိမ့်မှုတွေနဲ့ မမယိမ်း အားတင်းထားတာပါ၊ အဲဒါကြောင့် မမယိမ်းနဲ့ ယှက်သက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို အပြစ်မမြင်ပါနဲ့၊ ဒေါသ မဖြစ်ပါနဲ့၊ မေတ္တာထားနိုင်အောင်သာ ကြိုးစားပါတော့ အလင်းရယ်''

''မမရယ် သားက မမအတွက် မခံနိုင်တာပါ''

''အတွဲအလှည့်ရှိခဲ့လို့ ဝဋ်ကြွေးတွေ ဆပ်နေရတာ၊ သံသရာ အထိ သယ်မသွားပါရစေနဲ့၊ ဒီ ဒီအချိန်ကစပြီး မမယိမ်း ဘာမှ မတောင့် တတော့ပါဘူး။ မမရဲ့နောက်ဆုံးအချိန်လေးမှာ အလင်းလေး ရှိနေရင် မမ ကျေနပ်ပါပြီ''

''မမရယ်''

မျက်ရည်တွေနှင့် မမယိမ်းကို အလင်း ခပ်တင်းတင်းလေး တိုးဖက်ထားလိုက်သည်။

''မမ မမယိမ်း အားမငယ်ပါနဲ့နော်၊ မမယိမ်းအနားမှာ သား အမြဲတမ်း ပြုစုစောင့်ရှောက်နေမှာပါ၊ မမ စိတ်တတ်မကျဘဲ သားနဲ့ အချိန်အကြာကြီး နေပေးပါဦးနော်၊ မမပြုံးနေရင် သား အားရှိတယ်၊ စိတ်ချမ်းသာတယ်၊ ဘယ်သူတွေ ဘာပဲဖြစ်ဖြစ် မမယိမ်းနဲ့ သား နှစ် ယောက်တည်း ရှိတယ်လို့ အောက်မေ့ပြီး သားအတွက် မမယိမ်း ရှင်သန် ပေးပါ၊ မမယိမ်းအတွက်လည်း ရှေ့ကနေ သား ရပ်တည်ရင်ဆိုင်ပါ့မယ် နော် မမယိမ်း။ အခု သားကို တစ်ခါလောက် ပြုံးပြပါပြုံးလေ မမယိမ်း ရဲ့''





စိတ်ပြောင်းသွားအောင် အလင်း အားတက်သရော ပြောနေ တာမို့ မမယိမ်း ပြုံးလိုက်ပါသည်။ ဒါပေမဲ့ ထိုအပြုံးက မပီပြင်ပါ။ ဝေဒနာကြောင့်လား၊ အရာရာကို နာကြည်းနေတာကြောင့်လား ဘာမှန်း မသိတဲ့ အပြုံးယဲ့ယဲ့လေးကိုပဲ အလင်းက တန်ဖိုးထားကာ ကြည့်လို့မဝ ဖြစ်နေခဲ့သည်။

ချိုင့်ဝင်နေသော ပါးလေးနှစ်ဖက် ချွက်ဝင်နေသော မျက်လုံး လေးအောက်က မျက်ကွင်းညိုများ။

ပိန်လှီချိနဲ့နေသော ကိုယ်ခန္ဓာ၊ အရိုးပြိုင်းပြိုင်း ထနေသော ခြေချောင်း၊ လက်ချောင်းလေးများ။

ဝန်ထမ်းဝတ်စုံလေးကို မချွတ်တမ်း ဝတ်ထားဆဲ မမယိမ်းကို မြင်နေရတာ အလင်း ရင်ထဲ မချိအော င် ခံစား ည်။

ဒါပေမဲ့ မမယိမ်း မမြင်အောင် မျက်ရည်တွေနှင့် ဖြေသိမ့်နေရ သည်။ မမယိမ်းလည်း ငိုနေသည် ထင်၏။

အလင်းပခုံးလေးပေါ်မှာ စိုစွတ်ပူနွေးသော မျက်ရည်ရဲ့ ထိတွေ့ မှုကို ခံစားနေရသည်ပဲလေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

"ဖုန်း ဖုန်း"

"ခွပ် ခွပ်"

"ဘယ်လိုလဲ အမင်း နေသာထိုင်သာ ရှိရဲ့လား။ အရသာ ရှိရဲ့လား"

"ပြန်မခုခံနိုင်တဲ့ ဒုက္ခတကို အနိုင်ကျင့်နေတာ မဟုတ်ဘူးနော်၊ မင်း မကျေနပ်ရင် ပြန်ဆော်လို့ ရတယ်"

ပြင်းထန်လွန်းသော အောင်ထွေးနှင့် ဇော်ခိုင်ရဲ့ လက်သီးချက်ကြောင့် ပစ်စလက်ခတ် ပုံလဲသွားရာမှ အမင်း ပြန်မထ။

ပါးစပ်နှင့်နှာခေါင်းမှ ပန်းထွက်လာတဲ့ သွေးတွေကို လက်ဖမိုးဖြင့် ပွတ်သုတ်ကာ ခေါင်းငုံ့ငိုင်တွေနေသည်။





"မင်း အရက်နဲ့ မမယိမ်း အသက်ကို လဲချင်နေတာလား အမင်း၊ မင်း အသုံးမကျခဲ့လို့ စာနာစိတ်မရှိခဲ့လို့ မမယိမ်း ဒီဘဝကို ရောက်သွားခဲ့ရတာ မဟုတ်ဘူးလား၊ ဒီရောဂါကြီး ရသွားခဲ့တာ မဟုတ်ဘူးလား။ ခုချိန်ထိ နောင်တမရ အသိတရား မရဘဲ ထပ်ဇော်ကားရဲတာ အံ့သြဖို့ ကောင်းတယ်ကွာ"

"မင်း တစ်နေ့နေ့ နားလည်လာလိမ့်မယ်လို့ ထင်ထားတာ၊ မင်းအဖေနဲ့ မင်းက တစ်စိတ်တည်းကိုးကွ၊ မကြင်နာတတ်တာ ကိုယ့်ကိုယ်ကိုချစ်ပြီး ဥပေက္ခာပြုတတ်တာ၊ ကိုယ့်အတွက် ဘဝကို စတေးပြီး အရှက်နဲ့သိက္ခာကို ရင်းပေးတဲ့ ကျေးဇူးတရားကို နားလည်မပေးတာ၊ အေး မင်းလိုကောင်ကို ငါတို့ သူငယ်ချင်း စာရင်းက ပယ်ဖျက်လိုက်ပြီ သိလား အမင်း"

အောင်ထွေးနှင့်ဇော်ခိုင်က ဒေါသအရှိန်မပြေသေး။ အမင်းက နေရာက ထမတ်ဖို့ အင်အားမဲ့နေသည်။

ဒဏ်ရာကြောင့် မဟုတ်။ သူ ထိုးလိုက်တာကြောင့် ခြေထောက်ချိုးလေးဖြင့် မြို့လဲသွားတဲ့ အလင်း ပုံရိပ်လေးကို မြင်ယောင်နေမိ၍ ဖြစ်သည်။ ပြီးတော့ မမယိမ်းရဲ့ တောင်းပန်တိုးလျှိုးမှုနှင့် မျက်ရည်တွေ တလည်း ရင်တစ်ခုလုံး ပူပြင်းလောင်မြိုက်နေစေသည်။

"မိသားစု အသိုက်အမြုံဆိုတာ တိရစ္ဆာန်တွေတောင် ခင်တွယ်



www.burmeseclassic.com

www.burmeseclassic.com



ဖေမကြတယ်ကွ၊ ပုံပုံကိုချစ်တဲ့ အချစ်မျိုး နောက်ဆယ်ယောက်လောက် ချစ်လို့ရတယ်၊ မင်းအစ်မရဲ့ အသက်က နှစ်ခါပြန်မရနိုင်တော့ဘူး၊ ဒုက္ခိတလောက်တောင် အရည်အချင်း အစွမ်းအစ မရှိတဲ့ ဦးနှောက်က ဒုက္ခိတကို အနိုင်ကျင့်ဖို့တော့ တတ်သတဲ့လား၊ အံ့ပါရဲ့ကွာ၊ တိရစ္ဆာန်လောက်တောင် အသိတရား မရှိဘူး"

"ထမင်းရည်လျက်တဲ့ ခွေး၊ မြက်စားတဲ့နွားတောင် သခင်ကို သခင်မှန်း သိကြပါတယ်၊ မင်းအဖေ ဥပေက္ခာပြုပြီးတဲ့နောက် မင်းအမေ သေခဲ့ပြီးတဲ့နောက် ခုချိန်ထိ ဘယ်သူကျွေးတဲ့ ထမင်းကို စားနေတာလဲ၊ ဘယ်သူ့ ထောက်ပံ့မှုနဲ့ မင်း ပညာတွေ သင်နေတာလဲ၊ မင်းအစ်မ မကောင်းတာ လုပ်လို့ရတဲ့ငွေ၊ ဒုက္ခိတ ညီလေး ဈေးရောင်းလို့ရတဲ့ ငွေတွေနဲ့ မဟုတ်ဘူးလား၊ အဲဒါတွေကို ရေသာခို သုံးဖြုန်းလာတဲ့မင်းက ရှက်ရမှာကွ၊ မင်းလို အညွှန့်စားကောင်က ရှက်ရမှာ သိလား"

မမယ်သိမ်းနှင့် အလင်းအတွက် အောင်တွေးနှင့်ဖော်နိုင် ပေါက်ကွဲနေသမျှ အမင်း ဘာမှပြန်မပြောနိုင်။

အမှန်တရားတွေပဲ နာကြည်းစရာမှ မဟုတ်တာ။ သူကသာ ကျန်းမာရေး မကောင်းတဲ့ မမရှေ့မှာ သတိလက်လွတ် ထိုးကြိတ် အော်ဟစ်ပေါက်ကွဲခဲ့မိတာ။

ဖြည်းလေးစွာ ထရပ်သည်။ ခြေလှမ်းတွေ နောက်ပြန်ဆုတ်ခဲ့၏။





ရှောင်ဖယ်ချင်လို့ မဟုတ်၊ သူငယ်ချင်းတွေကို ရင်မဆိုင်ရဲတော့လို့ ဖြစ်သည်။

"ဟာ အမင်း သား သား ဘာဖြစ်လာတာလဲ"

ဖေဖေ့အိမ်ရောက်မှ ဖေဖေ့ကို ဖက်တွယ်ကာ အားရပါးရ ငိုရှိုက်ပစ်လိုက်သည်။ ဖေဖေက အမင်းပခုံးကို ကိုင်လှုပ်ပြီး ဇွတ်အတင်း မေးနေသည့်မို့ မျက်ရည်တွေနှင့် တုန်ယင်စွာ ရှင်းပြဖြစ်၏။

အဆုံးသတ် ပြောပြီးမှ ဖေဖေက သက်ပြင်းရှည်ကြီးချပြီး အမင်း ပခုံးလေးကို ဖက်တွယ်ကာ ဆက်တီခုံမှာ ထိုင်စေလိုက်သည်။

"သားမှားတယ်၊ အရမ်းမှားသွားပြီ သားရယ်၊ ဘာဖြစ်လို့ ဒုက္ခိတ ကိုယ့်ညီလေးကို ကိုယ်ထိလက်ရောက် လုပ်ပစ်ခဲ့ရတာလဲ၊ သားတို့ အပေါ်မှာ ဖေဖေ တာဝန်မကျေခဲ့ဘူး၊ ဖခင်ကောင်းတစ်ယောက်ရဲ့ မေတ္တာတွေ အပြည့်အဝ မပေးခဲ့ဘူး၊ ဒါပေမဲ့ သားတို့ကို စိတ်လိုက်မာန်ပါ ထိုးကြိတ်ခဲ့ဖူးသလား"

"မ မလုပ်ခဲ့ဖူးပါဘူး ဖေဖေ"

"အေး အဲဒါက အသိတရားရှိရှိနဲ့ မှားနေခဲ့လို့ပေါ့ သားရယ်၊ သားလည်း လူငယ်ပဲ၊ မှားသင့်ပါတယ်၊ ဒါပေမဲ့ အသိတရားမဲ့တာတော့ မကောင်းဘူးပေါ့၊ ကျန်းမာရေး မကောင်းတဲ့ အစ်မတစ်ယောက်ရှေ့မှာ အသိတရားမဲ့တာက ပိုပြီး မိုက်မဲလွန်းရာ ကျတာပေါ့ကွယ်၊ တွေးကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရင်း ဖေဖေလည်း နောင်တရနေပါပြီ၊ ညနေ ကလေး မွေးနေတဲ့ ရှယ်လီ ဆေးရုံက ဆင်းလာရင် ယိမ်းနဲ့အလင်းကို ဖေဖေ သွားပြီး တောင်းပန်မယ်လို့ စဉ်းစားထားတာပါ၊ ပညာတတ်တိုင်း အသိတရား မရှိဘူး၊ ငွေကြေးပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝတိုင်း အဆင့်အတန်း ရှိကြတာ မဟုတ်ဘူး။ မှားတာကို မှားနေတယ်လို့ သိဖို့ပဲ အရေးကြီးတာပါကွယ်''

''ဖေဖေ''

အမင်း ဖေဖေ့ရှေ့မှာ ဒူးထောက် ထိုင်ချလိုက်ပြီး အရင်ဆုံး ဖေဖေ့ကို လက်အုပ်ချီ ကန်တော့လိုက်၏။

''သား နားလည်ပါပြီ ဖေဖေ၊ အငယ် တစ်ယောက်က ပြန်ပြောလို့ ကျွန်တော် စိတ်လိုက်မာန်ပါ ဖြစ်သွားမိတာပါ၊ မမယိမ်းကိုလည်း ကျွန်တော် ကန်တော့ပြီး တောင်းပန်ပါ့မယ်''

''ဝမ်းသာလိုက်တာ သားရယ်၊ ယိမ်းရဲ့ နောက်ဆုံးအချိန်လေးမှာ ဖေဖေတို့ ပြုစုစောင့်ရှောက်ခွင့် ရပြီပေါ့၊ စိတ်ဓာတ်မကျအောင် အားမငယ်အောင်လည်း ဖေဖေတို့ အားပေးကြမယ်''

''ဟုတ်ကဲ့ ကျွန်တော်လည်း အဲလို လုပ်ပေးချင်ပါတယ် ဖေဖေ၊ ကျွန်တော်တို့ အဲလို စိတ်ပြောင်းလာတာ သိရင် မမယိမ်း အရမ်းဝမ်းသာနေမှာနော်''

''အင်းပေါ့ သားရယ်၊ ယိမ်းလေး ကြည်နူးပီတိ ဖြစ်နေမှာ





သေချာပါတယ်၊ ဖေဖေနဲ့ သား ဘယ်လောက်ဆိုးဆိုး နောက်ဆုံး ငါတို့ မှားသွားပြီဆိုတဲ့ အသိတွေ ဝင်လာတာ သား မမရဲ့ မေတ္တာ ရောင်ခြည်နဲ့ ဟပ်တာပဲပေါ့၊ နောက် မကျစေချင်ဘူး၊ တောင်းပန်ခွင့်တော့ ရလိုက်ချင်ပါတယ်''

ဖေဖေက ရှေ့ပြတ်နေတာလား တိုင်တည်နေတာလား မသိပေမယ့် အမင်း ပခုံးကို ဆုပ်ညှစ်လိုက်တာကတော့ အားပါလှပါသည်။

အမင်းကလည်း ဖေဖေ့လက်ကို ပြန်ဆုပ်ညှစ်လိုက်ပြီး ကြည်ကြည်လင်လင် ပြုံးပြလိုက်၏။

အသိတရားမဲ့ အမှားတွေကို ခဝါချလို့ . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၁)

"ဟင်"

အိမ်ပေါ်ကို လှမ်းတက်လိုက်သည်နှင့် စီတန်းနေသော ဖိနပ်တွေကြောင့် အလင်း အံ့ဩသွားသည်။ အလင်း ဆေးဝယ်ဖို့ ထွက်သွားတုန်းက မမအေးမ ဖိနပ်တစ်ရံသာ ရှိသည်။

မနက်ပိုင်း အမင်းနှင့် ပြဿနာတက်ပြီးကတည်းက မမယိမ်း ရောဂါဝေဒနာက အခြေအနေ ဆိုးဝါးလာသည်။ အလင်း ဘယ်လောက်ပဲ စိတ်ဖြေသာအောင် ချော့မော့ ဖျောင်းဖျ ပျော်ရွှင်အောင် လုပ်နေနေ မမယိမ်းက တွေဝေ ငေးငိုင်ပြီး တစ်ခုခုကို အလေးအနက် စဉ်းစားနေဟန်ဖြင့် ဝေဒနာက တဖြည်းဖြည်း ပြင်းထန်လာသည်။

နောက်ဆုံး မမအေးမကို သွားခေါ်ကာ မမယိမ်း အနားမှာ အစောင့်ထားခဲ့ပြီး အလင်း ဆရာဝန်ကြီးဆီ ထွက်လာခဲ့သည်။

ဆေးခန်းကိုရောက်တော့လည်း ဆရာဝန်ကြီး ရောက်မလာ





သေးတာမို့ အချိန်တော်တော်ကြာအောင် စောင့်နေခဲ့ရ၏။

အခု ဆရာဝန်ကြီး ပေးလိုက်တဲ့ နောက်ဆုံး ဆေးလေးကို ယူလာပြီး အိမ်ပြန်ရောက်လာချိန်မှာတော့ အိမ်မှာ ဘယ်က ဧည့်သည်တွေ ရောက်နေပြီ မသိ။

"ဪ အလင်း ပြန်လာပြီလား။ ဧည့်သည်တွေ လိုက်ပို့လိုက်ဦးမယ်နော် အလင်း။ ခဏလေး ပြန်လာခဲ့မယ်"

မမအေးမက ဧည့်သည်နှစ်ယောက်နှင့် အိမ်ပေါ်က ဆင်းသွားသည်။ ဧည့်သည်နှစ်ယောက်ထဲက တစ်ယောက်ကို အလင်း မျက်မှန်းတန်းမိနေ၏။ ဟိုဘက်ရပ်ကွက်က အိမ်ပွဲစား ဒေါ်ခင်စီ ဖြစ်သည်။ ကျန်တစ်ယောက်က သူ့ဒွေးဂိုက်ဆိုဒ်ဖြင့် အလင်း မသိ။

"ဟာ မ မမယိမ်း ဘာလုပ်လိုက်ပြီလဲ"

လက်ခနဲ ဝင်လာသော အတွေးဖြင့် ဆေးထုတ်လေးကိုင်ပြီး မမယိမ်းအနား ထိုင်ချလိုက်သည်။

အသက်ကို ခက်ခဲပင်ပန်းစွာ ရှူရှိုက်နေရသော မမယိမ်းက အလင်းကို လည်ပင်းလေး လိမ်၍ ကြည့်သည်။

"မ မမယိမ်း ဘာတွေလုပ်နေတာလဲ၊ ဘာလုပ်လိုက်တာလဲ"

"အမင်းက အိမ်ရောင်းခိုင်းထားတယ် မဟုတ်လား"

"မမယိမ်းရာ မမယိမ်းက နေမကောင်းဖြစ်နေတာ အိမ်ရောင်းပြီး ဘယ်သွားနေမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မမယိမ်းက ဘယ်နှရက် နေရတော့မှာမို့လဲ အလင်းရယ်၊ ရှင်သန်နေရမယ့် အချိန် နာရီ စက္ကန့်တွေကို မမယိမ်း ရင်မဆိုင်ချင်တော့ဘူး။ အလင်းကို မမယိမ်း သနားပါတယ်၊ ဒါပေမဲ့ ကံကြမ္မာကြီးကိုရော အမင်းနဲ့ဖေဖေ့ကိုရော မမယိမ်း အရှုံးပေးလိုက်ပါပြီ၊ မလိုချင်တော့ဘူး သူတို့ဆီက ဘာမှမမျှော်လင့်တော့ပါဘူး"

အင့်ခနဲ မရှိုက်မိအောင် အလင်း စိတ်တင်းထားရသည်။ တစ်လုံးချင်း ဖြည်းလေးစွာ အားယူပြောနေသည့် မမယိမ်းကို အလင်း မကြည့် ရက်။ သွေးဆုတ်ဖြူရော်နေတဲ့ မမယိမ်း မျက်နှာပေါ်က ဝမ်းနည်းခြင်းတို့ကို အလင်း ခဏသာ မြင်တွေ့ခွင့်ရတော့မည် ထင်သည်။ ငွေထုပ်နှင့် စာရွက်စာတမ်းတွေကို မမယိမ်းက လက်လေးနှင့် စမ်းပြီး

"ဒီအိမ်ရောင်းထားတဲ့ ငွေနဲ့ စာရွက်စာတမ်းတွေပါ၊ အ အမင်းလာရင် ပေးလိုက်ပါနော်၊ မမယိမ်း ရက်လည်ဆွမ်းသွတ်ပြီးမှ အလင်းအိမ်ပေါ်က ဆင်းပေးရမှာပါ၊ အ အလင်းက အေးမတို့အိမ်မှာ သွားနေ၊ နောက်ကျရင်လေ အေးမက အလင်းကို လ လရိုပ်လေးနဲ့ လက်ထပ်ပေးမယ်တဲ့"

"မမယိမ်းရယ် ဘာလို့ အဲဒါတွေထိ စိတ်အပင်ပန်းခံပြီး စီစဉ်နေရတာလဲ၊ နေသာသလို သက်သာသလို နေပါလား မမယိမ်းရယ်၊ မမယိမ်းအနားမှာ သား ရှိတယ်၊ ဘာလို့ အားငယ်ရမှာလဲ၊ အရှုံးပေးရမှာလဲ၊ သားနဲ့ အချိန်ကြာကြာ နေဖို့ပဲ စဉ်းစားပါလား မမရယ်"

မမယိမ်းက အလင်း၊ လက်ကို ဆုပ်ကိုင်ထားပြီး ယှဲ့ယှဲ့လေး ပြုံး၏။

"နေချင်တာပေါ့ အ အလင်းနဲ့ အချိန်တွေ အကြာကြီးနေ နေချင်ပါသေးတယ်၊ ဒါ ဒါပေမဲ့ ဒီဝေဒနာကြီးကို မ မမယိမ်း မခံစားနိုင်တော့ဘူး"

"ဦးသိန်းထိုက် ဆိုတဲ့ လူကြီးဟာ သူ့အထုပ်သူ့ သယ်သွားတာ မဟုတ်ဘူး။ မမကို လက်ဆင့်ကမ်းခဲ့သေးတယ်၊ သား သူ့ကို မကျေနပ်ဘူး။ မကျေနပ်ဘူး မမရာ"

"အလင်းရယ် သူ့ကို အပြစ်မတင်ပါနဲ့၊ သူလည်း သူ သွားခါနီး မမယိမ်းကို အကောင်းဆုံး လက်ဆောင်ပေးခဲ့သေးတာပဲလေ၊ ဒီ ဒီဝန်ထမ်း ဝတ်စုံလေးကြောင့် မ မမယိမ်း ဂုဏ်သိက္ခာနဲ့ ကိုယ်ကျင့်တရားတွေ အရောင်တက်ခဲ့ရသေးတယ် မဟုတ်လား။ အလင်းရော မမရော အချိန်အခိုက်အတန့် ပြုံး ပြုံးပျော်ခဲ့ကြရသေးတယ်လေ၊ နောင် နောင်အထိ စင်ကြယ်မှုလေးတွေ အထုံပါသွားအောင် ဒီ ဒီဝတ်စုံလေးကို ညည့် ထည့်ပေးလိုက်ပါနော်၊ အ အလင်းကို အေး အေးမနဲ့ လ လရိပ်အောင် စောင့်ရှောက်လိမ့်မယ်"

"မ မမယိမ်း မမယိမ်း မမယိမ်း-မမ"







www.burmeseclassic.com

အလင်း အော်သည်။ အထပ်ထပ် နာမည်လေးကို ခေါ်ပြီး လှုပ်ယမ်းကြည့်၏။

မမက မထူး။ အလင်းကို မျှော့တော့ ငေးရီစွာ ကြည့်နေတဲ့ မျက်ဝန်းလေး မပိတ်ဘဲ။

"မမယိမ်း"

ဝမ်းနည်းဆို့နင့်စွာ တအားအော်ပစ်လိုက်မှ အလင်း ပခုံးကလေးကို ဆုပ်ကိုင်ထားတဲ့ မမယိမ်း လက်ကလေး ခပ်ဖြည်းဖြည်း ပြေကျသွားသည်။

နောက်ဆုံး ခေါ်တဲ့အသံလေးကို နားထောင်ပြီးမှ စိတ်ချလက်ချ ထားရစ်ခဲ့တာ ဖြစ်မည်။

ရင်တွေ အသည်းတွေထဲက လှိုက်လှိုက်တက်လာ၏။ အလင်း ရင်ဘတ်ထဲမှာ မမယိမ်းကို ပြောဖို့ စကားလုံးပေါင်း များစွာ ကျန်နေသေးသည်။ ဒါပေမဲ့ မမယိမ်း မျက်ဝန်းလေးကို အသာအယာ ပိတ်ပေးလိုက်၏။

ခြေသံတွေ ဝရုန်းသုန်းကား၊ ပြေးတက်လာတဲ့ ခြေသံတွေ။

ဖေဖေ အမင်း မမ အေးမ။

မမယိမ်း အနားမှာ ဝိုင်းအုံရပ်လိုက်ကြသည်။

အမင်း ဒူးထောက်ထိုင်ချပြီး မမယိမ်းကို ငေးကြည့်နေ၏။





ဖေဖေက အံကြိတ်ပြီး သက်ပြင်းချသည်။

"မမ မမယိမ်း အမင်းကို ဘာလို့ မစောင့်တာလဲ၊ မမယိမ်းကို တောင်းပန်ချင်လို့ ပြုစုယုယချင်လို့ အမင်း အချိန်မီပြန်လာတာပါ၊ ခဏလေးဖြစ်ဖြစ် စောင့်သင့်ပါတယ် မမရယ်၊ အမင်း တောင်းပန်တာလေးကို နားထောင်သွားသင့်ပါတယ် မမ မမယိမ်း"

"ဟိတ်ကောင် မကိုင်နဲ့ မထိနဲ့"

မမယိမ်း လက်ကလေးကို ဆုပ်ကိုင်ပြီး ငိုချလိုက်တဲ့ အမင်းကို အလင်း တွန်းထိုးပစ်လိုက်သည်။ မျက်ရည်တွေ ကျကာ မမယိမ်း ဆံပင်လေးတွေ ဖွဖွသပ်ပေးနေတဲ့ ဖေဖေ့လက်ကိုလည်း ဆောင့်ဆွဲဖယ်ပစ်လိုက်၏။

"မထိနဲ့ မကိုင်နဲ့ ဖေဖေလည်း မထိနဲ့ အမင်း မင်းလည်း ငါ့အစ်မကို ထိစရာ ကိုင်စရာ မလိုဘူး၊ သေကာမှ မျက်ရည်မကျနဲ့၊ မဟုတ်မဟတ်တွေ ပြောပြီး ငိုမပြနဲ့၊ ဒီမှာ ဒီအိမ်ကို ရောင်းထားတဲ့ ငွေနဲ့ စာရွက်စာတမ်းတွေ ယူပြီး ဒီအိမ်ပေါ်က ဆင်းသွား၊ မမယိမ်း အနားမှာ မနေကြပါနဲ့၊ ထွက်သွားကြပါတော့"

"သား သားငယ် အဲလို မပြောရဘူးလေ၊ အဲလို မပြောနဲ့ သားရယ်၊ ဖေဖေတို့ သမီးကြီး ယိမ်းကို တောင်းပန်ဖို့ အားငယ်စိတ်သိဖို့ ရောက်လာကြတာပါ"

www.burmeseclassic.com



"ဟုတ်ပါတယ် အလင်းရာ ငါတို့ အမှားကို ငါတို့ နားလည်ပြီး မမယိမ်းကို တောင်းပန်ချင်လို့ပါ၊ တောင်းပန်ချင်လို့ပါကွ"

အလင်းက ဦးကျော်ပိုင်နှင့် အမင်းပြောနေတာကို ဂရုမစိုက်။ ခြေထောက်ကျိုးလေးဖြင့် နောက်ဘက် ဝင်သွားကာ နှစ်တောင်ခန့်ရှိ သစ်သားချောင်း တစ်ချောင်းကို ဝှေ့ယမ်း၍ ပြန်ထွက်လာသည်။

"မင်းတို့ကို ငါ ပြောနေတယ်၊ ဒီငွေတွေ ယူပြီး ထွက်သွားကြ၊ မင်းတို့ ငါ့အစ်မရှေ့မှာ အရိပ်အရောင် လာပြစရာ မလိုတော့ဘူး၊ ငါ့အစ်မကို ငါ့ဟာငါ သဂြိုဟ်မယ် သိလား၊ မင်းတို့ မလိုဘူး မလိုဘူး"

"အလင်း အလင်း မင်း ငါ့ကို ရိုက်ချင်လို့လား၊ ရိုက်မှာလား သေအောင် ရိုက်ပစ်လိုက်စမ်းပါကွ၊ ငါ တကယ်ကို နောင်တရတာ၊ မမယိမ်းရဲ့ နောက်ဆုံး ခရီးမှာ ညင်ညင်သာသာ သွားနိုင်အောင် တောင်းပန်ချင်တာ"

"မလိုပါဘူးကွာ မလိုတော့ဘူးကွ၊ နောက်ကျသွားပြီ ဘာမှ လုပ်လို့ မရတော့ဘူး။ မမက မင်းတို့ကို အရှုံးပေးသွားတာ၊ ကြောက်ရွံ့သွားတာ၊ မင်းတို့ဆီက ဘာမှ မမျှော်လင့်တော့ပါဘူးတဲ့၊ မင်း ဖြစ်ချင်တာကို နောက်ဆုံးအချိန်ထိ သူ လုပ်ပေးသွားပါတယ်၊ မင်း ကျေကျေနပ်နပ် အဲဒီငွေယူပြီး မမရှေ့က ထွက်သွားလိုက်ပါ၊ ဖေဖေလည်း ဖေဖေ ချစ်တဲ့ သွားကို ခေါ်ပြီး ထွက်သွားပေးပါတော့ဗျာ၊ ခင်ဗျားတို့ရှိနေရင် မမ





ကြောက်နေလိမ့်မယ်၊ နှစ်ခါပြန် သေချင်နေလိမ့်မယ်ဗျ"

တုတ်တယမ်းယမ်းဖြင့် ပြောလည်းပြော၊ ငိုလည်းငိုနေတဲ့ အလင်းကို အေးမ ဖက်တွယ် ထိန်းထားလိုက်ရသည်။

"အလင်း အဲလို မရိုင်းရဘူး၊ မပြောရဘူးလေ အလင်းလေး ရယ် အဲဒါ မင်းအစ်ကိုနဲ့ မင်းအဖေ၊ မင်း ငရဲကြီးမှာပေါ့၊ မင်း မမယိမ်း လည်း အဝေးကြီးကို ရောက်သေးမှာ မဟုတ်ဘူး၊ ဒီလိုကြီး ဖြစ်နေတာကို မြင်တွေ့ရရင် သူ့ စိတ်ချမ်းသာပါ့မလား စိတ်ကို ထိန်းပါ မောင်လေးရယ်"

"မမ အေးမရယ် သား ပေါက်ကွဲလို့ မရဘူးလား၊ မမယိမ်း အတွက် ကာကွယ်ပေးလို့ မရဘူးလား၊ မမက ကံကြမ္မာကြီးနဲ့ သူတို့ကို အရှုံးပေးသွားတာပါ၊ မဟုတ်ရင် မမယိမ်းကို သား အကြာကြီး ပြုစုခွင့် ရဦးမှာ"

အလင်းက အေးမ လက်ထဲကနေ ယိမ်းအနားမှာ ဒူးထောက် ထိုင်ချလိုက်သည်။

"မမယိမ်းရယ် ဖခင် မပီသတဲ့ ဖခင်ဝတ္တရား မကျေပွန်တဲ့ ဖခင် တစ်ယောက်ကြောင့် နားလည်မှုမရှိ အသိတရား မရှိတဲ့ မောင် တစ်ယောက်ကြောင့် ခြေတစ်ဖက် မသန်တဲ့ ဒုက္ခိတ မောင်တစ်ယောက် ကြောင့် ဒီအလုပ်မျိုး လုပ်ရတာ၊ ဒီရောဂါကြီး ဖြစ်ရတာ ဘာလို့ ရှက်ရမှာ လိုသလဲ၊ ဘာဖြစ်လို့ အားငယ်ရမှာလဲ အရှုံးပေးရမှာလဲ မမယိမ်းရယ် ဂုဏ်ယူရမှာ၊ လက်မထောင် ခေါင်းမော့နေရမှာ၊ တန်ဖိုးမရှိတဲ့ လူတွေ

www.burmeseclassic.com



အတွက် မမယိမ်းရဲ့ တန်ဖိုးရှိတဲ့အသက်ကို ရင်းလိုက်ရတာ မတန်ပါဘူး ဗျာ မတန်ပါဘူး မမယိမ်းရယ်''

အလင်းက ယိမ်း ရင်ဘတ်လေးပေါ် မျက်နှာမှောက်ကာ ငိုသည်။ ဦးကျော်ပိုင်က အတွင်းကြေ ကြိတ်ရှိုက်ရင်းဖြင့် မျက်ရည်ပေါက်ပေါက်ကျနေ၏။

အမင်းကတော့ ခပ်လှမ်းလှမ်းကနေ ယိမ်းကို အကြိမ်ကြိမ်ကန်တော့ရင်းဖြင့် ကြမ်းပြင်နှင့်နဖူးကို ယှက်ချုံးမရ ဆောင့်ဆောင့်တိုက်ကာ ငိုသည်။

ယိမ်း ခွင့်လွှတ်နားလည်ကာ ပြုံးနေမလား။

ကြောက်ရွံ့အရှုံးပေးကာ မျက်နှာလွှဲနေမလား မသိနိုင်။

ဘာတွေဖြစ်နေနေ ယိမ်းရဲ့ နောက်ဆုံး ခရီးက ရှက်ရွံ့သိမ်ငယ်စွာ သေ့ခြောက်စွာ အဆုံးသတ်သွားခဲ့သည်။

သေတာတောင် နှာခေါင်းရှုံ့ကာ အသုဘ လိုက်မပို့ချင်ကြတဲ့ လူတွေကို ယိမ်း နားလည်ပေးပါလိမ့်မည်။

ဘဝအဆက်ဆက် ဒီရောဂါဆိုး ရအောင် ဒီအလုပ်မျိုး မလုပ်မိအောင်လည်း ယိမ်း နောင်တတွေ ရနေပေလိမ့်မည်။

သြော် ဒီဘဝမှာပဲ ဒီအဖြစ်ဆိုးကြီး အဆုံးသတ်ပါစေ။

■ ■ ■



## အခန်း (၄၂)

မမယိမ်းရဲ့ ရက်လည်ဆွမ်းသွတ်အပြီးမှ မမအေးမနှင့် လရိပ်က အလင်းရဲ့ ပစ္စည်းတချို့ကို လာသယ်သွားကြသည်။ အလင်းကတော့ ဝန်ထမ်း ဝတ်စုံလေး တစ်စုံ မမယိမ်း နောက်ဆုံးခရီးမှာ ထည့်ပေးလိုက်ပြီး ကျန်ရစ်ခဲ့သော ဝန်ထမ်းဝတ်စုံလေး တစ်စုံကို ပွေ့ပိုက်ထားရင်း ဝင်းတံခါးဝမှာ ရပ်နေမိဆဲ ဖြစ်သည်။

မမယိမ်းနှင့်အတူ နေခဲ့ရသော ဒီအိမ်လေးကို မခွဲချင် မခွာချင် နောက်ဆံတင်းနေမိသည်။

တမလွန်က မမယိမ်း ဒီအိမ်ရဲ့ အရိပ်ကို မခိုရလျှင် ဘယ်နေရာတွေမှာ ခိုကပ်နေရရှာမလဲ။

ဝတ်စုံလေးကို ပွေ့ပိုက်ပြီး မမယိမ်း အုတ်ဂူလေးရှိရာ အလင်းရောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မမယိမ်းရယ် သားလည်း ဖေဖေနဲ့ အမင်းအပေါ်ထားမိတဲ့ အာဃာတတွေ ချေဖျက်လိုက်ပါပြီ မမယိမ်းရယ်၊ မမယိမ်း ဆုံးမခဲ့တဲ့ စကားတွေ ပြန်ကြားပြီး သား ငရဲမယူ အကုသိုလ်တွေ မယူတော့ပါဘူး။ သားလည်း မမယိမ်းလိုပဲ အဲဒီအပူတွေကို ကြောက်နေပါပြီ၊ မဆုံးနိုင်တဲ့ သံသရာထဲမှာ ပြန်ဆုံခွင့်ရရင် မေတ္တာတရား ကြီးမားလွန်းတဲ့ မမရဲ့ မောင်တစ်ယောက် ပြန်ဖြစ်ချင်ပါသေးတယ်၊ လွမ်းတယ် မမရယ် အရမ်း သတိရတယ်"

မမယိမ်း အုတ်ဂူလေးကို ဖက်တွယ်ကာ သိမ့်သိမ့်လှုပ်ကာ ငိုကြွေးမိသည်။

"သားငယ်လေး"

"အလင်း"

အမင်းနှင့်ဖေဖေ အလင်းနားမှာ ခြေစုံရပ်လိုက်ကြသည်။ ဖေဖေ့ လက်တစ်ဖက်က အလင်းပခုံးလေးကို ခပ်တင်းတင်း ဆုပ်ညှစ်လာ၏။

"သား မမအတွက် သား ဘယ်လောက် ခံစားနေရမယ်ဆိုတာ ဖေဖေ သိပါတယ် သားရယ်၊ ဖေဖေတို့ ကိုယ့်အတ္တတွေနဲ့ကိုယ် အမှားတွေ ကျူးလွန်ခဲ့ကြတယ်၊ နောင်တရတဲ့ အချိန်တွေ နောက်ကျခဲ့တယ် ဆိုတာလည်း ဖေဖေ သိပါတယ်၊ ဒါပေမဲ့ ကျန်နေသေးတဲ့ သက်တမ်း





တစ်လျှောက်မှာ ဖခင်ပီသခွင့် ပေးပါ၊ သားကို ဖေဖေ စောင့်ရှောက်ပါ့မယ်"

"အလင်း ငါလည်း နိုင်ငံခြား သွားမှာ၊ ဟိုမှာ အလုပ်လုပ်ပြီး ဖေဖေ ကိုလည်း ငွေကြေးထောက်ပံ့မယ်၊ မင်းကိုလည်း အိမ်တစ်လုံး ပြန်ဝယ်ပေးပါ့မယ်၊ ငါ့အမှားတွေအတွက် မမယိမ်း အုတ်ဂူရှေ့မှာ လာပြီး ကတိပေးတာပါ၊ ငါ ကြိုးစားမှာပါ အလင်းရာ"

ဒူးပေါ် လက်တစ်ဖက် အားပြုထောက်၍ ထရပ်လိုက်ကာ ဖေဖေနှင့်အမင်းကို အလင်း မော့ကြည့်လိုက်သည်။

မျက်ဝန်းအိမ်မှာ မျက်ရည်တွေ ဝေ့သီလာလျက် သက်ပြင်းလည်း ချလိုက်မိ၏။

"ယုံပါတယ် ဖေဖေ ပြောတာတွေရော မင်းရဲ့ကတိတွေရော ပေါ့၊ ဒါပေမဲ့ မမယိမ်းက ငါ့ဘဝကို စီမံပေးခဲ့ပြီးသားပါ၊ သူ ယုံကြည် စိတ်ချပြီး အပ်ထားခဲ့တဲ့ နေရာကနေ ငါ့ဘဝငါ ရုန်းကန်ရပ်တည်သွားမယ်လို့ ဆုံးဖြတ်ထားတယ်၊ ဘယ်သူ့ကိုမှ ငါ့လို ဒုက္ခိတအတွက် ဒုက္ခ မများစေချင်၊ စိတ်မပင်ပန်းစေချင်ပါဘူး"

"သားငယ် မင်း ဘယ်လိုပြောလိုက်တာလဲ ဖေဖေ့ကို စိတ်နာနေတုန်းပဲလား သားရယ်"

"ဟင့်အင်း သား စိတ်မနာပါဘူး၊ ရင်ထဲမှာ ဘာအာဃာတ



www.burmeseclassic.com

www.burmeseclassic.com



မှ မရှိတော့ပါဘူး ဖေဖေ၊ သားမှ မေမေ ပေးခဲ့တဲ့ ခွန်အားတွေ၊ မမ ယိမ်းကြောင့် ရလာတဲ့ အစွမ်းအစတွေ ရှိနေပါတယ်၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုတွေနဲ့ ဘယ်သူ့ကိုမှ မမှီခိုချင်လို့ပါ၊ သားကို နားလည်ပေးပါ ဖေဖေ"

ဦးကျော်ပိုင် ဘာမှမပြောနိုင်တော့ပါ။ သားဆန္ဒတွေကို အတင်းအကျပ် ချုပ်ကိုင်ဖို့ မစဉ်းစားချင်။

နာမည်ဆိုးတစ်ခု ရာဇဝင် မတွင်ရအောင် ဖခင်ကောင်း တစ်ယောက် ဖြစ်ချင်ပေမယ့် သားကမှ ခွင့်မပြုတာ။

တမလွန်က သမီးကြီးရော သူ့ကို ခွင့်လွှတ်ပါမလား။

အဖေ ပီသအောင် နေခွင့်ရတဲ့ ဘဝလေးနဲ့ ပြန်ဆုံချင်ပါသေးတယ် သမီးရယ်။

နောက်ဘဝ ဘဝတွေမှာပေါ့။

■ ■ ■



အခန်း (၄၃)

နောက်သုံးနှစ်ခန့်အကြာ..

မောင်လင်းရိုင်ပိုင်+မလရိုဝ်
တို့၏
မင်္ဂလာညွှန်ခံပွဲ

ရွှေရောင် ဖောင်းကြွများနှင့် အလှဆင်ထားသော သတို့သား သတို့သမီး နာမည်များက မင်္ဂလာခန်းမရှေ့မှာ ဝင့်ဝင့်ထည်ထည် ရှိလွှန်းလှသည်။ သတို့သားက ခြေတစ်ဖက် မသန်၊ သတို့သမီးက မျက်လုံး တစ်ဖက် အလှပျက်နေတာမို့ စိတ်ဝင်တစား ကရုဏာသက်ကာ ညှေ့ ပရိသတ်များ လက်ခုပ် ဩဘာတီး အားပေးကြ၏။

နေနှင့်လ ရွှေနှင့်မြ လိုက်ဖက်တင့်တယ်သည်ဟုလည်း ရှုမွမ်းကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သတို့သား အဖေနှင့် သတို့သမီးရဲ့ အစ်မကလည်း ကြည်နူးပီတိ တဝေဝေဖြင့် သတို့သမီးနှင့်သတို့သားကို ကြည့်မဝအောင် ဖြစ်နေကြ၏။

ပကာသန မဖက်သည့် မင်္ဂလာပွဲလေး ပြီးဆုံးသွားချိန်မှာ မင်္ဂလာ လက်ဖွဲ့ပစ္စည်းတွေ တစ်ပုံကြီး ရလိုက်ကြသည်။

"သားငယ် သားအစ်ကိုက နိုင်ငံခြားကနေ သားတို့မင်္ဂလာပွဲအတွက် အိမ်တစ်လုံး လက်ဖွဲ့တယ်၊ ဖေဖေက လုပ်ငန်းတွေ ကြိုးစားလုပ်ပြီး သားအပေါ် တာဝန်ကျေချင်လွန်းလို့ ကားတစ်စင်း လက်ဖွဲ့ပေးပါရစေ"

"ဟာ ဖေဖေ"

"ဒီတစ်ခါတော့ မငြင်းပါနဲ့ သားရယ်၊ ဖေဖေနဲ့ အမင်းရဲ့ ပြောင်းလဲလာတဲ့ အသိတရားတွေ၊ တာဝန်ကျေချင်လာတဲ့ အသိစိတ်တွေကို အသိအမှတ် ပြုပေးပါ၊ ဘယ်သူ့ကိုမှ မှီခိုချင်စိတ် မရှိဘဲ ဒုက္ခတဘဝနဲ့ သား ကြိုးစားခဲ့တာလည်း ဘွဲ့လည်းရပြီးပြီ၊ ကုမ္ပဏီတစ်ခုမှာလည်း မန်နေဂျင်း ဒါရိုက်တာ တစ်ယောက် ဖြစ်နေပြီ မဟုတ်လား၊ ဖေဖေ ဂုဏ်ယူပါတယ်၊ သမီး ယိမ်းသာရှိရင် ဘယ်လောက် ပျော်ပြီး စိတ်ချမ်းသာ လိုက်မလဲ"

ဖေဖေက မယိမ်းကို သတိရသည့်စိတ်ဖြင့် မျက်ရည်များပင် ဝဲနေသည်။ မတတ်သာသည့်အဆုံး အလင်း လက်ခံလိုက်မှ ဖနီးနှင့်





သမီးလေးလက်ကို ဆွဲပြီး ပြန်သွားခဲ့တာ ဖြစ်၏။

အလင်း လက်ထဲမှာ ဖေဖေ ထားရစ်ခဲ့သော ကားသော့လေးနှင့် အမင်း ဝယ်ပေးလိုက်သော အိမ်သော့လေး ကျန်ရစ်ခဲ့သည်။

အလင်းနားကို လရိပ် ရောက်လာကာ သူမ လက်ကလေးနှစ်ဖက်ဖြင့် သော့တွေ ကိုင်ထားတဲ့ အလင်းလက်ကို ဖွဖွ ထွေးဆုပ်ထားပြီး ပြုံးမော့မော့လေး ငေးကြည့်၏။

"မမအေးမကလည်း အိမ်ထောင်ပရိဘောဂတွေ လက်ဖွဲ့မယ်တဲ့၊ အလင်းနဲ့ လရိပ်ရဲ့ မင်္ဂလာပွဲလေးက မေတ္တာတွေနဲ့ အရာအားလုံး ပြည့်စုံနေပြီ၊ ဒီလို နေ့မျိုး ရောက်လာလိမ့်မယ်လို့တောင် မထင်ထားဘူးနော်"

"မမယိမ်း သိစေချင်တယ်၊ မမယိမ်းကို ပြောပြချင်တယ်"

"မမယိမ်းဆီ သွားချင်လို့လား ဟင်"

"အင်း ဒါပေမဲ့"

"သွားလိုက်ပါ အလင်းရယ်၊ အရင်တုန်းက အလင်း တစ်ယောက်တည်း ခဏ ခဏ သွားနေတာ မဟုတ်လား၊ အမင်းဆီက စာလာရင် လာလို့ ဖုန်းဆက်ရင် ဆက်လို့ ဖေဖေက ဘယ်နှခါ လာတွေ့တယ် ဘယ်လို ဂရုစိုက်တယ်ဆိုတာမျိုးတွေ၊ မမယိမ်း စိတ်ချမ်းသာအောင် သွားပြောနေကျလေ၊ အခု လရိပ်နဲ့ လက်ထပ်ပြီးပြီ မမယိမ်းလို့ အလင်း သွားပြောချင်နေတယ် မဟုတ်လား။ လရိပ်လည်း လိုက်လာမယ် မမသို့

www.burmeseclassic.com



လရိပ်လည်း ပြောချင်တယ်၊ သွားရအောင်နော် အလင်း"

အလိုက်သိတတ်လွန်းသော ချစ်သူရဲ့ ပခုံးလေးကို အလင်း တွေးဖက်လိုက်သည်။ ရိုးယဉ်သော ပန်းနုရောင် မင်္ဂလာဝတ်စုံလေးနှင့် ချစ်သူက သူမရဲ့ လက်ချောင်းနုနုလေးများဖြင့် သူ့ခါးကို သိုင်းဖက်လာသည်။

ဘယ်လို သတို့သမီးမျိုးမှာမှ မရှိနိုင်တဲ့ ကဗျာဆန်သော မျက်ဝန်းလေး တစ်ဖက်ကို ဂရုဝင်ဆန်ဆန် သူ နမ်းမွှေးလိုက်၏။

ဒီအကြောင်းလေးကိုလည်း မမယ်မိကို ပြောပြရမည်။ မမယ်မိဆီကို အလင်း အပျော်တွေပဲ သယ်ဆောင်သွားချင်သည်။

မမယ်မိက နောက်ဆုံးအချိန်တွေထိ မှုလောင်မှုတွေ ဒုက္ခတွေကို ပျားရည်တွေအဖြစ်နဲ့ သောက်သုံးမျိုချခဲ့ရတာ မဟုတ်လား။ ချစ်သူလက်ကို တင်းတင်းဆုပ်လို့ မမယ်မိဆီ အရောက်လာခဲ့သည်။

အမြဲတမ်း သန့်ရှင်းရေး လုပ်ထားတာမို့ မမယ်မိ အုတ်ဂူလေးက ဖွေးဖွေးလှုပ်ကာ တောက်ပြောင်နေသည်။

ပန်းစည်းလေးကို အုတ်ဂူပေါ် တင်လိုက်ပြီး လရိပ်နှင့်အလင်း ထိုင်ကန်တော့လိုက်ကြ၏။

"မမယ်မိ မမယ်မိ မျှော်လင့်ထားတဲ့အရာတွေ မှန်သမျှ သား ရနေပါပြီ၊ ဖေဖေ့ဆီက မေတ္တာတွေ၊ အမင်းဆီက မေတ္တာတွေပြီးတော့ လရိပ်နဲ့လည်း လက်ထပ်ပြီးပြီ မမယ်မိ၊ မမယ်မိ ယုံကြည်





စိတ်ချစွာ အပ်ထားခဲ့တဲ့ သားရဲ့ ချစ်သူက သားအပေါ် သစ္စာရှိပါတယ်၊ သားလေးတွေ သမီးလေးတွေ ရလာရင်လည်း မမယ်မိကို လာပြမယ်နော်၊ မမယ်မိ နောက်ဆံတင်းခဲ့တဲ့ စိတ်မချဖြစ်ခဲ့တဲ့ သားဘဝ၊ အစစအရာရာ အဆင်ပြေနေပြီ စိတ်ချမ်းသာစရာ ကောင်းနေပြီဆိုတာ ပြောပြချင်လို့ပါ၊ အဲဒါမှ မမယ်မိလည်း စိတ်ချမ်းသာမယ်၊ ပျော်နိုင်မယ် မဟုတ်လားဟင်၊ အရင်တုန်းက ဖြစ်ပျက်ခဲ့သမျှတွေ မေ့ပျောက်ပြီး သား အခုပြောနေတာတွေ မမယ်မိ ကြားနိုင်ပါစေ၊ အဆင်ပြေနေတဲ့ ဘဝနဲ့ သား ချစ်သူလက်ကို ဆွဲပြီး လာကန်တော့တာကို မမယ်မိ မြင်နိုင်ပါစေ"

"မမယ်မိ လရိပ်လည်း အလင်းနဲ့တူတူ မမယ်မိကို လာကန်တော့တာပါ၊ မမယ်မိ သိပ်ချစ်တဲ့ အလင်းကို လရိပ်လည်း အရမ်းချစ်ပါတယ်၊ မမယ်မိ ပေးခဲ့တဲ့ မေတ္တာမျိုး အပြည့်အဝ ပေးနိုင်အောင်လည်း လရိပ် ကြိုးစားနေပါတယ်၊ အလင်းအပေါ် အားလုံးကလည်း မေတ္တာတွေ ပေးနေကြပါပြီ၊ တမလွန်ကနေ မမယ်မိ ကျေနပ်ကြည်နူးနေလိမ့်မယ်လို့ လရိပ် ယုံကြည်ပါတယ်၊ ဟုတ်တယ် မလားဟင်"

မမယ်မိ ကြားနိုင်လား၊ မကြားနိုင်လား မသိပေမယ့် အလင်းနှင့် လရိပ် တတွတ်တွတ် ပြောနေမိကြသည်။

အချိန်အတန်ကြာမှ မမယ်မိကို နှုတ်ဆက်ကာ ပြန်လာခဲ့ကြသည်။ ✓



www.burmeseclassic.com

www.burmeseclassic.com



"လရိပ် သားလေးတွေ သမီးလေးတွေ ရရင်လည်း မမယိမ်းဆီ ထပ်လာကြမယ်နော်"

"အင်း လာရမှာပေါ့၊ အဲဒါမှ တူလေးတွေ တူမလေးတွေကို မမယိမ်း မြင်ခွင့်ရမှာ"

"အဲဒါဆို တစ်ယောက်ပြီး တစ်ယောက် မြန်မြန်လေး မွေးပေးစမ်းပါ"

"ဟင် ဘာဖြစ်လို့လဲ"

"မမယိမ်းဆီ ခဏ ခဏ လာကြွားချင်လို့ပေါ့"

"ဟွန်း လူဆိုး အုတ်ဂူထဲက အစ်မကို ကြွားဖို့ လရိပ်ဆိုတဲ့ ရှင့်မိန်းမက ကလေး ခဏ ခဏ မွေးပေးရတော့မယ်ပေါ့၊ ဟွန်း နည်း နည်းပါးပါး အားနာပါဦးတော့လား"

"ဟား ဟား အား နာပါတယ်၊ အား နာပါတယ်"

"ဟင်း ဟင်း လူဆိုး"

ချစ်ခြင်းမေတ္တာတွေ ပြည့်နှက်နေသော ရယ်သံလွင်လွင်လေး လေပြည်နှင့် လွင့်ပါးကာ မမယိမ်း အုတ်ဂူနား ပျံ့လွင့်ကျန်ရစ်ခဲ့သည်။

မမယိမ်း ပြုံးနေလား...။

လှုံမ



BURMESE CLASSIC

www.burmeseclassic.com